Golden Lion
Golden Lion Wire Co.,Ltd

The VOICE Daily

AIR KBZ

Vol. 4 / No. 267 | Established in 2004 | ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၅) ရက်၊ (Thursday, February 16, 2017)

# ဦးကိုနီကို လုပ်ကြံရန် နောက်ကွယ်မှစေခိုင်းသော ညီအစ်ကို သုံးဦးတွင် ဒုတိယဗိုလ်မှူးကြီးဟောင်း လွတ်မြောက်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၅**

ရန်ကုန်လေဆိပ်တွင် ဇန်နဝါရီ ၂၉ ရက်နေ့ညနေ ၅နာရီခန့်က ဖြစ်ပွားခဲ့သော ဦးကိုနီ အသတ်ခံရမှု၌ နောက်ကွယ်မှ စေခိုင်းသူ ညီအစ်ကို ၃ ဦးတွင် လုပ်ကြံမှုကို ငွေပေးစေခိုင်းခဲ့သော ဒုတိယဗိုလ်မှူးကြီး ဟောင်းတစ်ဦးမှာ လွတ်မြောက်လျက်ရှိကြောင်း ရဲအသိုင်းအဝိုင်းထံမှသိရသည်။

လူသတ်မှု ဖြစ်ပွားပြီး ၉ နာရီခန့် အကြာတွင် သံလွင်တံတား (ဘားအံ) ၌ ဖမ်းမိခဲ့သော အောင်ဝင်းဇော်ကို စစ်ဆေးမေးမြန်းချက်အရ ညီဖြစ်သူ အောင်ဝင်းခိုင်က ရှေ့နေ ဦးကိုနီကို သတ်ပေးလျှင် ငွေကျပ်သိန်းတစ်ထောင်ပေးမည်ဟု ၂၀၁၆ ခုနှစ် ဇူလိုင်လအတွင်း စေခိုင်းခဲ့ကြောင်း၊ အောင်ဝင်းခိုင်မှာ တပ်မတော်တွင် စာ 3

## ဦးအောင်ဝင်းဇော်၏ မွေးချင်းအချို့ကို ရဲတပ်ဖွဲ့ တွေ့ဆုံမေးမြန်း စာ 3

## ရန်ကုန်လေဆိပ် လုံခြုံရေး အထူးတင်းကျပ်



စာ 2

ဓာတ်ပုံ – မြင့်မိုးညို

မြန်မာနိုင်ငံရဲတပ်ဖွဲ့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လုံခြုံရေးတင်းကျပ်စွာဆောင်ရွက်နေသည်ကို ဖေဖော်ဝါရီလ ၁၅ရက်နေ့က တွေ့ရစဉ်။

# ပဲခူးဝန်ကြီးချုပ်ဟောင်း အပါအဝင် ဝန်ကြီးအချို့ ရယူထားသော မြေယာများကို ပြန်သိမ်းမည်

**တောင်ငူ၊ ဖေဖော်ဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကန်တော်ကြီးအနီး ယခင် ပဲခူးတိုင်း ဝန်ကြီးချုပ်ဟောင်း ဦးညဏ်ဝင်းနှင့် ဝန်ကြီးအချို့အပါအဝင် ဗိုလ်ချုပ်ကြီးဟောင်းတစ်ဦးရယူထားသော မြေယာများကို နိုင်ငံတော်က တစ်နှစ်အတွင်း ပြန်လည်သိမ်းယူမည်ဖြစ်ကြောင်း သနပ်ပင်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ဦး ကပြောကြားသည်။

“ကန်တော်ကြီးအနီးက စာ 2

# မြန်မာပိုင်နက်အတွင်း တရုတ်နိုင်ငံသားများ တရားမဝင်လုပ်ကိုင်မှုကို စိစစ်အရေးယူမည်

**နေပြည်တော်၊ ဖေဖော်ဝါရီ ၁၅**

မြန်မာ-တရုတ် နယ်ခြားနယ်နိမိတ်အနီး မြန်မာပိုင်နက်လယ်မြေအပေါ် တရုတ်နိုင်ငံသားများ တရားမဝင် ဝင်ရောက်လုပ်ကိုင်နေခြင်းကို စိစစ်၍ အရေးယူသွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပြောသည်။

မံစီမြို့နယ်၊ မံဝိန်းကြီးဒေသမှ ပန်ခမ်းဂိတ်အနီးရှိ နယ်နိမိတ်ခြား စာ 2

## ကျိုက်ထီးရိုးတွင် ဝိနည်းနှင့် မညီသော ရဟန်း၊ သီလရှင်များကို လူဝတ်လဲ စာ 2

# ရေးမြို့ မွန်ပြည်သစ်ပါတီ ဆက်ဆံရေးရုံးကို တပ်မတော်က ဝင်ရောက်ရှာဖွေ

**မော်လမြိုင်၊ ဖေဖော်ဝါရီ ၁၅**

မွန်ပြည်နယ် ရေးမြို့ရှိ မွန်ပြည်သစ်ပါတီ (NMSP) ၏ ဆက်ဆံရေးရုံးကို တပ်မတော်က ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၁ နာရီကျော်မှ ညနေ ၄ နာရီအထိ ဝင်ရောက်ကာ လက်နက်ခဲယမ်းနှင့် ပတ်သက်၍ လာရောက် ရှာဖွေခဲ့ကြောင်း မွန်ပြည်သစ်ပါတီ ဆက်ဆံရေးရုံး (ရေးမြို့) ထံမှ သိရသည်။

“သူတို့ ကားနဲ့ဝင်လာပြီး ရုံးပတ်ပတ်လည်ကို ဝိုင်းထားလိုက်တယ်၊ စာ 3

# ရေနံနှင့် သဘာဝဓာတ်ငွေ့တင်ပို့မှု ကန်ဒေါ်လာ သန်းတစ်ထောင်ကျော် လျော့ကျ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၅**

ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ၁၁ လတာကာလအတွင်း ပြည်ပသို့ ရေနံနှင့် သဘာဝဓာတ်ငွေ့တင်ပို့မှုမှာ ယခင်ဘဏ္ဍာနှစ်အောက် ဝင်ငွေ အမေရိကန်ဒေါ်လာ သန်းတစ်ထောင်ကျော် လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

ယခင်နှစ်က ပြည်ပသို့ စာ 4



# ကျိုက်ထီးရိုးတွင် ဝိနည်းနှင့် မညီသော ရဟန်း၊ သီလရှင်များကို လူဝတ်လဲ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၅**

ကျိုက်ထီးရိုးတောင်ပေါ်တွင် သာသနာရေးဦးစီးဌာနမှ ပြဋ္ဌာန်းထားသော ဝိနည်းတော်စည်းကမ်းဖြင့် မညီညွတ်ဘဲ အလှူငွေရရှိရန် အလှူခံနေကြသည့် ရဟန်းများနှင့် သီလရှင်များကို သံဃာစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ ရှောင်တခင်ဖမ်းဆီး၍ စစ်ဆေးအရေးယူလျက်ရှိကြောင်း သထုံခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနထံမှ သိရသည်။

သာသနာတော်သန့်ရှင်းစင်ကြယ်ရေးအတွက် ကျင့်ဝတ်၊ စည်းကမ်းများကို မလိုက်နာဘဲ ကျိုက်ထီးရိုး တောင်ပေါ်ရှိ စေတီများ၊ တောင်တက်လမ်းများနှင့် လူစည်းကားသည့် တောင်ဆင်းကားဂိတ်များအနီးတွင် အလှူခံနေခြင်းမှာ အများပြည်သူကြည်ညိုမှုကို ထိခိုက်လာနိုင်စေသဖြင့် ပညာပေးမှုကို လုပ်ဆောင်ခဲ့ကြောင်း အဆိုပါဦးစီးဌာန တာဝန်ရှိသူက ပြောကြားသည်။

ဖေဖော်ဝါရီလ ၁၄ ရက် မွန်ပြည်နယ် သံဃနာယကအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ကျိုက်ထိုမြို့နယ် သံဃာ့စည်းကမ်းထိန်းသိမ်းရေး ဆရာတော်များနှင့်သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများက ပူးပေါင်းစစ်ဆေးတွေ့ရှိခဲ့သော ရဟန်း၊ ကိုရင်၊ ရသေ့နှင့် သီလရှင် စုစုပေါင်း ၅၅ ဦးတို့ကို လူဝတ်လဲစေကာ ပညာပေးခဲ့ကြောင်း သထုံခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

"ရဟန်းကျင့်ဝတ်နဲ့မညီလို့ ပြည်နယ်အဆင့်သံဃာနာယကအဖွဲ့ ခွင့်ပြုချက်နဲ့ဆောင်ရွက်ခဲ့တာပါ။ လောလောဆယ် ပညာပေးကာလအနေနဲ့ ရိုးရိုးတန်းတန်း လူဝတ်ထွက်ခိုင်းလိုက်တယ်။ နောက်ပိုင်း ထပ်တွေ့ရင် သံဃာ့စည်းကမ်းထိန်းသိမ်းရေး ဥပဒေအတိုင်း အရေးယူမယ်လို့ ဆရာတော်တွေကလည်း မိန့်ကြားထားပါတယ်" ဟု ၎င်းက ဆိုသည်။

သာသနာတော်သန့်ရှင်းစင်ကြယ်ရေးအတွက် ကျိုက်ထီးရိုးတောင်ပေါ်တွင် အရေးယူဆောင်ရွက်ခြင်းနှင့်ပတ်သက်ပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနထံ တင်ပြထားခြင်း မရှိကြောင်း၊ မ.ဟ.န စည်းကမ်းချက် ၉၇ ချက်နှင့် မညီသည့် မည့်သည့်ရဟန်းနှင့် သီလရှင်မဆို ကျူးလွန်မှုအလိုက် သိက္ခာချ လူဝတ်လဲခြင်း၊ သံဃာမှတ်ပုံတင် ရုပ်သိမ်းခြင်းစသောအရေးယူမှုများကို လုပ်ဆောင်နိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ညွှန်ကြားရေးမှူး ဦးအောင်ဆန်းဝင်းက ဆိုသည်။

"သက်ဆိုင်ရာ ပြည်နယ်သံဃနာယကဆရာတော်တွေနဲ့ အုပ်ချုပ်ရေးပိုင်းက ပူးပေါင်းဆောင်ရွက်ကြတာပါ။ ဝိနည်းနဲ့မညီလို့ ဆရာတော်တွေ အရေးယူတာဖြစ်မှာပါ" ဟု ၎င်းကဆိုသည်။

ထို့အပြင် ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုးတောင်ပေါ်ရှိ ကျောင်းသင်္ခမ်းများတွင် တည်းခိုနေထိုင်ကာ အလှူခံနေသည့် ရဟန်း၊ ကိုရင်၊ သီလရှင်ပေါင်း ခန့်မှန်း ၁၈၀ ခန့်ရှိပြီး ၎င်းတို့ကို ရှောင်တခင်ဝင်ရောက်စစ်ဆေး အရေးယူမည်ဖြစ်ကြောင်း သထုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနထံမှ သိရသည်။ ■ J-17


The Voice

## ရန်ကုန်လေဆိပ် လုံခြုံရေးအထူးတင်းကျပ်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၅**

ရှေ့နေ ဦးကိုနီ လုပ်ကြံခံရပြီးနောက် ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ စတင်ကာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို နိုင်ငံအကြီးအကဲများ၏ ညွှန်ကြားချက်ဖြင့် လုံခြုံရေးအထူး တင်းကျပ်ဆောင်ရွက်မည်ဖြစ်ကြောင်း အမှတ်(၂) လုံခြုံရေး ရဲကွပ်ကဲရေးမှူး ရဲမှူးချုပ် မြဝင်းက ပြောကြားသည်။

"လုံခြုံရေးအတွက် တပ်ဖွဲ့ဝင် အင်အားတိုးမြှင့်ဆောင်ရွက်သွားမယ်၊ လိုအပ်နေတဲ့အပိုင်းတွေကို နိုင်ငံအကြီးအကဲတွေဘက်က ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာပါ" ဟု ၎င်းက ဆိုသည်။

ရန်ကုန်လေဆိပ်တွင် လေကြောင်းရဲတပ်ဖွဲ့၊ အကြမ်းဖက်တိုက်ဖျက်ရေး ရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ လုံခြုံရေးရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ မူးယစ်တိုက်ဖျက်ရေးရဲတပ်ဖွဲ့အပါအဝင် တပ်မတော် စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ တပ်ဖွဲ့ဝင်များဖြင့် လုံခြုံရေးဆောင်ရွက်ထားကြောင်း ၎င်းထံမှ သိရသည်။

" CCTV အကောင်းစားတွေ တပ်ဆင်သွားမယ်၊ မိုင်းရှာခွေးတွေ ထပ်တိုးထားမယ်၊ ဒါ့အပြင် မိုင်းရှင်းလင်းရေး BE တပ်ဖွဲ့ဝင်တွေ ထပ်တိုးမြှင့်နိုင်ဖို့ စီစဉ်နေပြီး ယာဉ်ဝင်ယာဉ်ထွက်၊ လူဝင်လူထွက်တွေကို အထူးကြပ်မတ် စစ်ဆေးသွားမယ်" ဟု ရဲမှူးချုပ်မြဝင်းက ပြောကြားသည်။ ■

**မျက်နှာဖုံး - မြန်မာပိုင်နက်အတွင်း တရုတ်နိုင်ငံသားများ မှ အဆက်**

မှတ်တိုင် (၅၃/၂)အနီးရှိမြန်မာဘက်ခြမ်းမှ မြေများပေါ်တွင် တရုတ်စီးပွားရေးလုပ်ငန်းရှင်များက မြန်မာတောင်သူများကို ကြိုတင်ငွေပေးခြင်း၊ အရင်းအနှီး စိုက်ထုတ်ပေးခြင်းများပြုလုပ်၍ သီးနှံပေါ်ချိန်တွင် ပြန်လည်ပေးဆပ်သည့်စနစ်ကိုပြုလုပ်လျက်ရှိကြောင်း၊ မြန်မာ့လယ်ယာမြေများပေါ်တွင် တရားမဝင်လာရောက်လုပ်ကိုင်နေသည့်ကိစ္စကို ၁၉၄၇ ခုနှစ် လူဝင်မှုကြီးကြပ်ရေးဥပဒေဖြင့် စိစစ်အရေးယူသွားမည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

ယနေ့ (ဖေဖော်ဝါရီ ၁၅) ပြုလုပ်သည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ကချင်ပြည်နယ် မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်းက မြေပိုင်နက်ကျူးကျော်လုပ်ကိုင်နေခြင်းကို အရေးယူပေးရန်နှင့် ကမ်းပြိုမှုကြောင့် ပျောက်ကွယ်သွားနိုင်သောနယ်နိမိတ်မိုင်တိုင် (၅၃/၄)ကို ကာကွယ်ရေးလုပ်ငန်း လုပ်ဆောင်နိုင်ခြင်း ရှိမရှိကို မေးမြန်းခဲ့ပြီး ၎င်းက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်း ဖြစ်သည်။

နယ်နိမိတ်မိုင်တိုင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းလုပ်ဆောင်ရန် မြန်မာသံရုံး (ဘေကျင်း) မှတစ်ဆင့် သံတမန်လမ်းကြောင်းဖြင့် အကြောင်းကြားထားပြီးဖြစ်ပြီး ယင်းမိုင်တိုင် (၅၃/၄) ကို Steel Baskets (သံခြင်း) အခြေပြုကျောက်စီ မြေထိန်းနံရံ ပေ ၁၀၀ တည်ဆောက်ရန် ခန့်မှန်းကုန်ကျငွေကျပ် ၂၀၆ သိန်းကုန်ကျမည်ဖြစ်ကြောင်း၊ ယင်းကုန်ကျစရိတ်ကို ယခု (၂၀၁၇-၂၀၁၈) ဘဏ္ဍာနှစ်တွင် ထည့်သွင်းရန် အချိန်မမီတော့သောကြောင့် ခေါင်းစဉ်လွှဲပြောင်းခြင်းသို့မဟုတ် တင်ဒါခေါ်ယူရာမှ ပိုလျှံရန်ပုံငွေမှ ကျခံသုံးစွဲရန် လျာထားလုပ်ကိုင်သွားမည်ဖြစ်ကြောင်း ဗိုလ်ချုပ်အောင်စိုးက ဆိုသည်။

ယင်းနယ်နိမိတ်မှတ်တိုင်ပြင်ဆင်ကာကွယ်ရေးနှင့် လယ်မြေကျူးကျော်လုပ်ကိုင်နေမှုကို ပြည်နယ်အစိုးရက လုပ်ဆောင်ခြင်းမရှိသောကြောင့် ပြည်သူ့လွှတ်တော်သို့တင်ပြရခြင်း ဖြစ်ကြောင်း မေးခွန်းမေးမြန်းသူ ဦးချင်းဖေလင်းက မီဒီယာများကို ပြောကြားသည်။ ■

**မျက်နှာဖုံး - ပဲခူးဝန်ကြီးချုပ်ဟောင်း အပါအဝင် ဝန်ကြီးအချို့ မှ အဆက်**

ပုဂ္ဂလိကကို ချထားပေးခဲ့တဲ့ မြေယာတွေကို သဘာဝသစ်တောအဖြစ် ပြန်လည်သတ်မှတ်ပေးဖို့အဆိုကိုပြည်သူ့လွှတ်တော်စတုတ္ထအကြိမ် ပုံမှန်အစည်းအဝေးမှာ မေးမြန်းခဲ့တယ်၊ လွှတ်တော်ကိုယ်စားလှယ် ၇ ဦးက ဆွေးနွေးပြီးတဲ့အခါမှာ ပြည်ထောင်စုဝန်ကြီးက သဘောတူသလို ပြည်သူ့လွှတ်တော်က အကောင်အထည်ဖော်ပေးဖို့ဆုံးဖြတ်တဲ့အတွက် ဒီမြေတွေကို တစ်နှစ်အတွင်း ပြန်သိမ်းမှာပါ" ဟု ၎င်းက ပြောဆိုသည်။

ပဲခူးမြို့ပေါ် ရပ်ကွက်များကို သောက်သုံးရေ ဖြန့်ဖြူးပေးရန် ကန်တော်ကြီးရေကန်ကို ရေဝေရေလဲဒေသ အဖြစ် မြေဧက ၁၃၈၀ ကျော်ထည့်သွင်းကာ ၁၉၂၄ ခုနှစ်ကတည်ဆောက်ခဲ့ကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဟောင်း လက်ထက်တွင် ဧက ၇၀၀ ကျော်ခန့်ကို လူလေးဦးအမည်နှင့် ကုမ္ပဏီတစ်ခုကိုပုဂ္ဂလိက ရော်ဘာစိုက်ခင်းများ ထူထောင်လုပ်ကိုင်ခွင့် ပေးအပ်ခဲ့သည်။

ကန်တော်ကြီး အနီးရှိ ရော်ဘာစိုက်ခင်းများမှ စွန့်ပစ်ပစ္စည်းများ၊ ပိုးသတ်ဆေးအကြွင်းအကျန်များနှင့် ရေဆိုးရေညစ်များ စီးဝင်လာသဖြင့် ကန်ထဲရှိရေများ သောက်သုံးရန် မသင့်ဟု ခာတ်ခွဲ စမ်းသပ်စစ်ဆေးချက်များအရ သိရကြောင်း၊ ယင်းအတွက်ကြောင့် ရေဝေရေလဲဒေသအဖြစ် ပြန်လည် ထိန်းသိမ်းရန် ဖေဖော်ဝါရီလ ၃ ရက်က ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် အဆိုတင်သွင်း မေးမြန်းခဲ့ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးက ရှင်းပြသည်။

ကန်တော်ကြီးအနီးတစ်ဝိုက် မြေယာများကို တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဟောင်း အပါအဝင် လူပုဂ္ဂိုလ် လေးဦးနှင့် ကုမ္ပဏီကြီးတစ်ခုကို စိုက်ခင်းတည်ထောင်လုပ်ကိုင်ရန်အတွက် ငှားရမ်းပေးထားခြင်းသာဖြစ်ပြီး သဘာဝပတ်ဝန်းကျင်နှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ပိုင်ဆိုင်သည့် သစ်တောမြေများသာဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး သဘာဝ သယံဇာတနှင့် သစ်တောရေးရာဝန်ကြီး ဦးကျော်မင်းစံက ပြောကြားသည်။

"ပြည်သူ့လွှတ်တော်မှာ ဦးမြင့်ဦး အဆိုတင်သွင်းမှု အောင်မြင်သွားတာ သတင်းကြားပါတယ်၊ လုပ်ကိုင်ခွင့်ချပေးထားတဲ့မြေတွေကို ပြန်သိမ်းယူဖို့ ပြည်ထောင်စုဝန်ကြီးဆီကနေ ညွှန်ကြားချက် မရှိသေးပါဘူး" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပဲခူးမြို့ကန်တော်ကြီးအနီး မြေဧကပေါင်း ၁၄၅၀ အနက် ကာကွယ်ရေးဝန်ကြီးဌာနပိုင်မြေယာအဖြစ် ၁၄၀ ဧက သတ်မှတ်ပေးခဲ့ပြီးနောက် ၂၀၁၂ ခုနှစ်က သစ်တောရေးရာ ဝန်ကြီးဌာနမှ စီမံကိန်းစာ ၁၉ (၈/၅၃၅၇/-၅၃၆၇) ဖြင့် ဝန်ကြီးချုပ်ဟောင်း ဦးဉာဏ်ဝင်း အပါအဝင်လူပုဂ္ဂိုလ်လေးဦးနှင့် ကုမ္ပဏီတစ်ခုကို ပုဂ္ဂလိက ရော်ဘာစိုက်ခင်းများ တည်ထောင် လုပ်ကိုင်ခွင့်ပေးအပ်ခဲ့ခြင်း ဖြစ်သည်။ ■ R-15

**ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .**
**ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂**

# ဦးအောင်ဝင်းဇော်၏ မွေးချင်းအချို့ကို ရဲတပ်ဖွဲ့ တွေ့ဆုံမေးမြန်း

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၅**

ဦးကိုနီလုပ်ကြံသတ်ဖြတ်ခံရမှုမှ အဓိက သံသယတရားခံဦးအောင်ဝင်းဇော်၏ညီ အစ်ကိုမောင်နှမတော်စပ်သူအချို့ထံ ရဲတပ်ဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းကာ ၎င်းတို့ကိုင်ဆောင်သည့် လက်ကိုင်ဖုန်းများကို သိမ်းယူသွားသည်။

ညီအစ်ကိုတော်စပ်သူ၏ အိမ်ကို လဆန်းပိုင်း၊ အစ်မဖြစ်သူ၏အိမ်ကို ပြီးခဲ့သည့် ရက်သတ္တပတ်က သွားရောက်မေးမြန်းခြင်းဖြစ်ကြောင်း ၎င်းတို့ နေထိုင်ရာ ရန်ကုန် ဒေါပုံမြို့နယ်မှ ဝါဆိုရပ်ကွက်အုပ်ချုပ်ရေးမှူးဖြစ်သူ ဦးညီညီထွေးက Myanmar Now ကို ပြောသည်။

"ဘယ်နေ့တွေလဲတော့ ကျွန်တော် အတိအကျမမှတ်မိဘူး။ ဖုန်းတွေ သိမ်းသွားဖို့ ကာယကံရှင်တွေကို ခွင့်တောင်းတယ်၊ ပိုင်ရှင်နဲ့ ကျွန်တော်က လက်မှတ်ထိုးရတယ်။ ပြန်ပေးရင် ကျွန်တော့်ဆီက နေ တစ်ဆင့်ပဲ ပြန်ပေးရမှာ။ ကနေ့အထိတော့ ပြန်လာမပေးသေးဘူး" ဟုဦးညီညီထွေးက Myanmar Now ကို ပြောသည်။

"သူတို့စစ်မေးဖို့ မြို့နယ်အုပ်ချုပ်ရေးကလူနဲ့ ကျွန်တော့်ကိုခေါ်တယ်။ ဘာတွေစစ်မေးလဲတော့ ကျွန်တော်လည်း မသိဘူး။ ကျွန်တော်တို့မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးကို ထူးခြားဖြစ်စဉ်သတင်းတင်ဖို့အတွက်တောင် ဘာမှမသိရဘူး၊ ဓာတ်ပုံတောင်ရိုက်ခွင့်မရဘူး။ ကျွန်တော်ကဌာနဆိုင်ရာတွေ အဲ့ဒီအိမ်ထဲကိုဝင်ဖို့ ခွင့်တောင်းပေးရုံလောက်ပဲ"

ဦးအောင်ဝင်းဇော်၏အစ်မဖြစ်သူနှင့် ၎င်း၏ ခင်ပွန်းသည်ကလည်း လက်ကိုင်ဖုန်း သိမ်းဆည်းခံရမှုကို အတည်ပြုသည်။

ရဲတပ်ဖွဲ့က လာရောက်စဉ် လေးလေးစားစားခွင့်တောင်းကာ စစ်ဆေးမေးမြန်းခြင်းဖြစ်ကြောင်း၊ ဖိအားပေးခြိမ်းခြောက်ပြောဆိုခြင်းမရှိကြောင်း၊ တခြားသောဆွေမျိုးများကို စစ်ဆေးမေးမြန်းခြင်းရှိမရှိ မသိရကြောင်း ၎င်းတို့က ပြောပြသည်။

"သက်ဆိုင်ရာကဦးအောင်ဝင်းဇော်ကိုသိလားမေးတော့သိတယ်၊ ဘာလို့သိလဲလို့ထပ်မေးတော့ အမျိုးတော်လို့သိတယ်၊ ဒါလောက်ပါပဲ။ သူ (ဦးအောင်ဝင်းဇော်) ဘာအလုပ်လုပ်လဲဆိုတာလည်း သူ့မိသားစုပဲသိမှာ။ သူ့ကိစ္စကိုလည်း ကျွန်တော်တို့ဘာမှမသိဘူး။ သူကျူးလွန်သလား၊ မကျူးလွန်ဘူးလားလည်း မသိဘူး။ သူလုပ်ရင်သူခံရမယ်၊ သူမလုပ်ရင် သူပြန်လာမှာပါ" ဟုဦးအောင်ဝင်းဇော်၏ ယောက်ဖဖြစ်သူက ဆိုသည်။

"သူ့မိန်းမ ဘယ်မှာ ရှိနေတယ်ဆိုတာ သက်ဆိုင်ရာက မပြောဘူး။ အေးအေး ချမ်းချမ်းထားထားပါတယ်လို့ပဲ ပြောတယ်" ဟု ၎င်းက ဆိုသည်။

မိသားစုနှင့် မွေးချင်းအချို့ကို စစ်ဆေးမေးမြန်းမှုနှင့် ပတ်သက်ပြီး ရန်ကုန်တိုင်းရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူအချို့ထံ ဆက်သွယ်မေးမြန်းသော်လည်း လက်ခံဖြေကြားခြင်းမရှိပေ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥပဒေအကြံပေး ဦးကိုနီ ဇန်နဝါရီ ၂၉ ရက်နေ့က ရန်ကုန်လေဆိပ်တွင် လုပ်ကြံခံရပြီးနောက် သေနတ်သမားဦးကြည်လင်းသည် လေဆိပ်တွင်ပင် အထိန်းသိမ်းခံလိုက်ရသည်။

လူသတ်သမားဦးကြည်လင်းကို ငှားရမ်းသူဟုယူဆရသည့် တပ်မတော်အရာရှိဟောင်း ဦးအောင်ဝင်းဇော် အကြောင်းစာနယ်ဇင်းများတွင် ဖော်ပြပြီးနောက်တွင် အာဏာပိုင်တို့ကဦးအောင်ဝင်းဇော်ကို ဖမ်းဆီးရမိထားပြီးဖြစ်သည်ဟု သတင်းထုတ်ပြန်ခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်ပြီး 'သတင်းကွင်းဆက်ရရှိရေး' အတွက် တပ်မတော်နှင့် ရဲတပ်ဖွဲ့ ပူးပေါင်းဆောင်ရွက်နေသည်ဟု ဖေဖော်ဝါရီ ၃ ရက်နေ့ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နိုင်ငံတကာသတင်းဖြစ်ခဲ့သော ဤအမှုကိုအများကစိတ်ဝင်စားဆဲဖြစ်ပြီး ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းပါဝင်သူ၊ နောက်ကွယ်မှ စေခိုင်းသူမည်သူဖြစ်မည်ကိုအမျိုးမျိုးဝေဖန် သုံးသပ်လျက်ရှိသည်။

စစ်ကြောမှု လဝက်ခန့် ကြာပြီ ဖြစ်သော်လည်း ရဲတပ်ဖွဲ့က အမှုနှင့် ပတ်သက်ပြီး သတင်းအမှောင်ချထားသည်။

ရဲတပ်ဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာန၏လက်အောက်တွင် ရှိပြီး ၂၀၀၈ အခြေခံဥပဒေအရ ထိုဝန်ကြီးဌာနသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကစေလွှတ်သူတစ်ဦး၏ အုပ်ချုပ်မှုအောက်တွင် ရောက်နေသည်။

■ **ထက်ခေါင်လင်း**

**(Myanmar Now)**

**မျက်နှာဖုံး - ဦးကိုနီကိုလုပ်ကြံရန် နောက်ကွယ်မှ စေခိုင်းသော မှ အဆက်**

ဒုတိယဗိုလ်မှူးကြီးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ၎င်း၏ သဘောဆန္ဒအရ ၂၀၁၄ ခုနှစ်အတွင်း နုတ်ထွက်ခဲ့သူဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံးက သတင်းထုတ်ပြန်လိုက်သည်။

"အောင်ဝင်းဇော်နဲ့ အောင်ဝင်းထွန်း ညီအစ်ကို နှစ်ယောက်မိထားတယ်၊ လုပ်ကြံမှုဖြစ်တဲ့နေ့က ဟာရီယာကားနဲ့ ကရင်ပြည်နယ်ဘက် ထွက်ပြေးတဲ့အချိန် သံလွင်တံတားမှာ ဖမ်းမိခဲ့တာပါ၊ လွတ်နေသူက သူတို့ရဲ့ညီအငယ်ဆုံး ဒုဗိုလ်မှူးကြီးဟောင်း အောင်ဝင်းခိုင်၊ ဒီလူက ငွေထုတ်ပေးပြီး လုပ်ကြံမှုကို စေခိုင်းသူ" ဟု အကြီးတန်းရဲအရာရှိတစ်ဦးက ဆိုသည်။

သမ္မတရုံး ထုတ်ပြန်ချက်တွင် အောင်ဝင်းထွန်းဆိုသူကို ဖမ်းဆီးထားကြောင်း ထည့်သွင်းဖော်ပြခြင်းမရှိပေ။

အောင်ဝင်းဇော်သည် ညီဖြစ်သူ ဒုတိယ ဗိုလ်မှူးကြီးဟောင်း အောင်ဝင်းခိုင်၏ စေခိုင်းချက်အရ အိုးဘိုထောင်တွင် တွေ့ဆုံခဲ့သည့် အင်းစိန်တွင် နေထိုင်သော အောင်စိုးကို သွားရောက်တွေ့ဆုံ ကမ်းလှမ်းခဲ့ပြီး အောင်စိုးက ပြန်လည်ဆက်သွယ်ရာတွင် သံတမန် ပြန်သွားပြီဟု လမ်းစဖြတ်ခဲ့ကြောင်း၊ သြဂုတ်နှင့် စက်တင်ဘာလတွင် သေနတ်သမား ကြည်လင်းရောက်ရှိလာပြီး အလုပ်တောင်းခံသဖြင့် ဦးကိုနီကို သတ်လျှင် ကျပ်သိန်း ၈၀၀/ ကျပ်သိန်း ၁၀၀၀ ပေးမည်ဟု ကမ်းလှမ်းခဲ့ရာ ကားတစ်စီး ဝယ်ပေးလျှင်ရပြီဟု ပြန်ပြောခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ကရင်ပြည်နယ် ဘားအံမြို့သို့ သွားရောက်၍ ယခင်ရှေးဟောင်းပစ္စည်းရောင်းဝယ်ရေး လုပ်ကိုင်စဉ်က ရင်းနှီးခဲ့သူနှင့် ဆက်သွယ်၍ ၉ မမ ပစ္စတိုနှင့် ကျည် ၁၁ တောင့်ကို ၂၅ သိန်းဖြင့် လည်းကောင်း၊ ၅ လုံးပြူးတစ်လက်နှင့် ကျည်ဆန် ၄ တောင့်ကို ကျပ် ၂၅ သိန်းဖြင့် လည်းကောင်း ဝယ်ယူခဲ့သည်ဟု စစ်ဆေးမေးမြန်းနိုင်ခဲ့ကြောင်း သမ္မတရုံး၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဒုတိယ ဗိုလ်မှူးကြီးဟောင်း အောင်ဝင်းခိုင်သည် ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၂ နာရီ ခွဲခန့်တွင် ရန်ကုန် လေဆိပ်သို့ ကြိုတင်ရောက်ရှိ၍ လေယာဉ်ဆိုက်ရောက်ချိန်၊ ဦးကိုနီ ထွက်ခွာမည့်ဂိတ်ပေါက်တို့ကို ဖုန်း Message မှတစ်ဆင့်ပေးပို့ခဲ့သည်ဟု အောင်ဝင်းဇော်၏ ထွက်ဆိုချက်အရ သိရသည်။

ဦးကိုနီ အသတ်ခံရမှုတွင် ထွက်ပြေးလွတ်မြောက်နေသော ဒုတိယ ဗိုလ်မှူးကြီးဟောင်း အောင်ဝင်းခိုင်နှင့် ဆက်စပ်တရားခံများကို ဖမ်းဆီးမိရေးအတွက် ရဲတပ်ဖွဲ့နှင့် တပ်မတော်က ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံတော်သမ္မတရုံးက သတင်းထုတ်ပြန်သည်။ ■


**The Voice Daily**

**လပေးမှာယူဖတ်ရှုသည့် စာဖတ်ပရိသတ်များ အဆင်မပြေမှုများရှိပါက**

ဆက်သွယ်ရန် - ၀၉ ၇၈ ၅၅၅၅ ၇၇၃ **(Hot Line)**

နံနက် ၉း၃၀ မှ ညနေ ၅း၃၀ နာရီအထိသာ


**မျက်နှာဖုံး - ရေးမြို့မွန်ပြည်သစ်ပါတီ ဆက်ဆံရေးရုံးကို မှ အဆက်**



ဓာတ်ပုံ - ဖိုးသီဟ

**မွန်အမျိုးသားနေ့ စစ်ရေးပြအခမ်းအနား**

ပြီးတော့ စစ်ဆေးဖို့ရှိတယ်လို ပြောတယ်၊ ကျွန်တော်တို့လည်း စစ်ဆေးခွင့်ပြုပါတယ်၊ ရုံးထဲကို တစ်ခန်းဝင် တစ်ခန်းထွက်နဲ့ အိမ်သာပါမကျန် အကုန်စစ်တယ်၊ ရုံးပတ်ဝန်းကျင် မှာရှိတဲ့ အမှိုက်ပုံစွန့်ပစ်တဲ့ နေရာတွေကိုလည်း အကုန်လိုက်စစ်တယ်၊ ဘာမှ မတွေ့တော့ ကျွန်တော်တို့ ဗဟိုဌာနချုပ်နဲ့ အဆက်အသွယ်လုပ်တဲ့ စကားပြောစက်ကိုပြဿနာရှာတယ်၊ အဲဒီစက်တစ်လုံးကိုတော့ သိမ်းသွားတယ်" ဟု မွန်ပြည်သစ်ပါတီ ဆက်ဆံရေးရုံး (ရေးမြို့) ဒုတာဝန်ခံ နိုင်ဆာန်နိုင်က ပြောကြားသည်။

အဆိုပါ စစ်ဆေးမှုကို ခြေမြန်တပ်ရင်း (ခမရ ၅၈၇) မှ ဒုဗိုလ်မှူးကြီး မျိုးဇော်ဝင်း ဦးဆောင်ကာ တပ်သား ၂၃ ဦး အပါအဝင် ရဲတပ်ဖွဲ့ ၄ ဦး စုစုပေါင်း အင်အား ၂၇ ဦးတို့ဝင်ဝင်ရောက် ရှာဖွေခဲ့ကြောင်း၊ မွန်ပြည်သစ်ပါတီနှင့် တပ်မတော်တို့၏ ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီးနောက် ယခုကဲ့သို့ ဝင်ရောက်စစ်ဆေးခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

"မြို့ပေါ်မှာနေရင် လက်နက်ကိုင်ဆောင် ခွင့်မရှိဘူးဆိုတဲ့ အချက်ကို အကြောင်းပြပြီး စစ်ဆေးတာပါပဲ၊ ကျွန်တော်တို့ ဆက်ဆံရေးရုံးမှာလည်း ဘာလက်နက်ခဲယမ်းမှ ထားရှိတာမျိုး မရှိပါဘူး၊ ကျွန်တော်ထင်တာတော့ NCA မထိုးထားလို့ အခုလို လုပ်တာလို့ပဲ ထင်တယ်" ဟု နိုင်ဆာန်နိုင်က ဆက်ပြောဆိုသည်။

လတ်တလောတွင် မွန်ပြည်သစ်ပါတီ တပ်စခန်းချထားသည့် သံဖြူဇရပ်-ဘုရားသုံးဆူလမ်းရှိ ဆီးနှစ်ပင် တပ်စခန်းနှင့် ဘုရားတောင် တပ်စခန်းများကို တပ်မတော်က သိမ်းယူထားကြောင်း၊ မွန်ပြည်သစ်ပါတီ တပ်ရင်းများတည်ရှိရာ မော်လမြိုင်ခရိုင်၊ သထုံခရိုင်နှင့် ထားဝယ်ခရိုင်တို့တွင်လည်း မြန်မာတပ်မတော် စစ်ကြောင်းများကို အင်အားဖြည့် ချိတက်ဝိုင်းရံထားကြောင်း မွန်ပြည်သစ်ပါတီ ဆက်ဆံရေးရုံး (ရေးမြို့) ထံမှ သိရသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ မွန်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးကို ဆက်သွယ်သော်လည်း ဖုန်းပိတ်ထားသည့်အတွက် ဆက်သွယ်၍ မရခဲ့ပေ။ ■




# ရန်ကုန် ကန်တော်ကြီး မိုးပျံပူဖောင်းစီမံကိန်း မိုးကာလအပြီး တည်ဆောက်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၅**

သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်သည်ဟုဆိုကာ ပြည်သူများကန့်ကွက်လျက်ရှိသော ရန်ကုန်မြို့ ၏ပထမဆုံး ရှုခင်းကြည့် မိုးပျံပူဖောင်းစီမံကိန်းကို ယခုနှစ်မိုးကာလအပြီး တည်ဆောက်မည်ဖြစ်ကြောင်း အဆိုပါစီမံကိန်းကို တည်ဆောက်ခွင့်ရသည့် Myanmar Voyages International Tourism ကုမ္ပဏီမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ် ကံ့ကော်ပင်ကျွန်းတွင် ဟီလီရမ်ဓာတ်ငွေ့ သုံးမိုးပျံပူဖောင်းတည်ဆောက်မှုကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါစီမံကိန်းကို ယခုနှစ်ပွင့်လင်းရာသီအမီ တည်ဆောက်မည်ဖြစ်ရာ လက်ရှိတွင် မြေပြင်ရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီး ယင်းတည်ဆောက်မှုပြီးစီးပါက မိုးပျံပူဖောင်းမှာ ပေ ၄၀၀ အမြင့်ထိ မြေပြင်မှ အပေါ်အောက် ဆွဲတင်ကာ ပျံသန်းနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

"ပြည်သူနဲ့နိုင်ငံခြားသားတွေကို အဓိကဆွဲဆောင်မယ့်နေရာတစ်ခု ဖြစ်စေဖို့ လုပ်တာပါ။ ပစ္စည်းတွေရောက်တာနဲ့ အမြန်ဆုံးပြီးအောင် ဆောင်ရွက်မှာပါ။ ခုလုပ်မယ့် ဟီလီရမ်ဓာတ်ငွေ့က ပတ်ဝန်းကျင်ကို ညစ်ညမ်းမှု မရှိပါဘူး။ တကယ့် ဆောင်ရွက်ပြီးစီးတဲ့အခါမှာ ခုဖြစ်နေတဲ့ အသံတွေနဲ့ နှိုင်းယှဉ်လို့ရပါတယ်။ ပြည်သူတွေရဲ့ပျော်ရွှင်စေဖို့အတွက် ဆောင်ရွက်တာပါ" ဟု ၎င်းက ဆိုသည်။

ရန်ကုန်မြို့၏ရှုခင်းအလှကို ကြည့်ရှုနိုင်ရန် လက်ရှိတွင် လူအယောက်နှစ်ဆယ်ခန့် စီးနင်းနိုင်မည့် မိုးပျံပူဖောင်းတစ်ခုကိုသာ တည်ဆောက်သွားမည်ဖြစ်ပြီး ယင်းတည်ဆောက်မှုနှင့် ပျံသန်းမှုကို နိုင်ငံတကာမှ ပညာရှင်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Myanmar Voyages international Tourism ကုမ္ပဏီထံမှ သိရသည်။

ကန်တော်ကြီးတွင် တည်ဆောက်မည့် မိုးပျံပူဖောင်းစီမံကိန်းကို ကန့်ကွက်ကြောင်း ဆန္ဒထုတ်ဖော်မှုတစ်ရပ်ကို ဖေဖော်ဝါရီလ ၁၁ ရက် နံနက်ပိုင်းက ကန်တော်ကြီးအတွင်း လမ်းလျှောက်သူ၊ လေ့ကျင့်ခန်းလုပ်သူ လူငါးဆယ်ခန့်က ပြုလုပ်ခဲ့ကြပြီး အဆိုပါ မိုးပျံပူဖောင်းတည်ဆောက်မှုနှင့်ပတ်သက်၍ တိုင်းလွှတ်တော်တွင် ဆွေးနွေးမည်ဖြစ်ကြောင်း ဗဟန်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းထွင်က ပြောကြားသည်။

"ဒီစီမံကိန်းက ကောင်းပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ ရွှေတိဂုံဘုရားကြီးနဲ့လည်း နီးနေတယ်။ အများပြည်သူ အပန်းဖြေဥယျာဉ်လည်း ဖြစ်နေတော့ ပြည်သူတွေက လုပ်တာ မကြိုက်ကြဘူး။ ပြည်သူတွေက ရွေးချယ်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်ဖြစ်တော့ တိုင်းဒေသကြီးလွှတ်တော်မှာ ဒီမိုးပျံပူဖောင်းစီမံကိန်းကို အဆိုတင်သွင်းသွားမှာပါ" ဟု ၎င်းက ဆိုသည်။

ကံ့ကော်ပင်ကျွန်းတွင် ဟိုက်ဒရိုဂျင်မီးပုံးပျံတည်ဆောက်မှုကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် တည်ဆောက်ခွင့်ပြုထားကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

ရန်ကုန်မြို့အလှရှုခင်းများကိုနိုင်ငံခြားခရီးသည်များနှင့် မြန်မာနိုင်ငံမှ ပြည်သူအများ ကြည့်ရှုနိုင်ရန် သက်သာသောဈေးနှုန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုအခါ ရှုခင်းကြည့် အပျော်စီး မီးပုံးပျံခရီးစဉ်ကို ပုဂံဒေသ၊ အင်းလေးဒေသနှင့် မန္တလေးမြို့တို့၌ ပျံသန်းလျက်ရှိပြီး ယင်းရှုခင်းကြည့် အပျော်စီး မီးပုံးပျံ ခရီးစဉ်တွင် ခရီးသည် လေးဦးဆံ့၊ ခြောက်ဦးဆံ့၊ ရှစ်ဦးဆံ့နှင့် ၁၆ ဦးဆံ့ မီးပုံးပျံများဖြင့် ပျံသန်းလျက် ရှိသည်။ ■ J-10

**မျက်နှာဖုံး - ရေနံနှင့် သဘာဝဓာတ်ငွေ့တင်ပို့မှု မှ အဆက်**


EPA

မက်ထရစ်တန် ၁၁ သန်းနီးပါး တင်ပို့နိုင်ခဲ့ကာ အမေရိကန်ဒေါ်လာ သန်းသုံးထောင်ကျော်ရရှိခဲ့ကြောင်း၊ ယခုနှစ်တွင် မက်ထရစ်တန် ကိုးသန်းနီးပါး တင်ပို့နိုင်ပြီး ကန်ဒေါ်လာ သန်းနှစ်ထောင်ကျော်ရရှိခဲ့သဖြင့် ကာလတူ နှိုင်းယှဉ်ကြည့်ပါက ဒေါ်လာ သန်းတစ်ထောင်ကျော်နီးပါး ဝင်ငွေလျော့သွားကြောင်း ယင်းဝန်ကြီးဌာနမှုလက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောကြားသည်။

"လွန်ခဲ့တဲ့နှစ်ထဲက ရေနံဈေးက ကျတော့ တစ်ကမ္ဘာလုံးအတိုင်းအတာ အနေနဲ့ တင်ပို့မှုတွေကျတာတွေ ဖြစ်တယ်။ မြန်မာနိုင်ငံအနေနဲ့လည်း ဒီအတိုင်းပဲ ပို့တဲ့တန်ရော၊ ရရှိတဲ့ငွေပမာဏရော အရင်ကထက် လျော့ကျတယ်" ဟု ၎င်းက ဆိုသည်။

မြန်မာ့ရေနံလုပ်ကွက်များမှာ လွန်ခဲ့သည့် ၁၀ နှစ်ကထက်စာလျှင် အထွက်နှုန်းလျော့ကျလာကြောင်း၊ ယင်းသို့ အထွက်နှုန်း ကျလာသည့်အတွက် ပြည်ပတင်ပို့မှုမှာလည်း အထိုက်အလျောက် လျော့ကျလာကာ ပြည်တွင်းရေနံလိုအပ်ချက်အတွက် ပြည်ပမှပင် ရေနံများကို များစွာ ပြန်လည်မှာယူနေရကြောင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းထံမှ သိရသည်။

သဘာဝဓာတ်ငွေ့ကို ထိုင်းနှင့် တရုတ်သို့ အများဆုံးတင်ပို့ပြီး တစ်ရက်လျှင် ကုဗပေသန်း ၁၆၀၀ ကျော်တင်ပို့လျက်ရှိကြောင်း၊ ရေနံကို ထိုင်းနိုင်ငံက အများဆုံးဝယ်ယူပြီး တစ်နေ့လျှင် မက်ထရစ်တန် တစ်ထောင်ကျော်တင်ပို့ရကြောင်း ယင်းလုပ်ငန်းထံမှ သိရသည်။

မြန်မာ့ကုန်းတွင်းလုပ်ကွက်များမှ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၆၀ ခန့်ထွက်ရှိကာ ကမ်းလွန်လုပ်ကွက်များက တစ်ရက်လျှင်ကုဗပေသန်း ၂၀၀၀ ကျော် ထွက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနထံမှ သိရသည်။

■ J-13






ရွှေကျင်သာသနာပိုင်ဆရာတော်၏ စျာပနကျင်းပမည့် မန္တလေးတောင်ခြေရှိ အနောက်မြင်းပြိုင်ကွင်းအတွင်း ကြိုတင်ပြင်ဆင်နေမှုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းဘိုရှိန် ကြီးကြပ်ဆောင်ရွက်နေသည်ကို ဖေဖော်ဝါရီလ ၁၅ ရက်နေ့ မွန်းလွဲပိုင်းက မြင်တွေ့ရစဉ်

# ရွှေကျင်သာသနာပိုင်ဆရာတော်ကြီး၏ စျာပန တိုင်းအစိုးရ တာဝန်ယူမည်

**မန္တလေး၊ ဖေဖော်ဝါရီ ၁၅**

နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ကြီး၏ အန္တိမစျာပနအခမ်းအနားကို တိုင်းအစိုးရအဖွဲ့က တာဝန်ယူကျင်းပမည်ဖြစ်ကြောင်း မန္တလေးတိုင်းအစိုးရအဖွဲ့ စက်မှုနှင့်လျှပ်စစ်ဝန်ကြီး ဦးဇာနည်အောင်က ပြောကြားသည်။

ဆရာတော်ဘုရားကြီး၏ အန္တိမစျာပနကို တာဝန်ယူကျင်းပမည့် တိုင်းဒေသကြီး ဦးစီးကော်မတီနှင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီလ ၁၅ ရက်နေ့ ညနေပိုင်းက မန္တလေးတိုင်းဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ဦးဆောင်ပြုလုပ်ခဲ့သည်။

"မနေ့က (ဖေဖော်ဝါရီ ၁၄ ) စျာပန ဖြစ်မြောက်ရေး အစည်းအဝေးကို တိုင်းအစိုးရအဖွဲ့က လုံနယ်ဝန်ကြီး တစ်ယောက်ပဲ သွားနိုင်ခဲ့တယ်ဆိုပေမယ့် လိုအပ်သမျှကိစ္စများကိုတော့ အစိုးရအဖွဲ့က တာဝန်ယူ လုပ်ဆောင်ပေးတာပါ။ ကားကိစ္စ၊ ကွင်းကိစ္စ၊ နောက်ပြီး အရိုးပြာမြစ်ထဲမှာ မျှောမယ့်ကိစ္စအားလုံးကို ဝန်ကြီးချုပ်ကိုယ်တိုင် စီမံညွှန်ကြားပေးခဲ့တာ ဖြစ်ပါတယ်" ဟု ၎င်းက ပြောဆိုသည်။

မန္တလေးတိုင်းဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ စျာပနဖြစ်မြောက်ရေး အစည်းအဝေးသို့ အချိန်မီ မလာရောက်နိုင်ခဲ့ခြင်းမှာ ကြိုတင်ချိန်းဆိုထားပြီးဖြစ်နေသည့် ဂျပန်နိုင်ငံသံအမတ်ကြီးနှင့် အစည်းအဝေး ရှိနေသောကြောင့်ဖြစ်သည်ဟု ဦးဇာနည်အောင်က ရှင်းပြသည်။

စျာပနအစည်းအဝေးသို့ ဝန်ကြီးချုပ် မတက်ရောက်နိုင်သည့်ကိစ္စအပေါ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့ ညနေပိုင်းက ဝေဖန်မှုများရှိခဲ့ခြင်းနှင့်ပတ်သက်၍ ၎င်းက ရှင်းပြခြင်းဖြစ်သည်။

ယင်းစျာပန ကျင်းပနိုင်ရေး အတွက် ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ စတင်ကာ ရွှေမန်းတောင်အားကစားကွင်း၌ လောင်တိုက်တည်ဆောက်ခြင်းအပါအဝင် စျာပနလုပ်ငန်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။

ရွှေကျင်သာသနာပိုင် ဝါဆိုကျောင်းဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်ကို ဖေဖော်ဝါရီလ ၁၈ ရက်နေ့ နေ့လယ် ၁၂ နာရီမှစတင်ကာ မန္တလေးတောင် အားကစားကွင်းသို့ ပင့်ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကာ၊ ၁၉ ရက်နေ့တွင် အရိုးပြာကို ဧရာဝတီမြစ်အတွင်းသို့ မျှောချမည်ဖြစ်ကြောင်း အခမ်းအနားကျင်းပရေး တိုင်းဒေသကြီး ဦးစီးကော်မတီထံမှ သိရသည်။

ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ကြီး မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ ဆေးကုသမှုခံယူနေစဉ် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ မန္တလေးတိုင်းဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တို့ လာရောက်ဖူးမြော်ခဲ့သေးသည်။

■ M-04

# အာဏာပိုင်များက ပဲခူးတက္ကသိုလ်ကျောင်းသားထုကို ကန့်သတ်ဖိနှိပ်ဟုဆို

**တောင်ငူ၊ ဖေဖော်ဝါရီ ၁၅**

ပဲခူးတက္ကသိုလ် ကျောင်းသားကျောင်းသူများက ဦးဆောင် ကျင်းပရန်ရည်ရွယ်ခဲ့သော ဗိုလ်ချုပ်မွေးနေ့ အထိမ်းအမှတ်အနုပညာပွဲတော်ကို အာဏာပိုင်များက ကျောင်းသားထုကို ကန့်သတ်ချက်များစွာဖြင့် ဖိနှိပ်ခဲ့ကြောင်း ပဲခူးတက္ကသိုလ် ကျောင်းသားများသမဂ္ဂအဖွဲ့မှ မောင်မျိုးဆက်ပိုင်က ပြောကြားသည်။

"အတန်းလိုက် EC တွေ အကြိုညှိနှိုင်းပြီး သဘောတူထားတဲ့ ၁၀၂ နှစ်ပြည့် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ အထိမ်းအမှတ်စာပေ၊ ဂီတ၊ အနုပညာပွဲတော်ဆိုတဲ့ စာသားမှာ ကျောင်းသား၊ ကျောင်းသူများဆိုတဲ့ စာသားနဲ့အောင်ဆန်းဆိုတဲ့ စကားကို ဖြုတ်ခိုင်းတဲ့အပြင် အချိန်ကို ၁ နာရီခွဲကနေ ၂ နာရီတွင်းသာ ကျင်းပရမယ်လို့ ဖိအားပေးမှုတွေ ဆက်တိုက်လုပ်ဆောင်ခဲ့တယ်" ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ ကိစ္စရပ်နှင့် ပတ်သက်၍ ပဲခူးမြို့ ဥသျှောင်မြို့သစ် ရပ်ကွက်ကြီး ၃ ဗိုလ်ချုပ်အောင်ဆန်းလမ်း နှင့်အနော်ရထာလမ်းထောင့်ရှိ မြန်မာ ဂျာနယ်လစ်ကွန်ရက်တွင် ဖေဖော်ဝါရီလ ၁၅ရက် နံနက်ပိုင်း၌ တက္ကသိုလ်ကျောင်းသားများက သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

ဖေဖော်ဝါရီလ ၁၃ ရက်တွင် ပဲခူးတက္ကသိုလ်ကျောင်းသားများက ဦးဆောင်ပြီး ဗိုလ်ချုပ် ၁၀၂ နှစ်ပြည့် မွေးနေ့ပွဲ အထိမ်းအမှတ်အနေနှင့် စာပေ၊ ဂီတ၊ အနုပညာပွဲတော်ကိုကျင်းပရန် စီစဉ်ခဲ့သော်လည်း ကျင်းပမည့် အစီအစဉ်များကို ကန့်သတ်ချက်များစွာဖြင့် ကျင်းပပြုလုပ်ရန် အာဏာပိုင်များက ညွှန်ကြားခဲ့သည့် အတွက် ကျင်းပနိုင်ခဲ့ခြင်းမရှိကြောင်း ကျောင်းသားသမဂ္ဂအဖွဲ့ထံမှ သိရှိရသည်။

ယင်းပွဲတော်မှာ ကျောင်းသား၊ ကျောင်းသူများ ကျင်းပသည့် ပွဲမဟုတ်ဘဲ ကျောင်းတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ အားလုံးပါဝင်သည့် စာပေ၊ ဂီတ၊ အနုပညာပွဲတစ်ခုအနေနှင့် ကျင်းပရန် ပြောဆိုခဲ့ခြင်းသာ ဖြစ်ကြောင်း၊ ကျောင်းသားအဖွဲ့အစည်းတစ်ခုမှ ဦးဆောင်ကျင်းပသည့်ပွဲတစ်ခုအနေနှင့် လုပ်ဆောင်နေခြင်းကိုသာ ကန့်သတ်ခဲ့ရခြင်းဖြစ်ကြောင်း ပဲခူး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမင်းအောင်က ပြောကြားသည်။

ပဲခူးတက္ကသိုလ်ကို ဒီဂရီ ကောလိပ်အဆင့်မှ လွန်ခဲ့သည့် သုံးနှစ်ကျော်ခန့်က တိုးမြှင့်ခဲ့ပြီး ဝိဇ္ဇာနှင့်သိပ္ပံ ကျောင်းသား၊ ကျောင်းသူ ၇၀၀၀ ကျော် တက်ရောက်ကာ ပညာသင်ကြားနေကြောင်း၊ လက်ရှိတွင် ပဲခူးတက္ကသိုလ်ကျောင်းသားများသမဂ္ဂကို ကျောင်းသား ၃၀ ကျော်ဖြင့် ဖွဲ့စည်းထားပြီး ကျောင်းသားထု အခွင့်အရေးကို ကြိုးပမ်းဆောင်ရွက်နေကြောင်း ယင်းသမဂ္ဂထံမှ သိရသည်။

■ R-15

# တိုင်းရင်းသားလက်နက်ကိုင်များ NCA လက်မှတ်ထိုးရေး အစိုးရဖန်တီးပေးရန်လိုအပ်

**စစ်တွေ၊ ဖေဖော်ဝါရီ ၁၅**

မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားလက်နက်ကိုင်များနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များ အကောင်အထည်ဖော်ဆောင်ရာတွင် တိုင်းရင်းသားလက်နက်ကိုင် အားလုံးအပစ်အခတ်ရပ်စဲရေးအတွက် အစိုးရကဖန်တီးပေးရန် လိုအပ်ကြောင်း နိုင်ငံရေးပါတီများနှင့် နိုင်ငံရေးလေ့လာသုံးသပ်သူများက ပြောကြားသည်။

"ငြိမ်းချမ်းရေးခေါ်နေတယ်။ ဒါပေမဲ့ တိုက်ပွဲတွေ ဖြစ်နေတုန်းပဲ။ ဒေါ်အောင်ဆန်းစုကြည်ကလည်း တိုက်ပွဲတွေနဲ့ပတ်သက်လို့ ဘာမှမပြောတာ ဆိုးတယ်။ တိုင်းရင်းသားလက်နက်ကိုင်တွေအနေနဲ့ NCA လက်မှတ်ထိုးဖို့အတွက် အစိုးရကနေပြီးတော့ အာမခံချက်ပေးဖို့လိုအပ်ပါတယ်" ဟု မွန်အမျိုးသားပါတီ ဒုဥက္ကဋ္ဌ နိုင်ငွေသိန်းက ပြောဆိုသည်။

လက်ရှိတွင် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF)၊ ဒီမိုကရေစီ အကျိုးပြု ကရင်အမျိုးသား တပ်မတော် (DKBA)၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)၊ ကရင်ငြိမ်းချမ်းရေးကောင်စီ (KPC)၊ ရခိုင်အမျိုးသားလွတ်မြောက်ရေးပါတီ(ALP)၊ ချင်းအမျိုးသားတပ်ဦး(CNF)၊ ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ရှမ်းပြည်တပ်မတော်(RCSS-SSA)စသည့် တိုင်းရင်းသားလက်နက်ကိုင် ရှစ်ဖွဲ့သာလက်မှတ်ရေးထိုးထားပြီး မွန်ပြည်သစ်ပါတီ၊ ရက္ခိုင့်တပ်မတော် အပါအဝင် တိုင်းရင်းသားလက်နက်ကိုင် ၁၃ ဖွဲ့ ကျန်ရှိနေသေးကြောင်း ထုတ်ပြန်ကြေညာချက်များအရ သိရသည်။

လက်မှတ်ရေးထိုးခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်များကို လက်မှတ်ရေးထိုးရန် ဝိုင်းဝန်းတိုက်တွန်းသင့်ပြီး လက်မှတ်ရေးထိုးပြီးမှသာ အားလုံးဝိုင်းဝန်းညှိနှိုင်း အဖြေရှာသင့်ကြောင်း ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UNDJC) နိုင်ငံရေးပါတီများအစုအဖွဲ့၏ အတွင်းရေးမှူးအဖွဲ့ဝင်၊ ရန်ကုန်တိုင်းလူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ပြောကြားသည်။

"ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ NCAထဲမှာ ပါဝင်ခဲ့တဲ့ အဖွဲ့အစည်းတွေအားလုံးကို လက်ခံပေးဖို့လိုတယ်။ သူမအနေနဲ့ လက်ခံပေးမယ် ဆိုရင်တော့ အားလုံးပါဝင်လက်မှတ်ထိုးခွင့်ရှိတဲ့ အဆင့်ကိုရောက်လာမှာဖြစ်တယ်" ဟု ညီညွတ်သော တိုင်းရင်းသား လူမျိုးများဖက်ဒရယ်ကောင်စီ UNFC ၏ တွဲဖက်အတွင်းရေးမှူး (၁) ကိုထွန်းဇော်က ဆိုသည်။

မြန်မာ့နိုင်ငံရေး လေ့လာသုံးသပ်သူဦးကျော်ဝင်းကလည်း ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်များ အားလုံးပါဝင်နိုင်ရေးအတွက် အစိုးရကကြားနေကာ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်များ ထိပ်တိုက်တွေ့ဆုံ၍ အဖြေရှာသင့်ကြောင်း သုံးသပ်ပြောဆိုသည်။

၂၀၁၅ ခုနှစ်အတွင်း တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြား နှစ်ဖက်ထိတွေ့တိုက်ပွဲပေါင်း ၄၆၀ ကျော်ရှိခဲ့ပြီး ၂၀၁၆ ခုနှစ်အတွင်း တိုက်ပွဲပေါင်း ၅၈၀ အထိ ဖြစ်ပွားခဲ့ပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချင်းချင်းကြားတွင်လည်း ၂၀၁၆ ခုနှစ်အတွင်း တိုက်ပွဲပေါင်း ၁၆၀ ကျော်အထိ ဖြစ်ပွားခဲ့ကြောင်း BNI မှထုတ်ဝေသည့် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှတ်တမ်းများအရ သိရသည်။

■ R-04


ခေါင်းလံမလဲ 'ဆန်းရှိုင်း' ကတော့ ဗိုလ်ခွဲလျက်ပါပဲ
သိတယ်မဟုတ်လား ?
မြန်မာပြည်မှာ ပထမဦးဆုံး သီးသန့်သားရေဆိုင်ဖွင့်ခဲ့တာလည်း 'ဆန်းရှိုင်း'
လက်ရှိတည်ငြိမ်စွာနဲ့သီးသန့်သားရေရှည်ဆိုင်ဖွင့်နေတာလည်း 'ဆန်းရှိုင်း'
ကံစမ်းမဲ လုံး၀ (လုံး၀) မပေးတာလည်း 'ဆန်းရှိုင်း'
သားရေရော လုံး၀ (လုံး၀)မရောင်းတာလည်း 'ဆန်းရှိုင်း'
ဂျပန်မှာကိုယ်တိုင်ကိုယ်ကျ ကြော်ငြာခဲ့တာလည်း 'ဆန်းရှိုင်း' ဆိုတော့ ......
(ဦးအိုက်ဆန်) နှင့် သားနိုင်ငြိမ်
မြန်မာပြည်မှာ 'ဆန်းရှိုင်း'
သားရေစစ်စစ် ပစ္စည်းအမျိုးမျိုး အရောင်းဆိုင်များ ပင်ရင်း။

# E D I T O R I A L

# လုပ်သလိုပြော၊ ပြောသလိုလုပ်

ဗုဒ္ဓမြတ်စွာသည် သစ္စာလေးပါးကို ကိုယ်တိုင်သိမြင်စေရန် လက်တွေ့ ပွားများ ကျင့်ကြံ အားထုတ်ခဲ့သည်။ ထိုသို့ လက်တွေ့အလုပ်လုပ်ခဲ့သည်များ၊ သူရှာဖွေတွေ့ရှိခဲ့သည်များကို လောကရှိသတ္တဝါ အားလုံးအပေါ် အယုတ်၊ အလတ်၊ အမြတ်မရွေး ဟောညွှန်၊ ပြသ၊ ဆုံးမ၊ ချေချွတ်၊ လမ်းမှန်ပြခဲ့သည်။

ထိုသို့ ကိုယ်တိုင် လုပ်ထားသော အလုပ်များနှင့် ကိုယ်တိုင်ရှာဖွေတွေ့ရှိခဲ့သော လောကသစ္စာ အမြိုက်တရားများကို ပြန်လည်ဟောပြော ဆုံးမခဲ့သော ဗုဒ္ဓကို ယနေ့ ကမ္ဘာ့ပညာရှင်များက အသိဉာဏ် အကြီးဆုံး မဟာလူသားအဖြစ် ခြွင်းချက်မရှိ အသိအမှတ်ပြု တန်ဖိုးထားကာ သန်းပေါင်းများစွာသော လူသားတို့က အလေးအမြတ်ပြု ကိုးကွယ်ဆည်းကပ်နေကြခြင်းဖြစ်သည်။

ငြိမ်းချမ်းရေးကို လက်ကိုင်ထား၊ လက်တွေ့ကျင့်သုံးသော မဟတ္တမဂန္ဒီသည် သူ့ပတ်ဝန်းကျင်နှင့် သူ့နိုင်ငံသား အားလုံးကိုလည်း ဘာသာမရွေး၊ လူမျိုးမရွေး ငြိမ်းချမ်းရေး လမ်းစဉ်ကိုသာ ရွေးချယ်ရန် ဆော်ဩစည်းရုံးခဲ့သည်။

မဟာကရုဏာရှင် သူတော်စင်ဟု အမည်နာမဖြင့် တင်စားခံရသည့် မာသာထရီဇာသည် လူသားအားလုံးကို မေတ္တာထားရန် ပြောဆိုသကဲ့သို့ အတိဒုက္ခရောက်နေကြသည့် အိန္ဒိယနိုင်ငံသား ဆင်းရဲသားများ၊ ရောဂါသည်များ ကယ်တင်၊ ပြုစု၊ စောင့်ရှောက်ခြင်း လုပ်ငန်းများကို သူကွယ်လွန်ခါနီးသည်အထိ ကိုယ်တိုင်မနေမနား ဆောင်ရွက်သွားခဲ့သည်။

လွတ်လပ်ရေး ဗိသုကာ၊ အမျိုးသားခေါင်းဆောင်ကြီး၊ တပ်မတော်၏ဖခင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် လေးစားမှတ်သားလောက်စရာ မိန့်ခွန်းများစွာ၊ စကားများစွာထဲမှ တစ်ခုမှာ သူ့ရဲဘော်များကို "ဟော့ကောင်တွေမင်းတို့ကို ငါပြောသလို ငါကိုယ်တိုင်လည်း လုပ်တယ်ကွ" ဟူသော စကားမှာ ဗိုလ်ချုပ်၏ စရိုက်ကို ထင်းလင်းစွာ ဖော်ပြနေခြင်း ဖြစ်သည်။

ယနေ့ နိုင်ငံတည်ဆောက်ရေး၊ ငြိမ်းချမ်းမှု တည်ဆောက်ရေး၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အဓိကကျသောနေရာမှ ခေါင်းဆောင်ပါဝင်သည့် Stakeholder ခေါ် အဓိကပါဝင်ပတ်သက်သူများ အနေနှင့်လည်း မိမိတို့ လုပ်နေသည့်အတိုင်း ပြောကာ ပြောသည့်အတိုင်း လုပ်သူများဖြစ်ကြစေကြောင်း သတိပေးလိုရင်းဖြစ်သည်။

**အယ်ဒီတာ ( ၁၅ - ၂ - ၂၀၁၇ )**

**ဖေဖော်ဝါရီလ ၁၃ ရက် ဗိုလ်ချုပ်မွေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့ထုတ် သတင်းစာတွင် ဖော်ပြခဲ့ပြီးသော အယ်ဒီတာ့အာဘော်ကို ပြန်လည်ဖော်ပြခြင်းဖြစ်ပါသည်။**

# ဖုန်စုပ်ယာဉ်ရောင်းချသည့် နိုင်ငံခြားကုမ္ပဏီကို အောင်ကမ္ဘာကုမ္ပဏီ တရားစွဲ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၅**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဈေးကြီးပေးဝယ်ခဲ့ရသည့် ဖုန်စုပ်ယာဉ် (သန့်ရှင်းရေးယာဉ်) များနှင့် ပတ်သက်၍ တင်သွင်းခဲ့သည့်ကုမ္ပဏီက ရောင်းချသည့်နိုင်ငံခြားကုမ္ပဏီကို တရားစွဲဆိုထားကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး က ပြောကြားသည်။

မြန်မာနိုင်ငံမှ တင်ဒါရရှိသည့်အောင်ကမ္ဘာကုမ္ပဏီသည် ဖုန်စုပ်ယာဉ်များကို ဂျာမနီနိုင်ငံ HAKO Group ထံမှ ဝယ်ယူ တင်သွင်းရာတွင် တစ်စီးလျှင် ကျပ်သိန်း ၁၀၀၀ တန်ဖိုး ကျသင့်မှုအပေါ် မူရင်းနိုင်ငံ၏ တန်ဖိုးနှင့် ကွာဟနေသဖြင့် လွှမ်းမိုးကွန်ရက်စာမျက်နှာတွင် ဝေဖန်မှုများ ရှိခဲ့သောကြောင့် စည်ပင်မှ စစ်ဆေးစိစစ်မှုများ ပြန်လည်ပြုလုပ်ခဲ့ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီထံမှ သိရသည်။

"လက်ရှိ အောင်ကမ္ဘာကုမ္ပဏီက နိုင်ငံခြားဘက်က ကုမ္ပဏီကို ဒီလဒုတိယပတ်မှာ တရားစွဲဆိုထားတယ်လို့ စည်ပင်ကို အကြောင်းကြားထားပါတယ်"ဟု ဒေါ်လှိုင်မော်ဦးက ဆိုသည်။

ဂျာမနီနိုင်ငံ HAKO Group က တင်သွင်းသည့် ဖုန်စုပ်ယာဉ်အမျိုးအစားမှာ City Master 1250 ဖြစ်ပြီးအဆိုပါယာဉ်များကို ဇန်နဝါရီလတွင် တစ်စီးလျှင် ကျပ်သိန်း၁၀၀၀ ခန့်ဖြင့် ခရိုင်လေးခုအတွက် လေးစီးတင်သွင်းခဲ့ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရှိရသည်။

"နိုင်ငံခြားကုမ္ပဏီကို စာချုပ်ချုပ်တဲ့ အပေါ်မူတည်ပြီး တရားစွဲလို့ရပါတယ်။ ဂျာမနီနိုင်ငံမှာချုပ်ရင် ဂျာမနီနိုင်ငံမှာ တရားစွဲလို့ရတယ်။ မြန်မာနိုင်ငံမှာချုပ်ရင် မြန်မာနိုင်ငံမှာ တရားစွဲလို့ရတယ်။ မြန်မာနိုင်ငံမှာ ခုလိုအဖြစ်တွေ အများကြီးရှိပါတယ်"ဟု တရားလွှတ်တော်ရှေ့နေ ဦးလှစိန်က ဆိုသည်။

အဆိုပါ သန့်ရှင်းရေးယာဉ် တစ်စီး၏ လုပ်ကိုင်နိုင်စွမ်းသည် လူ ၂၀၀ အသုံးပြုမှုနှင့် ညီမျှကြောင်း၊ သန့်ရှင်းရေးယာဉ်များသည်လမ်းပေါ်ရှိ အမှိုက်သရိုက် အမျိုးမျိုး၊ ပုလင်းနှင့်ဘူးအမျိုးမျိုး၊ ခဲလုံးများ၊ လမ်းများပေါ် တင်ကျန်နေသောရေများကို စုပ်ယူသိမ်းဆည်းပေးသွားနိုင်မည်ဖြစ်သည်။

၂၀၁၆ခုနှစ် ဇန်နဝါရီလတွင် ခရိုင်လေးခုအတွက် သန့်ရှင်းရေးပြုလုပ်ရန် ပြည်ပမှမှာယူထားသည့်ယာဉ် ၁၁၄ စီး အနက် ခေတ်မီသန့်ရှင်းရေးယာဉ် (ဖုန်စုပ်ယာဉ်)လေးစီး၊ အမှိုက်သိမ်းယာဉ်ငယ်အစီး ၃၀၊ ယန္တရားရှစ်စီး စုစုပေါင်း ၄၂စီး ရောက်ရှိလာပြီဖြစ်ပြီး နောက်ပိုင်းတွင် ခရိုင်တစ်ခုလျှင် ခေတ်မီ သန့်ရှင်းရေးယာဉ် (ဖုန်စုပ်ယာဉ်)လေးစီး၊ စုစုပေါင်း ၁၆ စီး ဖြင့် သန့်ရှင်းရေးလုပ်ငန်းများကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

■

**J-10**

The VOICE Daily CARTOON




The VOICE Daily

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editor in-Chief** - Kyaw Min Swe, **Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min . **Senior Executive Editors** - Thiri Zaw, Aung Soe,

**Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe, **Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Ye Win Saung, Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun.**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,

**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.

**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein. **Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo,

**Part-time Editors**- Aung Naing Win, Mg Man @ Myo Myint Aung.**Mandalay Reporters** - Ye Win Naing, Than Pe Thar. Nay Lin, Yan Moe Naing, Myat Min, Aung Phyo,

**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Nay Lin Phyu, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma, Lwin Mar Aung, Myat Thu Tun (Poe Thiha), Paw Oo, Khin May San, Tin Zaw Oo. **Photographer** - Ye Pyae Zar Ni, Aung Naing,

**Publisher** - Daw Win Kalayar Swe (00940), **Advertising** - Ei Mar Lar, Zaw Zaw Aung**Distribution** - Htet Khaung, Jet Too Too.

**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,

**Web Team**- thevoicewebteam@gmail.com, **Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.

**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080

**Hot Lines** – 09 785555771 **(Newsroom)**, 09 785555772**(Advertising)**, 09 785555773**(Distribution)**

**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

# အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းကို နိုင်ငံတကာသံတမန်များနှင့် မိတ်ဆက်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၅**



ဓာတ်ပုံ- ရဲပြည့်စုံနည်

မကြာသေးမီက ခန့်ထားလိုက်သော ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းနှင့် မြန်မာနိုင်ငံအခြေစိုက် သံရုံးများမှ အကြီးအကဲများ၊ ကိုယ်စားလှယ်များနှင့် မိတ်ဆက်တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က ရန်ကုန်မြို့ရွှေလီလမ်းရှိအမျိုးသားပြန်လည်သင့်မြတ်ရေး ဗဟိုဌာန (NRPC) ရုံးတွင် ပြုလုပ်ခဲ့သည်။

နိုင်ငံတကာ သံတမန်အဖွဲ့အစည်း ၆၀ ခန့် တက်ရောက်ခဲ့ပြီး အဓိကအားဖြင့် ဦးသောင်းထွန်းကို မိတ်ဆက်သည့်ပွဲဖြစ်ကြောင်း NRPC မှ နည်းပညာအထောက်အကူအဖွဲ့ဝင် ဦးအေးလွင်က ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲတွင် အစိုးရဘက်မှ ဦးသောင်းထွန်း အပါအဝင် နိုင်ငံတော် အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းတို့လည်း တက်ရောက်ခဲ့သည်။

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းကို ပြီးခဲ့သည့် ဇန်နဝါရီ ၁၁ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးက ခန့်အပ်တာဝန်ပေးခဲ့ခြင်းဖြစ်ပြီး ပြည်ထောင်စုအစိုးရကို ပြည်တွင်း၊ ပြည်ပအန္တရာယ်များနှင့် စပ်လျဉ်း၍ မဟာဗျူဟာ ရှုထောင့်မှ လေ့လာသုံးသပ်အကြံပြုနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးအဆင့် ခန့်အပ်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံတော် သမ္မတရုံးထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ■ J-08

# သက်ငယ်မုဒိမ်းမှုကို ခရိုင်တရားရုံးသို့ လွှဲပြောင်းစစ်ဆေးရန် လက်ခံ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၅**

မရမ်းကုန်းမြို့နယ် တရားရုံးတွင် တရားစွဲဆို စစ်ဆေးနေသည့် သက်ငယ် မုဒိမ်းမှုတစ်ခုကို အနောက်ပိုင်းခရိုင် တရားရုံးတွင် ပြောင်းလဲစစ်ဆေးရန် လက်ခံခဲ့ကြောင်း ယင်းတရားရုံးထံမှ သိရသည်။

မရမ်းကုန်းမြို့နယ်၊ အမှတ်(၅) ရပ်ကွက်၊ အောင်မင်္ဂလာလမ်းတွင် နေထိုင်သူ အသက် ၁၈ နှစ်အရွယ် ကိုအေးမင်းဟန်သည် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့က တစ်လမ်းတည်းတွင်နေထိုင်သူ အသက် ၁၁ နှစ်အရွယ် မိန်းကလေးကို နေအိမ်ပေါ်တက်၍ အဓမ္မပြုကျင့်ရန် ကြံစည်သည်ဟုဆိုကာ မရမ်းကုန်းမြို့မရဲစခန်းက (ပ)၃၈၀/၂၀၁၆ ၊ ရာဇသတ်ကြီးပုဒ်မ ၃၇၆/၅၁၁ ဖြင့် မရမ်းကုန်းမြို့နယ် တရားရုံးတွင် တရားစွဲဆို စစ်ဆေးနေရာမှ ခရိုင်တရားရုံးတွင် ပြောင်းလဲစစ်ဆေးရန် တင်ပြခဲ့ရာ အနောက်ပိုင်းခရိုင်တရားရုံးမှ ရာကြီး ၂၀/၁၇ ဖြင့် လက်ခံခဲ့ကြောင်း သိရသည်။

"မြို့နယ်တရားရုံးမှာ စစ်ဆေးနေတာပြီးတော့မယ်၊ သက်ငယ်မုဒိမ်းမှုဖြစ်လို့ ခရိုင်ကိုပြောင်းလာတာ၊ ကြံစည်မှုနဲ့ စွဲထားပေမယ့် ဆရာဝန်ဆေးစာမှာ သုက်ပိုးတွေ့တယ်လို့ သိရတယ်၊ အခု ခရိုင်တရားရုံးကလည်း မုဒိမ်းမှုကျူးလွန်ရန်ကြံစည်မှုနဲ့ ထပ်မံလက်ခံထားတာပါ၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့က သူ့ကို ရုံးထုတ်ခဲ့တယ်၊ စစ်တော့ မစစ်ဖြစ်သေးဘူး"ဟု အနောက်ပိုင်းခရိုင်တရားရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အသက်မပြည့်သူ မိန်းကလေးများ အပေါ် ထိရောက်ပြစ်ဒဏ်ချမှတ်နိုင်ရန် ခရိုင်တရားရုံးများတွင် စစ်ဆေးစီရင်ဆုံးဖြတ်မည်ဖြစ်ကြောင်း ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီး ဦးစိုးညွန့်က ဇန်နဝါရီလ ၃၀ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ဖြေကြားခဲ့သဖြင့် ပြောင်းလဲ စစ်ဆေးနိုင်ရန် တင်ပြခဲ့ခြင်းဖြစ်ကြောင်း ယင်းခရိုင် တရားရုံးထံမှ စုံစမ်းသိရှိရသည်။

မြန်မာနိုင်ငံတစ်ဝန်း ၂၀၁၅ ခုနှစ်တွင် အသက်မပြည့်သူ ကလေးငယ်များအပေါ် လိင်အကြမ်းဖက်မှု ၆၇၁ မှုရှိခဲ့ကြောင်း၊ ခရိုင်တရားရုံးများတွင် စစ်ဆေးခဲ့သည့် အမှု ၅၈၆ မှုအနက် ထောင်ဒဏ်တစ်သက် ချမှတ်ခဲ့မှု ၃၆ မှုရှိခဲ့ပြီး ထောင်ဒဏ် ၁၀ နှစ်မှ ၇ နှစ် အထိ အမှုအမျိုးအစားအလိုက် အသီးသီးအပြစ်ပေးအရေးယူနိုင်ခဲ့ကြောင်းနှင့် လူသတ်မှု ပါဝင်သောအမှု ၇၀ ကျော်ကိုသေဒဏ်အထိချမှတ်ခဲ့ကြောင်း ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ ဖြေကြားချက်အရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ မုဒိမ်းမှုပေါင်း ၂၂၉ မှုဖြစ်ခဲ့ပြီး၊ ယင်းမုဒိမ်းမှုများတွင် အသက်မပြည့်သူမိန်းကလေးများအား ခိုးယူပေါင်းသင်းမှု၊ မဖွယ်မရာပြုလုပ်မှုနှင့် အဓမ္မပြုကျင့်ရန် ကြံစည်မှုများပါဝင်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်တွင် မုဒိမ်းမှုပေါင်း ၁၁၀ မှုရှိခဲ့သည့်အတွက် နှိုင်းယှဉ်ပါက နှစ်ဆတိုးပွားလာပြီး ဖြစ်ပေါ်ခဲ့သည့် သက်ငယ်မုဒိမ်းများတွင် ဆွေမျိုးသားချင်း၊ အိမ်နီးချင်း အမျိုးသားများမှ ကျူးလွန်မှုအများဆုံးဖြစ်ကြောင်း ယင်းရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

■ J-16

pact building local promise.

**လျှောက်လွှာပိတ်ရက်ပြောင်းလဲသတ်မှတ်ခြင်း**

ပက်မြန်မာမှ the voice daily newspaper တွင် ဖေဖော်ဝါရီလ (၁) နှင့် 7 Days Daily newspaper တွင် ဖေဖော်ဝါရီလ (၂) ရက်နေ့များတွင် ကြော်ငြာခဲ့သော အလင်းရောင် (ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်စီမံချက်) (လုပ်ငန်းဆောင်ရွက်ရန်စိတ်ဝင်စားသူများဖိတ်ခေါ်ခြင်း) အမှတ်စဉ် ၀၁/၂-၂၀၁၇ လျှောက်လွှာပိတ်ရက်အား ဖေဖော်ဝါရီလ (၁၆) ရက်အစား ဖေဖော်ဝါရီလ (၂၂) ရက်နေ့သို့ ပြောင်းလဲ သတ်မှတ်လိုက်ပါသည်။

ထိုစီမံချက်အတွက်လိုအပ်သော အိမ်တွင်းမီးထွန်းစနစ် (Solar Home System) အမျိုးအစား သုံးမျိုး (Package I၊ Package II and Package III) ကိုအောက်ဖော်ပြပါစံနှုန်းများအတိုင်း စီမံချက်ဧရိယာဖြစ်သော တနင်္သာရီတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိကျေးရွာ (၂၀၀) သို့ ပေးသွင်းနိုင်သော စိတ်ဝင်စားသူ လုပ်ငန်းရှင်များကို ထပ်မံ ဖိတ်ခေါ်အပ်ပါသည်။

| Sr. | Description | Quantity |
|---|---|---|
| 1 | Solar Home Systems<br>Solar Panel, Charge Controller, Battery, Lamps and Other Accessories ,<br>Cell Phone Charging Port, Other Electric Output, Warranty, After Sales Services<br>Point of delivery – Tanintharyi (Myeik, Palaw), Sagaing (Sagaing), Magway(Seik Phyu, Salin), Mandalay(Madaya) Townships<br>Point of contact at community level – renewable energy sub-committee<br>Installation of solar systems – by communities | 2,000 solar Package (1500 to Tanantharyi Region & 500 to Central Dry Zone) |

**လျှောက်လွှာပိတ်ရက် - ရုံးချိန်အတွင်း (၂၂) ရက်၊ ဖေဖော်ဝါရီလ၊ (၂၀၁၇)ခုနှစ်။**

ယခုကြော်ငြာချက် အသေးစိတ် အချက်အလက်များကို ပက်မြန်မာရုံးတွင် အခမဲ့လာရောက် ရယူနိုင်ပါသည်။

အချက်အလက်များနှင့်အတူ သတ်မှတ်ရက်နှင့်သတ်မှတ်ချိန် မတိုင်မီအောက်ဖော်ပြပါ ပက်မြန်မာရုံးလိပ်စာသို့ အိတ်ပိတ်စနစ်ဖြင့် ပေးပို့ရပါမည်။

Pact Myanmar၊ အမှတ် (၆၀၈) ဘိုမြင့်ဆောင် (Penthouse) ဗိုလ်ချုပ်အောင်ဆန်းကွင်းနှင့် ကုန်သည်လမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

# YBS ၃၆ စပယ်ယာမပါဘဲ ပထမဆုံး စတင်ပြေးဆွဲ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၅**

မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်မှ ဆူးလေအထိ ပြေးဆွဲနေသည့် YBS အမှတ် ၃၆(ဝါစိမ်းနီ) ယာဉ်လိုင်းသည် ယာဉ်နောက်လိုက် (စပယ်ယာ)မပါဘဲ ဖေဖော်ဝါရီလ ၁၅ ရက်က ပထမဆုံး စတင်ပြေးဆွဲခဲ့ကြောင်း အဆိုပါယာဉ်လိုင်းကို ပိုင်ဆိုင်သည့် ရန်ကုန်မြို့ပြ အများပြည်သူ သယ်ယူပို့ဆောင်ရေးလီမိတက် YUPT ကုမ္ပဏီထံမှ စုံစမ်းသိရသည်။

"စပယ်ယာမပါဘဲနဲ့ ဒီနေ့စပြေးတာ။ ရန်ကုန်တိုင်းဝန်ကြီးချုပ် ညွှန်ကြားခဲ့တဲ့အတိုင်း ခရီးသည်တွေနဲ့ ယာဉ်နောက်လိုက်တွေကြားက ပြဿနာတွေကို လျှော့နည်းအောင်လို့ ဒီစနစ်ကို စတင်ကျင့်သုံးတာပါ" ဟု YUPT ကုမ္ပဏီ operation မန်နေဂျာဦးအေးသောင်းက ဆိုသည်။

လက်ရှိတွင် ရွှေပေါက်ကံမြို့သစ်မှ ဆူးလေအထိ ပြေးဆွဲနေသော YBS အမှတ် ၃၆ (ဝါစိမ်းနီ)ယာဉ်လိုင်းတွင် နေ့စဉ်ပြေးဆွဲနေသည့် ယာဉ်စီးရေ ၄၀ ခန့်ရှိပြီး ခရီးသည်များအနေနှင့် ယာဉ်စီးခငွေ ၂၀၀ ကျပ်ကို ငွေပုံးထဲသို့ ကိုယ်တိုင်ထည့်စေခြင်းစနစ်ဖြင့် စတင်ပြေးဆွဲနေခြင်းဖြစ်ကြောင်း ဦးအေးသောင်းက ရှင်းပြသည်။

YUPT ကုမ္ပဏီက ပြေးဆွဲနေသော ယာဉ်လိုင်းပေါင်း ၂၀ ကျော်ရှိပြီး လက်ရှိတွင် YBSအမှတ်၃၆(ဝါစိမ်းနီ) ယာဉ်လိုင်းတွင် လိုက်ပါခဲ့သော ယာဉ်နောက်လိုက်များကို အခြားသောယာဉ်လိုင်းများသို့ ပြောင်းရွှေ့အလုပ်ပေးထားကြောင်း အဆိုပါကုမ္ပဏီထံမှသိရသည်။

"စပယ်ယာတိုင်းကတော့ ယာဉ်မောင်းတိုင်းနဲ့ အဆင်ပြေနေတာတော့ မဟုတ်ပါဘူး။ အခုက ကားခကို ထည့်၊ မထည့်လည်း ကိုယ်ပဲ၊ ရောက်တဲ့မှတ်တိုင်ကိုလည်း ကြေညာပေးရတော့ ယာဉ်မောင်းက အလုပ်ပိုလုပ်လာရတယ်" ဟု YBS ၃၆ (ဝါစိမ်းနီ) ယာဉ်မောင်းတစ်ဦးက ဆိုသည်။

ဘတ်စ်ကားစီး ခရီးသည်များကြား YBS ယာဉ်လိုင်းများနှင့်ပတ်သက်၍ မှတ်တိုင်ကျော်ရပ်မှုများ၊ ယာဉ်နောက်လိုက် (စပယ်ယာ) များနှင့် အငြင်းပွားမှုများ၊ ရပ်ချတင်ထွက်စနစ် ကျင့်သုံးမှု အားနည်းမှုများနှင့် ယာဉ်စည်းကမ်းလိုက်နာမှု နည်းပါးနေကြောင်း ဝေဖန်မှုများရှိနေသည်။

"အခုက စပယ်ယာမပါတော့ ကားစီးရတာ စိတ်တော့နည်းနည်း အေးတယ်။ စပယ်ယာတွေနဲ့ စကားများနေရတာက များတယ်။ အခုစနစ်က အကြွေ ၂၀၀ တော့ဆောင်ထားရမယ်" ဟု ရွှေပေါက်ကံမြို့သစ်မှ ၃၆ ယာဉ်လိုင်းစီးနင်းသူ ဒေါ်ထွေးသိန်းက ဆိုသည်။

ရန်ကုန်မြို့တွင် YBS ယာဉ်လိုင်းပေါင်း ၇၀ ကျော်မှ ဘတ်စ်ကားပေါင်း ၃၅၀၀ ကျော်ဖြင့် ပြေးဆွဲလျက်ရှိပြီး ယာဉ်လိုင်းများကြား စည်းကမ်းထိန်းသိမ်းမှုနည်းပါးနေသေးကြောင်း ပြည်သူများကြားပြောဆိုလျက်ရှိသည်။

■ J-14



ဓာတ်ပုံ - မြင့်မိုးညို

ရန်ကုန်လေဆိပ်ရှိ အငှားတက္ကစီယာဉ်အချို့

# ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တက္ကစီငှားရမ်းခ ဈေးနှုန်းများ ထုတ်ပြန်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၅**

ခရီးသည်များအကြား တက္ကစီငှားရမ်းခနှုန်းများ ကြီးမြင့်သည်ဟုဆိုသော ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် တက္ကစီငှားရမ်းခနှုန်းထားများကို ရန်ကုန်လေဆိပ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ဖေဖော်ဝါရီလ ၁၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။

"အရင်နှစ်တွေတုန်းက သတ်မှတ်ထားတာတွေရှိပေမယ့် ခရီးသည်တွေကြားမှာက လေဆိပ်မှာတက္ကစီငှားခ ဈေးကြီးတယ်ဆိုလို့ အစည်းအဝေးဆုံးဖြတ်ချက်တွေနဲ့ ပြန်လည်သတ်မှတ်လိုက်တာပါ" ဟု လေဆိပ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးအုန်းလွင်က ဆိုသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပြေးဆွဲနေသော တက္ကစီ ၆၅၂ စီးရှိပြီး တက္ကစီငှားရမ်းမည့် ခရီးသည်များအနေနှင့် လေဆိပ်အတွင်းရှိ တက္ကစီ ယာဉ်များငှားရမ်းသည့်ကောင်တာများတွင် ချလန်ဖြတ်၍ စီးနင်းရန် လိုအပ်ကြောင်းနှင့်သတ်မှတ်ထားသော ဈေးနှုန်းများထက် ပိုမိုတောင်းခံပါက ချလန်ပေါ်ရှိ ဖုန်းနံပါတ်များကို တိုင်ကြားနိုင်ကြောင်း လေဆိပ်စီမံခန့်ခွဲမှုကော်မတီထံမှ သိရသည်။

"လေဆိပ်မှာက ကားငှားခတွေကို ဈေးပိုတောင်းတာကတော့ အမှန်ပါပဲ။ အခုလို တိတိကျကျထုတ်ပြန်ပြီးရင်တော့စနစ်တကျဖြစ်အောင် စိစစ်ကြပ်မတ်ဖို့တော့ လိုတာပေါ့"ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အတွင်း ပြေးဆွဲနေသော တက္ကစီများ၏ ငှားရမ်းခဈေးနှုန်းများ ပြန်လည်သတ်မှတ်ခြင်းကို လေဆိပ်စီမံခန့်ခွဲမှုကော်မတီ၊ လေဆိပ်လုံခြုံရေးတာဝန်ယူထားသည့် အဖွဲ့အစည်းများနှင့် လေဆိပ်တက္ကစီယာဉ်မောင်းများ ပူးပေါင်းညှိနှိုင်း၍ ဈေးနှုန်းများ သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း လေဆိပ်စီမံခန့်ခွဲမှုကော်မတီထံ မှသိရသည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ရန်ကုန်လေဆိပ်အတွင်း ပြင်ပတက္ကစီယာဉ်များ ပြေးဆွဲခွင့် မပြုကြောင်း ထုတ်ပြန်ချက်အပေါ် ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော အငှားယာဉ်မောင်းများကြား ဝေဖန်မှုများ ရှိခဲ့သည်။

■ J-14

# အကျဉ်းကျသေဆုံးခဲ့သော ရန်ကုန်တိုင်းအတွင်းမှ နိုင်ကျဉ်းများကို ဂုဏ်ပြုမည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၅**

အကျဉ်းသားဘဝဖြင့် သေဆုံးခဲ့ရသော ရန်ကုန်တိုင်းအတွင်းရှိ နိုင်ငံရေးအကျဉ်းသားများအား ဂုဏ်ပြုပွဲကို မတ်လအတွင်း ကျင်းပနိုင်ရန်စီစဉ်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဒေါက်တာစိုးဝင်းဦးက ပြောကြားသည်။

ထိုသို့ ဂုဏ်ပြုရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်စတင်တည်ထောင်ခဲ့သည့် ၁၉၈၈ ခုနှစ်မှ စတင်၍ ယနေ့ထိ ဒီမိုကရေစီ အရေးတော်ပုံတစ်လျှောက် အကျဉ်းစခန်းများနှင့် အကျဉ်းထောင်များအတွင်း သေဆုံးခဲ့သည့် ရန်ကုန်တွင် အခြေချနေထိုင်သူများ ပါဝင်မည်ဖြစ်သည်ဟု ၎င်းကဆိုသည်။

"စိတ်ကူးက ကြာပြီ။ တစ်ချိန်မှာ ဒီလူတွေက အကျဉ်းစခန်းမှာ နှိပ်စက်ခံပြီး သေသွားတဲ့သူတွေပေါ့။ တချို့က စိတ်ရောဂါယ်ပါ ချွတ်ခြုံကျပြီး အပြင်မှာသေသွားတယ်။ အဲဒီလိုလူတွေသည်လည်း ဂုဏ်ပြုထိုက်တယ်။ ဒါပေမဲ့ အဲဒီလောက် မတတ်နိုင်သေးဘူး။ အခုက အကျဉ်းစခန်းပဲ ဖြစ်ဖြစ်၊ စစ်ကြောရေးပဲဖြစ်ဖြစ်။ အဲဒီထဲမှာသေသွားတဲ့ ရန်ကုန်တိုင်းမှာနေတဲ့သူတွေ၊ နယ်ထောင်တွေ၊ တခြားထောင်ထဲရောက်ပြီး သေတဲ့သူတွေကိုပဲ ဂုဏ်ပြုမယ်" ဟု ၎င်းက ပြောသည်။

ယင်းကဲ့သို့ ဂုဏ်ပြုပွဲများကို တိုင်းနှင့် ပြည်နယ်အသီးသီးတွင်လည်း ကျင်းပနိုင်ရန် ဆက်လက်အကောင်အထည်ဖော်သွားမည်ဟု ဒေါက်တာစိုးဝင်းဦးက ပြောသည်။

၁၉၈၈ ခုနှစ်နောက်ပိုင်း တိုင်းနှင့်ပြည်နယ်များတွင်ရှိသော အကျဉ်းထောင် ၄၆ ခုတွင် ကျဆုံးသွားသည့် နိုင်ငံရေးအကျဉ်းသား ၂၄၉ ဦးရှိပြီး ရန်ကုန်တိုင်းလိပ်စာဖြင့် အကျဉ်းထောင်အသီးသီးတွင် ကျဆုံးသူဦးရေ ၄၉ ဦးရှိသည်ဟု AAPP အသင်း၏ မှတ်တမ်းနှင့် သုတေသနဌာနတာဝန်ခံဦးဇော်မိုးက ပြောသည်။

"ရန်ကုန်လိပ်စာနဲ့ ကျဆုံးသွားသူ ၄၉ ယောက်ရှိပါတယ်။ စစ်ကြောရေးမှာ ကျဆုံးတာတွေလည်းပါပါတယ်၊ ဒီလူတွေက ဂုဏ်ပြုထိုက်သူတွေပါ" ဟု ၎င်းက ဆိုသည်။

ရန်ကုန်လိပ်စာဖြင့် ကျဆုံးသွားသည့် နိုင်ငံရေးအကျဉ်းသား ၄၉ ဦးသည် သရက်၊ သာယာဝတီ၊ အင်းစိန်၊ ကလေး၊ ရေကြည်အိုင်၊ ပူတာအို၊ ထားဝယ်၊ ပဲခူးနှင့် တောင်ငူ အကျဉ်းထောင်များတွင် သေဆုံးခဲ့ခြင်းဖြစ်သည်။

■ ခင်မြတ်မြတ်ဝေ

# နောက်သုံးရက်အတွင်း အချိန်အခါမဟုတ် မိုးရွာမည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၅**

လေပွေလှိုင်းများ၏အရှိန်ကြောင့် ကချင်ပြည်နယ်နှင့် ဒေသအချို့တွင် နောက်သုံးရက်အတွင်း အချိန်အခါမဟုတ် မိုးရွာနိုင်ကြောင်း မိုးလေဝသ ပညာရှင် ဒေါက်တာထွန်းလွင်က ပြောကြားသည်။

ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့အတွင်း ရှမ်းပြည်နယ်တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် နေပြည်တော်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ကြောင်း ၎င်းကခန့်မှန်းပြောဆိုသည်။

နေပြည်တော်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တောင်ပိုင်းနှင့် ကယားပြည်နယ်တို့တွင်လည်း ဖေဖော်ဝါရီလ ၁၅ ရက်နေ့က အချိန်အခါမဟုတ် မိုးများရွာသွန်းခဲ့ကြောင်း ယင်းဒေသခံများ၏ အဆိုအရ သိရသည်။

ထို့ပြင် နောက်နှစ်ရက်အတွင်း ရှမ်း ပြည်နယ်တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းချက်ထုတ်ပြန်သည်။

တောင်တရုတ်ပင်လယ်ပြင်မှ ရွေ့လျားလာသည့် လေဖိအားစနစ်ကြောင့် မြန်မာနိုင်ငံတစ်ဝန်း ဒေသအချို့တွင် နောက်နှစ်ရက်အတွင်း မိုးထစ်ချုန်းရွာနိုင်ကြောင်း အဆိုပါဌာန ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက သုံးသပ်ပြောဆိုသည်။

■ E-03

# ပို့ကုန်၊ သွင်းကုန်ပစ္စည်း ၃၅၀ ကျော်ကို အွန်လိုင်းစနစ်ဖြင့် လျှောက်ထားခွင့်ပြုမည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၅**

အွန်လိုင်းအပြည့်အဝ အသုံးပြုသည့် ပို့ကုန်၊ သွင်းကုန်လိုင်စင်စနစ် (Fully Online Licensing System) ဖြင့် ကုန်ပစ္စည်း ၃၅၂ မျိုးကို ဖြေလျှော့လျှောက်ထားခွင့်ပြုမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

ယင်းကုန်ပစ္စည်း ၃၅၂ မျိုးကို Fully Online စနစ်ဖြင့် တိုးချဲ့ထုတ်ပေးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး ဆွေးနွေးအတည်ပြုပြီးပါက တရားဝင်ထုတ်ပြန်ပေးမည်ဖြစ်ကာ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များက ဖြည့်စွက်အကြံပြုချက်များနှင့် ထပ်မံထည့်သွင်းလိုသည့်ကုန်ပစ္စည်းများကိုဝန်ကြီးဌာနသို့အကြံပြုညှိနှိုင်းနိုင်ကြောင်း ယင်းဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောကြားသည်။

"ထောက်ခံချက်မလိုတဲ့ နှမ်းတို့၊ ကတ္တရာတို့ကို Fully online စနစ်နဲ့ဖြေလျှော့ပေးပြီးပြီ။ ဒီ ၃၅၂ မျိုးက ဆွေးနွေးပြီးရင် အတည်ပြုထုတ်ပြန်ပေးမှာပါ။ ကုန်စည်လိုင်းအကုန်လုံးကိုတော့ မလုပ်ပေးဘူးပေါ့" ဟု ၎င်းကပြောဆိုသည်။

ပို့ကုန်၊ သွင်းကုန် အွန်လိုင်းလိုင်စင်စနစ်ဖြင့် သတ်မှတ်ကုန်ပစ္စည်းအမည်အချို့ကို ၂၀၁၆ ခုနှစ် ဇွန်လက စတင်ခွင့်ပြုထုတ်ပေးခဲ့ပြီး အထည်ချုပ် သွင်းကုန်လိုင်စင်များကို မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် ချိတ်ဆက်၍ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့က စတင်စမ်းသပ်ထုတ်ပေးခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

"ဒီလိုဖြေလျှော့ပေးမယ်ဆိုတာ ကောင်းပါတယ်။ တချို့ဆို နေပြည်တော်သွားတင်နေရတာတွေရှိတယ်။ စာရွက်စာတမ်းနဲ့ တင်နေတာတွေက လူတွေလုပ်တာဆိုတော့ နှောင့်နှေးတာရှိမယ်။ လာဘ်ပေးလာဘ်ယူ ပေါင်းကြံနေတာတွေလည်း ရှိမယ်။ ဒါတွေပျောက်သွားအောင် ဖြေလျှော့ပေးတာလည်းဖြစ်မယ်" ဟု ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်လေးက ပြောကြားသည်။ ■ J-11

## NEWS IN BRIEF

### ရေလုပ်သားများကို ဂျပန်က ငါးဖမ်းသင်တန်း ပေးမည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၅**

ပြည်တွင်းရေလုပ်သားများကို ဂျပန်နိုင်ငံက နည်းပညာသစ်ဖြင့် ငါးဖမ်းခြင်းဆိုင်ရာ သင်တန်းများပို့ချမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ထံမှ သိရသည်။

အဆိုပါသင်တန်းကို ဂျပန်နိုင်ငံ ငါးဖမ်းသမဝါယမအသင်းက ပထမဦးဆုံးအကြိမ်အဖြစ် ပြည်တွင်းရေလုပ်သား ၂၀ ကို ဂျပန်နိုင်ငံတွင် သုံးနှစ်ကြာ အခမဲ့လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း ယင်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောဆိုသည်။

အဆိုပါသင်တန်းပြီးဆုံးပါက ဂျပန်နိုင်ငံတွင်လည်း ကျွမ်းကျင်လုပ်သားအဖြစ် ပြန်လည်လုပ်ကိုင်နိုင်မည်ဖြစ်ပြီး ယင်းနည်းပညာကို ဂျပန်နိုင်ငံအပြင် အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့တွင် တွင်ကျယ်စွာဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ထံမှ သိရသည်။ ■ J-11

### တယ်လီနော 4G ကွန်ရက် မြို့ခြောက်ခုတွင် ထပ်မံတိတ်ဆက်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၅**

တယ်လီနော၏ 4G ကွန်ရက်ကို မြို့ကြီး ၁၇ မြို့၌ စတင်ဝန်ဆောင်မှုပေးလျက်ရှိကာ ယခုအခါမြို့ခြောက်ခု၌ ယခုလအတွင်း ထပ်မံမိတ်ဆက်မည်ဖြစ်ကြောင်း တယ်လီနောထံမှ သိရသည်။

ယခုထပ်မံတိုးချဲ့မည့်မြို့များမှာ တောင်တွင်းကြီးမြို့၊ အောင်လံမြို့၊ ပခုက္ကူမြို့၊ မုံရွာမြို့၊ လယ်ဝေးမြို့နှင့် ပျဉ်းမနားမြို့တို့ဖြစ်ကြောင်း တယ်လီနောထံမှ သိရသည်။ ■ J-01

### Shoe Gallery က အလှူငွေလှူဒါန်း

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၅**

Shoe Gallery က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပညာရေးကွန်ရက်နှင့် ရန်ကုန်ဆေးရုံကြီး (အပူပိုင်းနှင့် ကူးစက်ရောဂါပညာဌာန) သို့ အလှူငွေများ လှူဒါန်းခဲ့ကြောင်း Shoe Gallery အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်မေမျိုးသူက ပြောကြားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပညာရေးကွန်ရက်သို့ ကျပ် ၇၅ သိန်းနှင့် ရန်ကုန်ဆေးရုံကြီး(အပူပိုင်းနှင့် ကူးစက်ရောဂါပညာဌာန)သို့ ကျပ် ၇၅ သိန်း လှူဒါန်းခဲ့သည်။ ■ J-12

# အမေရိကန်ဒေါ်လာဈေး ပြန်ကျ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၅**




ဗဟိုဘဏ်၏ သတ်မှတ်ဒေါ်လာလဲနှုန်းတက်ခြင်းကြောင့် မြင့်တက်ခဲ့သော အမေရိကန်ဒေါ်လာဈေးသည် ယခုအခါ ပြည်ပ၌ ဒေါ်လာတန်ဖိုး ကျဆင်းသဖြင့် ပြည်တွင်းဒေါ်လာဈေးနှုန်းများလည်း ပြန်လည်ကျဆင်းကြောင်း ငွေကြေးဈေးကွက်အတွင်းမှ သိရသည်။

တစ်ဒေါ်လာလျှင် ၁၀ ကျပ်ခန့် ပြန်လည်ကျဆင်းခြင်းဖြစ်ပြီး ဆက်လက်ကျဆင်းဖွယ်ရှိကြောင်း ငွေကြေးဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်သည်။

သို့သော် ဗဟိုဘဏ်၏ ဒေါ်လာသတ်မှတ်လဲနှုန်းမှာမူ ကျဆင်းခြင်းမရှိဘဲ ယခင်နှုန်းအတိုင်းဖြစ်ကြောင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ငွေလဲနှုန်းထုတ်ပြန်ချက်များအရ သိရသည်။

ပြင်ပဒေါ်လာဈေးကွက်တွင် ပြီးခဲ့သည့်ရက်ပိုင်းက တစ်ဒေါ်လာလျှင် ၁၃၇၀ ကျပ်ခန့်မှ ယခုအခါ ၁၃၆၀ ကျပ်သို့ ပြန်လည်ကျဆင်းခြင်းဖြစ်ပြီး ဗဟိုဘဏ် သတ်မှတ်ဈေးမှာ တစ်ဒေါ်လာလျှင် ၁၃၆၀ ကျပ်ဖြစ်ကြောင်း ငွေကြေးဈေးကွက်အတွင်းမှ သိရသည်။ ■ S-04

# ရော်ဘာဈေး တစ်ပေါင် ၁၃၀၀ ကျပ်အထိ စံချိန်တင်ဈေးမြင့်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၅**

သုံးနှစ်တာကာလအတွင်း ပြည်တွင်းရော်ဘာပေါက်ဈေးသည် တစ်ပေါင်ကို ၁၃၀၀ ကျပ်အထိ စံချိန်တင်မြင့်တက်ကြောင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများထံမှ သိရသည်။

ကမ္ဘာ့ရော်ဘာဈေး ကောင်းလာသည့်အပြင် တရုတ်က ရော်ဘာများကို ဈေးကောင်းပေးဝယ်လာခြင်းကြောင့် ယခုနှစ်အစပိုင်းတွင် ရော်ဘာဈေးမှာ စံချိန်တင်ဈေးကောင်းလာခြင်းဖြစ်ကြောင်း ရော်ဘာစိုက်ပျိုးသူ ဦးမြင့်မောင်က ပြောကြားသည်။

"ဒီအချိန်မှာ ရော်ဘာကို စနစ်တကျထုတ်လုပ်ထားတဲ့သူတွေက ပိုပြီးဈေးကောင်းရတယ်။ ကြိုပွဲဂိုင့်ဈေးကို ၁၃၀၀ ပေးပြီး လက်ငင်းဈေးကို ၁၃၂၀ အထိ ပေးဝယ်တဲ့သူတွေရှိတယ်" ဟု ၎င်းကဆိုသည်။

ပြည်တွင်းရော်ဘာဈေးမှာ ရော်ဘာစထွက်သည့်ကာလ ၂၀၁၆ ခုနှစ် အောက်တိုဘာလမှစ၍ ဈေးတက်လာခဲ့ပြီး တစ်ပေါင်ကို ကျပ် ၉၀၀ ဖြင့်ဈေးစဖွင့်၍ ဆက်တိုက်ဈေးတက်လာကာ လက်ရှိတွင် ကျပ် ၁၃၀၀ အထိ ဈေးတက်ခဲ့ခြင်းဖြစ်ကြောင်း၊ လွန်ခဲ့သည့်သုံးနှစ်က တစ်ပေါင်ကို ၈၀၀ ကျော် ၉၀၀ နီးပါးသာ ဈေးအမြင့်ဆုံးတက်ခဲ့ကြောင်း ၎င်းက ရှင်းပြသည်။

ရော်ဘာအထွက်တိုးပြီး ပို့ကုန်တိုးစေရန် အထွက်နှုန်းတိုးသည့် မျိုးရိုးမြင့်သည့် ရော်ဘာအမျိုးအစားကို စိုက်ပျိုးရန်လိုအပ်ပြီး လက်ရှိတွင် တစ်ဧက ပေါင် ၇၀၀ ထွက်သည့် ရော်ဘာအမျိုးအစားမှ တစ်ဧကပေါင် ၁၆၀၀ ထွက်သည့် ရော်ဘာမျိုးကို ပြောင်းလဲစိုက်သင့်ကြောင်း ဦးမြင့်မောင်က ပြောကြားသည်။

မြန်မာနိုင်ငံမှထွက်သည့် ရော်ဘာ ၉၀ ရာခိုင်နှုန်းကို တရုတ်သို့အများဆုံးတင်ပို့ပြီး ပြည်တွင်းကားတာယာထုတ်လုပ်မှုအတွက် ၁၀ ရာခိုင်နှုန်းသာ သုံးစွဲကြောင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများထံမှ သိရသည်။

မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရော်ဘာစိုက်ပျိုးထားသည့်ဧကမှာ တစ်သန်းခြောက်သိန်းကျော်ရှိပြီး ထုတ်လုပ်နိုင်သည့်ဧကမှာ ခုနစ်သိန်းနီးပါးရှိကာ နှစ်စဉ်ထုတ်လုပ်သည့်တန်ချိန်မှာ နှစ်သိန်းကျော်ရှိကြောင်း၊ တန်ချိန်နှစ်သိန်းကျော်အနက် တန်ချိန်ရှစ်သောင်းကိုသာ တရုတ်သို့ တရားဝင်တင်ပို့နိုင်ပြီး ကျန်ရှိသည့် တန်ချိန်တစ်သိန်းကျော်မှာ တရုတ်သို့ တရားမဝင်သည့်လမ်းကြောင်းဖြင့် ရောက်နေကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းထံမှ သိရသည်။ ■ J-13

## ဖေဖော်ဝါရီလ ၁၅ ရက်နေ့ စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ

FMI ရှယ်ယာဈေး ဆက်တိုက်ပြန်တက်လာပြီး ကျပ် ၅၀၀ ဈေးထပ်တက်ကာ ကျပ် ၁၅၀၀၀ သို့ ရောက်ရှိသည်။ MTSH ကတော့ ကျပ် ၁၀၀ ဈေးတက်ပြီး ကျပ် ၄၁၀၀ သို့ ရောက်ရှိသည်။ MCB က ကျပ် ၈၉၀၀ ဖြင့် ဈေးငြိမ်လျက်ရှိသည်။ FPB ကလည်း ကျပ် ၃၁၀၀၀ ဖြင့် ဈေးငြိမ်လျက်ရှိသည်။

| Name | Opening Price | 11(AM)Price | 1(PM)Price | Change | Trading Shares | Trading Value (MMK) |
|---|---|---|---|---|---|---|
| FMI | 14500 | 15000 | 15000 | +500 | 5587 | 83,805,000 |
| MTSH | 4000 | 4000 | 4100 | +100 | 11,052 | 44,793,200 |
| MCB | 8900 | 8900 | 8900 | - | 0 | 0 |
| FPB | 31000 | 31000 | 31000 | - | 1050 | 32,550,000 |

**နိုင်ငံခြားငွေလဲလှယ်နှုန်း** — Source: KBZ Bank

| 15.2.2017 | USD | EURO | SGD |
|---|---|---|---|
| ဝယ်ဈေး(ကျပ်) | ၁၃၅၅ | ၁၄၂၅ | ၉၅၃ |
| ရောင်းဈေး(ကျပ်) | ၁၃၆၀ | ၁၄၄၃ | ၉၆၀ |

**Source: ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း**

| 15.2.2017 | ရွှေဈေး | |
|---|---|---|
| ပြည်တွင်းရွှေ(ကျပ်) | ၈၈၈,၀၀၀ (ဖွင့်) | ၈၈၇,၅၀၀ (ပိတ်) |
| ကမ္ဘာ့ရွှေ (ဒေါ်လာ) | ၁၂၂၇ (ဖွင့်) | ၁၂၂၆ (ပိတ်) |

# တရားမဝင် သစ်လုပ်ကိုင်သူများကို ထိရောက်စွာအရေးယူမည်ဟု မန္တလေးတိုင်းဝန်ကြီးချုပ် သတိပေး

**မန္တလေး၊ ဖေဖော်ဝါရီ ၁၅**

တရားမဝင်သစ်ထုတ်လုပ်မှု၊ ရောင်းဝယ်မှုများကို ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း မန္တလေးတိုင်း ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က သတိပေးပြောကြားလိုက်သည်။

မန္တလေးဘုတာကြီးအပေါ်ထပ်ရှိ Hotel Marvel ၌ ဖေဖော်ဝါရီလ ၁၅ ရက်နေ့က သစ်တောထွက်ပစ္စည်းများ ဥပဒေနှင့်အညီ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကောင်းမွန်သော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု တိုးမြှင့်ဆောင်ရွက်ခြင်း အလုပ်ရုံဆွေးနွေးပွဲတွင် ဒေါက်တာဇော်မြင့်မောင်က သတိပေးပြောကြားခဲ့ခြင်းဖြစ်သည်။

သစ်တောဆိုင်ရာဥပဒေများကို သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ သစ်တောဦးစီးဌာနဝန်ထမ်းများသာမက ပြည်သူများပါ လိုက်နာကြရမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောဆိုသည်။

မိုးကုတ်မြို့နယ်အတွင်းရှိ ရွှေဥဒေါင်းကြိုးဝိုင်း၊ နမ့်သဲနီကြိုးဝိုင်းတို့တွင် တရားမဝင်သစ်ထုတ်လုပ်မှုများ ရှိနေသော်လည်း လက်ရှိအချိန်အထိ အရေးယူဆောင်ရွက်ခြင်းမရှိကြောင်း၊ သစ်ခိုးထုတ်သူများအနေနှင့် ရဲတင်းစွာဆောင်ရွက်နေပြီး တမလန်း၊ ကျွန်းနှင့် သစ်မာအမျိုးမျိုးကို နည်းမျိုးစုံဖြင့် သယ်ဆောင်နေမှုများရှိကြောင်း ဒေသခံတစ်ဦးဖြစ်သည့် ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းဝင် ဦးစိုးဌေးက ပြောကြားသည်။

သပိတ်ကျင်းမြို့နယ်၊ ဝက်သေနှင့် ဖက်ရှည်ကျေးရွာတို့အနီးတွင် နေ့စဉ်သစ်ကား ၁၀ စီးခန့် သစ်ခိုးထုတ်မှုများရှိကြောင်း ဝက်သေ ကျေးရွာဒေသခံတစ်ဦးက ပြောဆိုသည်။

သစ်တောဦးစီးဌာနအနေနှင့် တိုင်းဒေသကြီးအတွင်း တရားမဝင်သစ်ထုတ်လုပ်၊ ရောင်းဝယ်သယ်ဆောင်မှုများကို ဖမ်းဆီးလျက်ရှိရာ ၂၀၁၆ ခုနှစ် တစ်နှစ်လုံးနှင့် လက်ရှိအချိန်အထိ တန် ၂၀၀၀ ခန့် ဖမ်းဆီးရမိခဲ့ကြောင်း၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့ ညနေပိုင်းကလည်း သတင်းပေးတိုင်ကြားချက်အရ သာစည်မြို့နယ် လှိုင်းတက်ကျေးရွာတွင် သစ်မျိုးစုံ ၃၂ တန်ခန့် ဖမ်းဆီးရမိခဲ့ကြောင်း မန္တလေးတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးဦးမြင့်သိန်းက ပြောဆိုသည်။ ■ M-01

# ပုဂံဘုရားများပြုပြင်ရန် တရုတ်နိုင်ငံက ဒေါ်လာတစ်သန်း ထောက်ပံ့

**မန္တလေး၊ ဖေဖော်ဝါရီ ၁၅**

ငလျင်ကြောင့်ပျက်စီးခဲ့ရသည့် ပုဂံဘုရားများ ပြုပြင်ထိန်းသိမ်းရန်အတွက် တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာတစ်သန်း ထောက်ပံ့ပေးခဲ့ကြောင်း ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံးထံမှ သိရသည်။

ငလျင်ကြောင့်ပျက်စီးခဲ့ရသည့် ပုဂံဘုရားများ ပြုပြင်ထိန်းသိမ်းရန်အတွက် နိုင်ငံတကာမှပညာရှင်များပါဝင်သည့် ညီလာခံကို ပုဂံယဉ်ကျေးမှုပြတိုက်၌ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ကစ၍ ကျင်းပလျက်ရှိရာ ယင်းညီလာခံတွင် တရုတ်နိုင်ငံက လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးတင့်က ပြောကြားသည်။

အဆိုပါညီလာခံကို မြန်မာနိုင်ငံနှင့် ယူနက်စကိုတို့မှ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း၊ ပုဂံဘုရားများပြုပြင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ပညာရှင်များ၊ ယူနက်စကိုမှ ပညာရှင်များအပါအဝင် မြန်မာနိုင်ငံမှပညာရှင်များ ဖေဖော်ဝါရီလ ၁၆ ရက်နေ့အထိ ပူးပေါင်း ဆွေးနွေးကြမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတာဝန်ရှိသူက ပြောကြားသည်။

၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့က လှုပ်ခတ်ခဲ့သည့်ငလျင်ကြောင့် ပုဂံယဉ်ကျေးမှုဒေသရှိ ဘုရားစေတီ ၃၈၉ ခန့် ထိခိုက်ပျက်စီးခဲ့သည်။ ■ M 05



ဓာတ်ပုံ-နေလင်း

နှစ်ပေါင်း ၁၅၀ ကျော် သက်တမ်းရှိ မိဘဈေးကို တွေ့ရစဉ်

# မိဘဈေးကို နိုင်ငံခြားသားများလေ့လာနိုင်မည့်ဈေးအဖြစ် အဆင့်မြှင့်မည်

**မန္တလေး၊ ဖေဖော်ဝါရီ ၁၅**

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသွားများအနေနှင့် အမှတ်တရပစ္စည်းများဝယ်ယူနိုင်ရန်ရည်ရွယ်၍ မိဘဈေးကို အဆင့်မြှင့်တင်မည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီထံမှသိရသည်။

အောင်မြေသာစံမြို့နယ်ရှိ မိဘဈေးကို ရှေးဟောင်းဈေးအဖြစ်ထိန်းသိမ်းသည့်အနေနှင့် အဆင့်မြှင့်တင်ခြင်းဖြစ်ကြောင်း၊ နိုင်ငံခြားခရီးသွားများ အမှတ်တရပစ္စည်းများ ဝယ်ယူလေ့လာနိုင်မည့် သီးသန့်ဈေးအဖြစ် အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း အဆိုပါကော်မတီဝင် ဦးကျော်ရင်မြင့်က ပြောကြားသည်။

"မင်းတုန်းမင်းလက်ထက်ကတည်းက ရှိခဲ့တဲ့ဈေးပေ့ါ။ အခုထိ ရှေးဟောင်းအုတ်ကြွပ်တွေနဲ့ မိုးထားတဲ့ ဈေးရုံလေး ရှိနေသေးတယ်။ လက်ရှိမှာလည်း ဈေးသည် ၁၅ ဦးလောက်ပဲတွေ့ရတယ်။ မန္တလေးမြို့တော်ရဲ့ သက်တမ်းအရှည်ဆုံး သမိုင်းဝင်ရှေးဟောင်းဈေးဖြစ်လို့ နိုင်ငံခြားသားတွေစိတ်စားနိုင်တဲ့ အမှတ်တရဈေးတန်းတစ်ခုအဖြစ် အဆင့်မြှင့်မယ်။ ခုလို ထိန်းသိမ်းဖို့ မြို့တော်ဝန်ကိုယ်တိုင်ကလည်း စိတ်ဝင်တစားရှိတယ်" ဟု ၎င်းက ပြောဆိုသည်။

ခရစ်နှစ် ၁၈၅၆ ခုနှစ်ခန့်ကတည်းကတည်ရှိခဲ့သည့် အဆိုပါမိဘဈေးသည် လက်ရှိကာလတွင် မှေးမှိန်နေပြီး ဆရာစံဈေးနှင့် နီးကပ်နေသောကြောင့် လူသိနည်းလာကြောင်း၊ လက်ရှိရောင်းဝယ်နေသည့် ဈေးသည် ၁၅ ဦးခန့်တို့ကိုလည်း မူလနေရာ မပျောက်ပျက်စေဘဲ ဆက်လက်ရောင်းချခွင့်ပေးမည်ဖြစ်ကြောင်း ဦးကျော်ရင်မြင့်က ရှင်းပြသည်။

"ဒါဟာ ဝမ်းသာစရာပေ့ါ။ မန္တလေးမှာ နိုင်ငံခြားသားတွေကို ဆွဲဆောင်စေတဲ့ ဈေးရယ်လို့ သီးသန့်မရှိသေးဘူး။ နိုင်ငံခြားသား ခရီးသွားဧည့်သည်တွေလည်း စိတ်ဝင်စားလာနိုင်တယ်" ဟု အသက် ၆၅ နှစ်အရွယ်ရှိ မန္တလေးမြို့ခံ ဦးခင်မောင်က ပြောဆိုသည်။

အောင်မြေသာစံမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် မိဘဈေးကို ရှေးမူမပျက်ထိန်းသိမ်းမည်ဖြစ်ရာ မန္တလေးမြို့တော်၏ ပထမဆုံး သီးသန့်ဈေး ဖြစ်စေရန် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီက စီစဉ်နေခြင်းဖြစ်သည်။ ■ M-02

# ဧရာဝတီလင်းပိုင် ငါးကောင်ထပ်တွေ့

**မန္တလေး၊ ဖေဖော်ဝါရီ ၁၅**

ပြည်နယ်နှင့်တိုင်း ငါးလုပ်ငန်းဦးစီးဌာနနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းကာ ဖေဖော်ဝါရီလ ပထမပတ်ကစ၍ ဧရာဝတီလင်းပိုင် စစ်တမ်းကောက်ခဲ့ရာ ယခင်နှစ်ကထက် ငါးကောင် ထပ်တိုးတွေ့ရှိထားကြောင်း မန္တလေးတိုင်း ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေး စောင့်ရှောက်ရေးအဖွဲ့ တာဝန်ခံ ဦးဟန်ဝင်းက ပြောကြားသည်။

ဧရာဝတီမြစ်ရိုးတစ်လျှောက် လင်းပိုင် ထိန်းသိမ်းရေးဇရိယာအတွင်း ယခင်နှစ်က ၆၅ ကောင်သာရှိခဲ့ပြီး ယခုနှစ် စစ်တမ်းကောက်ယူမှုအရ ၇၀ ကောင် တွေ့ရသည်ဟု ၎င်းကပြောဆိုသည်။

အဆိုပါစစ်တမ်းကောက်ယူခြင်းလုပ်ငန်းကို ဖေဖော်ဝါရီလ ၆ ရက်နေ့မှ ၁၅ ရက်နေ့အထိ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းစစ်တမ်းကောက်ယူမှု သုတေသနလုပ်ငန်းကို မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ်တို့ရှိ ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ သားငှက်ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူများ ပူးပေါင်းလုပ်ဆောင်ခဲ့သည်။

ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိမင်းကွန်းကျေးရွာမှ ဗန်းမော်မြို့အထိ ဧရာဝတီလင်းပိုင် ၇၀ ကောင် တွေ့ရှိထားပြီး မန္တလေးမြို့ နန်းတော်ကျွန်း ကျေးရွာအနီးမှ ကျောက်မြောင်းမြို့ ရေတော်ဘုရားအထိမြစ်ပိုင်းကို ဧရာဝတီလင်းပိုင် ထိန်းသိမ်းစောင့်ရှောက်ရေး နယ်မြေအဖြစ် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလကစ၍ သတ်မှတ်ခဲ့ကြောင်း မန္တလေးတိုင်း ငါးလုပ်ငန်းဦးစီးဌာန မှတ်တမ်းများအရ သိရသည်။

နို့တိုက်သတ္တဝါဖြစ်သည့် ဧရာဝတီလင်းပိုင်များသည် အေဒီ ၈ ရာစု ပျူခေတ်ကတည်းက ဧရာဝတီမြစ်အတွင်းကျက်စားခဲ့ရာ ၁၉ ရာစုတွင် ဧရာဝတီလင်းပိုင် အမည်ဖြင့် ကမ္ဘာ့မှတ်တမ်းဝင်ခဲ့ပြီး အခြားနိုင်ငံများတွင်လည်း ဧရာဝတီလင်းပိုင် အမည်ဖြင့်သာ ခေါ်ဝေါ်သုံးနှုန်းခဲ့သည်။

ဧရာဝတီလင်းပိုင်များကို ဧရာဝတီမြစ်ဖြတ်သန်းစီးဆင်းရာ မန္တလေးမြို့မှ ဗန်းမော်မြို့အကြား၊ မြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်နှင့် တနင်္သာရီကမ်းရိုးတန်းတို့တွင် တွေ့နိုင်သည်။ ■ M-05



ဓာတ်ပုံ-နေလင်း

မန္တလေးမြို့ ၈၂ x ၂၉ လမ်းထောင့်ရှိ မီးသတ်ငုတ်တစ်ခုကို တွေ့ရစဉ်

# မန္တလေးစည်ပင် မီးသတ်ငုတ်နှင့်ရေပိုက်များ ပြုပြင်

**မန္တလေး၊ ဖေဖော်ဝါရီ ၁၅**

နွေရာသီကာလရောက်တော့မည်ဖြစ်၍ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုနှင့် မီးဘေးအန္တရာယ် ကြုံတွေ့ခဲ့ပါက အလွယ်တကူ ရေရရှိစေရန် ပျက်စီးနေသော မီးသတ်ငုတ် (မီးသတ်ရေတိုင်) များနှင့်ပိုက်လိုင်းများကို ပြင်ဆင်လျက်ရှိကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းဌာနခွဲမှူး ဦးခင်မောင်သင်းက ပြောကြားသည်။

"တိုင်း မီးသတ်ဦးစီးဌာနနဲ့ မြို့တော်စည်ပင်က ရေနဲ့သန့်ရှင်းရေးဌာန ပူးပေါင်းပြီး မြို့တွင်းမှာရှိတဲ့မီးသတ်ငုတ်တွေ၊ ရေပိုက်တွေကို စစ်ဆေးနေပါတယ်။ အသုံးပြုလို့ ရ၊ မရ၊ ရေစီးဆင်းမှု ရှိမရှိ ဒါတွေကို အဓိကထား စစ်ဆေးနေတယ်။ လိုအပ်တာတွေကိုတော့ ဌာနက အင်ဂျင်နီယာတွေ ပြုပြင်မှုတွေ လုပ်နေတယ်" ဟု ၎င်းက ပြောဆိုသည်။

မန္တလေးမြို့တွင်းရှိ ဈေးကြီးများ၊ လမ်းမကြီးများ၊ လူနေထူထပ်သည့် မြို့တွင်းရပ်ကွက်ကြီးများ ပတ်ဝန်းကျင်တွင် မီးသတ်ငုတ် ၇၀၀ ရှိပြီး မီးသတ်ယာဉ်များ လွယ်လင့်တကူ ရေဖြည့်တင်းနိုင်ရန် နွေရာသီမရောက်မီ ပြုပြင်မည်ဖြစ်ကြောင်းလည်း ၎င်းကရှင်းပြသည်။

မန္တလေးမြို့တော်၏ လက်ကားဈေးကြီးတစ်ခုဖြစ်သော မင်္ဂလာဈေးကြီး မီးဘေးသင့်ခဲ့ချိန်က ဈေးထောင့်တွင်ရှိသော မီးသတ်ငုတ် ရေမရှိသောကြောင့် အသုံးမပြုနိုင်ခဲ့ကြောင်း၊ မီးသတ်ငုတ်များကို နွေရာသီအတွက်သာမဟုတ်ဘဲ လစဉ်စစ်ဆေးပေးသင့်ကြောင်း ချမ်းအေးသာစံမြို့နယ်မှ အသက် ၃၉ နှစ်အရွယ်ရှိ ကုန်သည် ဦးလှအောင်က ပြောကြားသည်။

မီးသတ်ဦးစီးဌာနအနေနှင့် မြို့တော်စည်ပင်နှင့် ပူးပေါင်းကာ မီးသတ်ငုတ်များကို လစဉ်စစ်ဆေးပေးလျက်ရှိကြောင်း၊ ဒေသခံများအနေနှင့်လည်း မီးမပေါ့ဆရန်လိုကြောင်း မန္တလေးတိုင်း မီးသတ်ဦးစီးဌာနမှ အရာထမ်းတစ်ဦးက ပြောဆိုသည်။

မန္တလေးမြို့ပေါ်၌ ဖေဖော်ဝါရီလ ၇ ရက်နှင့် ၈ ရက်နေ့ (၁၇ နာရီအတွင်း) မီးလောင်မှု သုံးကြိမ်ဖြစ်ခဲ့ရာ အိမ်ခြေ ၂၀ ကျော် မီးလောင်ဆုံးရှုံးခဲ့ရာ မီးသတ်ဦးစီးဌာနအနေနှင့် မီးလောင်မှုဖြစ်ပါက ကျုံးရေကိုသာ အဓိကထား အသုံးပြုနေရသည်။ ■

**M-03**

# ယခုနှစ်နွေရာသီ မန္တလေးမြို့လျှပ်စစ်ဓာတ်အား ၄၅၀ မဂ္ဂါဝပ်ထိ သုံးစွဲမည်ဟု မျှော်မှန်း

**မန္တလေး၊ ဖေဖော်ဝါရီ ၁၅**

မန္တလေးမြို့တော်အနေနှင့် နွေရာသီကာလတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှု မြင့်တက်လေ့ရှိရာ ယခုနှစ်တွင် ၄၅၀ မဂ္ဂါဝပ်အထိ နေ့စဉ် သုံးစွဲနိုင်ကြောင်း မန္တလေးတိုင်း ဆောက်လုပ်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဦးဇာနည်အောင်က ပြောကြားသည်။

"နှစ်စဉ် တိုးနေတာပဲ၊ ၂၀၁၄-၁၅ မှာ ၂၀၀ မဂ္ဂါဝပ်၊ ၂၀၁၅-၂၀၁၆ မှာ ၃၀၀ မဂ္ဂါဝပ်၊ ၂၀၁၆- ၂၀၁၇ မှာဆိုရင် ၃၅၀ မဂ္ဂါဝပ်လောက် တိုးခဲ့တယ်၊ ဒီနှစ်တော့ ၄၅၀ လောက်ထိရှိမယ်လို့ မျှော်မှန်းထားတယ်" ဟု ၎င်းကပြောဆိုသည်။

မန္တလေးမြို့အတွက် လျှပ်စစ်စွမ်းအင်ကို ဆည်တော်ကြီးနှင့် လောပိတ ရေအားလျှပ်စစ်လုပ်ငန်းတို့မှ အဓိကသုံးစွဲနေခြင်းဖြစ်ရာ ပြီးခဲ့သည့် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် လျှပ်စစ်ဝန်ကြီးဌာန ဒုတိယဝန်ကြီးကလည်း ရေအားလျှပ်စစ်စက်ရုံများမှနေ၍ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်ရန် ညွှန်ကြားထားသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံသည် လျှပ်စစ်ဓာတ်အား ၂၇၀၀ မှ ၂၈၀၀ မဂ္ဂါဝပ်အကြား နေ့စဉ်အသုံးပြုလျက်ရှိကြောင်း မန္တလေးမြို့တော် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး ကော်ပိုရေးရှင်းထံမှ သိရသည်။

မန္တလေးတိုင်းအတွင်းရှိ မြင်းခြံ၊ ဝမ်းတွင်းနှင့် နဘူးအိုင်မြို့နယ်တို့တွင်လည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး လုပ်ငန်းများ လုပ်ဆောင်လျက်ရှိရာ ယင်းထုတ်လုပ်ရေးများမှလည်း ၂၅၀ မဂ္ဂါဝပ်ခန့် နေ့စဉ်ရရှိမည်ဖြစ်ကြောင်း မန္တလေးမြို့တော် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး ကော်ပိုရေးရှင်းမှ အင်ဂျင်နီယာတစ်ဦးက ပြောဆိုသည်။ ■

**M-04**

# လူကုန်ကူး တရားခံ ၁၈ ဦး ဖမ်းမမိသေး

**မန္တလေး၊ ဖေဖော်ဝါရီ ၁၅**

မန္တလေးမြို့တော်ကို ဗဟိုပြု၍ လူကုန်ကူးခဲ့သူများအနက် ၁၈ ဦး လွတ်မြောက်နေဆဲဖြစ်ကြောင်း အမှတ် (၁၁) လူကုန်ကူးမှု တားဆီး နှိမ်နင်းရေးတပ်ဖွဲ့စု (မန္တလေး) ထံမှ သိရသည်။

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်အတွင်းက မန္တလေးမြို့တော်ကို ဗဟိုပြု၍ လူကုန်ကူးမှု ၁၃ မှု ဖြစ်ပွားခဲ့ပြီး ကျူးလွန်သူ ၃၈ ဦးအနက် ၂၀ ဦးကိုသာ ဖမ်းဆီးအရေးယူနိုင်သေးပြီး လွတ်မြောက်နေသူများကို ဖမ်းဆီးရမိရေးအတွက် ပြည်နယ်နှင့် တိုင်းများရှိ ရဲတပ်ဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်နေသည်ဟု အဆိုပါတပ်စုဖွဲ့မှူး ရဲမှူးဖေသိန်းကျော်က ပြောကြားသည်။

အဆိုပါလူကုန်ကူးမှု ၁၃ ခုတွင် ကျူးလွန်သူအမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၂၈ ဦးတို့ပါဝင်ပြီး လူကုန်ကူးခံရသည့် အမျိုးသား ငါးဦးနှင့် အမျိုးသမီး ၂၈ ဦးတို့ဖြစ်ကြောင်း၊ ပြစ်မှုကျူးလွန်သူ အမျိုးသားငါးဦးနှင့် အမျိုးသမီး ၁၃ ဦးတို့ လက်ရှိအချိန်ထိ လွတ်မြောက်နေသည်ဟု ၎င်းက ပြောဆိုသည်။

"အမျိုးသမီးတွေ လူကုန်ကူးခံရရင် တရုတ်ပြည်မှာ အတင်းအဓမ္မလက်ထပ်ခံရတယ်။ ပြည်တွင်းကတော့ အဓမ္မစေခိုင်းခံရမှုပဲ များတယ်။ အဲဒီ အမှု ၁၃ ခုထဲမှာ ရဲတပ်ဖွဲ့ကဖော်ထုတ်အရေးယူတာ ခုနစ်မှု၊ နစ်နာသူက တိုင်ကြားမှု ခြောက်ခုရှိတယ်" ဟု ရဲမှူးဖေသိန်းကျော်က ရှင်းပြသည်။

၂၀၁၅ ခုနှစ်ကလည်း လူကုန်ကူးမှု ၁၄ ကြိမ်ဖြစ်ပွားခဲ့ပြီး ယင်းတို့အနက် ပြည်ပသို့လူကုန်ကူးမှု ရှစ်မှုနှင့် ပြည်တွင်း လူကုန်ကူးမှုခြောက်မှု ဖြစ်ပွားခဲ့ကြောင်း အဆိုပါရုံးမှတ်တမ်းအရ သိရသည်။

"မန္တလေးမှာရှိတဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့အနေနဲ့ အင်အားနည်းတယ်။ ရဲမှူးကြီးအဆင့်ရှိတဲ့ အရာရှိတွေ ခန့်ထားသင့်တယ်။ ဖမ်းမိတာကတစ်ဝက် မမိတာက တစ်ဝက်ဆိုတော့ အားရစရာတော့ မရှိဘူး" ဟု ချမ်းအေးသာစံမြို့နယ်မှ ကျောင်းသားမိဘတစ်ဦးက မှတ်ချက်ပေးပြောဆိုသည်။

အဆိုပါတပ်ဖွဲ့စုအနေနှင့် မန္တလေးခရိုင်ရှိ မြို့နယ်ခြောက်ခုအတွင်း လူကုန်ကူးမှုကျဆင်းရေးအတွက် လစဉ်နှစ်ကြိမ်ထက်မနည်း ပညာပေး ဟောပြောနေကြောင်း၊ လက်ရှိနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်အထိ လူကုန်ကူးမှုနှင့် လူပျောက်တိုင်တန်းမှု မရှိသေးကြောင်း ရဲမှူးဖေသိန်းကျော်က ထပ်လောင်းပြောကြားသည်။ ■

**M-02**

# ရန်ကင်းတောင်အနီးတွင် အိမ်ရာစီမံကိန်း ဖော်ဆောင်ရန် စီစဉ်

**မန္တလေး၊ ဖေဖော်ဝါရီ ၁၅**

ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ရန်ကင်းတောင်ခြေအနီးတစ်ဝိုက်တွင် မြို့ပြအိမ်ရာစီမံကိန်းတစ်ခု ဖော်ဆောင်နိုင်ရန် မန္တလေးတိုင်း မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနက စီစဉ်နေသည်။

အဆိုပါစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း စတင်တည်ဆောက်နိုင်ရန် စီစဉ်နေကြောင်း မန္တလေးတိုင်း မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက ပြောကြားသည်။

ယင်းမြို့ပြအိမ်ရာစီမံကိန်းတွင် တန်ဖိုးနည်း၊ တန်ဖိုးမျှတ၊ အဆင့်မြင့်အိမ်ရာ၊ ဝန်ထမ်းအိမ်ရာ၊ ပြည်သူအငှားအိမ်ရာ စသည်တို့ပါဝင်မည်ဖြစ်ပြီး အခန်းပေါင်း ၈၀၀၀ ကျော်ဖြင့် တည်ဆောက်နိုင်ရန် လုပ်ငန်းစီမံချက်များ ရေးဆွဲနေကြောင်း၊ ဝန်ထမ်းများနှင့် ပြည်သူများကို အိမ်ရာများ ချထားပေးမည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

"မြေနေရာရဖို့ မြေစာရင်းနဲ့ညှိနှိုင်းဆောင်ရွက်နေတယ်။ လက်ရှိမှာတော့ ရန်ကင်းတောင်ခြေ ဘယ်နေရာမှာလုပ်မယ်ဆိုတာ မပြောနိုင်သေးဘူး" ဟု ဦးအောင်ကျော်ဦးက ရှင်းပြသည်။

အဆိုပါ မြို့ပြအိမ်ရာစီမံကိန်းအတွက် မြေဧက ၁၄၀ ကျော် လိုအပ်မည်ဖြစ်ရာ ယင်းမြေရရှိနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်နေကြောင်း၊ ယင်းစီမံကိန်းတွင် ရေ၊ မီး၊ ရေဆိုးစွန့်ထုတ်မှုစနစ်၊ အမှိုက်စွန့်ပစ်မှုစနစ်၊ ဈေး၊ စာသင်ကျောင်း၊ ဆေးခန်း၊ ကလေးကစားကွင်း၊ ကားပါကင်၊ မီးသတ်စခန်း၊ လူထုအပန်းဖြေနေရာများ၊ Open Space နေရာများ ထည့်သွင်းတည်ဆောက်သွားမည် ဖြစ်ကြောင်း မန္တလေးတိုင်း မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနထံမှ သိရသည်။

"မြို့ပြစီမံကိန်းဆိုတာ ဝန်ထမ်းတွေနဲ့၊ အိမ်ရာမရှိတဲ့သူတွေအတွက် ဖော်ဆောင်တာပေါ့။ အိမ်၊ ခြံ၊ မြေလောကကိုတော့ မထိခိုက်နိုင်ဘူး။ သူတို့ရဲ့ဈေးနှုန်းတွေကလည်း သိန်း ၁၀၀၊ ၂၀၀၊ ၃၀၀ ရှိတာကို။ စီမံကိန်းလုပ်မယ့်နေရာနဲ့ ဆက်စပ်တဲ့ နေရာတွေကတော့ မြေဈေးတက်လာနိုင်ပါတယ်" ဟု ရွှေမန္တလေး အိမ်၊ ခြံ၊ မြေ ရောင်း၊ ဝယ်၊ ငှား အကျိုးဆောင်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးနေလင်းအောင်က ပြောကြားသည်။

မြို့ပြစီမံကိန်းတည်ဆောက်မည့် ရန်ကင်းတောင်ခြေတစ်ဝိုက်သည် လယ်မြေများဖြစ်ကြောင်း၊ ယင်းလယ်မြေများကို အခြားနည်းဖြင့် အသုံးပြုမည်ဆိုပါက လယ်ယာမြေဈေးများ မြင့်တက်လာနိုင်ကြောင်း မန္တလေးမြို့ခံ အိမ်၊ခြံ၊မြေအကျိုးတော်ဆောင်အချို့က မှတ်ချက်ပြုသည်။

ယင်းမြို့ပြစီမံကိန်းကို လက်ရှိအစိုးရသက်တမ်းအတွင်း အကောင်အထည်ဖော်ဆောင်ရန် စီစဉ်ထားပြီး မန္တလေးတိုင်းမြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေနှင့် ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ အခန်းပေါင်း ၂၂၀၀ ကျော်ကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း ယင်းဦးစီးဌာနရှိ စာရင်းများအရသိရသည်။ ■

**M-05**

# BOOK GUIDE

## ဘဝပုံရိပ်များ

### ဂျာနယ်ကျော် မမလေး




'သူလိုလူ' ဆိုသည့် စာအုပ်ကို ဖတ်ပြီးလျှင် ဆက်ဖတ်ရမည့်စာအုပ်မှာ ဤစာအုပ်သာဖြစ်သည်။ သူလိုလူ စာအုပ်ကို ရေးသားခဲ့သူမှာလည်း ဂျာနယ်ကျော်မမလေးဖြစ်သည်။

သူလိုလူစာအုပ်ကြောင့် ဂျာနယ်ကျော်ဦးချစ်မောင်ကို အများကသိရှိခဲ့ကြရသည်။ ယနေ့တိုင် အလွန်လေးစားဖွယ်ကောင်းသည့် ပုဂ္ဂိုလ်တစ်ဦးအကြောင်းကို ဒေါ်မမလေးကြောင့် မှတ်တမ်းအဖြစ်ကျန်ခဲ့သည်။ ထိုနည်းတူစွာပင် အလွန်တော်သော ပုဂ္ဂိုလ်တစ်ဦး၏ အလွန်တော်သော ဇနီးတစ်ဦးသည် ခင်ပွန်းသည် ကွယ်လွန်ပြီးချိန်တွင် ဘဝကိုမည်သို့ရင်ဆိုင်ကျော်ဖြတ်ခဲ့ရကြောင်း သုတရသပေါင်းစုံဖြင့် လွှမ်းခြုံပြီး ရေးသားထားခဲ့သည့် စာအုပ်ဖြစ်သည်။ တစ်နည်းဆိုရလျှင် 'သူလိုမိန်းမ' တစ်ဦးအကြောင်းကို ကိုယ်တိုင်ပုံဖော်ထားသည့် ဘဝဇာတ်လမ်းတစ်ခုဟုဆိုရမည်။

ဆရာဒဂုန်တာရာက -

"ဦးချစ်မောင် ကွယ်လွန်သောအခါမှ မမလေး၏ အရောင်သည် ပေါ်ထွက်လာသည်။ စာများလည်း ရေးလာသည်။ ခင်ပွန်းသည်ရှိစဉ်ကမူ အိမ်၏ ဝေယျာဝစ္စတို့၌သာ အချိန်ကုန်ခဲ့ရဟန်တူ၏။ ချစ်လင်အယ်ဒီတာ၏ စာမူများကိုဖတ်ကာ ထင်မြင်ချက်ပေးနေရ၏။ ရေချိုးရန် တိုက်တွန်းနေရ၏။ ချစ်လင်ထမင်းစားကောင်း မကောင်း ပူပန်နေရ၏။ သူလိုလူ၏ဘေး၌ ရေပူရေချမ်းကမ်းလှမ်းကာနေခဲ့ရ၏" ဟု 'ဖျတ်ခနဲ တွေ့ရသော ရုပ်ပုံလွှာကားချပ်များ' စာအုပ်ထဲတွင် ဝေဖန်သုံးသပ်ခဲ့သည်။ ဆရာဒဂုန်တာရာ၏ နောက်ဆုံးမှတ်ချက်လေးမှာ အပီပြင်ဆုံးဖြစ်သည်။

"မမလေးသည် ဖဆပလ ဆိုရှယ်လစ်များအား ဝေဖန်သော သတင်းစာထုတ်သဖြင့် တိုက်ပွဲများစွာနှင့် ရင်ဆိုင်ရလေ၏။ မိန်းမသားအနေနှင့် ယင်းတိုက်ပွဲများမှာ ကြီးမားပြင်းထန်လှချေ၏"

အမျိုးသမီးတစ်ဦးအနေနှင့် ဘဝတိုက်ပွဲ၊ သတင်းစာတိုက်ပွဲတစ်ခုကို တစ်ဦးတည်းရင်ဆိုင်ဖြတ်သန်းခဲ့ရသည်မှာ လွယ်ကူလှသည်တော့ မဟုတ်ပါ။ ခေတ်တစ်ခေတ်တွင် အမျိုးသမီးတစ်ဦး၏ ရုန်းကန်ဖြတ်ကျော်ခဲ့ရသည်မှာ နိုင်ငံရေး၊ သတင်းစာအရေးမျှသာမဟုတ်။ ဒေါ်မမလေးရေးသားထားသည့် စာပေါင်းစုထဲတွင် ဘဝအကြောင်း၊ လူတွေအကြောင်း၊ လူမှုရေးအကြောင်း၊ သူတွေ့ကြုံလိုက်ရသည့် လူတွေအကြောင်းကိုလည်း ပီပြင်စွာ ဖော်ထုတ်ရေးပြနိုင်စွမ်းရှိပါပေသည်။ တစ်နည်းပြောရလျှင် ခေတ်တစ်ခေတ်နှင့် ခေတ်တစ်ခေတ်ကလူတွေအကြောင်းကို စာရေးကောင်းသည် စာရေးဆရာမကြီးတစ်ဦးက မှတ်တမ်းနောက်တစ်အုပ် ချန်သွားခဲ့ခြင်းဟု ဆိုရမည်။

ဤစာအုပ်ကို ထုတ်ဝေကြိမ်မှာ 'တတိယအကြိမ်' ပင်ရှိနေပြီ။ စာအုပ်ကောင်းများသည် ဈေးကွက်တွင် ပျောက်ကုန်တတ်ကြသည်။ ထုတ်ဝေပေးရဲသူတို့၏ ကျေးဇူးကြောင့် မကြာခဏ ပြန်တွေ့ခွင့်ရသည်။ မှတ်တမ်းကို ရသမြောက်စွာ ရေးဖွဲ့နိုင်သည့်စာပေမျိုးများမှာ စာပေလောကတွင် ရှားပါလှသည်။

ဂျာနယ်ကျော်မမလေးသည် မအားလပ်သည့်ကြားမှ စာမျိုးစုံကို ရေးသားဖန်တီးသည်။ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆေးပညာဆောင်းပါးများ၊ ဝေဖန်ရေး၊ ခရီးသွားမှတ်တမ်းတွေရေးသည်။ သက်ရှိထင်ရှားရှိစဉ်က သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် စာတွေကို မျိုးစုံတွေ့ရသည်။ ကွယ်လွန်ပြီးချိန်တွင် သားဖြစ်သူ ဦးမိုးဟိန်း၏ ခွင့်ပြုချက်ဖြင့် ရာပြည့်စာအုပ်တိုက်က စုစည်းပြီး မျိုးတူရာပြန်ထုတ်သည်။ ယခု တတိယတစ်ကြိမ်တွင် စိတ်ကူးချိုချိုစာအုပ်တိုက်က မြန်မာ့စာပေလောကအတွက် ထပ်မံဖြည့်ဆည်းပေးလိုက်ခြင်းဖြစ်သည်။

ယခုစာအုပ်ထဲတွင် ဆောင်းပါးပေါင်း ၃၃ ပုဒ်ကို ထည့်သွင်းထားသည်။ မကြာမီ ဝတ္ထုတိုများကို ပြန်ပေါင်းထုတ်ဦးမည်ဟုလည်း သိရသောကြောင့် ဝမ်းမြောက်မိသည်။

ခေတ်စမ်းစာပေတစ်ခေတ်ကို ကြုံဖူးသူများရှိမည်။ သိပ္ပံမောင်ဝ စာပေများတွင် မောင်လူအေးဘဝကို ကြည်နူးလွမ်းမောခဲ့ကြသည်။ ယခုလည်း 'ဘဝပုံရိပ်များ' ထဲ၌ မထင်မှတ်သည့် လူ့ဘဝသရုပ်ဖော်ချက်လေးများကို သွားတွေ့ရသည်။ 'မိညို' ဆိုသည့် ဆရာမကြီး၏ အိမ်ကို မမျှော်လင့်ဘဲရောက်လာရသူ ကလေးမလေးတစ်ဦး အကြောင်းဖတ်မိပြီး ထိုစဉ်ကတည်းက ဘဝတွေကြမ်းခဲ့ကြရသည့် မိသားစုများအရေးကို ခံစားမိနိုင်ခဲ့သည်။

'ပုံနှိပ်တိုက်လောကနှင့် ၆၀၀၀ ကျပ် ကြွေး' တွင် သတင်းစာထုတ်ဝေရေးကို အမျိုးသမီးတစ်ဦးအနေနှင့် မည်မျှ ဆင်းရဲဒုက္ခခံပြီး ဝါသနာအရ ခင်ပွန်းသည်အမွေကိုဆက်ခံကာ လှုပ်ရှားရုန်းကန်နေရကြောင်းကို ဖော်ကျူးထားသည်။ မီးပျက်သဖြင့် နောက်တစ်နေ့သတင်းစာ မထွက်ရမည်ကို စိုးရိမ်ကာ အမျိုးသမီး ဖြစ်သော်လည်း သည်းထိတ်ရင်ဖို လုပ်ဆောင်ခဲ့ရပုံများကိုဖတ်ပြီး စိတ်လှုပ်ရှားခဲ့ရသည်။

'လမ်းနှစ်ခွ' ဆောင်းပါးတွင် ပြည်သူတွေ အသိနည်းသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၏ ပဲခူးသို့သွားပြီး နတ်ပူဇော်ပသပွဲ လုပ်ပုံများအကြောင်းကို စိတ်ဝင်စားဖွယ်ရေးသားပြထားသည်။

"နတ်မင်း မောင်ဘခင်၊ ဦးနု အမှူးပြု၍ အသင့်အားဖိတ်လိုက်ပါ၏။ ကန်တော့ပွဲဖြင့် ပူဇော်ပသပါ၏။ ပဲခူးသူပဲခူးသားတို့နှင့်တကွ မြန်မာပြည်တစ်ပြည်လုံးရှိ လူအပေါင်းတို့ ဘေးမခ ရန်မသီဘဲ အေးချမ်းသာယာ၊ ချမ်းသာ ကြစေရန် ကြည့်တော်မူပါ့လော့၊ စောင့်ရှောက်တော်မူပါလော့" ဆိုသည့် ပင့်ဖိတ်သံကြီးကို စာဖတ်နေသူ ကြားရစေသည်အထိ ဖော်ထုတ်ရေးသားနိုင်စွမ်းရှိပါပေသည်။

ဤစာအုပ်၏ ထူးခြားချက်မှာ မှတ်တမ်းဓာတ်ပုံများ ဖြစ်သည်။ နှုတ်တစ်ရာ၊ စာတစ်လုံးဆိုသည့် စကားရှိပါသည်။ ဓာတ်ပုံတစ်ပုံကမူ အကြောင်းအရာအားလုံးကို ပိုပြီး ရုပ်ကြွသွားစေရန် ပြုလုပ်နိုင်စွမ်းရှိသည်။ ဒေါ်မမလေး၏ ဘဝအမျိုးမျိုးကို ဖြတ်သန်းခဲ့ရသည့် ပုံရိပ်များကိုတွေ့ရသည်။ ဦးချစ်မောင်နှင့် ဒေါ်မမလေးတို့၏ မျိုးဆက်သားသမီးများကို တွေ့ရသည်။

သို့သော် ဆရာမကြီး ဒေါ်မမလေးရေးသည့်စာတွေကို ဓာတ်ပုံတွေက ဖုံးလွှမ်းနိုင်ခြင်းမရှိ။ ဆောင်းပါး အပုဒ်တိုင်းသည် သူ့ရသနှင့်သူ ဖတ်သူကို တစ်ပုဒ်ပြီးတိုင်း နောက်တစ်ပုဒ်ဆီသို့ ဆွဲခေါ်သွားသည်။ အကြောင်းအရာတွေကို သားဖြစ်သူ ဦးမိုးဟိန်းက ပြန်ပြီးစုစည်းပေးထားသည်ဆိုစေ ဇာတ်ညွှန်းကောင်းသော ရုပ်ရှင်ဇာတ်ကားတစ်ကားကို ကြည့်နေရသလိုဖြစ်သည်။

ရုပ်ရှင်ကားကောင်းတစ်ခုဆိုသည်မှာ ဇာတ်ညွှန်း၊ ဒါရိုက်တာ၊ ကင်မရာ၊ မီးထိုးကအစ သူ့နေရာနှင့်သူ အားလုံး ကောင်းမှ တစ်ကားလုံးကောင်းသည်။ 'ဘဝပုံရိပ်များ' သည် ကိုယ်တိုင်စီစဉ်၊ ကိုယ်တိုင်ရေး၊ ကိုယ်တိုင်ရိုက်ခဲ့ရသော စာအုပ်တစ်အုပ်ဖြစ်ပါသည်။ ထို့ကြောင့် စာဖတ်သူများအနေနှင့် ကိုယ်တိုင်ဖတ်ပြီးမှသာ အရသာကို ခံစားနိုင်ပါမည်။ ကြားပွဲစားက ရုပ်ရှင်သို့မဟုတ် စာအုပ်ကောင်းကြောင်းလောက်သာ ပြောနိုင်မည်။ ရသအပြည့်ကို ခံစားလိုလျှင် ကိုယ်တိုင်ဖတ်ကြည့်ရပေလိမ့်မည်။

ဤဘဝပုံရိပ်များသည် ခေတ်တစ်ခေတ်တွင် အစားထိုးရန်ခက်ခဲသော ပုံရိပ်များ၊ နောင်တွင်လည်း ပေါ်ထွက်ရန် မဖြစ်နိုင်သော ပုံရိပ်များ။

■ စာကြမ်းပိုး

## ကုသိုလ်လမ်းညွှန်

ဒီနေ့တော့ The Voice စာဖတ်ပရိသတ်တွေအတွက် ကုသိုလ်ပြုဖို့ လမ်းညွှန်ပေးနေကျအတိုင်း ညွှန်ပေးချင်တာကတော့ တတ်အားသရွေ့ကျန်းမာရေးအလှူဒါနပြုနိုင်ဖို့ပါ။ အသက် ၆ နှစ်အရွယ်ရှိတဲ့ ကလေးငယ် အိဖြိုးသူက အသည်းခြောက်ရာကနေ ရေဖျဉ်းစွဲတဲ့ရောဂါဝေဒနာကို ခံစားနေရတာဖြစ်ပါတယ်။ မိဘတွေကလည်း ကျောက်ပန်းတောင်းမြို့နယ်၊ စန်းတွင်းကြီးရွာမှာနေထိုင်တာဖြစ်ပြီး ကြုံရာကျပန်းလုပ်ကိုင်စားသောက်နေရတာမို့ ကလေးငယ်ကို ဆေးဆက်လက်ကုသဖို့ငွေကြေးအခက်အခဲ ကြုံတွေ့နေရတာဖြစ်ပါတယ်။ ကလေးငယ်အတွက် တတ်အားသရွေ့ကုသိုလ်အလှူဒါနပြုချင်ရင် မန္တလေးကလေးဆေးရုံဟောင်းမှာ သွားရောက်လှူဒါန်းနိုင်မှာဖြစ်ပြီး တစ်ဆင့်ဆက်သွယ်လှူဒါန်းချင်ရင်တော့ ကိုဝမ်း ဖုန်း ၀၉-၄၅၆၅၆၇၈၇၈ နဲ့ မောင်လူပျော် ဖုန်း ၀၉-၄၀ ၂၅၇၇၁၄၃ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပါတယ်။ ■



## ဈေးဝယ်လမ်းညွှန်

### ၂ နှစ်နဲ့အထက် ကလေးငယ်တွေဆော့ကစားနိုင်မယ့်

### Baby Creeping Tunnel

ကိုယ့်ရဲ့ချစ်စရာကောင်းတဲ့ ကလေးငယ်တွေအတွက် နေအိမ်အတွင်းမှာပဲဖြစ်ဖြစ်၊ ခြံဝင်းထဲမှာပဲဖြစ်ဖြစ် ဆော့ကစားနိုင်ဖို့ ကစားကွင်းလေးပြုလုပ်ချင်တယ်သူတွေအတွက် အခုညွှန်ပေးချင်တာတော့ Baby Creeping Tunnel ဖြစ်ပါတယ်။ ဒီပစ္စည်းလေးက ၂ နှစ်နဲ့အထက် ကလေးငယ်တွေ ဆော့ကစားနိုင်မှာဖြစ်ပြီး အလျား ၇ ပေ၊ အနံ ၃ ဒသမ ၂၈ပေ နဲ့ အမြင့် ၃ ဒသမ ၃၈ တို့ ပါဝင်မှာဖြစ်ပါတယ်။ ကော်အမာသားတွေနဲ့ပြုလုပ်ထားတာဖြစ်ပြီး အလွယ်တကူဆင်နိုင်အောင် အသေးစိတ်စာရွက်တွေလည်း ထည့်သွင်းပေးထားတာဖြစ်ပါတယ်။ ဈေးနှုန်းက ၁၈၅,၀၀၀ ကျပ်ဖြစ်ပြီး ရန်ကုန်မြို့တွင်း မှာယူချင်တဲ့သူတွေအတွက် အိမ်တိုင်ရာရောက် ပို့ဆောင်ပေးမှာဖြစ်ပါတယ်။ ဝယ်ယူချင်တယ်ဆိုရင်တော့ ၀၉-၂၅၄၈၇၁၇၆၅ ကို အသေးစိတ်စုံစမ်းမေးမြန်းနိုင်ပါတယ်။ ■



ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂




(၁)

အချို့သောဇာတ်၊ နိပါတ်၊ ပုံပြင်၊ ဇာတ်လမ်း၊ ရာဇဝင်သမိုင်း၊ သီချင်းစာသား စသည်တို့၌ စာရေးသူအနေနှင့် ရှေးကဖြစ်ခဲ့ဖူးသောမှတ်တမ်းရာဇဝင်တို့နှင့် ချိတ်ဆက်ဖော်ပြ ရေးသားလေ့ရှိကြသည်။ ထိုသို့ရေးသားဖော်ပြရာတွင် အများသိပြီးဖြစ်သည်ဟု မျှော်လင့်၍တစ်ကြောင်း၊ အကျယ်တဝင့် ရှည်လျားစွာဖော်ပြရန် မသင့်သည်ကတစ်ကြောင်း၊ အကြောင်းကြောင်းတို့ကြောင့် အတိုချုံ့၍ အကျဉ်းမျှသာဖော်ပြတတ်လေရာ မြုပ်ကွက်အချို့ပါရှိနေတတ်သည်။ ထိုအခါ စာဖတ်သူအနေနှင့် ယင်းမြုပ်ကွက်ကို ရှင်းလင်းစွာ နားလည်သဘောပေါက်မှသာ စာရေးသူ၏ဆိုလိုရင်း အနှစ်သာရ၊ ပေးလိုသောသတင်းစကားကိုခြုံငုံမိနိုင်မည်ဖြစ်၏။ သို့မှသာ စာရေးသူကို ရင်ပေါင်တန်းနိုင်သောစာဖတ်သူ ဖြစ်လာနိုင်ပေလိမ့်မည်။

ယင်းအချက်နှင့်စပ်လျဉ်း၍ ကျွန်တော်ကိုယ်တိုင် ပက်ပင်းကြုံခဲ့ရသော ရာဇဝင်တစ်စောင်ထဲကမြုပ်ကွက်တစ်ခုကို တင်ပြလိုပါသည်။ အောက်ပါစာပိုဒ်ကိုရှုပါ။

“အကျွန်ုပ်တို့သတိုးသည် ယခုပြုမည့်သစ္စာမှန်၏လောဟု မေးရာတွင် ကျွန်ုပ်စိတ်တွင် အောက်မေ့မိထည့်သည်။ အင်းဝစစ်သည်တို့ မျိုးရိက္ခာကုန်၍ငတ်မွတ်လျှင် ခွာ၍ပြေးမည်။ သို့လျှင် နိုင်မည်ကို အနိုင်မခံ၊ သစ္စာပြုပြီးမှနိုင်အောင် ပြုမည်ကြံသောအကြံသည် ရှေးကအသားမင်းသားသည် သိကြားသမုတ်သည့် ဟံသာဝတီသည်ရန်စစ်ရောက်လျှင် အောင်နိုင်တော့သည်ကို ယင်းသို့ကားမအောက်မေ့။ မင်းစဉ်းလဲအားဖြင့် နိုင်အောင်ပြုသောကြောင့် သိကြားသမုတ်သည့် ဟံသာဝတီဟူသောအမည်ပျောက်ခဲ့၍ ဥပါယ်နှင့်ရသောကြောင့် ဥပါယ်ခိုးဟုတွင်ပြန်သည်ကို ရှည်သောအားဖြင့် ပဲခူးဟုတွင်သည်။ ယခုတို့သခင်သည် သူရိက္ခာကုန်၍ပြန်တော့မည်ကို သစ္စာခံမှဖောက်ပြန်၍ အနိုင်ယူတော်မူသော် ပဲခူးဟူသည့်အမည်ကို နောက်ပဇာအမည်ခေါ်ပြန်တုံ့အံ့ဟု အောက်မေ့၍ စစ်ထိုးရာတွင်ကို သစ္စာမှန်ဖူးသလောဟု သတိုးကို ဆိုပေသည်မှန်၏”(မူရင်းသတ်ပုံအတိုင်း)

(၂)

အထက်ပါစာပိုဒ်သည် မွန်ပညာရှိအမတ်ကြီး ရေးသားစီရင်အပ်သော ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းမှဖြစ်ပြီး မွန်-မြန်မာ အနှစ်လေးဆယ်စစ်ပွဲကို အသေးစိတ်ရေးဖွဲ့ထားသည်။ လဂွန်းအိမ်သည် သုရှင်ရာဇာဓိရာဇ်၏ အမတ်သူရဲကောင်းဖြစ်၏။ လဂွန်းအိမ်ကား နှယ်နှယ်ရရ သူရဲကောင်းမဟုတ်။ ခြေလျင်တပ်၊ မြင်းတပ်၊ ဆင်တပ်နှင့် လှေတပ်တိုက်ပွဲတို့တွင် အောင်ပွဲအလီလီရခဲ့သူဖြစ်၏။ သုရှင်၏တိုက်စစ်အား ခံတပ်အတွင်းမှ ကြံ့ကြံ့ခံနေခဲ့သော သံမောင်မြို့စား မဂြိုင်း၏ဦးခေါင်းကို ခံတပ်အတွင်း တစ်ကိုယ်တော်ဝင်ရောက်၍ ဖြတ်ယူလာနိုင်သည်အထိ လက်ရုံးရည်စွမ်းပကားကြီးသူဖြစ်၏။

သူ၏တိုက်ပွဲမှတ်တမ်းများအရ သူသည် သူရသတ္တိအရာတွင် ပြောင်မြောက်ရုံမျှမက အမှန်တရားကို ချစ်မြတ်နိုးတတ်သောဗျတ္တိနှင့်လည်း ပြည့်စုံသူဖြစ်ကြောင်း အောက်ပါသမိုင်းမှတ်တမ်းက သက်သေခံလျက်ရှိသည်။

တစ်ခါသော် သုရှင်၏တပ်နှင့် အင်းဝတပ်တို့ ပန်းကျော်အရပ်တွင် ရင်ဆိုင်မိကြသည်။ အင်းဝတပ်တို့ စစ်ပန်းကာ ရိက္ခာပြတ်လုဆဲဆဲအချိန်တွင် သုရှင်က ဥပါယ်တံမျဉ်ဖြင့် အနိုင်ရအောင် အစီအမံတစ်ရပ်ကြံစည်ခဲ့၏။ ယင်းမှာ နှစ်ဖက်တပ်တို့ မြသီတင်းဘုရားရင်ပြင်တွင် သစ္စာပြုကြမည့်လေဟန် ဟန်ဆောင်၍ မြသီတင်းဘုရားသို့သွားရာ လမ်းခုလတ် သဲသောင်ပြင်တွင် ဓားများကိုမြှုပ်ထားပြီး အချိန်းအချက်ပြသည်နှင့် မြန်မာသူရဲကောင်းအမတ်တို့အား လက်စတုံးရန်ဖြစ်၏။ လိုရင်းကိုဆိုရသော် သုရှင်ကိုယ်တော်တိုင်စီမံသော ယင်းအကြံအစည်သည် လဂွန်းအိမ်၏ ဖွင့်ဟချက်ကြောင့် ပျက်ပြားသွားခဲ့ရလေသည်။ သုရှင်အမျက်ပြင်းစွာထွက်တော်မူသည်ဖြစ်၍ အမတ်ဒိန်မဏိရွတ်ထံအပ်နှံ၍ လဂွန်းအိမ်ကိုစစ်မေးစေရာ ရည်ညွှန်းပါစာပိုဒ်တွင် ဖော်ပြထားသည့်အတိုင်း လဂွန်းအိမ်က ပြန်လည်ရှင်းလင်း လျှောက်ထားခဲ့ခြင်းဖြစ်လေသည်။

(၃)

ဤစာပိုဒ်တွင် ကျွန်တော့်အား အကျပ်ရိုက်စေခဲ့သည်မှာ “ရှေးကအသားမင်းသားသည် သိကြားသမုတ်သည့် ဟံသာဝတီသည် ရန်စစ်ရောက်လျှင် အောင်နိုင်တော့သည်ကိုယင်းသို့ကားမအောက်မေ့။ မင်းစဉ်းလဲအားဖြင့် နိုင်အောင်ပြုသောကြောင့် သိကြားသမုတ်သည့် ဟံသာဝတီဟူသောအမည်ပျောက်ခဲ့၍ ဥပါယ်နှင့်ရသောကြောင့် ဥပါယ်ခိုးဟုတွင်ပြန်သည်ကို ရှည်သောအားဖြင့် ပဲခူးဟုတွင်သည်”ဟူသောစာပိုဒ် ဖြစ်၏။

လဂွန်းအိမ်၏လျှောက်တင်ချက်သည် စစ်သူရဲကောင်းပီပီ မလိမ့်တပတ်နည်းဖြင့် အနိုင်မယူလိုဟု ဆိုလိုရင်းဖြစ်ကြောင်းကိုမူ ရိပ်ဖမ်းသံဖမ်းမျှ ကျွန်တော်သိပါ၏။ သို့သော် အသားမင်းသားသည် မည်သူနည်း။အသားမင်းသားသည် မည်သည့်တိုက်ပွဲကို မည်သို့သောဥပါယ်တံမျဉ်ဖြင့် တိုက်ခဲ့ပါသနည်း။ အဘယ်အချက်ကြောင့် အသားမင်းသားအား မင်းစဉ်းလဲဟု ယိုးစွပ်နိုင်ပါသနည်း။ အသားမင်းသား၏ ရာဇဝင်ကို ခိုင်လုံစွာမသိရှိသောကြောင့် ကျမ်းပြုဆရာအမတ်ကြီး ဗညားဒလ ပေးလိုသော သတင်းစကားကို ကျွန်တော် တိကျသေချာစွာ မစောကြောနိုင်ခဲ့ချေ။ နားဝေတိမ်တောင်ဖြစ်ရ၏။

ငင်းအပြင် ထိုအသားမင်းသား၏ ရာဇဝင်သည် ရာဇာဓိရာဇ်၏ လျှို့ဝှက်စစ်ဆင်ရေး အစီအမံကို ဖျက်နိုင်ရလောက်အောင် လဂွန်းအိမ် ထုချေကိုးကားခဲ့သော မှတ်တမ်းဖြစ်၍ အလွန်အရေးပါသောအချက်ဟု ကျွန်တော်မြင်သည်။

ထို့ကြောင့် ကျွန်တော်သည် လဂွန်းအိမ်၏လျှောက်တင်ချက်ထဲမှ အသားမင်းသား၏ ရာဇဝင်ကို ရှာပုံတော်ဖွင့်ခဲ့ရာ တစ်ခုသောအွန်လိုင်းစာမျက်နှာတွင် ဖော်ပြထားသော အမျိုးသားပညာဝန် ဦးဖိုးကျား၏ မြန်မာ့ဂုဏ်ရည်ရာဇဝင်ဖတ်စာ၌ အောက်ပါအတိုင်းတွေ့ရှိရသည်။

“မွန်လူမျိုး အသားမင်းသား”

ယခု ပဲခူး ဟံသာဝတီနေရာတွင် ဟိုအလွန်ရှေးကျသော အခါကာလက ပင်လယ်ရေလွှမ်းမိုးလျက်ရှိသည်။ နောက် ကျွန်းငယ်ကလေးတစ်ခုပေါ်လာသည်။ ထိုကျွန်းငယ်မှာ အလွန်သေးငယ်၍ ဟင်္သာ‘ဖို မ’နှစ်ကောင်မနားလောက်သောကြောင့် ဟင်္သာဖို၏ကျောထက်တွင် ဟင်္သာမ နားရသည်ဆိုသည်။ ဤသို့ ဟင်္သာ‘ဖို မ’နားသော ကျွန်းအရပ်ဖြစ်၍ ‘ဟံသာဝတီ’ဟု တွင်လေသည်။ ဤနေရာသည် မွန်တို့၏ နယ်တွင်းဖြစ်၏။ သို့ရာတွင် အိန္ဒိယတိုင်းသား ကုလားများ ရောက်လာ၍ ထိုကျွန်းကို တွေ့ရှိပြီး မိမိတို့ ပိုင်လိုသည်နှင့် သံတိုင်ကို စိုက်မှတ်ထားလိုက်လေ၏။

သထုံဘုရင်၏သားတော်များဖြစ်သော သမလနှင့် ဝိမလညီနောင်နှစ်ပါးတို့သည် အသက် ၁၇ နှစ်ခန့်၌ မြို့သစ် အသစ်တည်ထောင်ရန် လှည့်လည်ရှာဖွေခဲ့ရာ ထိုဟံသာဝတီကျွန်းကို တွေ့လေ၏။

သို့တွေ့သောအခါ၌ ‘ကုလားတို့ သံတိုင်စိုက်၍ အစောင့်ထားသည်မှာအနှစ် ၉၀ ရှိလေပြီ။ သို့ရာတွင် မွန်မင်းသားတို့က ငါတို့ မွန်နယ်ဖြစ်သည်။ ငါတို့သာ ပိုင်ထိုက်သည်’ဟု ဉာဏ်ကူ၍ အမှတ်မဲ့ ထိုကုလားသံတိုင်အောက်က သံကောက်ကိုးစင်း မြှုပ်ထားလိုက်၏။ ပြီးမှ မိမိတို့က အလျင်ကျကြောင်း၊ဦးကြောင်းဆို၍ တူးကြည့်ကြရာ ပြောသည့်အတိုင်း သံကောက်ကိုးစင်းတွေ့ရှိ၊ မွန်မင်းသားတို့က ကျွန်းကို ရလေ၏။

(၄)

ထိုအခါမှ ‘ဟံသာဝတီ’ဟုသမုတ်၍ သမလကမင်းပြု၍ ဝိမလကို အိမ်ရှေ့ပေးထား၏။ ထိုဟံသာဝတီ တည်သောသက္ကရာဇ်ကား ၅၀၀ ကျော်ဖြစ်လေသည်။ သမလမင်းသည် မယ်ကပီထော်ဆိုသူကို မိဖုရားမြှောက်၏။ ထိုမိန်းမ၏ဖမိများမှာ ဖရုံစိုက်ပျိုးစားသောက်သူများ ဖြစ်၏။

ငင်းတို့၏သမီးပျို အလွန်လှပချောမောသဖြင့် မင်းကတောင်းရာ ကြောက်၍ပြေးပုန်းသောကြောင့် ရှာဖွေသောအခါ ဖရုံရုံထဲကတွေ့လေ၏။ သို့ကြောင့် ‘မယ်ကပီထော်’ခေါ်သည်။ မြန်မာဘာသာဖြင့် ‘ရွှေဖရုံမယ်’ဟု ခေါ်နိုင်၏။

ထိုမိဖုရား မယ်ကပီထော်မှ သားတော်တစ်ပါးဖွား၍ ငါးလ၊ ခြောက်လခန့်တွင် သမလမင်း နတ်ရွာစံလေ၏။ ထိုအခါ ညီတော်ဝိမလသည် ထီးနန်းတက်၍ ထိုမရီးတော်ကိုပင် မိဖုရားမြှောက်ပြန်၏။ သားတော်ကလေးကိုကား ရန်သူဖြစ်မည်စိုး၍ နယ်စွန်နယ်ဖျားသို့ သွား၍ပစ်ရမည်ဟု မိန့်လေ၏။ သို့အတိုင်း ပေါင်းလောင်းမြစ်အရှေ့ဘက် ‘ကွမ်အပ်သား’(ဝါ)‘ကွမ်အသား’ရွာ၊ မွန်ကရင်လူမျိုး မုဆိုးမ မိနန်းကလိုင်း(မိနန့်ကလိုင်း)၏ ကွဲခြံဝ၌ ညအခါ ကလေးကို စွန့်ပစ်ခဲ့လေ၏။

နံနက်စောစော ကျွဲတို့ကိုလွှတ်ရာ ကျွဲမကြီးတစ်ကောင်သည် အလျင်ထွက်၍ ခြံဝရှိကလေးကို ခွ၍ရပ်နေ၏။ ကျွဲရှင်မိနန်းကလိုင်း (မိနန့်ကလိုင်း)ကတွေ့ရှိကာ မွေးစားထားလေ၏။ ဤသူငယ်သည် ကြီးလာသော် ကျွဲများ၊ နွားများကိုကျောင်းရ၏။ ကျွဲတို့ကို အလွန်ယုယလေသဖြင့် ကျွဲတို့ကလည်း အလွန်ခင်မင်ယဉ်ပါးလေသည်။ ထိုသူငယ်မှာ ထွားကျိုင်း၊ သန်မာ၊ လျင်မြန်၊ ပေါ့ပါး၏။ ကျွဲတို့အပေါ်၌တက်စီး၊ တစ်ကောင်မှတစ်ကောင်ကူး စသည်ဖြင့် ချိုကြားတို့၌ပင် ခုန်လွှားကစားနေလေ့ရှိ၏။ ဤသို့သန်စွမ်းကျင်လည်ကြောင်း အနီးအဝေး ကျော်စောလေသည်။

ဝိမလမင်း နန်းစံရှစ်နှစ်တွင် ကုလားတို့သည် မကျေနပ်၍ အရပ်ခုနစ်တောင်မြင့်သော လန်ဘားဆိုသူကုလားကြီးက ဗိုလ်ပြုလျက် သင်္ဘောခုနစ်စင်းနှင့် လာရောက်ကြပြန်၏။ ထိုကုလားရန်ကိုဖြိုဖျက်နိုင်သူမရှိ၍ ဖြိုဖျက်နိုင်သူ လူစွမ်းကောင်းကို ရှာစေတော်မူ၏။

(၅)

ထိုအခါမှ ထိုကျော်စောသောသူငယ်ကိုတွေ့ရှိပြီး ကျွဲကြီးကိုစီး၍ လိုက်လာခဲ့၏။ ရောက်မှ တူတော်ဖြစ်ကြောင်းသိရှိ၍ ကုလားရန်ကိုဖြိုဖျက်စေ၏။ ကုလားလန်ဘားနှင့် မွန်မင်းသားတို့နှစ်ယောက်ချင်း တိုက်ကြမည်ဟု သဘောတူကြ၏။ ကုလားကြီးသည် သံချပ်ဝတ်လျက် ငှက်ပျောရွက်ခန့်ရှိ ဓားကြီးကိုထမ်းလာ၏။ မင်းသားကလည်း ငှက်ပျောရွက်ခန့်ရှိ လှံနှစ်စင်းကိုဆွဲ၍ ထွက်လာ၏။ နှစ်ဦးနှစ်ဖက်လူတို့လည်း ဘေးကကြည့်နေကြကုန်၏။

**ဤလောကကြီးတွင်**
**အနိုင်ရသည်ဆိုသည်နှင့်မပြီး၊**
**အမှန်တရားတည်းဟူသော သစ္စာထိုက်မှသာ**
**အောင်ပွဲဟုဆိုနိုင်ကြောင်း ပြက်ပြက်ထင်ထင်**
**ဆင်ခြင်သုံးသပ်နိုင်တော့သည်။**

နှစ်ယောက်ယှဉ်၍တိုက်မည့်ဆဲဆဲတွင် မွန်မင်းသားက ဉာဏ်ကူ၍ “ငါတို့နှစ်ယောက်ချင်းတိုက်မည်ဟု ကတိထားလျက် အဘယ်ကြောင့် နောက်လိုက် အကူအညီ ခေါ်ခဲ့သနည်း” ဟု ဆိုလိုက်၏။ ထိုအခါ ကုလားကြီးက “ငါ့မှာ အဖော်မပါတကား” ဟုဆို၍ နောက်သို့လှည့်ကြည့်လိုက်၏။ ထိုသတိလစ်သောခဏ၌ မွန်မင်းသားက လှံဖြင့်လည်မျိုကိုထိုးလိုက်ရာ ကုလားကြီးကျလေ၏။ ကုလားတို့လည်း ပြေးကြရလေကုန်၏။ ကုလားတို့ကို ဥပါယ်တံမျဉ်ဖြင့် နိုင်ရလေသည်ဟု ‘ဥပါယ်ခိုး’ နောက်စကားရွေ့၍ ‘ပဲခိုး’၊ ‘ပဲခူး’ တွင်သည် ဆိုသည်။

(ရှေးက ထိုပင်လယ်တိမ်အရပ်ရေတွင် များစွာသော ဝမ်းဘဲများ ကူးသန်းစားသောက် ရှိနေကြသဖြင့် ‘ဝမ်းပဲကူး’၊ ‘ပဲကူး’၊ ‘ပဲခူး’ခေါ်တွင်လာဟန်ကိုလည်း အချို့ကြံဆကြသည်)

ဝိမလမင်းသည် တူတော်အား အိမ်ရှေ့ပေး၏။ ဝိမလမင်း နတ်ရွာစံသော် တူတော်နန်းတက်၍ အနှစ် ၂၀ မျှ မင်းပြုပြီးမှ အနိစ္စရောက်လေသည်။ ‘ကွမ်အသား’ရွာတွင် ကြီးပြင်းခဲ့ရသူဖြစ်၍ ‘အသားမင်းသား’၊ ‘အသားမင်း’ဟု ယခုတိုင် ကျော်စော ထင်ရှားလေသတည်း။

(၆)

သို့လျှင် အသားမင်းသား၏ရာဇဝင် ဆုံးခန်းတိုင်သည်တွင်မှ ကျွန်တော်ကောင်းကောင်းဇာတ်ရည်လည်တော့သည်။ မွန်သူရဲကောင်း လဂွန်းအိမ်လျှောက်တင်ချက်၏ အနှစ်သာရကို ထဲထဲဝင်ဝင် သိမြင်ခံစားနိုင်တော့သည်။ လဂွန်းအိမ်၏လျှောက်တင် ထုချေချက်နှင့် အသားမင်းသား၏ ရာဇဝင်ကို ကောင်းစွာချိတ်ဆက်မိသည့်အခါ ကျမ်းပြုပုဂ္ဂိုလ်၏ဆိုလိုရင်းကို ပြည့်စုံစွာသိရှိသည့်အခြေသို့ဆိုက်၏။ ဤလောကကြီးတွင် အနိုင်ရသည်ဆိုသည်နှင့်မပြီး၊ အမှန်တရားတည်းဟူသော သစ္စာထိုက်မှသာ အောင်ပွဲဟုဆိုနိုင်ကြောင်း ပြက်ပြက်ထင်ထင် ဆင်ခြင်သုံးသပ်နိုင်တော့သည်။

အချို့သော ဇာတ်၊ နိပါတ်၊ ပုံပြင်၊ ဇာတ်လမ်း၊ ရာဇဝင်သမိုင်း၊ သီချင်းစာသား စသည်တို့၌ စာရေးသူအနေနှင့် ရှေးကဖြစ်ခဲ့ဖူးသောမှတ်တမ်းရာဇဝင်တို့နှင့် ချိတ်ဆက်ဖော်ပြရေးသားလေ့ရှိကြသည်။ ထိုသို့ရေးသားဖော်ပြရာတွင် အများသိပြီးဖြစ်သည်ဟု မျှော်လင့်၍ တစ်ကြောင်း၊ အကျယ်တဝင့်ရှည်လျားစွာ ဖော်ပြရန်မသင့်သည်ကတစ်ကြောင်း၊ အကြောင်းကြောင်းတို့ကြောင့် အတိုချုံ့ အကျဉ်းမျှသာဖော်ပြတတ်လေရာ မြုပ်ကွက်အချို့ပါရှိနေတတ်သည်။ ထိုအခါ စာဖတ်သူအနေနှင့် ယင်းမြုပ်ကွက်ကို ရှင်းလင်းစွာ နားလည်သဘောပေါက်မှသာ စာရေးသူ၏ဆိုလိုရင်း အနှစ်သာရ၊ ပေးလိုသော သတင်းစကားကို ခြုံငုံမိနိုင်မည်ဖြစ်၏။ သို့မှသာ စာရေးသူကို ရင်ပေါင်တန်းနိုင်သော စာဖတ်သူ ဖြစ်လာနိုင်ပေလိမ့်မည်။ ။

**မင်းဒင်**




(၁)

ကိုလံဘီယာနိုင်ငံသမ္မတဟောင်း မစ္စတာဆီဇာဂေဗီးရီးယား ( Mr. Cesar Gavaria) ၏ ကမ္ဘာ့နိုင်ငံခေါင်းဆောင်များ အထူးသဖြင့် ဖိလစ်ပိုင်သမ္မတ ဒူတာတေး (Mr.Rodrigo Duterte) ထံသို့ ပေးစာတစ်စောင်ကို ဖေဖော်ဝါရီလ ၇ ရက်နေ့ထုတ် နယူးယောက်တိုင်းသတင်းစာတွင် ကျွန်တော်တို့ ဖတ်လိုက်ကြရပါသည်။ သူသည် ၁၉၉၀ မှ ၁၉၉၄ ခုနှစ်အထိ ကိုလံဘီယာနိုင်ငံ၏ သမ္မတဖြစ်ခဲ့ပြီး နောက်ထပ်ဆယ်နှစ်မှာ အမေရိကတိုက်နိုင်ငံများအသင်းကြီး၏ အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်ပါသည်။

(၂)

တစ်ချိန်က ကိုလံဘီယာနိုင်ငံမှာ မူးယစ်ဆေးဝါး(ကိုကင်း) အများဆုံးထုတ်လုပ်ရာနိုင်ငံဖြစ်ခဲ့ပြီး တစ်ကမ္ဘာလုံး၏ ၈၀ ရာခိုင်နှုန်းအထိ ထုတ်လုပ်သည်ဟု မှတ်တမ်းများရှိခဲ့ပါသည်။ ၁၉၉၃ ခု သူ့လက်ထက်တွင် မူးယစ်ဆေးဝါးရာဇာ (Mr. Pablo Escobar) ပါဘလိုအက်စကိုဘားကို အသေဖမ်းမိခဲ့ပါသည်။ အက်စကိုဘား၏ မူးယစ်ဆေးထုတ်လုပ်သောလုပ်ငန်းမှဝင်ငွေမှာ တစ်ပတ်လျှင် ဒေါ်လာသန်း ၄၂၀ အထိရှိခဲ့သည်။ ပိုက်ဆံထုပ်များ ချည်နှောင်သည့် ရော်ဘာကွင်းများပင်လျှင် တစ်လတွင် ဒေါ်လာ ၂၅၀၀ ဖိုးကုန်သည်ဟုဆိုသည်။ တစ်ခါက သမီးဖြစ်သူ ချမ်းနေသဖြင့် မီးလှုံ နိုင်ရန် ဒေါ်လာ ၂ သန်းကျော်တန် ငွေစက္ကူများကို မီးရှို့ခဲ့ဖူးသည်။

သမ္မတဟောင်း ဂေဗီးရီးယားက သူမှားသလို ထပ်ဆင့် မမှားရအောင် ဖိလစ်ပိုင်သမ္မတကြီး ဒူတာတေးကို သတိပြုနိုင်စေရန် တိုက်တွန်းရေးသားခဲ့ခြင်းဖြစ်ပါသည်။ သူက မူးယစ်ဆေးပြဿနာသည် နိုင်ငံတော်လုံခြုံရေးကို ထိခိုက်စေသည့် ပြဿနာ ဖြစ်ပါသည်။ သို့သော် ၎င်းသည် လူမှုရေးပြဿနာသာဖြစ်ပါသည်။ ဤပြဿနာကို ရဲနှင့်စစ်တပ်များဖြင့် အင်အားသုံး၍ မဖြေရှင်းနိုင်ပါ။ ပိုမိုများပြားသော ရဲသားနှင့်စစ်သားများကို တာဝန်ပေးနှိမ်နင်းခိုင်းခြင်းမှာ ပိုက်ဆံကို ဖြုန်းတီးရာရောက်သည်။ အကြမ်းမဖက်တတ်သော ဆေးသုံးစွဲသူများကို ထောင်သွင်းအကျဉ်းချခြင်းမှာ ဆိုးကျိုးများကို ဖြစ်စေသည်။ အုပ်စုဖွဲ့အကြမ်းဖက်ခြင်းများကို ဖြစ်စေသည်။ ပြဿနာကို တိုင်းပြည်၏ လူနေမှုအဆင့်အတန်း မြင့်မားအောင် ပြုလုပ်ခြင်း၊ ပညာပေးခြင်းတို့ဖြင့်သာ ဖြေရှင်းရပါမည်ဟုဆိုသည်။

မူးယစ်ဆေးပြဿနာကို ဖြေရှင်းရန်အတွက် ကိုလံဘီယာအစိုးရသို့ အမေရိကန်နှင့် ဥရောပနိုင်ငံအများအပြားက ဒေါ်လာ ဘီလီယံချီ၍ ထောက်ပံ့ခဲ့ကြပါသည်။ ငွေကုန်ကြေးကျ များလွန်းလှသည့်တိုင် တိုင်းပြည်၏လုံခြုံရေးမှာ အနည်းငယ်သာ တိုးတက်မှုရရှိခဲ့ပါသည်။ ဘိန်းစိုက်ခင်းများကို ဖျက်ဆီးခြင်း၊ မူးယစ်ဆေးဝါးဖြန့်ချိသူ၊ သုံးစွဲသူများကို ဖမ်းဆီးထောင်ချခြင်း စသည်ဖြင့်အမျိုးမျိုး နှိမ်နင်းခဲ့ကြသည့်တိုင် သူတို့နိုင်ငံအတွင်းတွင် ဆေးဝါးသုံးစွဲသူ ပပျောက်မသွားသည့်အပြင် အန္တရာယ်မှာ အိမ်နီးချင်းနိုင်ငံ အများအပြားသို့ ပျံ့နှံ့ကူးစက်သွားခဲ့ကြပါသည်။ ထိုနိုင်ငံများသို့ မူးယစ်ဆေးနှင့် ရာဇဝတ်မှုများကို ပို့ပေးသလိုဖြစ်နေသည်။ လူထောင်ပေါင်းများစွာ သေကျေခဲ့ကြသလို နိုင်ငံ၏ ထက်မြက်သောနိုင်ငံရေးသမားကြီးများ၊ တရားသူကြီးများ၊ ရဲအရာရှိများ၊ သတင်းစာ ဆရာအမြောက်အမြားမှာ လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ကြရပါသည်။ အမေရိကသို့လည်းကောင်း၊ ဥရောပနိုင်ငံများသို့လည်းကောင်း ဝင်ရောက်နေသည့် မူးယစ်ဆေးပမာဏမှာ လျော့သွားသည်ဟု မရှိပါ။ ကိုကင်းနှင့် ဟီးရိုးရင်း စသည်တို့မှာ ကမ္ဘာအနှံ့ မြို့တိုင်း၊ ရွာတိုင်းမှာ ဝယ်၍ရနေဆဲ ဖြစ်ပါသည်။

မူးယစ်ဆေးဝါးလုပ်ငန်းကို တိုက်ဖျက်ရခြင်းမှာ မိမိတို့၏ ပြည်သူများနှင့် စစ်တိုက်ရခြင်းပင်ဖြစ်ပါသည်။ ယနေ့ ကိုလံဘီယာသမ္မတ စန်တိုစ် (Juan Manuel Santos) က "ကျွန်တော်တို့ဟာ လွန်ခဲ့တဲ့ နှစ် ၄၀ က သုံးနေကျနည်းတွေနဲ့ပဲ ဒီပြဿနာကို နှိမ်နင်းနေရဆဲပါ" ဟုပြောခဲ့သည်။ ခေါင်းဆောင်အများအပြားက ဖြေရှင်းရန် နည်းလမ်းအသစ်တွေ လိုနေပြီဟု ယုံကြည်နေကြပါပြီ။

သူတို့အနေနှင့် လက်နက်မျိုးစုံကိုင်ဆောင်ထားသည့် တပ်မတော်၊ ကြီးလေးသောအပြစ်ဒဏ်ပေးခြင်းနှင့် ပို၍ကြီးမားသော အကျဉ်းထောင်များကို ဆောက်လုပ်ခြင်းများသည် ဤပြဿနာ၏အဖြေဟု မယူဆကြပါ။ ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုအဆင့်အတန်းမြင့်မားလာရေးနှင့်အတူ မူးယစ်ဆေးမှရသည့် ငွေမည်းကို ငွေဖြူပြုလုပ်ရာတွင် ခြစားနေမှုများ တိုက်ဖျက်ရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်ရပါလိမ့်မည်။ မူးယစ်ဆေးဝါးသုံးစွဲခြင်းကို ရာဇဝတ်မှုတစ်ခုလို သဘောမထားဘဲ ဆေးဖြတ်ရန်အတွက် ကူညီခြင်းနှင့် အပျော်သုံးစွဲခြင်းကို ခွင့်ပြုနိုင်သည့်နည်းလမ်းများကို ပြဋ္ဌာန်းသင့်ပါသည်။

အစိုးရများအနေနှင့် ဤအကျင့်ဆိုးကို ပပျောက်စေရန် အကြမ်းဖက်သည့်နည်းလမ်းများကို သုံးစွဲခွင့်ပြုထားခြင်းမှာ ကောင်းကျိုးထက် ဆိုးကျိုးများကိုသာ ဖြစ်စေနိုင်ပါသည်။ ၂၀၁၆ ဇွန်လ ၃၀ ရက်နေ့က သမ္မတဖြစ်လာခဲ့သော မစ္စတာ ဒူတာတေး၏ မူးယစ်ဆေးတိုက်ဖျက်ရေး စီမံချက်အရ လူပေါင်း ၇၆၀၀ ကျော်မျှ သေဆုံးခဲ့ကြရပြီး ထိုအရေအတွက်၏ တစ်ဝက်ခန့်သာ မူးယစ်ဆေးသုံးစွဲသူများ ဖြစ်ကြပါသည်။ လူ ၂၈၀၀ ကျော်မှာ မြင်လျှင် ပစ်သာပစ်ဆိုသော ပေါ်လစီကြောင့် ရဲက ပစ်ဖမ်းပြီး သေကြရခြင်းဖြစ်သည်။

လွန်ခဲ့သော အောက်တိုဘာလက တောင်ကိုရီးယားနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်တစ်ဦးမှာ ရဲတပ်ဖွဲ့က မူးယစ်ဆေးသုံးစွဲသူဟု စွပ်စွဲပြီး ဖိလစ်ပိုင်ရဲဌာနရုံးချုပ်တွင် ဖမ်းဆီးထားရာမှ လက်လွန်ပြီး သေဆုံးခဲ့ရသည်။ သူ့ဇနီးထံ ရဲတို့က ပြန်လွှတ်စေလိုလျှင် ငွေပေးရမည်ဟု ငွေညှစ်ခဲ့ကြပါသည်။

ဤကိစ္စတွင် ရဲတို့၏ ပါဝင်ပတ်သက်မှုကို သိသွားသော သမ္မတ ဒူတာတေးက ရဲတပ်ဖွဲ့ကို အယုံအကြည်မရှိဟုဆိုပြီး ဖိလစ်ပိုင်တပ်မတော်ကို အသုံးပြု၍ နှိမ်နင်းတော့မည်ဟု ဆိုခဲ့သည်။ ထိုသတင်းကို ကမ္ဘာကသိကြသောအခါ ကိုလံဘီယာသမ္မတ၏ မေတ္တာရပ်ခံစာ ပေါ်ထွက်လာခဲ့ခြင်း ဖြစ်ပါသည်။

၂၀၀၃ ခုနှစ်ကလည်း ထိုင်းနိုင်ငံတွင် ဘုရင်မင်းမြတ်၏ မေတ္တာရပ်ခံချက်အရ ဝန်ကြီးချုပ်ဖြစ်သူ သက်ဆင်က (Mr. Thaksin Shinawatra) မူးယစ်ဆေးလုပ်ငန်းကို အပြုတ်တိုက်မည်ဟု စီမံချက်ချခဲ့ဖူးသည်။ မြင်လျှင်ပစ်သတ်ခွင့်ရှိသည်ဟူသောအမိန့်ကြောင့် သုံးလအတွင်း လူပေါင်း ၂၈၀၀ ကျော် သေဆုံးခဲ့ကြသည်။ ၎င်းလူဦးရေ၏ တစ်ဝက်ကျော်မှာ မူးယစ်ဆေးနှင့် ပတ်သက်မှုမရှိဟုဆိုသည်။ တစ်ရက်လျှင် လူ ၃၀ ကျော် သေဆုံးခဲ့ကြရခြင်း ဖြစ်ပါသည်။ လူပေါင်း ၇၃,၀၀၀ ကျော် ဖမ်းဆီးခံရပြီး ယာဘဆေးပြားပေါင်း ၂၃ သန်းကျော် ဖမ်းဆီးမိခဲ့သည်။ လူ ၃ သိန်း ၂ သောင်းက တရားဝင်ဆေးဖြတ်ပါမည်ဟု စာရင်းပေးခဲ့ကြသည်။ ဘိန်းစိုက်ဧရိယာဟက်တာ ၃၂၀ ကျော်ကို ဖျက်ဆီးပစ်ခဲ့နိုင်ကြသည်။ ၎င်းမှာ ဘိန်းသီးနှံအားလုံး၏ ၉၀ ရာခိုင်နှုန်းမျှ ရှိပါသည်။

**ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုအဆင့်အတန်းမြင့်မားလာရေးနှင့်အတူ မူးယစ်ဆေးမှရသည့် ငွေမည်းကို ငွေဖြူပြုလုပ်ရာတွင် ခြစားနေမှုများ တိုက်ဖျက်ရေး စသည့် လုပ်ငန်းများကို ဆောင်ရွက်ရပါလိမ့်မည်။ မူးယစ်ဆေးဝါးသုံးစွဲခြင်းကို ရာဇဝတ်မှုတစ်ခုလို သဘောမထားဘဲ ဆေးဖြတ်ရန်အတွက် ကူညီခြင်း နှင့် အပျော်သုံးစွဲခြင်းကို ခွင့်ပြုနိုင်သည့် နည်းလမ်းများကို ပြဋ္ဌာန်းသင့်ပါသည်။**

ဤနှိမ်နင်းချက်ကြောင့် ယာဘဆေးပြားမှာ အဆမတန်ဈေးတက်သွားပြီး Ice (သို့မဟုတ်) Methamphetamine ခေါ် မက်ဆေးပြားကို ပြောင်းလဲသုံးစွဲလာကြသည်။ ၂၀၁၀ ပြည့်နှစ်က ဘိန်းချက်စက်ရုံ ၂ ခုသာရှိခဲ့ရာမှ ၂၀၁၂ ခုနှစ်တွင် ၁၉၁ ရုံအထိ တိုးပွားခဲ့သည်။ ကုလသမဂ္ဂသို့ ထိုင်းအစိုးရက အစီရင်ခံရာတွင် မူးယစ်ဆေးဝါးတိုက်ပွဲကို နိုင်အောင်မတိုက်နိုင်ပါ။ မက်ဆေးပြားသုံးစွဲခြင်းကို တရားဝင်ခွင့်ပြုနိုင်ရန် နည်းလမ်းများကို စဉ်းစားနေပါသည်ဟု အစီရင်ခံခဲ့ကြပါသည်။

မူးယစ်ဆေးဝါးတိုက်ဖျက်ခြင်းကို လူထုက ထောက်ခံခဲ့ကြပါသည်။ ဝန်ကြီးချုပ်သက်ဆင်၏လုပ်ရပ်ကို ပြည်သူလူထု ၉၀ ရာခိုင်နှုန်းက ထောက်ခံကြပါသည်။ ဖိလစ်ပိုင်သမ္မတ၏ လုပ်ရပ်များကိုလည်း ပြည်သူအများစုက ထောက်ခံကြပါသည်။

အုပ်စုဖွဲ့ပြီး အကြမ်းဖက်မှုများကို အကြမ်းနည်းဖြင့်သာ နှိမ်နင်းနိုင်သည်ဆိုလျှင် မှန်ပါ၏။ သို့ပါသော်လည်း ဥပဒေပြင်ပမှ လူသတ်ခွင့်ပေးလိုက်သောအခါ မိမိကိုယ်ကိုယ် ပြုပြင်ပြီး ဆေးကုသလိုသူများအတွက် တရားဝင် ဆေးကုသမှုခံယူရန် များစွာခက်ခဲသွားစေပါသည်။ သူတို့၏ ဒုက္ခမှာ ဆိုးသထက်ဆိုးပြီး လူတို့၏ ဘဝပေါင်းများစွာမှာ အကျိုးမဲ့ဖြစ်ကုန်ကြပါသည်။ ကိုလံဘီယာသမ္မတဟောင်းက အကြံပြုနေသည်မှာ ဆေးသုံးစွဲသူများကို သက်ညှာစွာ ကိုင်တွယ်စဉ်းစားပြီး ဆေးကုသရေးအတွက် အခွင့်အရေးများ ဖန်တီးပေးရန်ဖြစ်ပါသည်။ ဤအစီအစဉ်မှာ ကောင်းမြတ်သည်ဆိုစေ၊ ကိုလံဘီယာအစိုးရက ယခုတိုင် မဆောင်ရွက်နိုင်သေးပေ။ ဖိလစ်ပိုင်သမ္မတကြီးကိုလည်း သူလိုအမှားမျိုး မကြုံကြိုက်စေရန် သတိပေးရခြင်းဖြစ်ပါသည်ဟု စာကို အဆုံးသတ်ထားပါသည်။

(၃)

တိုက်ခိုက်ခြင်းမပါသောတိုက်ခိုက်မှု (Fighting without a fight) ဟု တရုတ်ဆိုရိုးစကားတစ်ခု ရှိပါသည်။ ရန်သူကို အောင်နိုင်ရေးအတွက် အကြမ်းဖက်ဖို့ကို မဆိုထားဘိ။ ဆန့်ကျင်တိုက်ခိုက်ခြင်းသဘောပင် မပါဝင်ဘဲ အနိုင်ယူနိုင်ရမည်ဟု ဆိုလိုပါသည်။ အလွန်သဘောထားကြီးသော ဆုံးဖြတ်မှုများကို အမြော်အမြင်ရှိသော ခေါင်းဆောင်ကြီးများကသာ ဆုံးဖြတ်ချက်ချမှတ်နိုင်ကြပါသည်။

မူးယစ်ဆေးဝါးဆိုသည်မှာ မရှိလျှင် အကောင်းဆုံးဖြစ်ပါသည်။ လက်ရှိအနေအထားများအရ လုံးဝပပျောက်သွားရေးမှာ မဖြစ်နိုင်သေးပါ။ ထိုဆေးဝါးများနှင့်အတူသာ နေထိုင်ကြရပါလိမ့်မည်။ တိုင်းပြည်အတွက် ဆိုးကျိုးများစွာမရှိစေရန် ပေါ်လစီများကို သတိကြီးစွာချမှတ်ရမည်ဖြစ်ပါသည်။

**ကိုသန်းလှိုင်**

The VOICE Daily

CARTOON





ရန်ကုန်တက္ကသိုလ် တကာသအဆောက်အအုံအတွင်းရှိ ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော်အုတ်ဂူ

# တကာသအဆောက်အအုံကို သမိုင်းတန်ဖိုးမပျက် ပြန်ဆောက်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၅**

ဦးနေဝင်းအစိုးရလက်ထက် ဖောက်ခွဲဖျက်ဆီးခံခဲ့ရသည့် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂအဆောက်အအုံကို သမိုင်းတန်ဖိုးမပျက် ပြန်တည်ဆောက်ရန် ဆွေးနွေးမှု ရန်ကုန်တိုင်းအစိုးရအဖွဲ့က သဘောတူညီကြောင်း ၁၉၆၀-၆၁ ခုနှစ် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂ ဒုတိယဥက္ကဋ္ဌဟောင်း ဒေါက်တာမင်းသိမ်းက The Voice သို့ ပြောကြားသည်။

ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီရုံးချုပ်တွင် ဖေဖော်ဝါရီလ ၁၅ ရက်က ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းအစိုးရဝန်ကြီးများ၊ ယင်းပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့တာဝန်ရှိသူများ၊ ၈၈ မျိုးဆက်မတိုင်မီ ကျောင်းသားသမဂ္ဂတွင် ပါဝင်ခဲ့သူများ၊ လက်ရှိကျောင်းသားများ ဆွေးနွေးရာတွင် ထိုသို့သဘောတူညီခဲ့ခြင်းဖြစ်သည်။

တက္ကသိုလ်ကျောင်းသားသမဂ္ဂ အဆောက်အအုံ ပြန်တည်ဆောက်ရာတွင် မူလသမိုင်းတန်ဖိုးဖြစ်သည့် ကိုလိုနီစနစ်ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေးကို ပုံစံမပျက်ပါဝင်စေမည်ဖြစ်သကဲ့သို့ ယခုအခြေအနေအရ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ ပပျောက်ရေးသမိုင်းတန်ဖိုးကိုပါ ပုံပေါ်အောင် ထည့်သွင်းတည်ဆောက်ရန် ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း ပါဝင်သူများထံမှ သိရှိရသည်။

ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂအဆောက်အအုံသည် ကိုလိုနီစနစ်ဆန့်ကျင်ရေးလုပ်ဆောင်ခဲ့ရာ ဝန်ကြီးချုပ်ဦးနု၊ ဗိုလ်ချုပ်အောင်ဆန်း၊ ကျောင်းသားခေါင်းဆောင် ကိုဗဟိန်း၊ ဦးကျော်ငြိမ်းစသည့်ခေါင်းဆောင်ကောင်းများ မွေးထုတ်ပေးရာနေရာဖြစ်သကဲ့သို့ ကျောင်းသားများ ညီညွတ်ရေးစုစည်းသည့် နေရာတစ်နေရာ လည်းဖြစ်သည်။

"သာမန်ကာလျှံကာဆောက်သွားမှာ စိုးရိမ်တယ်။ အဆောက်အအုံ ဆောက်ပြီးရင်လည်း တက္ကသိုလ်အာဏာပိုင်တွေပိုင်တဲ့အဆောက်အအုံ ဖြစ်သွားမှာလည်း စိုးရိမ်တယ်။ အဲဒါက ကျောင်းသားပိုင်အဆောက်အအုံ၊ ကျောင်းသားလက်ထဲကို ပြန်အပ်ရမယ်ဆိုတာ ဆွေးနွေးတာပေ့ါ။ ဒါလည်း ကျောင်းသားဥက္ကဋ္ဌလက်ထဲ အပ်မှာပါ" ဟု မျက်စိခွဲစိတ်အထူးကုဆရာဝန်လည်းဖြစ်သူ ဒေါက်တာမင်းသိမ်းကပြောကြားသည်။

တကာသအဆောက်အအုံပြန်တည်ဆောက်ရန် ခေတ်အဆက်ဆက်ကျောင်းသားမျိုးဆက်များ ပါဝင်သည့် (နိုင်ငံ့ဝန်ထမ်းများမပါစေဘဲ) ဆောက်လုပ်ရေးကော်မတီတစ်ခုနှင့် ရုံးလုပ်ငန်းပိုင်းဆိုင်ရာများကို ပံ့ပိုးကူညီရန် ပညာရေးဝန်ကြီး၊ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်တို့ ပါဝင်သည့် ပံ့ပိုးကူညီမှုကော်မတီတစ်ခု ဖွဲ့စည်းဆောင်ရွက်ရန် တိုင်းအစိုးရတာဝန်ရှိသူများနှင့် ထပ်မံညှိနှိုင်းမည်ဖြစ်သည်။

ထို့နောက် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း ဗိုလ်အောင်ကျော်အုတ်ဂူနောက်ဘက်ရှိ သစ်ပင်များကို ယခုလအတွင်း အပင်လိုက်တူး၍ လှော်ကားဥယျာဉ်သို့ ရွှေ့ပြောင်းမည်ဖြစ်သည်။

ယင်းနေရာတွင် ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဆောက်လုပ်ရေးယာယီရုံးတစ်ခုကို တည်ဆောက်ပြီး လုပ်ငန်းများဆက်လက်ဆောင်ရွက်မည်ဖြစ်သည်။

တကာသ အဆောက်အအုံ ပြန်လည်တည်ဆောက်မှု ကုန်ကျစရိတ်ကို အစိုးရထံမှ တောင်းခံမည်မဟုတ်ဘဲ ပြည်သူလူထုက တတ်နိုင်သမျှပါဝင် လှူဒါန်းသည့်ငွေဖြင့် တည်ဆောက်မည်ဖြစ်သည်။ ပြည်သူလူထုအနေနှင့် ပါဝင်လှူဒါန်းရာတွင် တစ်ဦးတစ်ယောက်တည်းက အကုန်အကျခံ တာဝန်ယူလှူဒါန်းသည့်ပုံစံမျိုး မဖြစ်စေရန် အများဆုံးလှူဒါန်းနိုင်သည့် ငွေပမာဏကို သတ်မှတ်သွားမည်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂအဆောက်အအုံပြန်တည်ဆောက်မည့် ပုံစံကို ကော်မတီများဖွဲ့စည်းပြီးနောက်တင်ဒါခေါ်ယူဆောင်ရွက်မည်ဖြစ်သည်။

ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို မတ်လလယ်အတွင်း စတင်နိုင်မည်ဟု ခန့်မှန်းထားကြောင်း ပါဝင်ဆွေးနွေးသူများထံမှ သိရှိရသည်။

တကာသ အဆောက်အအုံပြန်တည်ဆောက်ရေး တိုင်းအစိုးရအဖွဲ့တာဝန်ရှိသူများ၊ NLD ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကျောင်းသားဟောင်းများ၊ ကျောင်းသားသစ်များ စုပေါင်း၍ လာမည့် သီတင်းပတ် ဗုဒ္ဓဟူးနေ့တွင် ထပ်မံဆွေးနွေးမည်ဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ တက္ကသိုလ်ကျောင်းသားသမဂ္ဂ ကျောင်းသားတစ်ဦးလည်းဖြစ်၊ တိုင်းအစိုးရအဖွဲ့နှင့် ညှိနှိုင်းရာတွင် လေ့လာသူအဖြစ် ပါဝင်သူ ကိုပိုင်ရဲသူက "ကျောင်းသားတစ်ယောက်အနေနဲ့ ဒီကိစ္စကြိုဆိုပါတယ်။ ပညာရေးကြွေးကြော်တဲ့အချက်ထဲမှာ ကျောင်းသားသမဂ္ဂ အဆောက်အအုံပြန်လည်ပေါ်ပေါက်လာဖို့အတွက် ကြွေးကြော်သံ တစ်ရပ်အနေနဲ့ ထည့်သွင်းထားတာဆိုတော့ ဒီလိုကိစ္စအမြန်ဆုံးပြန်လုပ်မယ်ဆိုတော့ အများကြီး လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါတယ်" ဟု မှတ်ချက်ပြု ပြောကြားသည်။

ဦးနေဝင်းအစိုးရလက်ထက် ဖောက်ခွဲဖျက်ဆီးခံရသည့် တက္ကသိုလ်ကျောင်းသားသမဂ္ဂအဆောက်အအုံကို ရန်ကုန်တက္ကသိုလ် အဓိပတိလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းအနီးတွင် ၁၉၂၉ ခုနှစ်က စတင်ဆောက်လုပ်ခဲ့ပြီး ၁၉၃၀ ခုနှစ် နှစ်လယ်ပိုင်းတွင်ပြီးစီးခဲ့သည်။

ယင်းအဆောက်အအုံကို စေတနာရှင် သူဌေးကြီး ဒေါက်တာဦးညိုက အိန္ဒိယရူပီးငွေ ၁၇၀,၀၀၀ အကုန်အကျခံ လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ယခင်တကာသ အဆောက်အအုံတွင် ကျောင်းသားရေးရာကိစ္စများ၊ ညီလာခံခန်းမ၊ အစည်းအဝေးခန်းမ၊ လက်ဖက်ရည်နှင့် စားသောက်ဆိုင်များ၊ ဘိလိယက်ခန်းတို့ ပါဝင်ဖွဲ့စည်းထားပြီး အင်္ဂတေနှစ်ထပ်အဆောက်အအုံဖြစ်ကြောင်း ရန်ကုန်တက္ကသိုလ် ရာပြည့်အကြိုထုတ်ဝေသည့် ရန်ကုန်တက္ကသိုလ်သမိုင်းစာအုပ်တွင် ဖော်ပြပါရှိသည်။ ■

# ရခိုင်ပြည်နယ်ရှိ နယ်ခြားစောင့်ရဲစခန်း ၁၈၆ ခုကို အင်အားဖြည့်တင်း

**နေပြည်တော်၊ ဖေဖော်ဝါရီ ၁၅**

ရခိုင်ပြည်နယ်တွင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့အောက်ရှိ စခန်း ၁၈၆ ခုအား နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ၄၊ လုံခြုံရေးရဲတပ်ဖွဲ့ခွဲ ၂ တို့ဖြင့် ထပ်မံ အင်အားဖြည့်တင်းပြီး တပ်မတော်နှင့်ပူးပေါင်းပြီး နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထဲရေး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပြောကြားသည်။

ဖေဖော်ဝါရီ ၁၅ ရက်နေ့က ပြုလုပ်သည့်ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ကျောက်ဖြူမဲဆန္ဒနယ်မှဦးဘရှိန်က ရခိုင်ပြည်နယ်လုံခြုံရေးနှင့် ရခိုင်တိုင်းရင်းသားများ၊ အကြမ်းဖက်မှုကြောင့်နေရာရွှေ့ပြောင်းနေထိုင်နေရသည့် ရခိုင် တိုင်းရင်းသားများဘဝလုံခြုံရေးကို စီစဉ်ဆောင်ရွက်ပေးမည့်ကိစ္စကို မေးမြန်းခဲ့သောကြောင့် ၎င်းက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်က ဘင်္ဂါလီလူမျိုးတို့၏ တိုက်ခိုက်မှုကို ခံခဲ့ရပြီးနောက် အမှတ်(၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့သည် နယ်မြေရုံး ၁၁ ရုံး၊ နယ်မြေရဲစခန်း ၁၂ ခု၊ ကင်းစခန်း ၁၂၄ ခု၊ ချောင်းဝကင်းစခန်း ၂၇ ခု၊ နယ်စပ်ခြံစည်းရိုးကင်းစခန်း ၁၂ ခုထားရှိပြီးဖြစ်ကြောင်း၊ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်အပါအဝင် မြို့ပေါ်ရှိ အရေးကြီးအဆောက်အအုံများ၊ ဝင်ပေါက်ထွက်ပေါက်များနှင့် ရေဆိပ်များတွင် လုံခြုံရေးရဲကင်းများ ချထားဆောင်ရွက်လျက်ရှိကြောင်း ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်စိုးက ရှင်းပြသည်။

ယင်းအပြင် လိုအပ်ချက်အရ မောင်တောမြို့နယ်တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးတစ်ဦးအပါအဝင် ဝန်ထမ်း ၂၅၁ ဦးကို တာဝန်ချထားပြီး နယ်မြေလုံခြုံရေး ကိစ္စအပါအဝင် တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှုများကို အဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ဆောင်နေကြောင်း ၎င်းက ထပ်လောင်းပြောသည်။

တပ်မတော်အနေနှင့်လည်း ပူးပေါင်းနယ်မြေရှင်းလင်းရေးအပါအဝင် ရေပိုင်နက်လုံခြုံရေးအတွက် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ပင်လယ်ဝနှင့် မြစ်တွင်းလုံခြုံရေးအတွက် တပ်မတော် (ရေ) မှ ငါးမန်းတိုက်ရေယာဉ်များ၊ အမြန်သွားတိုက်ရေယာဉ်များနှင့် ရော်ဘာလှေများဖြင့် လုံခြုံရေးအပြည့်အဝ ဆောင်ရွက်နေပြီး လက်ရှိအချိန်တွင် နယ်မြေပြန်လည်အေးချမ်းမှုကို ရရှိနေပြီဖြစ်ကြောင်း၊ အကြမ်းဖက်မှုခံရခြင်းကြောင့် နေရပ်စွန့်ခွာနေသည့် တိုင်းရင်းသားများကိုလည်း နယ်မြေတည်ငြိမ်မှုနှင့်အတူ နေရာချထားရေးများ ဆက်လက်လုပ်ဆောင်နေကြောင်း ၎င်းကဆိုသည်။

မြန်မာနိုင်ငံ အနောက်မြောက်နယ်စပ် ကုန်းနယ်နိမိတ်လုံခြုံရေးအတွက် နယ်စပ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ၂၀၀၉ ခုနှစ် မတ်လမှ စတင်လုပ်ကိုင်လျက်ရှိပြီး ၂၀၁၄ ခုနှစ် မတ်လတွင် နယ်နိမိတ်မှတ်တိုင် B -2 မှ BP -66 အထိ မိုင်း ၁၁၄ ဒသမ ၆၅ မိုင်ကာရံပြီးဖြစ်ကြောင်း၊ လက်ရှိတွင် တုံးချောင်းဝမှ အငူမော်ကျေးရွာအထိ မိုင် ၄၀ ခြံစည်းရိုးကာရံခြင်း လုပ်ဆောင်နေပြီး BP -66 မှ BP-1 အထိခြံစည်းရိုးကာရံရန်လိုအပ်နေသောကြောင့် ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ဗိုလ်ချုပ်အောင်စိုးက ပြောကြားသည်။ ■

The VOICE Daily

CARTOON





Hamilton

# နောက်ဆုံးမေးခွန်း

ကောလိပ်ပထမနှစ် နောက်ဆုံးစာမေးပွဲဖြေဆိုရမည့်နေ့ဖြစ်သည်။ ပါမောက္ခကြီးက ကျောင်းသားကျောင်းသူများကို မေးခွန်းစာရွက်များ လိုက်ဝေသည်။

“မေးခွန်းတွေက လွယ်ပါတယ်ကွာ။ မင်းတို့ ချက်ချင်း ဖြေဆိုနိုင်မှာ ကျိန်းသေပါတယ်”

ကျောင်းသားများအတွက် မေးခွန်း ၅၀ ပေးထားသည်။ ကွက်လပ်ကလေးတွေ ဖြည့်သွားရုံသာဖြစ်သည်။ သို့သော် ကျောင်းသားအားလုံး နောက်ဆုံးနံပါတ် ၅၀ အရောက်တွင် ခေါင်းကုတ်ကုန်ကြသည်။

ကျောင်းသားများထဲတွင် အလွန်တော်သည့် ကျောင်းသားတစ်ဦးက ပါမောက္ခကြီးကို မတ်တတ်ရပ်ပြီး မေးလိုက်သည်။

“ဆရာကြီး ခင်ဗျား နောက်ဆုံး မေးခွန်းက တကယ်ဖြေမှ ဖြစ်မှာလား”

“မေးခွန်းအားလုံး ဖြေဆိုပါလို့ ပါတယ်လေ”

“အဲဒီမေးခွန်း နည်းနည်းများ လွဲနေသလားလို့ပါ”

“ဘာမေးထားလို့လဲ ဖတ်ပြစမ်းပါဦး”

“ဤအခန်းထဲသို့ နေ့စဉ် သန့်ရှင်းရေးလာလုပ်နေသည့် အမျိုးသမီးကြီး၏အမည် လို့မေးထားပါတယ်”

“အေးလေ ဖြေလိုက်ကြပေါ့”

“မဖြေနိုင်ရင် အမှတ်မရဘူးပေါ့”

“မပေးဘူး”

ကျောင်းသား အားလုံး မေးခွန်း ၄၉ ခုကို ကောင်းစွာဖြေနိုင်ကြသည်။ သို့သော် နောက်ဆုံးမေးခွန်းက သူတို့အတွက် ပြဿနာဖြစ်နေသည်။ သူတို့အားလုံး ကျောင်းခန်းထဲကို နေ့စဉ်လာပြီး သန့်ရှင်းရေးလုပ်နေသည့် အမျိုးသမီးကြီးကို မြင်ဖူးကြသည်။ သို့သော် မည်သူမှ သူ့နာမည်ကို မသိကြပေ။

အချိန်ပြည့်သွားပြီဖြစ်သောကြောင့် အဖြေစာရွက်များကို ကျောင်းသားများက လာအပ်ကြသည်။ နောက်ဆုံးမှ ပါမောက္ခကြီးက -

“နောက်ဆုံး မေးခွန်းနံပါတ် ၅၀ ဖြေနိုင်ကြရဲ့လား”

“မဖြေနိုင်ဘူး ဆရာကြီး”

“အေးကွ မင်းတို့ဘဝမှာ လူပေါင်းများစွာနဲ့ ရင်ဆိုင်တွေ့ကြုံရလိမ့်မယ်။ တွေ့သမျှလူတွေအားလုံးဟာ သူ့နေရာနဲ့သူ၊ သူ့ကဏ္ဍနဲ့သူ အရေးပါကြတဲ့ သူတွေချည်းပဲကွ။ သန့်ရှင်းရေးကနေ ပါမောက္ခချုပ်အထိ ကိုယ့်အလုပ် ကိုယ်လုပ်မှ ဟောဒီ လောကကြီးတစ်ခုလုံး လည်ပတ်ရှင်သန်နေလို့ရတယ်။ ဆရာတွေက ကျောင်းကိုမလာ၊ တပည့်တွေကလည်း ကျောင်းမတက်၊ သန့်ရှင်းရေးက ပုံမှန်မလုပ်၊ ပါမောက္ခချုပ်ကအစ ကျောင်းလစ်နေရင် ကွက်လပ်တွေဖြစ်သွားတော့မှာပေါ့”

ပါမောက္ခကြီးက နားလိုက်ပြီးဆက်ပြောသည်။

“လူတိုင်းကို လေးစားစွာ ဆက်ဆံရမယ်။ အဆင့်အတန်းမရွေး၊ ရာထူးမရွေး၊ နေရာမရွေး သူ့အလုပ်သူလုပ် နေတာ သူတို့ကို မေ့ထားလို့မရဘူး။ ခုပဲကြည့်လေ မင်းတို့မထင်မှတ်လို့ မေ့လိုက်တဲ့အချက်က မင်းတို့ကို အငိုက်မိသွားစေတော့တာပဲ။ လောကမှာ အားလုံးသိထားသင့်တာတွေချည်းပဲမှတ်ထားကြ တပည့်တို့”

“မေးခွန်းလေး တစ်ခု၊ အမှတ်လေး တစ်မှတ်ဟာ မင်းတို့ဘဝတွေမှာ အရေးအကြီးဆုံးဖြစ်လာမယ့် တစ်ချိန်ချိန် ဖြစ်ကောင်းဖြစ်လာမှာပါ”

■ E01

“ပထမ သူတို့က သင့်ကို
မသိသလိုနေကြလိမ့်မယ်။
နောက် သူတို့က
သင့်ကို ရယ်ကြလိမ့်မယ်။
နောက်တစ်ခါ သင့်ကို
တိုက်ခိုက်ကြလိမ့်မယ်။
နောက်မှ သင်နိုင်မယ်”

Mahatma Gandhi
(Leader of the Indian independence movement)
(1869-1948)



# နည်းလမ်းသစ်များစွာနှင့်

## အင်္ဂလိပ်စာသင်ယူနိုင်မယ့် စင်တာ



အမေရိကန်ပြည်ထောင်စုအခြေစိုက် ကမ္ဘာကျော်ပညာရေးလုပ်ငန်း Pearson Education ပိုင်ဆိုင်တဲ့ Wall Street English စင်တာကို မြန်မာနိုင်ငံမှာ ဖေဖော်ဝါရီလဆန်းက စတင်ဖွင့်လှစ်လိုက်ပါတယ်။

မြန်မာနိုင်ငံက အသက် ၁၇ နှစ်ပြည့်ပြီး အင်္ဂလိပ်ဘာသာစကား သင်ယူလိုသူတွေ မိခင်ဘာသာစကားလို သင်ယူနိုင်ဖို့ နည်းလမ်းတွေများစွာနဲ့ ဖန်တီးပေးထားတယ်လို့ ဒီစင်တာရဲ့အမှုဆောင်အရာရှိချုပ် Marc Nussaume က ဆိုပါတယ်။

နှစ်ပေါင်း ၄၅ နှစ်အတွေ့အကြုံရှိပြီး နိုင်ငံပေါင်း ၂၇ နိုင်ငံမှာ စင်တာပေါင်း ၄၅၀၊ သင်တန်းသားပေါင်း သုံးသန်းကျော်သင်ယူထားပြီးဖြစ်တယ်လို့ Wall Street English စင်တာကနေ သိထားရပါတယ်။

မြန်မာနိုင်ငံစင်တာမှာတော့ ဗြိတိန်ကဆရာနှစ်ဦး၊ အမေရိကန်က ဆရာနှစ်ဦးကနေ ဦးဆောင်သင်ယူစေမှာဖြစ်ပါတယ်။ စာသင်ခန်းတစ်ခန်းကိုတော့ ကျောင်းသားလေးဦး လက်ခံသင်ကြားတာဖြစ်တယ်လို့ ဒီစင်တာကနေ သိထားရပါတယ်။

အင်္ဂလိပ်ဘာသာစကားသင်ယူဖို့ လာရောက်စုံစမ်းတဲ့သူတွေ ဘယ်အဆင့်ကနေ စတင်သင်ယူသင့်တယ်ဆိုတာ ပညာရေးအကြံပေးတွေက ကနဦး ဆွေးနွေးပေးသွားမှာပါ။

အဲဒီနောက် အရည်အချင်းစစ်ဆေးမှုကို စစ်ဆေးနိုင်ပါတယ်။ မိမိနဲ့ကိုက်ညီတဲ့အဆင့်ကနေ စတင်သင်ယူရမှာဖြစ်ပါတယ်။ မိမိသင်ကြားပြီးတဲ့ အဆင့်တိုင်းအတွက် Cambridge တက္ကသိုလ် အသိအမှတ်ပြုတတ်မြောက်မှုစွမ်းရည် ထောက်ခံချက်လက်မှတ် ရရှိမှာဖြစ်ပါတယ်။

အင်္ဂလိပ်ဘာသာစကား လေ့လာသင်ယူမှု အခြေခံအဆင့်ကနေ ကျွမ်းကျင်အဆင့်အထိ အဆင့်ပေါင်း ၂၀ ရှိပြီး အဆင့်တစ်ဆင့်မှာ နှစ်လကြာပါမယ်။ သင်တန်းချိန်ရယ်လို့ သီးသန့်မရှိဘဲ မိမိအဆင့်နဲ့ကိုက်ညီတဲ့သင်တန်း ဘယ်အချိန်မဆို တက်ရောက်သင်ယူနိုင်မှာ ဖြစ်ပါတယ်။

ကုန်ကျစရိတ် တစ်လကို ကျပ်နှစ်သိန်းဖြစ်ပြီး သင်တန်းတက်ရောက်သူတွေဟာ အချိန်ရရင်ရသလောက် လာရောက်လေ့လာနိုင်တယ်လို့ ဒီစင်တာကနေ သိထားရပါတယ်။

သင်ကြားနေစဉ်အတွင်းမှာပဲ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု တိုးတက်လာရင် တိုးတက်လာသလို အဆင့်တူညီတဲ့ စာသင်သားတွေရှိရာကို ကူးပြောင်းသင်ယူစေမှာ ဖြစ်ပါတယ်။ အင်္ဂလိပ်ဘာသာစကား တိုးတက်ကောင်းမွန်ဖို့ ဒီစင်တာမှာ အင်္ဂလိပ်ဘာသာစကားတစ်ခုတည်းကိုသာ ပြောဆိုခွင့်ပေးထားပါတယ်။

ဒ့ါအပြင် မတူညီတဲ့ယဉ်ကျေးမှုပုံစံတွေ၊ ပွဲတော်တွေအကြောင်းကို အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်ဆရာတွေဦးဆောင်မှုနဲ့ ပျော်ရွှင်ရင်းနှီးဖွယ် စာသင်ခန်းပြင်ပ သင်ယူမှုအစီအစဉ်တွေလည်း စီစဉ်ပေးထားပါသေးတယ်။ သင်ကြား၊ သင်ယူမှုအထောက်အကူပြု မာလ်တီမီဒီယာခန်းတွေလည်း ထားရှိပေးထားပါတယ်။

Wall Street English စင်တာမှာ အင်္ဂလိပ်ဘာသာစကား သင်ယူလိုသူတွေအတွက် ဘယ်လိုဝန်ဆောင်မှုပေးနေတယ်၊ ဘာတွေ လာရောက်ဆွေးနွေးတိုင်ပင်နိုင်တယ်ဆိုတဲ့ အကြောင်းအရာတွေ လူထုဆီကိုအသိပေးဖို့ ဖေဖော်ဝါရီလ ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲမှာ ရန်ကုန်မြို့ ပြည်လမ်းမှာရှိတဲ့ Novotel ဟိုတယ်မှာ သတင်းစာရှင်းလင်းသွားမှာဖြစ်တယ်လို့ သိထားရပါတယ်။

ဒီစင်တာမှာ သင်ယူလေ့လာဖို့ စိတ်ဝင်စားလို့ အသေးစိတ်အချက်အလက်တွေ မေးမြန်းဆွေးနွေးလိုတယ်ဆိုရင် တိုက်အမှတ် (၁၁)၊ Junction Square ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း ၀၁-၅၀၃၃၇၀ ကို ဆက်သွယ်နိုင်သလို www.wallstreetenglish.com နဲ့ www.facebook.com/wallstreet-englishmyanmar မှာ ဝင်ရောက်ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။ ■

# ခန်းအကယ်ဒမီအကြောင်း သိကောင်းစရာ

ခန်း အကယ်ဒမီ (Khan Academy) သည် အစိုးရမဟုတ်သော ပုဂ္ဂလိကအဖွဲ့အစည်း (non-profit) အနေနှင့် ပညာရေးလုပ်ငန်းများကို လုပ်ဆောင်နေသော အဖွဲ့အစည်းကြီးတစ်ခုဖြစ်သည်။ ၂၀၀၆ ခုနှစ်ကတည်းက ဆယ်လ်မန် ခန်း (Salman Khan) ဆိုသူက လူတိုင်းပညာလေ့လာသင်ယူနိုင်ရေးအတွက် ထူထောင်ဖွဲ့စည်းခဲ့ သော NGO အဖွဲ့အစည်းတစ်ခုလည်းဖြစ်သည်။

ခန်းအကယ်ဒမီ ပညာပေးအဖွဲ့သည် အွန်လိုင်း YouTube ကတစ်ဆင့် ဗီဒီယိုရှုချက်များဖြင့် ပညာရေးသင်ခန်းစာများကို သင်ကြားပေးလျက်ရှိသည်။ သူတို့သင်ကြားပို့ချပေးမှုများသည် ခပ်တိုတိုနှင့် ထိရောက်သည့် ပို့ချချက်များဖြစ်သောကြောင့် လူကြိုက်များလာခဲ့ကြသည်။

ထို့ပြင် ခန်းအကယ်ဒမီကထူထောင်ထားသည့် Website တွင်လည်း နောက်ဆက်တွဲအနေဖြင့်ဆက်လက်လေ့လာသင့်သည့် သင်ခန်းစာများ၊ လေ့ကျင့်ခန်းများ၊ သရုပ်ပြပုံများစသည်ဖြင့် ဆရာများ ဆက်လက် လေ့လာသင်ကြားနိုင်စရာများကိုလည်း ထည့်သွင်းပေးထားသည်။ အထူးသဖြင့် ပညာရေးနှင့် ပတ်သက်သမျှသော ရင်းမြစ်များအားလုံးကို လေ့လာနိုင် ထည့်သွင်းဖြည့်ဆည်းပေးထားသော ပညာရေးအထောက်အကူပြုထင်ရှားသည့် Website တစ်ခု (https://www.khanacademy.org/) ကိုလည်း ထူထောင်နိုင်ခဲ့သည်။

ခန်း Website တွင် အဓိကအားဖြင့် အင်္ဂလိပ်ဘာသာဖြင့် လေ့လာနိုင်စေရန် စီစဉ်ပေးထားသော်လည်း ဘင်္ဂါလီ၊ ဟင်ဒီနှင့် စပိန်ဘာသာစကားများနှင့်လည်း စီစဉ်ပေးထားမှုများရှိသည်။

ခန်းအကယ်ဒမီကို ဆယ်လ်မန်ခန်းသည် ၂၀၀၄ ခုနှစ်ခန့်ကတည်းက စတင်ကြိုးပမ်းခဲ့သည်။ အင်တာနက်ပေါ်တွင် သူ၏ညီအစ်ကိုဝမ်းကွဲတော်သူတစ်ဦး၏ အကူအညီဖြင့် Yahoo Doodle Images ဆိုသည့် ဝန်ဆောင်မှုကို စတင်ပေးခဲ့သည်။ နောက်မကြာမီ အခြားသော ညီအစ်ကိုဝမ်းကွဲတစ်ဦးနှင့် ပူးပေါင်းပြီး အွန်လိုင်းပေါ်တွင် စာသင်သည့် လုပ်ငန်းကို စတင်လုပ်ကိုင်ကြည့်ကြသည်။

လေ့လာလိုသူများ၏ တောင်းဆိုချက်အရ ခန်းသည် အင်တာနက်ပေါ်တွင် ဗီဒီယိုအစီအစဉ်ဖြင့် ထုတ်လွှင့်နိုင်ရန် စီစဉ်ခဲ့သည်။ YouTube ကိုဆက်သွယ်ပြီး ပညာရေးဆိုင်ရာ ထုတ်လွှင့်မှုများကို စတင်လုပ်ဆောင်ခဲ့သည်။ နောက်ပိုင်းတွင် SmoothDraw ဆိုသည့် ဆော့ဖ်ဝဲကို အသုံးပြုပြီး ပုံများကိုဆွဲတင်သည်။ ပညာရေး အထောက်အကူပြုပုံများကို Wacom တက်ဘလက်အသုံးပြုပြီး ArtRage ဆော့ဖ်ဝဲကို အသုံးပြုကာ ကွန်ပျူတာထဲ ထည့်သွင်းသည်။ သင်ကြားသည့် သင်ခန်းစာများကိုလည်း ကွန်ပျူတာထဲ ထည့်ပြီး အားလုံးပေါင်းစပ်ပြီးမှ YouTube ပေါ်တင်ကာဖြန့်သည်။

၂၀၀၉ ခုနှစ်တွင် ကြည့်ရှုသူများလာပြီး တောင်းဆိုသည့် ပရိသတ်လည်း များလာသောကြောင့် ခန်းသည် အလုပ်ကထွက်လိုက်ပြီး အွန်လိုင်းသင်ကြားရေးလုပ်ငန်းများကို အာရုံစိုက်ကာ လုပ်ဆောင်ခဲ့သည်။ သူက Khan Academy ဆိုသည်ကို တရားဝင်ထူထောင်လိုက်ပြီး အချိန်ပြည့် ပညာပေးလုပ်ငန်းများကို စေတနာ့ဝန်ထမ်း စတင်လုပ်ဆောင်ခဲ့သည်။

ခန်းအကယ်ဒမီသည် စတင်စဉ်က သင်္ချာနှင့်ပတ်သက်သည့် ဗီဒီယိုသင်ခန်းစာများကို အလေးပေးကာ တင်လေ့ရှိသည်။ နောက်ပိုင်း လုပ်ငန်းကိုချဲ့ထွင်ပြီး ဝန်ထမ်းများငှားကာ သမိုင်း၊ စီးပွားရေးပညာ၊ သိပ္ပံနှင့် ဝိဇ္ဇာဆိုင်ရာ ဘာသာရပ်များအပြင် ကွန်ပျူတာသိပ္ပံဘာသာရပ်ဆိုင်ရာတို့ကိုပါ ဗီဒီယိုရှင်းလင်းချက်များဖြင့် အွန်လိုင်းပေါ် လွှင့်ထုတ်နိုင်ခဲ့သည်။

၂၀၁၅ ခုနှစ်တွင် သင်ကြားမှုအထောက်အကူပြု အကြောင်းအရာမျိုးစုံ ခေါင်းစဉ်ပေါင်း ၅၀၀၀ ကျော်ကို လွှင့်ထုတ်တင်ဆက်နိုင်ခဲ့ပြီးဖြစ်သည်။ ထိုအကြောင်းအရာများထဲတွင် ပညာရှင်တို့၏ ရေးသားချက်များ၊ တက္ကသိုလ်ပါမောက္ခ ဌာနမှူးများ၏ ပို့ချချက်များလည်း ပါဝင်ကြသည်။


Guru

ခန်း Website ပေါ်တွင် ဘာသာစကားအမျိုးမျိုးကို ပြန်ဆိုကာ လေ့လာဖတ်ရှုနိုင်သည့် စနစ်များကို ၂၀၁၃ ခုနှစ်က စတင်ပြီးလုပ်ဆောင်နိုင်ခဲ့သည်။ ပထမဆုံး အင်္ဂလိပ်ဘာသာမှ စပိန်ဘာသာသို့ ပြန်ဆိုကြည့်နိုင်မှုကို ၂၀၁၃ စက်တင်ဘာလတွင် စတင်ခဲ့သည်။ ၂၀၁၆ နိုဝင်ဘာလတွင် ခန်းအကယ်ဒမီသည် ဘာသာစကား ၇ မျိုးဖြင့် Website ကို လွှင့်တင်နိုင်ခဲ့သည်။ ဗီဒီယိုသင်ကြားချက်များကိုလည်း ဘာသာပြန်စာတန်းထိုး ၂၀၀၀၀ ခန့် လုပ်ဆောင်ပေးခဲ့ပြီးဖြစ်သည်။

Khan Lab School ကျောင်းကို ခန်းကိုယ်တိုင် ထူထောင်ခဲ့ပြီး ခန်းအကယ်ဒမီနှင့် တွဲဖက်ထားသည်။ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်နေ့တွင် ကာလီဖိုးနီးယားပြည်နယ်၊ မောင်းတိန်းဗျူးတွင် ထိုကျောင်းကို ဖွင့်လှစ်ခဲ့သည်။

ခန်းအကယ်ဒမီသည် အစိုးရမဟုတ်သော ပညာရေးအဖွဲ့အစည်းတစ်ခုဖြစ်သောကြောင့် အလှူရှင်များ၏ ငွေကြေး ထောက်ပံ့မှုများဖြင့် ရပ်တည်ရသည်။ ၂၀၁၀ ပြည့်နှစ်တွင် Google အဖွဲ့အစည်းက ဒေါ်လာ ၂ သန်းလှူဒါန်းခဲ့သည်။ အခြားဘာသာစကားအမျိုးမျိုးသို့ ပြန်ဆိုပြီး ထုတ်လွှင့်တင်ဆက်ပေးနိုင်ရန်ဖြစ်သည်။

၂၀၁၃ ခုနှစ်တွင် ဘီလီယံကြွယ်သူဌေးကြီး ကားလို့စ် စလင်းက စပိန်ဘာသာသို့ ပြန်ဆိုပေးနိုင်ရေးအတွက် ငွေကြေးများ ထောက်ပံ့ခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် AT&T ဆက်သွယ်ရေးကုမ္ပဏီကြီးက ဒေါ်လာ ၂ ဒသမ ၂၅ သန်းလှူခဲ့သည်။

အမေရိကန်ပြည်ထောင်စု ပြည်တွင်းအခွန်ဌာနက ၂၀၁၁ ခုနှစ်ကစတင်ပြီး ခန်းအကယ်ဒမီကို နှစ်စဉ် ဒေါ်လာ ၃၅၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့သည်။ ထိုဌာနကပင် ၂၀၁၅ ခုနှစ်က စတင်ပြီး နှစ်စဉ် ဒေါ်လာ ၅၅၆,၀၀၀ တိုးမြှင့် ထောက်ပံ့ထောက်ပံ့ခဲ့ပြန်သည်။

ယခုအခါတွင် ခန်းအကယ်ဒမီအနေနှင့် အွန်လိုင်းပညာပေးရေးလုပ်ငန်းများကို ခေတ်မီနည်းစနစ်များ၊ ကမ္ဘာ့အရပ်ရပ်မှ ပညာရှင်များနှင့် ပူးပေါင်းပြီး အချိန်မရွေး လေ့လာနိုင်စေရန် အကျိုးဆောင်ပေးလျက်ရှိသည်။ ■ E01

# လိင်ပညာရေး (Sex Education)

## ကျောင်းတွေမှာ လိင်ပညာရေးသင်ကြားရန်လိုသလား


OnlyMyHealth

လိင် (Sex) လို့ပြောလိုက်ရင် ထိတ်စရာ ကြောက်စရာ လန့်စရာဖြစ်သွားလောက်အောင် စိုးမိုးခြောက်လှန့်ခြင်းခံထားရရင် ဒီကိစ္စကြီးဟာ ထူးဆန်းတဲ့ကိစ္စကြီး ဖြစ်နေမှာပဲ။ လိင်ကိစ္စဆိုတာလူတိုင်းနဲ့ ပတ်သက်နေတယ်။ ရှောင်လွှဲလို့မရတဲ့ကိစ္စပဲ။

လိင်ကိစ္စဆိုတာ စူးစမ်းစရာကိစ္စမှန်ပါတယ်။ ဒါပေမဲ့ ကျန်းမာရေးအသိနဲ့ လေ့လာနိုင်တာ ပိုပြီးတော့ သဘာဝကျတယ်။ ဘဝတစ်လျှောက်လုံး မွေးဖွားသည်က သေဆုံးသည်အထိ ကျန်းမာရေးအသွင်နဲ့ ထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်း သင်ကြားဖို့သင့်ပါတယ်။

မိဘတွေနဲ့ အုပ်ထိန်းသူတွေဟာ လိင်ပညာရေးပေးတဲ့သူတွေထဲမှာ အခြေခံကျတဲ့ ကလေးတွေနဲ့ အနီးစပ်ဆုံးသူတွေ ဖြစ်ပါတယ်။ ဒါကြောင့် ကိုယ့်တာဝန်ကို ကိုယ်ကဦးစွာယူပြီး သင်ကြားပြသ ညွှန်ကြားမှုကောင်းတွေ လုပ်ဆောင်ပေးရမယ်။ ကလေးတွေဟာ အိမ်တွေမှာ ကျောင်းတွေထက် လိင်ကိစ္စတွေမှာ ပိုပြီးတော့ လေ့လာစရာတွေရှိပါတယ်။ မိဘနဲ့ အုပ်ထိန်းသူတွေက ဆင်ခြင်စရာရှိတာကို ဆင်ခြင်၊ သင်စရာရှိတာတွေကိုကြိုတင်ပြီး သင်လိုက်ကြရင် ကျောင်းရောက်တော့ ပညာပေးရတာ အဆင်ပြေစေနိုင်ပါတယ်။

လိင်ကိစ္စဆိုတာ ညစ်ညမ်းတယ်၊ မပြောအပ်၊ မကြည့်အပ်၊ မသိအပ်လို့ ယူဆကြတာ များတယ်။ ဟုတ်ပါတယ် ဒါပေမဲ့ ခေတ်သစ်မှာ ဒီကိစ္စတွေဟာ ကလေးတွေကို ပိတ်ပင်တားဆီးထားလို့ ရနိုင်တဲ့ ကိစ္စတွေ မဟုတ်ဘူး ဆိုတာလည်း သဘောပေါက်ထားရမယ်။ ဒါကြောင့် အဆိုးဘက်ကိုတွေးပြီး အဆိုးဘက်ရောက်သွားနိုင်တာထက်၊ အကောင်းမြင်ပေးပြီး အကောင်းဘက်ကို ဆွဲခေါ်နိုင်မယ်ဆိုရင် ပိုကောင်းပါတယ်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းဟာ အရှက်အကြောက်ကြီးတယ်ဆိုပြီး ဖိနှိပ်ထားတတ်ကြတာများပါတယ်။ ဗြိတိန် ပညာရေးမှာတော့ လိင်ပညာရေးကို စနစ်တကျ မသင်လိုက်ရင် အမျိုးသမီးတွေဟာ မြို့တဲ့အနေအထားတွေကို ရောက်သွားတတ်တယ်ဆိုပြီး စည်းရုံးလှုံ့ဆော်မှုတွေ လုပ်နေကြတယ်။ ဆိုလိုတာက လိင်ကိစ္စတွေကို စနစ်တကျ မသင်ရင် လိင်ပိုင်းဆိုင်ရာ ကူးစက်တတ်တဲ့ ရောဂါတွေ ဖြစ်ပွားမှုနှုန်းပိုများနိုင်တယ်။ မသိခြင်းဟာ “ပေါက်ကွဲလုပုံး တစ်လုံး” လို့ တင်စားထားပါတယ်။ အရွယ်ရောက်လာတဲ့ ကလေးတိုင်းဟာ ဗုံးတစ်လုံးစီကို ပိုင်ဆိုင်ထားကြတယ်။ ဘယ်လိုထိန်းသိမ်းထားရမှန်းမသိရင် အချိန်မတိုင်မီပေါက်ကွဲပြီး ပျက်စီးသွားနိုင်တယ်။

ကျောင်းတွေမှာ လိင်ပညာရေးကို ကျယ်ပြန့်စွာသင်ကြားသင့်ပါတယ်။ သင်ကြားတယ်ဆိုတဲ့နေရာမှာလည်း ရှက်စရာကို ရယ်စရာလို ပြောနိုင်တဲ့ဆရာ၊ ညစ်ပတ်တယ်လို့ထင်နေတာကို ကျန်းမာရေးအတွက် ဆင်ခြင်စရာ တွေအနေနဲ့ သင်ကြားပေးနိုင်တဲ့ ဆရာတွေရှိဖို့လိုပါတယ်။

လိင်ပညာရေးနဲ့ လိင်ပညာပေးဆိုတာ လူငယ်တွေ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံသင့်တဲ့ လုပ်ငန်းတစ်ခုလို့ နိုင်ငံတော်အနေနဲ့ သတ်မှတ် လုပ်ဆောင်သင့်ပါတယ်။ ပြန်မရနိုင်တဲ့ ရင်းနှီးမြှုပ်တစ်ခုလို့ထင်ပြီး လွှတ်ပေးထား လိုက်ရင် အရွယ်မတိုင်မီ ပညာရေးလောကနဲ့ ဝေးပြီး အိမ်ထောင်သားမွေးဘဝတွေဖြစ်သွားရပါလိမ့်မယ်။ အဲဒီ အနေအထားဟာ နိုင်ငံတော်အတွက် ဆုံးရှုံးမှုပိုများစေနိုင်ပါတယ်။

ယောက်ျားတိုင်း မိန်းမတိုင်းဟာ ကိုယ်ပိုင်တဲ့အသားနဲ့ အရေပြားတွေကို ထိန်းသိမ်းစောင့်ရှောက်ရမယ်ဆိုတာ ပညာပေးရမယ်။ ထိန်းသိမ်းစောင့်ရှောက်ဖို့ သတင်းအချက်အလက်တွေ ရယူပိုင်ခွင့်၊ သိရှိပိုင်ခွင့်၊ ဆုံးဖြတ် ပိုင်ခွင့်၊ ကျန်းမာသော အန္တရာယ်ကင်း ဆက်ဆံနည်းတွေကအစ စနစ်တကျသင်ကြားပေးနိုင်အောင် ကြိုးစားသင့်ပါတယ်။ ဒါဟာ နိုင်ငံ့အရေးကိစ္စတစ်ခုအနေနဲ့ပါ သတ်မှတ်လုပ်ဆောင်သင့်ပါတယ်။ ■ E01

# ပထမတန်း သင်ရိုးသစ် (ကာယပညာ၊ အနုပညာပန်းချီ)

နေဇာကျော်

အခြေခံပညာရေးကို ၁၂ တန်းပညာရေးစနစ် (KG+12) သို့ ဦးတည်ပြောင်းလဲနေသည်။ ထိုသို့ပြောင်းလဲရာတွင် သင်ရိုးညွှန်းတမ်းများကို တစ်နှစ်ချင်း၊ တစ်တန်းချင်း ပြောင်းလဲသွားမည်ဖြစ်သည်။ ယခုပညာသင်နှစ်တွင် သူငယ်တန်း(KG) ကို သင်ရိုးအသစ်ဖြင့် စတင်ခဲ့သည်။ လာမည့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပထမတန်းကို သင်ရိုးအသစ်ဖြင့် သင်ကြားမည်ဖြစ်သည်။ လာမည့်နှစ် ပထမတန်းသင်ရိုးသစ် ကာယပညာဘာသာရပ်နှင့် အနုပညာ(ပန်းချီ)ဘာသာရပ် မည်သို့ပြဋ္ဌာန်းထားသည်ကို Create Project (သင်ရိုးရေးဆွဲပြုစုရေးအဖွဲ့) ပါဝင်သူများနှင့် The Voice က မေးမြန်းထားသည်များကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

## "ကလေးရဲ့အသက်အရွယ်အလိုက် ဖွံ့ဖြိုးမှုကို အခြေခံပြီး ထည့်သွင်းရေးဆွဲထားတာ ဖြစ်ပါတယ်"

### ဒေါ်နီနီလွင် (မူလတန်းသင်ရိုး၊ ကာယပညာ ဘာသာရပ် ရေးဆွဲရေးအဖွဲ့ဝင်)



ဓာတ်ပုံ - နေဇာကျော်

**Voice ႏ ကာယပညာဘာသာရပ်က အခုစနစ်သစ်မှ စပြီးပြဋ္ဌာန်းတာလား။**

**DNNL ႏ** အရင်ကတည်းက ရှိပါတယ်။ သူငယ်တန်းနေပြီးတော့ ဆယ်တန်းအထိရှိပါတယ်။ ဒါပေမဲ့ ကျောင်းသားကိုင်စာအုပ်မရှိဘူး။ ဆရာလက်စွဲစာအုပ်တစ်ခုပဲရှိတယ်။ ဆရာလက်စွဲက မူလတန်းအောက်ဆင့် (သူငယ်တန်းမှ ဒုတိယတန်းအထိ) တစ်အုပ်ထွက်တယ်။ မူလတန်းအထက်ဆင့် (တတိယတန်းမှ စတုတ္ထတန်းအထိ) အရင်သင်ရိုးအဟောင်းမှာ ရှိပါတယ်။ ကျန်တာကတော့ ဆယ်တန်းအထိ ငါးတန်း၊ ခြောက်တန်း၊ ခုနစ်တန်း၊ ရှစ်တန်း၊ ကိုးတန်း၊ ဆယ်တန်းအထိဆိုပြီး တစ်အုပ်စီရှိပါတယ်။

**Voice ႏ လာမယ့်စနစ်သစ်မှာ ဘာတွေထူးခြားမလဲ။**

**DNNL ႏ** အခုစနစ်သစ်ကတော့ ကျောင်းသားကိုင်ရော၊ ဆရာကိုင်ရော ပြုစုထားပါတယ်။ ထူးခြားချက်က အရင်ဆရာကိုင်စာအုပ်မှာ ဆရာတွေကိုပေးတဲ့ ညွှန်ကြားချက်တွေ၊ လမ်းညွှန်ချက်တွေက စာသားနဲ့ပဲ အကုန်လုပ်ထားတာ။ အခု သင်ရိုးအသစ်မှာကျတော့ ကျောင်းသားကိုင်မှာလည်း ရောင်စုံရုပ်ပုံတွေနဲ့ ကလေးတွေ ပိုပြီးစိတ်ဝင်စားအောင်၊ ဆရာတွေသင်ရတာ ပိုလွယ်ကူအောင် ရုပ်ပုံတွေနဲ့ ဖော်ပြထားတယ်။ ဆရာကိုင်မှာလည်း သင်ရတဲ့ဆရာတွေပိုလွယ်အောင် အသေးစိတ် သင်ကြား၊ သင်ယူမှုလုပ်ငန်းစဉ်၊ သင်ထောက်ကူ၊ အကုန်လုံး ထည့်ပေးထားပါတယ်။ သေချာစီစဉ်ဆောင်ရွက်ထားပါတယ်။

**Voice ႏ သေချာစီစဉ် ဆောင်ရွက်ထားတယ်ဆိုတာ ဘယ်လိုမျိုးပါလဲ။**

**DNNL ႏ** သင်ကြား၊ သင်ယူမှုလုပ်ငန်းစဉ်ကအစ သင်ယူမှုဦးတည်ချက်၊ သင်ထောက်ကူပစ္စည်း၊ အဲဒီမှာပါတဲ့ ရုပ်ပုံတစ်ခုချင်းစီရဲ့ ရှင်းလင်းဖော်ပြချက် စတာတွေကို ထည့်သွင်းထားပါတယ်။ ဘယ်လိုစစ်ဆေး အကဲဖြတ်ရမလဲ။ နောက်ပြီးတော့ ကလေးတွေရဲ့သင်ယူမှုကို စေ့ဆော်ပေးနိုင်အောင် ဘယ်လိုအားပေးတုံ့ပြန် ချက်တွေပေးရမယ်ဆိုတာပါ နမူနာတွေထည့်သွင်းဖော်ပြထားပါတယ်။ ဆရာရဲ့လက်ထဲကိုတော့ ကျောင်းသားကိုင်တစ်အုပ်နဲ့ ဆရာလမ်းညွှန်နဲ့ ထည့်ပေးပါမယ်။ ကျောင်းသားအားလုံးကိုတော့ မပေးတာ။ ထုတ်တော့ ထုတ်မှာပါ။

**Voice ႏ လက်ရှိစနစ်မှာ အခြေခံကျောင်းတွေမှာ ကာယပညာဘာသာရပ်က ပါတယ်။ ဆရာ မရှိတာ၊ သင်ကြားချိန် မသင်ကြားတာမျိုး ရှိတယ်။ ဆိုတော့ ဒီသင်ရိုးမှာ ထည့်ထားတယ်။ တကယ်ရော လက်တွေ့မှာ စနစ်တကျသင်နိုင်ပါ့မလား။**

**DNNL ႏ** သင်နိုင်အောင်လို့တော့ သက်ဆိုင်ရာတာဝန်ရှိတဲ့ အကြီးအကဲတွေလည်း လမ်းညွှန်မှုပေးပြီး အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်သွားမယ်လို့ မျှော်လင့်ပါတယ်။ ဆရာ၊ ဆရာမတွေလည်း တကယ်သင်ယူဆောင်ရွက်နိုင်အောင် ကျွန်မတို့က အစီအစဉ်ဆောင်ရွက်နေပါတယ်။ မူလတန်းအဆင့်မှာ ကာယဆရာ၊ ဆရာမဆိုတာမရှိပါဘူး။ မူလတန်းဆရာ၊ ဆရာမသည် ဘာသာရပ်အားလုံးသင်နိုင်အောင်လို့ ပညာရေးကောလိပ်မှာ လေ့ကျင့်သင်ကြားကတည်းက ကာယပညာကို သေချာသင်နိုင်အောင် စနစ်တကျ လေ့ကျင့်ပေးထားပါတယ်။ ဒါကိုမှ အခုတစ်ခါဒီမှာ သင်ယူခြင်းနဲ့ပတ်သက်ပြီး ဘယ်လိုသင်ရမယ်၊ ဘယ်လိုတွေလုပ်ရမယ်ဆိုတာ အခုသင်တန်းမှာ အသေးစိတ်ပို့ချပါတယ်။ သင်ကြားချိန်က တစ်နှစ်လုံးမှာ ၇၂ ချိန်ရှိပါတယ်။ တစ်ပတ်ကို နှစ်ချိန်။ ကျန်တဲ့ဘာသာတွေမှာတော့ အရံစာသင်ချိန် ထည့်ထားတယ်။ ကျွန်မတို့မှာတော့ ၇၂ ချိန်ကို အပြည့် ရေးဆွဲထားပါတယ်။ ကလေးတွေအတွက် လုံလောက်ပါတယ်။

**Voice ႏ အခုလောလောဆယ် ကျောင်းတွေမှာ ဘာကြောင့် သိပ်မသင်ကြတာပါလဲ။**

**DNNL ႏ** ဘာကြောင့်လဲဆိုတော့ တချို့ကျတော့ နေရာအခက်အခဲရှိတယ်။ သင်ရိုးအသစ်မှာကျတော့ အဆင်ပြေပြေသင်နိုင်အောင် စီစဉ်ထားပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ သင်ယူနိုင်မယ့် လေ့ကျင့်ခန်းတွေ လုပ်ဆောင်မှုတွေကို ထည့်ထားပါတယ်။ အတန်းထဲမှာလည်းသင်နိုင်အောင် ဥပမာ- ခုံတွေဖယ်ပြီးသင်တာ၊ မိုးမရွာဘူးဆိုရင် ကျောင်းအပြင်မှာ နေရာအနည်းငယ်ရှိရင် အဲဒီနေရာအနည်းငယ်မှာ ဘယ်လိုသင်နိုင်မယ်ဆိုတာ စီစဉ်ဆောင်ရွက်ထားပါတယ်။ ဆရာလမ်းညွှန်ချက်ထဲမှာ လမ်းညွှန်ချက်တွေ ရေးပေးထားပါတယ်။ တချို့ကျတော့လည်း စာမေးပွဲကိုပဲ အဓိကထားတဲ့အခါ ဆရာ၊ ဆရာမတွေကလည်း သင်ကြားတာကိုပဲပေါ့။ အရင်တုန်းကဆိုရင် ကာယပညာဘာသာရပ်က မူလတန်းအဆင့်မှာ ၁၄၄ ချိန်ရှိပါတယ်။ တစ်ပတ်ကို လေးချိန်ပါ။ အချိန်ကတော့ ၃၀ မိနစ်ပဲ။ အခုသင်ရိုးသစ်မှာက ၇၂ ချိန်ဆိုပေမယ့် တစ်ချိန်ကို မိနစ် ၄၀ ရှိပါတယ်။ အဲဒါလေးတော့ ကွာဟပါတယ်။

**Voice ႏ ဘယ်နှမျိုးလောက် ထပ်တိုးတာရှိသေးလဲ။**

**DNNL ႏ** အခုပထမတန်းကနေ တတိယတန်းအထိကတော့ သင်ယူမှုနယ်ပယ် လေးခုပေါ့။ သီဆိုလှုပ်ရှားကစားခြင်း၊ ကျန်းမာကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ၊ စုပေါင်းကစားနည်းများ၊ ယှဉ်ပြိုင်ကစားနည်းများဆိုပြီး ထည့်ထားပါတယ်။ ထည့်ထားပြီးတော့ တတိယတန်းအထိ သီဆိုလှုပ်ရှားကို ထည့်ထားတယ်။ ဘာလို့လဲဆိုကလေးက ငယ်သေးတော့ ကာယအချိန်မှာ သူတို့ကို ဆွဲဆောင်တာပေါ့။ သူတို့က ဒါကိုနှစ်သက်တယ်။ လေးတန်း၊ ငါးတန်းကျတော့ နယ်ပယ်သုံးခုပဲဖြစ်သွားပါမယ်။ ကျန်းမာကြံ့ခိုင်လေ့ကျင့်ခန်း၊ စုပေါင်းကစားနည်း၊ ယှဉ်ပြိုင်ကစားနည်းနယ်ပယ် သုံးခုပါ။ ဒီအရွယ်က ကျန်းမာကြံ့ခိုင်ဖို့ ပိုလိုအပ်တာကြောင့် Fitness Exercise တွေ ပိုပြီးထည့်သွင်းထားပါတယ်။

**Voice ႏ ကာယပညာဘာသာရပ်ဘာဖြစ်လို့အရေးကြီးတာလဲ။ အကျဉ်းချုပ်ပြီး ပြောစေလိုပါတယ်။**

**DNNL ႏ** ကာယပညာဘာသာရပ် အရေးကြီးပါတယ်။ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်မှ စိတ်ဓာတ်ကျန်းမာကြံ့ခိုင်ပါမယ်။ ဒါကြောင့်မို့ ခန္ဓာကိုယ် ကျန်းမာကြံ့ခိုင်ဖို့ ကာယပညာက အရေးကြီးပါတယ်။ နောက်ပြီးတော့ ကစားခြင်းဖြင့် သင်ယူခြင်းကလည်း ကလေးတွေအတွက် ပညာသင်ယူနိုင်မှုစွမ်းရည်ကိုပိုပြီးတော့ ထိရောက်အောင်အထောက်အပံ့ပေးပါတယ်။ ဒါကြောင့်အရေးကြီးပါတယ်။ မိဘတွေကို အကြံပြုချင်တာက ကလေးတွေဟာ သူ့အသက်အရွယ်အလိုက် ဖွံ့ဖြိုးမှုမှာ လှုပ်ရှားဆောင်ရွက်မှု လိုအပ်ပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့ ဒီသင်ခန်းစာတွေ ပြင်ဆင်ရေးဆွဲတဲ့အခါမှာလည်း သူ့ကလေးရဲ့အသက်အရွယ်အလိုက် ဖွံ့ဖြိုးမှုကို အခြေခံပြီး ထည့်သွင်းရေးဆွဲထားတာဖြစ်ပါတယ်။ လုပ်ဆောင်မှုတွေ ထည့်သွင်းတဲ့အခါမှာရော၊ ကစားနည်းတွေထည့်သွင်းတဲ့အခါမှာရော ကလေးရဲ့အသက်အရွယ်နဲ့ကိုက်ညီအောင် ကလေးရဲ့ခန္ဓာကိုယ်ဖွံ့ဖြိုးမှု အထောက်အပံ့ပေးနိုင်အောင် ထည့်သွင်းပေးထားပါတယ်။ ■

## "အနုပညာမပါတဲ့ပညာရေးဟာ ပြီးပြည့်စုံတဲ့ပညာရေးမဟုတ်ဘူး"

### ဦးရွှေမြသာ (မူလတန်းသင်ရိုး၊ အနုပညာ(ပန်းချီ) ဘာသာရပ်ရေးဆွဲရေးအဖွဲ့၊ အဖွဲ့ခေါင်းဆောင်)

**Voice ႏ လက်ရှိမှာရော ပန်းချီသင်ကြားမှုက ရှိသလားခင်ဗျ။**

**USMT ႏ** အခုအသစ်မထွက်ခင် နိုင်ငံတော်အစိုးရကနေ ကျောင်းသားကိုင်ဆိုတဲ့စာအုပ် ရှိနေခဲ့ပါတယ်။ ဒါပေမဲ့ နိုင်ငံတော်အစိုးရက ကျောင်းသားကိုင်နဲ့သင်ဖို့ ကြိုးစားခဲ့ပေမယ့် ပေးကားပေး၏ မရဘူးဆိုတဲ့သဘောမျိုးပေါ့။ ကလေးဟာ တကယ်လက်တွေ့မှာကျတော့ ဆရာ၊ ဆရာမတွေက မသင်ပေးနိုင်တာ၊ မသင်တာ၊ တခြားဘာသာတွေကို ဖိပြီးသင်နေတာနဲ့ ဒီကျောင်းသားကိုင်ကိုလည်း မသင်ဘဲဖြစ်ခဲ့ရတယ်။ အခုစာအုပ်ကတော့ ကလေးတွေက စာအုပ်မြင်တာနဲ့ သင်ချင်စိတ်ဖြစ်အောင် နှိုးဆွထားတဲ့စိတ်ပညာဆိုင်ရာ အချက်အလက်တွေ အများကြီးပါတယ်။ ကျောင်းသားကိုင်အဖြစ်ထုတ်ခွင့်မရလို့ ကျွန်တော် အင်မတန်စိတ်မကောင်းဖြစ်ရတယ်။ သူများနိုင်ငံတွေ၊ အာဆီယံနိုင်ငံတွေဖွံ့ဖြိုးပြီး နိုင်ငံတွေကြည့်လိုက်ရင် ပန်းချီ၊ ဂီတ၊ ကာယပညာဘာသာရပ်တွေဟာ မသင်မနေရ ဘာသာရပ်တွေဖြစ်တာကို ကျွန်တော်တွေ့ရှိရတယ်။ ကျွန်တော်တို့ ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်တဲ့အခါ အဲဒီနိုင်ငံတွေက ကလေးတွေ ပျော်ရွှင်စွာ၊ ယုံကြည်ချက်အပြည့်နဲ့သင်ကြားနေတာမြင်ရတဲ့အခါ ကိုယ့်နိုင်ငံက ကလေးတွေလည်း သူများနိုင်ငံမှာပွင့်တဲ့ပန်းလို ဒီလိုအသီးအပွင့်တွေကို ခံစားချင်ပါတယ်။

**Voice ႏ အနုပညာ (ပန်းချီ) ဘာသာရပ်မှာ ကလေးတွေအနေနဲ့ ဘာတွေထူးထူးခြားခြား သင်ယူရမလဲ။**

**USMT ႏ** ထူးထူးခြားခြားဆိုတာထက် ကလေးတွေက ကျောင်းမှာပျော်ရွှင်လာမယ်။ ပန်းချီအနုပညာရဲ့ သဘောတရားက အမြင်အာရုံတွေကို ခံစားရေးသားရတဲ့အတတ်ပညာပါ။ သူတို့ တွေ့ကြုံခဲ့ရတာတွေကို စိတ်ခံစားမှုကတစ်ဆင့် သင်ကြားရတဲ့ အတတ်ပညာပါ။ ဆိုတော့ သူတို့ရဲ့အတွေးအခေါ်၊ အမြော်အမြင်တွေနဲ့ ပေါင်းစပ်လုပ်ကိုင်ရတာဖြစ်လို့ သူတို့ရဲ့ ဖွဲ့ဆို၊ ပြောဆိုမှုတွေဟာ သူတို့ပြောချင်တာတွေ လွတ်လွတ်လပ်လပ် ပြောခွင့်ရတဲ့အတွက် ကျောင်းမှာပျော်လာမယ်။ စိတ်ချမ်းသာမယ်။ ရသခံစားတတ်လာမယ်။ အဲဒီလိုလုပ်ခြင်းအားဖြင့် စုပေါင်းလုပ်ဆောင်တတ်လာမယ်။ တန်ဖိုးထားတတ်လာမယ်။ ရိုးရာယဉ်ကျေးမှုတွေကို ထိန်းသိမ်းတတ်လာမယ်။ ဒီလိုဖြစ်လာမှာပေါ့။ ရိုးရာယဉ်ကျေးမှုထိန်းသိမ်းတာကတော့ အနှစ်ပါပဲဗျာ။

**Voice ႏ ဒီဘာသာရပ်မှာ အပိုင်းဘယ်နှပိုင်းထည့်သွင်းရေးထားပါသလဲ။**

**USMT ႏ** အပိုင်းသုံးပိုင်း ရှိပါတယ်။ ပန်းချီအနုပညာ၊ လက်မှုအနုပညာ၊ ရသခံစားတန်ဖိုးထားတတ်မှုဆိုတဲ့ အပိုင်းသုံးပိုင်းပါပါတယ်။ အပိုင်းသုံးပိုင်းစလုံးက ကလေးတွေကို ဗဟိုပြုသင်ကြားမှာဖြစ်လို့ ကျောင်းသားနဲ့ ပတ်ဝန်းကျင်ကိုပေါင်းစပ်သင်ကြားတာလည်းဖြစ်ပါတယ်။ ပန်းချီ၊ လက်မှု၊ ရသခံစား တန်ဖိုးထားတတ်မှု ရောပေါ့။ စာအုပ်က နားလည်လွယ်တဲ့ပုံစံတွေ၊ အသက်အရွယ်နဲ့ ကိုက်ညီတဲ့ စိတ်လှုပ်ရှားခံစားမှုကို စာအုပ်မှာ ပန်းချီနဲ့ ပုံတွေနဲ့ ပေါင်းစပ်သင်ကြားထားတဲ့အတွက် စိတ်ဝင်စားစရာပိုဖြစ်စေပါတယ်၊ ကလေးရဲ့စွမ်းဆောင်ရည်၊ ကျွမ်းကျင်မှု၊ ပါဝင်ဆောင်ရွက်မှု၊ စိတ်ဝင်စားမှုတွေနဲ့ပေါင်းစပ်တဲ့အခါ ကလေးတွေရဲ့အနုပညာအပေါ် အကြောင်းတရားတွေကို တဖြည်းဖြည်းစိမ့်ဝင် နားလည်လာမှာပါ။ သင်ကြားချိန်ကတော့ စုစုပေါင်း ၃၈ ချိန်ရှိတာပေါ့။ ဒါပေမဲ့ ကျောင်းပိတ်ရက်တွေနဲ့ တခြားကိစ္စတွေနဲ့ဆိုတော့ ၂၈ ချိန်တော့ ကျွန်တော်တို့အပြည့်ရထားတယ်။

**Voice ႏ စစ်ဆေးမှုပုံစံကရော ဘယ်လိုရှိမလဲခင်ဗျ။**

**USMT ႏ** ကလေးတွေအနေနဲ့ ဒီစာအုပ်နဲ့သင်ယူခွင့်ရနေတဲ့အချိန်မှာ သင်ယူနေစဉ် စစ်ဆေးတာမျိုး ရှိပါတယ်။ ဥပမာ- အကြောင်းအရာတစ်ခုခု သင်ယူတဲ့အခါ ကလေးက ဗဟုသုတအားဖြင့် ဘယ်လောက်ရသလဲ၊ ကျွမ်းကျင်မှု ဘယ်လောက်ရသလဲ ဆရာက မှတ်တမ်းစာအုပ်ထားမှာပါခင်ဗျ။ ပန်းချီနဲ့ပတ်သက်လို့ စာမေးပွဲစစ်ဆေးမှုမရှိတော့ ကလေးက ကျောင်းမှာပျော်နေဖို့ အနုပညာနဲ့ပတ်သက်ပြီး ဆက်စပ်တွေးခေါ် ဖန်တီးတဲ့ ဉာဏ်ရင့်သန်လာဖို့ပါ။ ဆရာမကတော့ကလေးတစ်ယောက်ချင်းရဲ့ကျွမ်းကျင်မှုအဆင့်အလိုက် A၊ B၊ C၊ D သတ်မှတ်ထားမယ်ပေါ့။ အနည်းဆုံး လုပ်ဆောင်နိုင်တဲ့ ကလေးတွေကိုလည်း ဆရာတွေက ပိုပြီးပံ့ပိုးလုပ်ဆောင်ပေးသွားမှာပါ။

**Voice ႏ ဘာများထပ်ဖြည့်ပြောဖို့ ရှိမလဲခင်ဗျ။**

**USMT ႏ** ကျွန်တော်တို့နိုင်ငံက နှစ်ပေါင်းခြောက်ဆယ်လောက် အနုပညာသင်ယူခွင့်တွေ အတော်အတန် ဆုံးရှုံးနေခဲ့ရတယ်။ ဒီအချိန်အခါ ပြုပြင်ပြောင်းလဲဖို့ရောက်လာတဲ့ပညာရေးကဏ္ဍအစီအစဉ်မှာ အနုပညာမပါတဲ့ ပညာရေးဟာ ပြီးပြည့်စုံတဲ့ပညာရေး မဟုတ်ဘူး။ ဒါစာဆိုရှိပါတယ်။ နိုင်ငံတကာကလည်း အသိအမှတ်ပြုထားပါတယ်။ မသင်ချင်တာကို သင်ချင်လာအောင် စားချင်စဖွယ်ပြင်ဆင်ကွယ်ဆိုသလိုမြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်ဘာသာရပ်တွေဟာ တကယ်လေးနက်တဲ့ ဘာသာရပ်တွေ ဖြစ်ပါတယ်။ အဲဒါကို သင်ချင်စိတ် ဖြစ်အောင် ရုပ်ပုံကားချပ်တွေနဲ့ ကျကျနနဖြစ်ဖို့လိုအပ်သလို မသင်မနေရဆိုတဲ့အနုပညာ (ပန်းချီ)၊ (ဂီတ)၊ ကာယပညာရပ်တွေကိုလည်း ကျွန်တော်တို့နိုင်ငံ ပြုပြင်ပြောင်းလဲတဲ့အခါ ကျောင်းသားမျိုးဆက်တွေကို အခုကစပြီး ပြောင်းလဲချိန်တန်ပြီဆိုတဲ့အတိုင်း အားလုံးအတူပါဝင်ပြီး သင်ယူနိုင်ဖို့ ကြိုးစားစေချင်ပါတယ်။ ■

# ကမ္ဘာကျော် သားတော်များ

## ရိုမာနို မူဆိုလိုနီ (Romano Mussolini)

ကျော်ဇလ

အာဏာရှင် သားတော်တိုင်းဆိုးကြသည် မဟုတ်။ မူဆိုလိုနီဆိုသည့်အမည်ကြား လိုက်လျှင် ထိတ်လန့်စရာ ကြောက်စရာအဖြစ် မြင်တတ်ကြသည်။ အမုန်တကယ်ကြောက်စရာကောင်းခဲ့သည်မှာ ဘင်နစ်တို မူဆိုလိုနီ (Benito Mussolini) ဖြစ်သည်။ ၁၉၁၉ ခုနှစ်က အီတလီနိုင်ငံတွင် ဖက်ဆစ်ဝါဒထွန်းကားရေးအတွက် ဖက်ဆစ်ပါတီကိုထူထောင်ခဲ့သူတစ်ဦးဖြစ်ပြီး ဒုတိယကမ္ဘာစစ်မတိုင်မီကတည်းက အာဏာရှင် မူဆိုလိုနီဟု အမည်တွင်ခဲ့သူဖြစ်သည်။ ၁၉၄၅ ခုနှစ်တွင် အာဏာရှင်ကြီးသည် ကြိုးဆွဲချပြီး ပြည်သူများ၏ ရက်စက်စွာ အဆုံးစီရင်ခြင်းကို ခံလိုက်ရသည်။ ယခု ပြောမည့်သူမှာ မူဆိုလိုနီ၏ သားသမီး ငါးဦးအနက် လေးဦးမြောက် သားတစ်ဦးဖြစ်သည့် ရိုမာနို မူဆိုလိုနီ အကြောင်းဖြစ်သည်။

သူ့အကြောင်းက ရိုးစင်းလွန်းလှသည်။ အခြားအာဏာရှင်သားတော် သမီးတော်များလို ရှိုင်းစိုင်းရမ်းကားခြင်းမရှိ။ သူ့ကျမှ ထူးခြားစွာဖြင့် ဂီတပညာရှင်တစ်ဦးဖြစ်နေသည်။ သူသည် ဂျပ်ဇ် (Jazz) ဂီတ စန္ဒရားဆရာတစ်ဦး ဖြစ်သည်။ အီတလီနိုင်ငံ ကာပီနာမြို့တွင် ၁၉၂၇ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်နေ့က မွေးဖွားသည်။ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်နေ့တွင် ရောမမြို့၌ ကွယ်လွန်သွားသည်။

ရိုမာနို မူဆိုလိုနီသည် ဂျပ်ဇ်ဂီတပညာရှင်တစ်ယောက်အဖြစ် လူသိလာသည်မှာ ၂၀၀၄ ခုနှစ်တွင်ဖြစ်သည်။ အာဏာရှင်တို့၏ သားသမီးများထုံးစံအတိုင်း သိုသိပ်ကွယ်ဝှက်ကာ ညှိုးငယ်စွာ နေထိုင်ကြရသည်။။ သူ မကွယ်လွန်မှီ ၂ နှစ်ခန့်တွင်မှ Il Duce Mio Padre ဆိုသည့် စာအုပ်ကို သူကိုယ်တိုင်ရေးသားထုတ်ဝေလိုက်ရာ သူ့အကြောင်းရော သူ့ဖခင်အကြောင်းကိုပါ လူတွေကပိုပြီး စိတ်ဝင်စားလာကြသည်။ တစ်နည်းပြောရလျှင် သူ့ဖခင်မူဆိုလိုနီသည် ဟစ်တလာနှင့် စတာလင်တို့လို အာဏာရှင်ဆိုသော်လည်း သိပ်ပြီး မပြင်းထန်သည့် အာဏာရှင်တစ်ဦးအဖြစ် စိတ်ဝင်စားလာခဲ့ကြသည်။

Il Duce Mio Padre (My Father, Il Duce) ဆိုသည့်စာအုပ်သည် အာဏာရှင် မူဆိုလိုနီ၏ သားသမီး ငါးဦးကို ကယ်တင်ထားသည့် စာအုပ်ဖြစ်သည်။ ဖခင်ဖြစ်သူ မူဆိုလိုနီသည် သူ၏ မိခင်အား သူ့ကိုယ်သူ သတ်သေရန် ခိုင်းစေခဲ့သည်။ အကယ်၍ မဟာမိတ်တပ်များက ဖမ်းမိသွားလျှင် အသတ်ခံရမည်ကို ကြိုတင်သိနေသော ကြောင့်ဖြစ်သည်။ ထိုစာအုပ်ထဲတွင်ရေးသားထားသည့် သူ့ဖခင်အကြောင်းများသည် ၉၀ ရာခိုင်နှုန်းခန့် အကောင်းမြင်ရေးသားထားခြင်းဖြစ်သည်။ တိုင်းပြည်နှင့်လူမျိုး ကောင်းစားရေးအတွက် ရိုးသားစွာဖြင့် လုပ်ဆောင်ခဲ့သယောင် ရေးသားထားသည်။

ရိုမာနိုကို ၁၉၂၇ ခုနှစ်တွင် မွေးဖွားစဉ်က သူ့ဖခင်သည် အီတလီနိုင်ငံတွင် ခေါင်းဆောင်တစ်ဦးဖြစ်နေသည်မှာ ငါးနှစ်တိုင်သွားပြီ။ ထိုစဉ်က ကမ္ဘာကျော်တစ်ဦးဖြစ်နေပြီး ဗြိတိန်မှ ချာချီကပင် ချီးကျူးခဲ့ရသူဖြစ်ခဲ့သည်။ ချာချီက မူဆိုလိုနီကို ယဉ်ကျေးပြီး ရိုးသားသည်ဟုပင်ဆိုခဲ့ဖူးသည်။ အီတလီပြည်သူများအတွက် ခေါင်းထဲထည့်ထားသူ တစ်ဦးဟုလည်းချီးကျူးခဲ့ပါသည်။ သားဖြစ်သူ ရိုမာနိုကလည်း သူတို့ အိမ်တော်ကြီးတွင် တစ်ချိန်က တေးဂီတများဖြင့် ဆူညံနေတတ်ကြောင်း အင်တာဗျူးတစ်ခုတွင် ပြောဖူးသည်။

“ကျွန်တော့်ဖေဖေက တယောပညာရှင်တစ်ဦးပါ။ အစ်မတွေကလည်း တယောထိုးတယ်။ အစ်ကိုကြီးဗစ်တိုရီယိုဆိုရင် ချဲလို (တယောအကြီးစား) ထိုးတယ်။ ဖေဖေက ဂန္ထဝင်ဂီတတွေကို ကြိုက်တယ်။ ဒါပေမဲ့ ဂျပ်ဇ်တွေလည်း နားထောင်တတ်တယ်။ ကျွန်တော်တို့က ဂျပ်ဇ်တွေ တီးကြတာလေ” ဟုဆိုသည်။

မူဆိုလိုနီသည် သားသမီးများကို အဆင့်အတန်းမြင့်မြင့်နှင့် စည်းစိမ်ရှိရှိထားသည်။ အခြားသော အာဏာရှင်တို့၏ သားတော် သမီးတော်များကဲ့သို့ပင်




သူတို့တစ်ဘဝတွင် ချမ်းသာစွာ နေထိုင်ကြရသော်လည်း ရိုမာနို ၁၇ နှစ်သားအရွယ်တွင် ကံဆိုးမိုးမှောင်ကျခဲ့ရသည်။ သူ့ဖခင်သည် ဖမ်းဆီးသတ်ဖြတ်ခြင်း ခံလိုက်ရသည်။ သို့သော် ရိုမာနိုတစ်ယောက် ဖခင်လို အာဏာရှင်ဘဝကိုရောက်ရန် ပြန်ပြီး မကြိုးစား။ အီတလီနိုင်ငံသာမက အမေရိကန် ပြည်ထောင်စုတွင် ဖျော်ဖြေသည့် ပွဲများတွင်ပါ လေးစားဖွယ်ကောင်းသည့် ချစ်စရာကောင်းသော ဂီတပညာရှင်တစ်ဦးဖြစ်လာခဲ့ရသည်။

ကလေးဘဝက ဖခင်အနားတွင်နေပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံကာ တေးဂီတသံစဉ်ကို စည်းချက် လိုက်တတ်သည်။ မေးရိုးအကျအန ဖခင်နှင့်တူသော သူ့ရုပ်သွင်မှာ စိတ်ဓာတ်ကအစ ဖခင်နှင့်တခြားဖြစ်နေသည်။ ဖခင်ဖြစ်သူ မကွယ်လွန်မီ ၁၁ ရက်ခန့်က သူစန္ဒရား တီးနေသည်။ သူ့ဖခင်က သူ့အနားရောက်လာပြီး စကားနှစ်ခွန်း ပြောသွားသည်။ ‘ဆက်တီး’ ဆိုသည့်စကားသည် ဖခင်ထံမှ နောက်ဆုံးကြားခဲ့ရသည့် စကားဖြစ်သည်။

တစ်ညတွင် သူတို့မိသားစုသည် စံအိမ်တော်ကြီးရှိ ရုပ်ရှင်ခန်းထဲတွင် ရုပ်ရှင်ကားတစ်ကားကြည့်နေကြသည်။ ည ၁၀ နာရီ အချိန်သို့ရောက်သည့်အခါတွင် သူ့ဖခင်က သူ့ကို အတင်းသွားအိပ်ခိုင်းသည်။ ရိုမာနို အရမ်းစိတ် ဆိုးသည်။ ရုပ်ရှင်မပြီးသေးမီ သွားအိပ်ခိုင်းသောကြောင့်ဖြစ်သည်။ စိတ်ဆိုးပြီး ထွက်သွားသောသားငယ်ကို တကယ်အိပ်နေပြီလားဟု သားအကြီးဆုံးကို လိုက်ကြည့်ခိုင်းသည်။ ရိုမာနိုတစ်ယောက် အိပ်ရာပေါ်တွင်မရှိ။ သူက ဝရန်တာဘက်ထွက်ပြီး သစ်သားသေနတ်ဖြင့် ရုပ်ရှင်ခန်းဘက်ကိုချိန်ကာ သူ့ဖခင်ကို တဒိုင်းဒိုင်းနှင့် ပါးစပ်သေနတ် ပစ်နေတော့သည်။ သူက ငယ်စဉ်က စိတ်ဆိုးပြီး ဖခင်ကို သတ်ချင်ခဲ့ကြောင်း ပြောပြသည်။

မူဆိုလိုနီ မိသားစုသည် ရောမရှိ အလွန်ခမ်းနားသော အိမ်ကြီးတစ်အိမ်တွင် နေထိုင်ကြသည်။ အိမ်တော်ထဲတွင် ကျားသစ်တစ်ကောင်၊ ခြင်္သေ့နှစ်ကောင်၊ ဂဇဲဆိတ်နှစ်ကောင်၊ မျောက်တစ်ကောင်၊ ကြက်တူရွေး၊ မြင်းပုနှစ်ကောင်၊ လိပ်နှစ်ကောင်ကိုလည်း မွေးထားကြသည်။ ယခုတော့ ထိုအိမ်တော်ကြီးကို ဒုတိယကမ္ဘာစစ်အထိမ်းအမှတ် ပြတိုက်အဖြစ် ပြသထားကြသည်။

ရိုမာနိုသည် ဂျပ်ဇ်ဂီတကို အသက် လေးနှစ်သားအရွယ်ကတည်းက အစ်ကိုဖြစ်သူ ဗစ်တိုရီယိုကြောင့် သိခဲ့ရသည်။ ထိုအချိန်က ဂျပ်ဇ်ဂီတကို အီတလီနိုင်ငံတွင် ဝေဖန်နေကြချိန်ဖြစ်သည်။ သူတို့ ဓာတ်ပြားများကို နားထောင်ကြခြင်းဖြစ်သည်။ ဖက်ဆစ်ဝါဒ သဘောတရားအရဆိုလျှင် အနောက်တိုင်း ဂျပ်ဇ်ဂီတကို လက်ခံစရာ အကြောင်းမရှိပေ။

၁၉၄၁ ခုနှစ်မှ ၁၉၄၃ ခုနှစ်ကာလများအတွင်း အီတလီနိုင်ငံတွင် ဂျပ်ဇ်ဂီတကို ပိတ်ပင်ထားသည်။ ရိုမာနိုသည် စန္ဒရားကို ကိုယ်တိုင်လေ့လာသင်ယူနိုင်အောင်ကြိုးစားသည်။ သူတီးခတ်နေသည်က ပိတ်ပင်ထားသည့် ဂျပ်ဇ်တွေဖြစ်နေသည်။ ထို့ပြင် သူက ဂျာမနီစစ်တပ်မှ ဂီတပညာရှင်တစ်ဦးကိုအိမ်တော်သို့ ခေါ်ပြီး သူ့ကိုမြို့စား အယ်လင်တန်၏ သီချင်းပေါင်းများစွာ တီးခတ်နိုင်ရန် သင်ကြားခိုင်းသည်။

ရိုမာနိုသည် ဖခင်ဖြစ်သူကိုယ်တိုင် ဂျပ်ဇ်ဂီတကို ပိတ်ပင်ထားသည့်ကြားက မြတ်နိုးစွာ ခိုးတီး၊ ခိုးသင်သည်။ ဖက်ဆစ်ဝါဒကို အီတလီနိုင်ငံတွင် လွှမ်းမိုးစေရန် လုပ်ဆောင်နေသည့်ကာလတွင် အမေရိကန်အနုပညာရှင်များ၏ ဂီတအထူးသဖြင့် လူမည်းများ ဖန်တီးသည့် ဂီတကို ပိတ်ပင်ထားသည်။ လူမည်းဂီတပညာရှင်များ၏ သီချင်းများကို နားထောင်လိုလျှင် အီတလီအမည်ပြောင်းပေးပြီး နားထောင်ကြရသည်။ ဥပမာ အမေရိကန် အဆိုကျော်လူးဝစ်အမ်းစ်ထရောင်းကို လူဂီဖော်တီဘရာစီယိုအဖြစ်သာ အီတလီတွင် သိကြသည်။

၁၉၄၅ ခုနှစ် ဧပြီလ ၂၅ ရက်နေ့တွင် မဟာမိတ်တပ်က အီတလီနိုင်ငံမြောက်ပိုင်းကို ဝင်ရောက်လာကြသည်။ မူဆိုလိုနီနှင့် ဇနီးဖြစ်သူတို့ ဆွစ်ဇာလန်နိုင်ငံဘက်ကို ထွက်ပြေးကြသည်။ ထိုမှတစ်ဆင့် စပိန်ကို လေယာဉ်ဖြင့် သွားကြရန် စီစဉ်ထားသည်။ ဧပြီ ၂၇ ရက်နေ့တွင် ဒွန်ဂိုရွာလေးအနီးတွင် ကွန်မြူနစ်ပါတီဝင်များက သူတို့ကို ဖမ်းမိကြသည်။ နောက်တစ်နေ့တွင် သူတို့လင်မယားနှစ်ဦးစလုံးကို ပစ်သတ်လိုက်ကြသည်။ ဧပြီ ၂၉ ရက်နေ့တွင် သူတို့အလောင်းများကို မီလန်သို့ယူဆောင်သွားပြီး အက်ဆိုဓာတ်ဆီဆိုင် ခေါင်မိုးတွင် ဇောက်ထိုးဆွဲကာ ပြသထားခြင်း ခံခဲ့ရသည်။ ပြည်သူအများက ထိုအလောင်းများကို ခဲဖြင့်လာပေါက်ပြီး တုံ့ပြန်ခဲ့ကြသည်။

ရိုမာနိုသည် ညီအစ်ကို မောင်နှမများနှင့်အတူ အီတလီနိုင်ငံအတွင်း လှည့်ပတ်ကာ ပုန်းအောင်းနေထိုင်ကြရသည်။ သူတို့ကို အာဏာရှင်သားသမီးများအဖြစ် အချိန်မရွေးဖမ်းပြီး လက်စားချေနိုင်သောကြောင့် ဖြစ်သည်။ သူတို့သည် ၁၉၄၇ ခုနှစ်ရောက်မှ လွတ်ငြိမ်းချမ်းသာခွင့်ရရှိခဲ့ကြသည်။ ဖခင်ဖြစ်သူအလောင်းကိုလည်း သေဆုံးပြီး ၁၂ နှစ်ကြာမှ သူတို့ပြန်လည်မြှုပ်နှံခွင့်ရခဲ့သည်။

၁၉၆၆ ခုနှစ်တွင် ကျန်ရစ်သော မိသားစုသည် မပြောမဆိုနှင့် အမေရိကန်ပြည်ထောင်စုအစိုးရ၏ ဖိတ်ကြားချက်ကြောင့် အမေရိကသို့ ထွက်ခွာသွားခဲ့ကြသည်။ သူတို့နှင့်အတူ မူဆိုလိုနီ၏ ဦးနှောက်ကိုပါ အတူယူသွား ကြသည်။ ဝါရှင်တန်ရှိ ဝေါလ်တာရိဒ် တက္ကသိုလ်တွင် မူဆိုလိုနီ၏ ဦးနှောက်ကို ခွဲစိတ်စစ်ဆေးကြည့်ကြသည်။ အဘယ်ကြောင့် ဤမျှကြမ်းကြုတ်ရက်စက်သည့် အပြုအမူများကို လုပ်ဆောင်ခဲ့ရကြောင်း စမ်းသပ်ခဲ့ကြခြင်း ဖြစ်သည်။ သို့သော် ရလဒ်မှာ သူလိုငါလို လူသားတစ်ဦးနှင့် မခြားနားဆိုသည့် အဖြေထွက်လာခဲ့သည်။

လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် အေးချမ်းစွာ နေထိုင်ချိန်ရောက်လာသည့် အခါတွင် ရိုမာနိုသည် ဂျပ်ဇ်ဂီတဝိုင်း အဖွဲ့တစ်ဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်တီးခတ်ခွင့်ရလာသည်။ သူတီးမှုတ်ဖျော်ဖြေခွင့်ရသောတီးဝိုင်းသည် Ischia ဆိုသည့် နိုက်ကလပ်တစ်ခုတွင်ဖြစ်ပြီး စားသောက်ဆိုင်နှင့် တွဲဖွင့်ထားသည်။ သူက အင်္ဂလိပ်စန္ဒရားဆရာ ဂျော့ရှုရားရင်းစတိုင်ဖမ်းကာ တီးခတ်သည်။ နောက်ပိုင်း အန်ဒရေ ပရီဗင်ပုံစံဖမ်းပြန်သည်။ ရိုမာနိုသည် စာရင်းကိုင်အလုပ်ကိုလည်း လုပ်သေးသည်။ တက္ကသိုလ်တွင် စီးပွားရေးပညာရပ်ကို သွားသင်သည်။ သို့သော် ကျောင်းပြီးအောင်မတက်ခဲ့ရ။ အဆုတ်ရောဂါကြောင့် ကျောင်းထွက်ခဲ့ရသည်။

ရိုမာနိုသည် ဖခင်နှင့် အတော်လေးတူသည်။ သို့သော် သူ့ကိုယ်သူ လမ်းဘေးတွင် ဖြစ်သလိုနေပြီး စိတ်လွတ် ကိုယ်လွတ် တီထွင်တတ်သော အနုပညာရှင်တို့၏ စတိုင်အတိုင်း လွတ်လပ်ပေါ့ပါးစွာ နေထိုင်လေ့ရှိသည်။ တစ်မြို့ပြီးတစ်မြို့လှည့်သွားပြီး နောက်ဆုံး တောမြို့လေးဖြစ်သည့် ရိုမက်နာသို့ရောက်လာသည်။

တောတွင် သူက ဝက်တွေ ကြက်တွေ မွေးသည်။ ဂရပ်ဖစ်အနုပညာရှင်လည်း လုပ်လိုက်သေးသည်။ မွေးမြူရေးကလည်း စီးပွားပြုတ်လုမတတ် အရှုံးပြသွားသည်။ နောက်ဆုံး သူဆွဲထားသည့် ပန်းချီကားတွေရောင်းပြီး ပြန်မတ်ထူရသည်။ ဆပ်ကပ်ပွဲထဲတွင် လူရွှင်တော်တွေ၏ မျက်နှာကို ဆေးခြယ်ပေးရသည်။ နောက်ပိုင်း ဆပ်ကပ်ထဲတွင် ဂျပ်ဇ်ဂီတဖြင့် ဖျော်ဖြေပေးခွင့်ရလာသည်။

သူ့ကို လူတွေ သတိပြုလာမိကြသည်က ၁၉၅၆ ခုနှစ် ဆမ်ရီမိုဂျပ်ဇ်ဂီတပွဲတော်တွင်ဖြစ်သည်။ ဖခင်နှင့် မိမိ၏ မျိုးရိုးနာမည်ကို မသိစေလိုသောကြောင့် ‘မူဆိုလိုနီ’ ဆိုသည့်အမည်ကို မထည့်ရဲ။ ရိုမာနိုဖူးလ်ဆိုသည့် အမည် ဝှက်ဖြင့် ဂီတပွဲကို ဝင်နွှဲရသည်။ နောက်ပိုင်း လူတွေက သူ့ဂီတကို တဖြည်းဖြည်း လက်ခံလာခဲ့ကြသဖြင့် ကျော်ကြားလာခဲ့သည်။

ထိုစဉ်က ရောမတွင် ခေတ်စားသည့် နိုက်ကလပ်တစ်ခုဖြစ်သော Bussola of Viareggio တွင် ဖျော်ဖြေခွင့် ရလာသည်။ သူနှင့်တွဲဖက်ဖျော်ဖြေရသည့် တေးသံရှင်မှာ အီလာ ဖစ်ဂျရဲလ်နှင့် ပလက်တာတို့ဖြစ်သည်။

ရိုမာနိုသည် အမေရိကန်ပြည်ထောင်စုသို့လည်း သွားရောက်ဖျော်ဖြေခွင့်ရခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် အီတလီနိုင်ငံကပေးအပ်သည့် ဂီတဂုဏ်ပြုဆုရသည်။ ကနေဒါ၊ မက္ကဆီကို၊ ဗင်နီဇွဲလား၊ သြစတြေးလျ၊ တောင် ကိုရီးယား၊ ကင်ညာ၊ ဂျာမနီ၊ ရုရှား၊ ဗြိတိန်နိုင်ငံများသို့ လှည့်လည်ဖျော်ဖြေခွင့်များ ရခဲ့သည်။

၂၀၀၄ ခုနှစ်တွင်မှ သူက Il Duce Mio Padre (My Father, Il Duce) ဆိုသည့်စာအုပ်ကို ထုတ်လိုက်သဖြင့် သူ့ကို မူဆိုလိုနီ၏သားမှန်း လူတွေက သိလာကြသည်။ ထိုစာအုပ်ပါ အကြောင်းအရာများသည် သူ့ဖခင်၏ နောက်ဆုံးနေ့များပါနေပြီး အချက်အလက်တွေက ခိုင်လုံကြောင်းပြရန် ခက်ခဲလှသည်။ သို့သော် ရိုမာနိုက အချက်အလက်များ မှန်ကန်ကြောင်း သက်သေပြရန် အထောက်အထားများသည် ပြေးရင်း လွှားရင်း ပျောက်ပျက်ကုန်ပြီဟုဆိုသည်။

၁၉၆၂ ခုနှစ်တွင် ရိုမာနိုသည် အန်နာ မာရီယာ ဗီလာနီ ဆစ်ကိုလိုနီဆိုသူနှင့်လက်ထပ်သည်။ မာရီယာသည် ကမ္ဘာကျော် ရုပ်ရှင်မင်းသမီးကြီး ဆိုဖီယာလောရင်း၏ အစ်မဖြစ်သည်။ သူတို့တွင် သမီးနှစ်ဦး ထွန်းကားခဲ့သည်။ အသက် ၇၈ နှစ်အရွယ် ၂၀၀၆ ခုနှစ်တွင် မထင်မရှားနှင့်ပင် ကွယ်လွန်သွားခဲ့ရသည်။ အာဏာရှင် တစ်ဦး၏ သားဖြစ်သော်လည်း ဖခင်၏ အရိပ်မည်းကြီးကိုကြောက်ပြီး တစ်သက်လုံး ပုန်းကွယ်ကာ နေထိုင်သွားခဲ့ရသူဖြစ်သည်။ ■

**(Ref : Romano Mussolini, The Telegraph; The Independent)**

သန့်ဇင်ဦး

**ရွှေသံစဉ် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ဝင်းထွန်းထွန်းက ' ဗီဇ ' ရုပ်ရှင်ဇာတ်ကားကို သရုပ်ဆောင် လူမင်း၊ သူထူးစံ၊ နေဒွေး၊ ကြက်ဖ၊ သင်ဇာဝင့်ကျော်၊ မေကဗျာတို့နဲ့ ယခုလအတွင်း ရိုက်ကူးသွားတော့မှာပါ။ ဒီဇာတ်ကားမှာပါဝင်မယ့် အနုပညာရှင်အချို့ရဲ့ ဇာတ်ကားနဲ့ ပတ်သက်တဲ့ ခံစားမှုတွေ၊ ဇာတ်ကောင်စရိုက်တွေအကြောင်းကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**

## လူမင်း


ဓာတ်ပုံ- သန့်ဇင်ဦး

ဒါရိုက်တာ ကိုဝင်းထွန်းထွန်းနဲ့ကတော့ ဇာတ်ကားတွေအများကြီး လက်တွဲပြီး ရိုက်ခဲ့ဖူးပါတယ်။ မှတ်ကျောက်တင်နိုင်ခဲ့တဲ့ ကားတွေလည်း အများကြီး ရိုက်ခဲ့ဖူးပါတယ်။ အခုနောက်ပိုင်းမှာက ဟာသကားတွေပဲ အရိုက်များကြတယ်။ သူက ဟာသကား မရိုက်တဲ့ ဒါရိုက်တာဆိုတော့ မဆုံဖြစ်တာ ကြာသွားတာပေါ့နော်။ သူနဲ့ ပြန်ဆုံပြီး ရိုက်ရမှာဆိုတော့ ဇာတ်လမ်းကအစ၊ ဝိုင်းပြီးတော့ တိုင်ပင်ဆွေးနွေးကြတယ်။ ဒီကားက ရွှေသံစဉ်ထုတ်လုပ်ရေးရဲ့ ပိုင်ရှင်ဖြစ်တဲ့ ကိုဇော်ဇော်ရေးတဲ့ ဇာတ်လမ်းကို ရိုက်မှာပါ။ ထုတ်လုပ်သူတစ်ယောက်က ဇာတ်လမ်းအပေါ်မှာ ရှုးသွပ်မှုရှိတာကို ကိုယ်တို့အနုပညာဖန်တီးသူတွေက ပိုဝမ်းသာတယ်။ ကြိုလည်းကြိုဆိုပါတယ်။ ဒီကားလေးကတော့ အားလုံးဝိုင်းဝန်းပြီးတော့ ပူးပေါင်းဖန်တီးကြမယ့် ဇာတ်လမ်းပါ။ ဒီကားမှာ ကိုယ့်ကာရိုက်တာက ခါတိုင်းလုပ်နေကျလို သူဌေးကြီးတစ်ယောက်ပဲဆိုပေမယ့် ထူးခြားမှုတော့ ရှိပါတယ်။ ဘဝမှာ လေလွင့်နေတဲ့ ချာတိတ်တွေနဲ့ အရာရာကို သိနေတဲ့ ဘဲကြီးတစ်ပွေရဲ့ ဇာတ်လမ်းမျိုးပါ။ လူတွေမှာ ဗီဇ ဆိုတာက တစ်ယောက်နဲ့ တစ်ယောက်မတူကြဘူး။ ဆူကြံ့နိမ့်မြင့် မတူကြဘူး။ လူတွေမှာရှိတဲ့ စရိုက်တွေကို ဒါရိုက်တာက ဖော်ညွှန်းရိုက်ကူးသွားမှာပါ။


ဓာတ်ပုံ- သန့်ဇင်ဦး

## ထုတ်လုပ်သူ ကိုဇော်ဇော်

ရွှေသံစဉ်ထုတ်လုပ်ရေးကို လုပ်ဖြစ်တာကတော့ အစ်ကိုကလည်း အနုပညာအလုပ်ကို နဂိုကတည်းက ဝါသနာပါတယ်။ စီးပွားရေးတစ်ရပ်အနေနဲ့လည်း လုပ်ချင်တဲ့အတွက် စလုပ်ဖြစ်တာပါ။ ပထမဆုံးဇာတ်ကားအနေနဲ့ အစ်ကိုကိုယ်တိုင်ရေးထားတဲ့ ဇာတ်လမ်းကို ရိုက်ဖြစ်တာကတော့က အစ်ကို့မှာ ဝါသနာအရ ရေးထားတဲ့ ဇာတ်လမ်းတွေရှိပါတယ်။ အစ်ကို့ပတ်ဝန်းကျင်က လူတွေရဲ့ အတွေ့အကြုံတွေကို လိုက်လေ့လာတယ်။ ဒီဇာတ်လမ်းမှာပါတဲ့ လူတွေရဲ့စရိုက်တွေဆိုလည်း အစ်ကိုကိုယ်တိုင်ကို လေ့လာထားတာပါ။ ဒီဇာတ်လမ်းကို အစ်ကိုအိမ်မှာ ရေးတာ တစ်လလောက်ကြာပါတယ်။ ရေးပြီးတော့ နားလည်တတ်ကျွမ်းတဲ့ သူတွေနဲ့ တိုင်ပင်တယ်။ ဒီဇာတ်လမ်းကို ကျွန်တော် ရုပ်ရှင်ရိုက်ချင်တယ်။ အဆင်ပြေနိုင်ပဲ့မလားဆိုပြီးပြကြည့်တယ်။ မရိုက်ခင်မှာ ဒါရိုက်တာနဲ့ အစ်ကိုတို့ ငါးခါလောက် တွေ့ဆုံဆွေးနွေးတယ်။ ဒီဇာတ်လမ်းလေးက အက်ရှင်လည်းပါတယ်။ ဒရာမာလည်းပါပါတယ်။ ဇာတ်လမ်းရဲ့ ရည်ရွယ်ချက်ကတော့ အရမ်းချမ်းသာတဲ့ လူတွေမှာလည်း မွေးကတည်းက ပါလာတဲ့ ဗီဇဆိုတာရှိတယ်။ ဆင်းရဲတဲ့သူတွေမှာလည်း သူတို့ရဲ့ ဘဝအခြေအနေပေါ် မူတည်ပြီး ဖြစ်လာတဲ့ ဗီဇဆို တာရှိတယ်။ အဓိကကေတော့ လူတွေမှာရှိတဲ့ စရိုက်တွေက ဖျောက်ဖို့ခက်တယ်ဆိုတာကို ပြမှာပေါ့နော်။ အစ်ကိုတို့ ထုတ်လုပ်ရေးကနေ နောက်ထပ် ရုပ်ရှင်ဇာတ်ကားတွေ ဆက်ရိုက်သွားဖို့လည်း စီစဉ်ထားပါတယ်။

## ဒါရိုက်တာ ဝင်းထွန်းထွန်း


ဓာတ်ပုံ- သန့်ဇင်ဦး

ဟာသကားတွေ အရိုက်များနေတဲ့ခေတ်ထဲမှာ ကိုယ်တို့က ဒီလိုဇာတ်ကားမျိုးကို စွန့်စားပြီး ရိုက်ရတာပါ။ ဒီကားမှာ ဒရာမာပါမယ်။ အက်ရှင်ပါတယ်။ ဇာတ်လမ်းရဲ့အလှည့်အပြောင်းတွေပါမယ်။ လူတန်းစားနှစ်ရပ်ရဲ့ ဗီဇကွာဟမှုတွေပါမယ်။ ချမ်းသာတဲ့ လူတွေနဲ့ ဆင်းရဲတဲ့လူတွေမှာ သူတို့မွေးကတည်းကပါလာတဲ့ ဗီဇက ပြောင်းလဲမှု ရှိလာ။ ချမ်းသာတဲလူက ဆင်းရဲတဲ့ ပတ်ဝန်းကျင်ကို ရောက်သွားရင် ဗီဇပြောင်းလား။ ဆင်းရဲတဲ့လူကရော ချမ်းသာတဲ့ ပတ်ဝန်းကျင်ကိုရောက်သွားရင် ဗီဇပြောင်းလား။ ပတ်ဝန်းကျင်ကြောင့် လူတွေရဲ့ဗီဇက ပြောင်းလဲ တတ် လား၊ မပြောင်းလဲတတ်လားဆိုတာကို ကိုယ်တို့ရိုက်ကူးပြမှာပါ။ ဒီလိုစရိုက်မကောင်းတဲ့ လူတွေကြားထဲကို မျိုးရိုးကောင်းကနေဆင်းသက်လာတဲ့၊ ဗီဇကောင်းတဲ့သူ ရောက် သွားရင်ရောဘာဖြစ်မလဲဆိုတာကို ကျွန်တော် တို့ပြမှာပါ။ ဒီဇာတ်ကားမှာ ဇာတ်လမ်း၊ ဇာတ်အိမ်ကိုလည်း ဆန်းသစ်အောင် ကျွန်တော်တို့လုပ်ထားတယ်။ သရုပ်ဆောင်တွေဆိုလည်း အင်အားအပြည့်ဖြည့်ထားပါတယ်။ ဒီကားမရိုက်ခင်မှာ ကျွန်တော်တို့ သုံးလလောက် ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားပါတယ်။ ဒီလိုဇာတ်ကားမျိုးတွေများများ ရိုက်နိုင်ဖို့ ပရိသတ်တွေရဲ့အားပေးမှုက အဓိကကျပါတယ်။

## သူထူးစံ

ဒီဇာတ်ကားကတော့ ကွာဟ နေတဲ့ လူတန်းစားနှစ်ရပ်ရဲ့ အကြောင်းကို ရိုက်တာ ပေါ့နော်။ လူတန်းစား ကွာဟတယ် ဆိုတဲ့နေရာမှာလည်း ဆင်းရဲတာ၊ ချမ်းသာတာတစ်ခုတည်းမဟုတ်ဘူးပေါ့။ အကျင့် စရိုက်တွေ၊ အတွေးအခေါ်တွေ ပါပါလာတာ ပေါ့နော်။ ကိုလူမင်းက တော့ ဒီကားမှာ အဓိကပေါ့။ သင်ဇာဝင့်ကျော်ရဲ့ အစ်ကိုနေရာက သရုပ်ဆောင်မှာပါ။ သူကတော့ ထောင်ထွက်၊ မိဘမဲ့ လူမိုက်ပေါ့။ ဒီဇာတ်ကားက ဇာတ်လမ်းအနေနဲ့ကတော့ ရှေ့မှာလည်း ရိုက်ဖူးကြတာပဲလေ။ တစ်ခုရှိတာက ကျွန်တော် တို့ ဇာတ်ကားမှာ ပေးချင်တဲ့ Mesaage ကတော့ ချမ်းသာတဲ့လူတွေထဲမှာလည်း ကောင်းတဲ့သူ ရှိသလို၊ မကောင်းတဲ့သူရှိတယ်။ ဆင်းရဲတဲ့သူတွေထဲမှာလည်း ကောင်းတဲ့သူရှိ သလို၊ ဆိုးတဲ့သူတွေလည်း ရှိတယ်။ အမှန်တော့ လူတန်းစား ကွာဟသလို၊ လူတွေမှာ အကျင့်စရိုက်တွေကလည်း ကွာဟကုန်တယ်။ အဓိကကတော့ လူတစ်ယောက် ချင်းစီမှာရှိတဲ့ အတ္တတွေကို လျှော့လိုက်ရင်တော့ အဆင်ပြေတာပေါ့နော်။ အတ္တတွေကို မလျှော့ရင်တော့ ပြဿနာတွေတက်ပြီး ဒုက္ခတွေ ရောက်ကြတယ်ဆိုတာကို ကျွန်တော်တို့က ရိုက်ပြမှာပါ။


ဓာတ်ပုံ- သန့်ဇင်ဦး

## မေကဗျာ

ဒီကားမှာ ညီမရဲ့ကာရိုက်တာကတော့ မင်းသားတွေနဲ့အတူ ကျူးကျော်ရပ်ကွက်မှာနေတဲ့ သူငယ်ချင်းတွေပေါ့နော်။ ငွေလိုလို့ ဘဝကို ရင်းပြီးတော့ ငွေရှာခဲ့ကြတယ်ပေါ့။ မကောင်းတဲ့ အလုပ်တွေမှာ ကျင်လည်ကြတယ်။ စားသောက်ကြတယ်။ ပျော်ပါးကြတယ်ပေါ့။ စရိုက်ဆန်ဆန်နေကြတဲ့ သူငယ်ချင်းအုပ်စုပေါ့။ ဒီကားမှာ ကဗျာ့အခန်းကတော့ အများကြီးမပါပါဘူး။ သူငယ်ချင်းအုပ်စုတွေထဲမှာ ထရီဇာဆိုတဲ့ ကောင်မလေး နေရာက သရုပ်ဆောင်ရမှာပါ။ တစ်ကားလုံးခြုံကြည့်ရင်တော့ ဒီကားမှာ ကိုယ်က အဓိကမဟုတ်ပါဘူး။ အခုနောက်ပိုင်းတော့ ကိုယ့်ကို လာပြောတဲ့ ဇာတ်လမ်း လေးတွေက အဆင်ပြေတယ်။ ကိုယ်လည်းကြိုက်တယ်ဆိုရင် ရိုက်ဖြစ်ပါတယ်။ အရင်တုန်းကလို ဇာတ်ကားတွေ သိပ်မရိုက်ဖြစ်ဘူး ဆိုတာက ကဗျာက စီးပွားရေးအနေနဲ့ ဖက်ရှင်ဆိုင်လည်း ဖွင့်ထားလို့ပါ။ ဆိုင်မှာက လည်း ကိုယ်မရှိလို့မဖြစ်တော့ ကိုယ်နဲ့ အဆင်ပြေတဲ့၊ တကယ် ရိုက်ချင်တဲ့ ဇာတ်လမ်းမျိုးတွေပဲ ရိုက်ဖြစ်နေပါတယ်။


ဓာတ်ပုံ- သန့်ဇင်ဦး


soompi.com

## ချစ်သူများနေ့မှာ ချောကလက်လက်ဆောင် အပေးချင်ဆုံး သရုပ်ဆောင်အဖြစ် ရွေးချယ်ခံရတဲ့ ဂေါင်ယိုး

ဆိုးလ်၊ ဖေဖော်ဝါရီ ၁၅

တောင်ကိုရီးယားနိုင်ငံရှိ အမျိုးသမီးတွေက ချစ်သူများနေ့မှာ ချောကလက် လက်ဆောင်အပေးချင်ဆုံး သရုပ်ဆောင်အဖြစ် ဂေါင်ယိုးက ရွေးချယ်ခံရကြောင်း kpop herald.com မှာ ဖော်ပြထားပါတယ်။

ကိုရီးယားအမျိုးသား၊ အမျိုးသမီး အယောက် ၁၇၀၀ကို စစ်တမ်းကောက်ယူခဲ့ရာမှာတော့ ချစ်သူများနေ့မှာ ၎င်း တို့ ချောကလက် လက်ဆောင် အပေးချင်ဆုံး သရုပ်ဆောင်အဖြစ် ဂေါင်ယိုးက ရွေးချယ်ခံရတာ ဖြစ်ပါတယ်။

ဂေါင်ယိုးရဲ့ နောက်မှာတော့ ပ့ါခ်ဘိုဂမ်၊ လီဒေါင်ဝတ်၊ ဆောင်ဂျွန်ကီ၊ ပ့ါခ်ဆိုဂျွန်၊ လီမင်ဟိုနဲ့ ဟွမ်ဘင်း၊ ဂျိုအင်ဆောင်တို့က အစဉ်လိုက်ရပ်တည်ခဲ့ကြတာဖြစ်ပါတယ်။

ကိုရီးယားနိုင်ငံအခြေစိုက် အောင်သွယ်ကုမ္ပဏီတစ်ခုကလည်း ချစ်သူများနေ့မှာ အတူရှိနေချင်တဲ့ အနုပညာရှင်ကို ရွေးချယ်ပေးဖို့ အမျိုးသမီးအယောက် ၂၀၀ ကို စစ်တမ်း ကောက်ယူရာမှာ ၄၀ ရာခိုင်နှုန်းက ဂေါင်ယိုးကို ရွေးချယ်ပေးခဲ့ပါတယ်။

မကြာသေးခင်က ထုတ်လွှင့်ပြသခဲ့တဲ့ ရုပ်သံဇာတ်လမ်းတွဲသစ် Goblin ရဲ့ အောင်မြင်မှုကြောင့် တရုတ်၊ ဂျပန်၊ အမေရိကန်ပြည်ထောင်စု၊ ဩစတြေးလျစတဲ့ နိုင်ငံတွေမှာပရိသတ်များနဲ့ တွေ့ဆုံပွဲတွေ ပြုလုပ်ပေးဖို့ ဂေါင်ယိုးက ဖိတ်ကြားခံထားရပါတယ်။


contactmusic.com

## ဆေးခြောက်ကိတ်မုန့် စားမိသဖြင့် အယ်လီကင်းတစ်ယောက် ဂရမ်မီဆုပေးပွဲတွင် မူးလျက်ရှိ

ဂရမ်မီဆုပေးပွဲကို တက်လာခဲ့တဲ့ ရော့ခ်မင်းသမီး အယ်လီကင်းကတော့ ကော်ဇောနီပေါ်မှာ ဆေးမူးနေတဲ့ ပုံစံ ရီဝေဝေ အူကြောင်ကြောင် ဖြစ်နေပါသတဲ့။

သူမဟာ ဆေးခြောက်တွေထည့်ထားတဲ့ ကိတ်မုန့်ကို မှားယွင်းစားခဲ့မိပြီးတော့ ခုလိုမျိုး ဖြစ်နေခဲ့ပြီး အင်တာဗျူးမှာလည်း ကပေါက်တိကပေါက်ချာတွေ လျှောက်ပြောနေခဲ့တာ ဖြစ်ပါသတဲ့။

Ex's and Oh's သီချင်းနဲ့လည်း နာမည်ကျော်တဲ့ အယ်လီကင်းဟာ အဆိုပါကိစ္စကို လူမှုကွန်ရက်မီဒီယာပေါ်တင်ပြီးတော့ ပရိသတ်ကို အသိပေးခဲ့ပါတယ်။

“မိမိကိုယ်ကိုယ် သတိပေးလိုက်ပါတယ်။ ဆေးခြောက်ပါတဲ့ ကိတ်မုန့်တွေကို ဂရမ်မီပွဲမတက်ခင် အများကြီးနောက်မစားမိဖို့ ဖြစ်ပါတယ်” လို့ အယ်လီကင်းက Instagram မှာ ရေးသားခဲ့ပါတယ်။

ပရိသတ်တွေကိုလည်း တောင်းပန်ခဲ့ပြီး အင်တာဗျူးတစ်ရပ်မှာ ကပေါက်တိကပေါက်ချာဖြစ်နေတဲ့ ဗီဒီယိုအတိုတစ်ခုကိုလည်း တင်ပေးထားခဲ့ပါသတဲ့။

ယောကျ်ားလေးတွေက မိန်းကလေးတွေထက် ဘာကြောင့် ပိုမိုအသည်းကွဲလွယ်တာလဲလို့ သတင်းမီဒီယာသမားတစ်ယောက်က မေးတဲ့အခါ အယ်လီကင်း ပြန်ဖြေလိုက်ပုံက ရှင်တို့တွေက ဘယ်တော့မှ ဓမ္မတာမလာလို့ပေါ့ရှင်တဲ့..ကိုင်း။

ရှင်တို့လည်း ဂရမ်မီဆုပေးပွဲကို ဆေးခြောက်မူးပြီး သွားလိုက်ရင် ဘယ်အင်တာဗျူးကိုမှ လက်ခံမဖြေလိုက်ပါနဲ့လို့လည်း ပရိသတ်ကို ပြောခဲ့ပါသေးတယ်။

F-02

## “နိုင်ငံတကာက မော်ဒယ်လ်တွေအများကြီးကြားထဲမှာ ကျွန်တော် တစ် ယောက် တည်း အကျီချွတ်ပြီး လျှောက်ရတော့ စိတ်ထဲမှာ နည်းနည်းတော့ ကြောက်စိတ်ဝင်မိခဲ့တယ်”

### ပိုင်တံခွန်နဲ့ တွေ့ဆုံခြင်း

သန့်ဇင်ဦး

**မြန်မာနိုင်ငံရဲ့ ထိပ်တန်းမော်ဒယ်လ်တစ်ယောက်ဖြစ်တဲ့ ပိုင်တံခွန် နဲ့ တွေ့ဆုံပြီး ဘန်ကောက်မှာ ဖက်ရှင်ရှိုး သွား လျှောက်ဖြစ်ခဲ့တဲ့ အတွေ့အကြုံများ၊ ရုပ်ရှင်ကားကြီးသုံးကားကို ခေါင်းဆောင်နေရာက ရိုက်ကူးမယ့်အကြောင်းနဲ့ အချစ်ရေးအကြောင်းတို့ကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**


ဓာတ်ပုံ- ပိုင်တံခွန် Page

**Voice: တစ်လောက ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ ဖက်ရှင်ရှိုး သွားလျှောက်ခဲ့တယ်လို့ သိရတယ်။ အဲ့ဒီအကြောင်းကနေစပြီး ပြောပြပေးပါဦး။**

**PTK:** ဘန်ကောက်မှာ ကျွန်တော်က ကြော်ငြာတွေ မကြာခဏ ဆိုသလို ရိုက်ဖြစ်တယ်။ အဲ့ဒီလို သွားရိုက်ရင်းနဲ့ ဘန်ကောက်က မော်ဒယ်လ်အေဂျင်စီတွေနဲ့ ချိတ်မိပြီး အဆက်အသွယ်တွေရလာတယ်။ ကျွန်တော့်ရဲ့Instagram မှာတင်ထားတဲ့ ဓာတ်ပုံတွေကိုကြည့်ပြီး တခြားအေဂျင်စီတစ်ခုကလည်း လှမ်းချိတ်တယ်။ ဘန်ကောက်က အေဂျင်စီသုံးခုလောက်နဲ့ အလုပ်ကိစ္စအတွက် စကားပြောဖြစ်ရင်းနဲ့ ဖက်ရှင်ရှိုးလည်း လျှောက်ဖြစ်ခဲ့တာပါ။ ရှိုးပွဲကလည်း အစက ကျွန်တော် ထင်ထားတာတော့ ရိုးရိုးပုံမှန်ရှိုးလောက်ပဲ ထင်ထားတာ။ ဟိုရောက်တော့မှ နိုင်ငံတကာအဆင့်မီရှိုးတစ်ခု ဖြစ်နေတာ တွေ့ရတယ်။ ကိုရီးယား၊ ဂျပန်၊ အင်ဒိုနီးရှားက မော်ဒယ်လ်တွေ အများကြီး ပါပါတယ်။

**Voice: ကိုယ်လျှောက်ခဲ့တဲ့ ဖက်ရှင်ရှိုးက အဝတ်အစား ဖက်ရှင်ရှိုးလား။**

**PTK:** ဒီဖက်ရှင်ရှိုးက Product တစ်ခုတည်းအတွက် ရည်ရွယ်ပြီး လုပ်တာတော့ မဟုတ်ဘူး။ အဝတ်အစား ဒီဇိုင်နာတွေ အများကြီးပါတဲ့ ဖက်ရှင်ရှိုးပါ။ ပွဲစီစဉ်သူက Hair Designer တစ်ယောက်ပါ။ သူတို့ရဲ့ ငါးနှစ်ပြည့်နှစ်ပတ်လည်အနေနဲ့ လုပ်တာပါ။ နိုင်ငံတကာက မော်ဒယ်လ်တွေကို ဖိတ်ခေါ်ပြီးတော့ ရှိုးမှာ လျှောက်ခိုင်းတာပါ။ အဲ့ဒီပွဲမှာ ကိုရီးယားက မော်ဒယ်လ်တွေဆိုရင် အရပ်တွေက အမြင့်ကြီးတွေပဲ။ ကျွန်တော်ကြည့်လိုက်ရင် အကုန်လုံးရဲ့အရပ်က ၆ ပေ ၄ လက်မ ဝန်းကျင်လောက်မှာရှိတယ်။ နိုင်ငံတကာက မော်ဒယ်လ်တွေနဲ့ ယှဉ်ရင် ကျွန်တော့် အရပ်က အသေးဆုံးဖြစ်နေတယ်။ အရပ်ရှည်တဲ့သူတွေကြားထဲမှာ ကိုယ်က အပုဆုံးဖြစ်နေတော့ ရှိုးလျှောက်တဲ့အခါမှာ ပိုထင်းသွားတာပေ့ါ။

**Voice: ကိုယ့်ရဲ့ ပထမဆုံး ပြည်ပရှိုးအတွေ့အကြုံဆိုတော့ စိတ်လှုပ်ရှားမှုတွေရော ရှိခဲ့သေးလား။**

**PTK:** စိတ်လှုပ်ရှားမှုကတော့ အများကြီးရှိခဲ့ပါတယ်။ မြန်မာနိုင်ငံက မော်ဒယ်လ်ဆိုလို့ ကျွန်တော်တစ်ယောက်တည်းပါတယ်။ အင်္ဂလိပ်လိုပဲ ပြောပြီး ဆက်သွယ်ရတာတော့ မဟုတ်ဘူး။ ကိုရီးယား၊ ဂျပန်၊ ထိုင်းက မော်ဒယ်လ်တွေက ဘာသာပြန်တစ်ယောက်စီပါတယ်။ ကိုယ်က သူတို့ဘာသာစကားကို နားမလည်တော့ စကားပြောရတဲ့ အပိုင်းမှာ အခက်အခဲလေးတွေတော့ ရှိခဲ့တယ်။ နောက်ပြီး နိုင်ငံတကာက မော်ဒယ်လ်တွေ အများကြီးကြားထဲမှာ ကျွန်တော် တစ်ယောက်တည်း အကျီချွတ်ပြီး လျှောက်ရတော့ စိတ်ထဲမှာ နည်းနည်းတော့ ကြောက်စိတ်ဝင်မိခဲ့တယ်။

**Voice: ဘန်ကောက်က အေဂျင်စီတွေနဲ့ နောက်ထပ် ဘယ်လိုအနုပညာအလုပ်တွေ လက်တွဲလုပ်ဖို့ စကားတွေ ပြောခဲ့လဲ။**

**PTK:** သူတို့က ပြောတယ်။ ဘန်ကောက်မှာရိုက်မယ့် ရုပ်သံစီးရီးတွေမှာ ကျွန်တော့်ကို ခေါ်သုံးချင်တယ်။ ရုပ်သံကြော်ငြာတွေလည်း ရိုက်မယ်။ ရှိုးပွဲတိုင်းမှာလည်း ခေါ်သုံးချင်တယ်။ အခု ရှိုးသွားလျှောက်တဲ့အခါမှာလည်း ကျွန်တော့်ရဲ့အနုပညာကြေးကို သူတို့က ထိုက်ထိုက်တန်တန်ပေးပါတယ်။ မြန်မာနိုင်ငံမှာ ရတာထက်ပိုပြီးတော့ တောင်ပေးပါသေးတယ်။ သူတို့အလုပ်လုပ်တာက စည်းစနစ်ကျတယ်။ သေချာတယ်။ အလုပ်ကို အလုပ်နဲ့တူအောင် လုပ်တယ်။ ကျွန်တော့်အတွက် နိုင်ငံတကာအတွေ့အကြုံတွေ အများကြီးရခဲ့ပါတယ်။

**Voice: ဇာတ်ကားတွေလည်း စရိုက်နေပြီဆိုတော့ သရုပ်ဆောင်ဘက်မှာရော နေရာတစ်ခုရအောင် ဘယ်လို ဆက်ကြိုးစားသွားမလဲ။**

**PTK:** ကျွန်တော်အခု ထုတ်လုပ်ရေးတစ်ခုနဲ့ ရုပ်ရှင်ကားကြီးသုံးကားကို ခေါင်းဆောင်နေရာက ရိုက်ဖို့ စာချုပ် ချုပ်ထားပါတယ်။ ပထမဆုံးရုပ်ရှင်ကားကတော့ ဒီလထဲမှာကျွန်တော် စရိုက်မှာပါ။ အပွင့်လင်းဆုံး ပြောရရင် သရုပ်ဆောင်ဘက်မှာ ဒီလိုလမ်းစလေးတွေ ပွင့်လာတဲ့အတွက် ကျွန်တော် အရမ်းဝမ်းသာနေပါတယ်။ ကျွန်တော်က မော်ဒယ်လ်ဘက်မှာလည်း အစွမ်းကုန်ကြိုးစားခဲ့တယ်။ လမ်းတစ်ခုကို ဖောက်လို့ရအောင် မျိုးစုံကြိုးစားခဲ့တယ်။ လိုချင်တဲ့ပန်းတိုင်အထိ မရောက်သေးပေမယ့် လမ်းကြောင်းပေါ်မှာတော့ ကျွန်တော် လျှောက်နေပါပြီ။ သရုပ်ဆောင်ဘက်မှာတော့ ကျွန်တော့်အတွက် လမ်းစတစ်ခုကို မမြင်ရသေးဘူး။ အခုတော့ရုပ်ရှင်ကားကြီးသုံးကားကို ခေါင်းဆောင်အနေနဲ့ ရိုက်ခွင့်ရတော့မှာဆိုတော့ အရမ်းဝမ်းသာပါတယ်။

**Voice: နောက်ပိုင်းမှာကျတော့ သရုပ်ဆောင်ဘက်ကို ပိုပြီးလုပ်သွားဖို့ရှိမလား။ တစ်လောက Single သီချင်း တစ်ပုဒ်လည်း ဖြန့်ခဲ့သေးတယ်နော်။**

**PTK:** ကျွန်တော်က သရုပ်ဆောင်လည်းလုပ်မယ်။ မော်ဒယ်လ်လည်းလုပ်မယ်။ ကြားထဲမှာ သီချင်းလည်း ဆိုဦးမယ်။ အနုပညာနဲ့ပတ်သက်ရင် နည်းနည်းတော့ လောဘကြီးတယ်လို့ ပြောလို့ရပါတယ်။ ကျွန်တော် ထုတ်ခဲ့တဲ့ သီချင်းလေးက ကျွန်တော့်ရဲ့ ကိုယ်ပိုင်ခံစားချက်ကို တေးရေးဆရာက ရေးပေးထားတာပါ။ အဓိကကတော့ ကောင်မလေးတစ်ယောက်နဲ့ ပတ်သက်တဲ့ခံစားချက်လေးကို ရေးထားတာပါ။ ကျွန်တော့်ကောင်မလေးနဲ့ အဆင်မပြေတဲ့အချိန်မှာ သတိရတဲ့စိတ်နဲ့ ဆိုဖြစ်ခဲ့တဲ့ သီချင်းပါ။ အခွေထုတ်ဖို့လည်း ရည်ရွယ်ချက်မရှိဘူး။ အဆိုတော်လုပ်ဖို့လည်း ရည်ရွယ်ချက်မရှိပါဘူး။ ကိုယ့်မှာ အဆိုတော်တစ်ယောက်ဖြစ်နိုင်တဲ့ အရည်အချင်းက ဘာမှမရှိဘူးဆိုတာ ကိုယ့်ဟာကိုယ် သိပါတယ်။ ဒီသီချင်းလေးကို ပရိသတ်တွေက အားပေးကြတဲ့အတွက် အရမ်းဝမ်းသာပါတယ်။

**Voice:လက်ရှိမှာရော ကိုယ့်ရဲ့အချစ်ရေးက ပြန်အဆင်ပြေသွားပြီလား။**

**PTK:** အချစ်အကြောင်းနဲ့ ပတ်သက်ပြီးတော့ ထွေထွေထူးထူး ပြောပြစရာတော့ မရှိသေးပါဘူး။ ကျွန်တော့်ရဲ့ အနုပညာအလုပ်တွေကို အကောင်းဆုံးဖြစ်အောင် ကြိုးစားနေပါတယ်။ လူတိုင်းကတော့ အချစ်နဲ့ မကင်းနိုင်ဘူးပေ့ါနော်။ ဒါပေမဲ့ လက်ရှိအချိန်မှာ ကျွန်တော့်ရဲ့အနုပညာအလုပ်က ကျွန်တော့်အတွက် အရေးကြီးဆုံးပါပဲ။


BBC

# မြို့တော်ဝန်အား တရားစွဲဆိုထားသော်လည်း ဂျကာတာတွင် မြို့တော်ဝန်ရွေးကောက်ပွဲကျင်းပ

**ဂျကာတာ၊ ဖေဖော်ဝါရီ ၁၅**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာတွင် လက်ရှိမြို့တော်ဝန်အား အစ္စလာမ်ဘာသာကို စော်ကားမှုဖြင့် တရားစွဲဆိုထားသည့် အချိန်တွင် မြို့တော်ဝန်အသစ် ရွေးချယ်ရန် မဲပေးပွဲများ ပြုလုပ်ခဲ့သည်ဟု BBC သတင်းတွင်ဖော်ပြထားသည်။

မွတ်ဆလင်လူများစု နေထိုင်သော မြို့တော်တွင် နှစ်ပေါင်းငါးဆယ်အတွင်း တရုတ်နွယ်ဖွားထဲမှ ပထမဆုံး မြို့တော်ဝန်ဖြစ်လာခဲ့သူ ပါနာမာသည် အစ္စလာမ် ဘာသာကို စော်ကားသည်ဟု စွပ်စွဲခံရကာ တရားရင်ဆိုင်နေရသည်။

အင်ဒိုနီးရှားတွင် ပြည်နယ်ခုနစ်ခု၊ မြို့တော် ၁၈ ခုနှင့် ခရိုင် ၇၆ ခုတို့အတွက် အုပ်ချုပ်ရေးမှူးများကို ရွေးချယ်သည့် မဲပေးပွဲများကို ဒေသစံတော်ချိန် နံနက် ၇ နာရီက စတင်ခဲ့သည်။

ဂျကာတာ ရွေးကောက်ပွဲများသည် အင်ဒိုနီးရှား၏ ဘာသာရေးဆိုင်ရာ သည်းခံခြင်းကို စမ်းသပ်မှုတစ်ခုဖြစ်သည်။ နိုင်ငံ၏လူဦးရေ ၈၅ ရာခိုင်နှုန်းမှာ မွတ်ဆလင်များဖြစ်သော်လည်း ကိုးကွယ်သည့် ဘာသာခြောက်ခုကို တရားဝင် ခွင့်ပြုထားသည်။

ဂျိုကိုဝီဒိုဒို သမ္မတဖြစ်သွားချိန်တွင် ဒုတိယမြို့တော်ဝန်အဖြစ်မှ ရာထူးတက်လာခဲ့သူ ပါနာမာအတွက် ယခုရွေးကောက်ပွဲသည် ပထမဆုံး စမ်းသပ်မှုဖြစ်သည်။

ပါနာမာသည်ဘာသာရေးအကြောင်းပြ စွပ်စွဲသည့်အမှုကို ရင်ဆိုင်နေရသည့်တိုင်အောင် အနိုင်ရရန် ရေပန်းစားနေပြီး အနာဂတ်တွင် သမ္မတဖြစ်ရန် အလားအလာရှိသူဖြစ်သည်။

ယခုဒေသန္တရ ရွေးကောက်ပွဲများသည် သမ္မတရွေးကောက်ပွဲကဲ့သို့ ခံစားရပြီး မဲပေးသူများ၏ စိတ်ဝင်စားမှု မြင့်တက်နေသည်ဟုဆိုသည်။

မြို့တော်ဝန် ပါနာမာ၏ပြိုင်ဘက် ဘတ် စဝီဒန်မှာမူ လူမျိုးရေး၊ ဘာသာရေးများကို အသုံးချနေသည်ဟု စွပ်စွဲခံနေရသည်။ မဲပေးပွဲအပြီးတွင် ဘတ်စဝီဒန်က အရာရာကို အလ္လာက ဆုံးဖြတ်လိမ့်မည်ဖြစ်ကြောင်း၊ ဂျကာတာကို ဘုရားသခင်က ခေါင်းဆောင်ကောင်းတစ်ဦး ပေးအပ်လိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

လက်ရှိမြို့တော်ဝန် ပါနာမာသည် အမှုရင်ဆိုင်နေရသော်လည်း ယာဉ်ကြောပိတ်ဆို့နေသည့် ဂျကာတာ၏ အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်ကို တိုးတက်စေရန် အားထုတ်ခြင်း၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတွင် တိုးတက်လာခြင်းတို့ကြောင့် ဂျကာတာဒေသခံများအကြားတွင် ရေပန်းစားနေဆဲပင်ဖြစ်သည်။ ထို့ပြင် အဂတိလိုက်စားမှုကို ကိုင်တွယ်ခြင်း၊ မီးနီရပ်ကွက်ကို ပန်းဥယျာဉ်အဖြစ် ပြောင်းလဲခြင်းတို့ကြောင့်လည်း ဂုဏ်သတင်းမွှေးလျက်ရှိသည်။

သို့သော် မြစ်ကမ်းဘေးမှ ကျူးကျော်နေထိုင်သူများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဖယ်ရှားခဲ့ခြင်းကိုမူ အချို့က ပြစ်တင်ဝေဖန်ခဲ့ကြသည်။ ပါနာမာကို သမ္မတဝီဒိုဒို၏ပါတီက ကျောထောက်နောက်ခံ ပေးထားသည်။

ပါနာမာ တရားစွဲခံရခြင်းသည် ၎င်း၏ပြိုင်ဘက်မွတ်ဆလင်ကိုယ်စားလှယ်လောင်းနှစ်ဦး (သမ္မတဟောင်း ယုဒိုယိုနို၏သား ဗိုလ်မှူးဟောင်း ဟာရီမာတီ ယုဒိုယိုနို ၃၈ နှစ်နှင့် ပညာရေးဝန်ကြီးဟောင်း ဘတ်စဝီဒန် ၄၈ နှစ်) အတွက် နိုင်ငံရေးအမြတ်ထွက်စေခဲ့သည်။

တရားဝင်မဲရလဒ်များကို ယခုလကုန်အထိ ကြေညာဦးမည်မဟုတ်သော်လည်း လိုအပ်သော ၅၀ ရာခိုင်နှုန်း ထောက်ခံမှုကို မည်သူမှ မရနိုင်ဟု မျှော်လင့်ရသောကြောင့် မေလတွင် ဒုတိယအချီ ထပ်မံကျင်းပဖွယ်ရှိသည်ဟုဆိုသည်။

■ F-04

## နာဇီခေါင်းဆောင် ဟစ်တလာစတိုင် အတုခိုးသူကို ဩစတြီးယားအာဏာပိုင်များ ဖမ်းဆီး

**ဗီယင်နာ၊ ဖေဖော်ဝါရီ ၁၅**

နာဇီခေတ်ကို အမွှမ်းတင်မှုဖြင့် ဟစ်တလာစတိုင် အတုခိုးသူတစ်ဦးကို ဩစတြီးယားအာဏာပိုင်များက ဖမ်းဆီးခဲ့ကြောင်း BBC သတင်းဌာနက ဖော်ပြထားသည်။

အသက် ၂၅ နှစ်အရွယ် အဆိုပါ အမျိုးသားမှာ သူ့ကိုယ်သူ ဟာရဲလ်ဒ်ဟစ်တလာဟု ခေါ်ဝေါ်သည်ဟုဆိုသည်။

ဟစ်တလာစတိုင် ဘေးနှစ်ဖက်ပြောင် နှုတ်ခမ်းမွေးထားသော အဆိုပါ အမျိုးသားသည် အဒေါ့ဖ်ဟစ်တလာ မွေးဖွားခဲ့သည့် ဘရော်နိုအန်အင်းရှိ နေအိမ်ရှေ့တွင် ဓာတ်ပုံအရိုက်ခံခဲ့ပုံမှာ အင်တာနက်တွင် ပျံ့နှံ့သွားခဲ့သည်။

ဟစ်တလာနှင့် ပုံပန်းသွင်ပြင်တူညီအောင် ပြင်ဆင်ထားသော အဆိုပါအမျိုးသားသည် မကြာသေးမီကမှ ဂျာမနီနယ်စပ်ရှိမြို့တစ်မြို့သို့ ရွှေ့ပြောင်းအခြေချခဲ့ကြောင်း ရဲတပ်ဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ် ဒေးဗစ်ဖို့တ်နာက ပြောကြားသည်။

ထိုအမျိုးသားသည် ဟာသလုပ်နေခြင်းမဟုတ်သကဲ့သို့ သရုပ်ဆောင်တင်ဆက်နေခြင်းမျိုးလည်းမဟုတ်ဘဲ အတည်ပေါက် လုပ်ဆောင်နေခြင်းဖြစ်သည်ဟု ဖို့တ်နာက သုံးသပ်သည်။

"ဒီလူငယ်က သူ့ဘာလုပ်နေတယ်ဆိုတာ သူကျိန်းသေသိပါတယ်" ဟု ရဲတပ်ဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ် ဖို့တ်နာက သုံးသပ်ခဲ့သည်။

အဆိုပါအမျိုးသားသည် ဗီယင်နာနှင့် ဂရက်ဇ်မြို့များတွင် သွားလာနေသည်ကိုလည်း မြင်တွေ့သူများရှိခဲ့သည်ဟု ဆိုသည်။

ထိုအမျိုးသား၏ပုံကို ဩစတြီးယားသတင်းဝက်ဘ်ဆိုက် Heute.at က လွှင့်တင်ခဲ့သည်။

နာဇီခေတ်ကို အမွှမ်းတင်ခြင်းသည် ဩစတြီးယားတွင် ရာဇဝတ်မှုမြောက်သော ပြစ်မှုဖြစ်သည်။

ခေတ်သစ်နာဇီဝါဒီများ၏ စုံချက်ဖြစ်နေသော ဟစ်တလာမွေးခဲ့သည့် နေအိမ်ကို ဖြိုချပစ်ရန် ဩစတြေးလျအာဏာပိုင်များက ပြီးခဲ့သည့်နှစ် အောက်တိုဘာလတွင် ဆုံးဖြတ်ခဲ့သည်။

ဟစ်တလာကို ၁၈၈၉ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် အဆိုပါအဆောက်အအုံ အပေါ်ဆုံးထပ်ရှိ ငှားရမ်းထားသော အခန်းထဲတွင် မွေးဖွားခဲ့ခြင်းဖြစ်သည်။

နာဇီခေတ်တွင် ၎င်း၏နေအိမ်သည် ဟစ်တလာကို ဂုဏ်ပြုသည့်အထိမ်းအမှတ်တစ်ခုဖြစ်လာခဲ့ပြီး ယင်းမြို့ကလေးမှာ ခရီးသွားများကို ဆွဲဆောင်ရာနေရာတစ်ခုဖြစ်ခဲ့သည်။ ၁၉၄၄ ခုနှစ် နာဇီတို့ စတင်ကျရှုံးပြီးနောက်ပိုင်းတွင် ယင်းအိမ်ကို ပိတ်ပစ်ခဲ့သည်။

■ F-03


BBC

## အဓိကဓာတ်ငွေ့တွင်းများကို ISတို့လက်ထဲမှ ဆီးရီးယားစစ်တပ် ပြန်လည်ရယူနိုင်ပြီ

**ဒမတ်စကတ်၊ ဖေဖော်ဝါရီ ၁၅**

ဆီးရီးယားတွင် ခြေကုပ်ရယူထားသော ISIS ဂျီဟတ်စစ်သွေးကြွများသည် ဆီးရီးယားရှိ အဓိကရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက်များကို ထိန်းချုပ်မှုများ ရသွားခဲ့ရာ အဓိကရေနံသိုက်နေရာကို စစ်တပ်က ပြန်လည်သိမ်းပိုက်လိုက်ပြီဖြစ်ကြောင်း Xinhua သတင်းတစ်ရပ်က ဖော်ပြထားသည်။


VOA

**အဆိုပါသဘာဝဓာတ်ငွေ့ ဓာတ်အားပေးမှုကိုဖော်ဆောင်ရာတွင် ဆီးရီးယားအစိုးရအနေနှင့် အမေရိကန်ဒေါ်လာ ၂၉၇ သန်းကျခံခဲ့ရသည်**

ဆီးရီးယားနိုင်ငံ အလယ်ပိုင်း ဟွန်းစ်ပြည်နယ်ရှိ ဟာယန် သဘာဝဓာတ်ငွေ့လုပ်ကွက်သည် ဆီးရီးယားရှိ အဓိကရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက်ကြီးများထဲမှတစ်ခုဖြစ်သည်။

IS နှင့် တိုက်ပွဲများ ဆက်တိုက်ဆင်နွှဲခဲ့ပြီးနောက်တွင် ဆီးရီးယားစစ်တပ်က အဆိုပါဒေသကို ပိုင်ပိုင်နိုင်နိုင် သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း အစိုးရကိုလိုလားသော ဆီးရီးယားအွန်လိုင်းမီဒီယာ အယ်ဝါတန်က ဖော်ပြထားသည်။

ဆီးရီးယားတပ်များက ဟွန်းစ်ပြည်နယ်အရှေ့ပိုင်း တောအရပ်ရှိ အယ်မူဟာဒေသကိုသိမ်းလိုက်ပြီးနောက် အဆိုပါရေနံလုပ်ကွက်ကို သိမ်းပိုက်သည့်သတင်း ထွက်ပေါ်လာခြင်းဖြစ်သည်။

အဆိုပါဒေသတွင် များပြားလှစွာသောရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက်များ တည်ရှိသည်။

ရှေးဟောင်းမြို့တော် ပါမီရာကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာက IS များသိမ်းပိုက်ခဲ့ပြီးနောက်တွင် အရှေ့ပိုင်းဟွန်းစ်ပြည်နယ်ရှိ ဟာယန်ရေနံကွင်းကြီးနှင့် အခြားလုပ်ကွက်များကို ဆက်တိုက်သိမ်းပိုက်ထားခဲ့သည်။

အဆိုပါရေနံတူးစင်များကို ဖောက်ခွဲဖျက်ဆီးလိုက်ပြီဟု IS များက ကြေညာခဲ့ပြီးနောက်တွင် ဟာယန်ရေနံတွင်း၏ နောက်ဆုံးရအခြေအနေများကို မသိရှိရတော့ပေ။

ယခုလအစောပိုင်းကလည်း ဟာယန်ဒေသပတ်ဝန်းကျင်ရှိ ဓာတ်ငွေ့ပိုက်လိုင်းများကို ဖောက်ခွဲဖျက်ဆီးလိုက်ပြီဟု IS အဖွဲ့က ပြောဆိုထားသည်။

ဟာယန်လုပ်ကွက်သည် တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗမီတာသုံးသန်းခန့် ထုတ်လုပ်သည့်နေရာဖြစ်ပြီး ဆီးရီးယားအလယ်ပိုင်းနှင့်တောင်ပိုင်းတို့ကို လျှပ်စစ်မီး အဓိကပေးရာနေရာလည်းဖြစ်သည်။ ■ F-02

# လုပ်ခလစာကိစ္စ ကင်ညာတက္ကသိုလ်ဆရာ၊ ဆရာမများ သပိတ်မှောက်

**နိုင်ရိုဘီ၊ ဖေဖော်ဝါရီ ၁၅**

လုပ်ခလစာပြင်ဆင်သတ်မှတ်ပေးရေးကိစ္စနှင့် လစာကိစ္စများ ညှိနှိုင်းခြင်းဖြစ်စဉ်တွင် ပါလီမန်က ကြားဝင်ဆောင်ရွက်ပေးရန်အတွက် ကင်ညာတက္ကသိုလ်ဆရာ၊ ဆရာမများ မြို့တော်နိုင်ရိုဘီတွင် ချီတက်လမ်းလျှောက်ဆန္ဒပြကြကြောင်း Xinhua သတင်းတစ်ရပ်တွင် ရေးသားဖော်ပြထားသည်။

တက္ကသိုလ်ပညာရပ်ဆိုင်ရာဝန်ထမ်းများသမဂ္ဂ UASU က လမ်းမများပေါ်တွင် သပိတ်မှောက်ခြင်းဖြစ်ပြီး ပါလီမန်အမတ်များထံသို့လည်း လက်မှတ်ထိုးတောင်းဆိုချက်တစ်ခုကို တင်သွင်းလိုက်သည်။

“ကျွန်တော်တို့ လုပ်ခလစာကို အခြားအစိုးရဝန်ထမ်းများနဲ့ အညီဖြစ်စေချင်ပါတယ်”ဟု ကင်ညာနည်းပညာတက္ကသိုလ်ကိုယ်စားပြု သမဂ္ဂအဖွဲ့ဝင် ဖာရက်ဆာဝမ်ဂျာ က ဆန္ဒပြပွဲအတွင်း ပြောကြားခဲ့သည်။

ပြီးခဲ့သည့်လ ၂၀ ရက်ကတည်းက တက္ကသိုလ် ဆရာ၊ ဆရာမများက သပိတ်မှောက်ခဲ့ခြင်းဖြစ်ကာ ၂၀၁၃-၂၀၁၇ စုပေါင်းညှိနှိုင်းမှုရလဒ်ကို အကောင်အထည်ဖော်ရန် တောင်းဆိုနေခြင်းလည်းဖြစ်သည်။

“ပါလီမန်ကို ဆန္ဒတင်သွင်းဖို့အတွက် ကျွန်တော်တို့က ရွေးချယ်ထားကြပါတယ်။ သူတို့ကြားဝင်ပြီးတော့ ယခုသပိတ်ကို အဆုံးသတ်ပေးဖို့လည်း အလိုရှိပါတယ်။ ကျွန်တော်တို့ လုပ်ခလစာတွေကို ပြင်ဆင် သတ်မှတ်ပေးစေလိုပါတယ်။ အစိုးရလုပ်ခလစာကော်မရှင်ရဲ့ လက်အောက်မှာထားရှိဖို့လည်း လိုလားပါတယ်” ဟု ဆာဝမ်ဂျာ က ပြောကြားခဲ့သည်။

တက္ကသိုလ်ဆရာ၊ ဆရာမများကို ကိုယ်စားပြုသော အစိုးရက ခန့်အပ်ပေးထားသည့်အဖွဲ့အစည်းဖြစ်သော ကောင်စီက သင့်လျော်သော တောင်းဆိုမှုများ ပြုလုပ်မပေးသောကြောင့် ယင်းသပိတ်ဖြစ်လာရခြင်းဖြစ်သည်ဟု ဆာဝမ်ဂျာက ဆိုသည်။

ခုနစ်ရက်ကြာ သပိတ်ကို တက္ကသိုလ်ဆရာများသမဂ္ဂက မှောက်လျက်ရှိပြီး အစိုးရက ဖွဲ့စည်းပေးထားသည့် လွတ်လပ်သောကောင်စီက ယင်းသပိတ်ကို တရားမဝင်ဟု ပြန်လည်တုံ့ပြန်ထားသည်။

အခြေခံလစာတိုးပေးခြင်းကို လက်မခံနိုင်ကြောင်း၊ အစိုးရဝန်ထမ်းများကဲ့သို့ သတ်မှတ်ပေးထားသော လုပ်ခလစာ လိုလားကြောင်း တက္ကသိုလ်ဆရာများက တောင်းဆိုထားသည်။

“လုပ်ခလစာကိစ္စကို ကိုင်တွယ်စေလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ အစိုးရတက္ကသိုလ်များက သင်ကြားမှုဆိုင်ရာ အရည်အသွေးကို ထိခိုက်လို့ပဲ ဖြစ်ပါတယ်”ဟု ဆာဝမ်ဂျာက Xinhua သတင်းဌာနကို ပြောကြားခဲ့သည်။

■ F-02




အစိုးရနှင့် ဆရာများ ညှိနှိုင်းမှုကိစ္စတွင် ပါလီမန်က ကြားဝင်ပေးပါရန်လည်း တောင်းဆိုထားသည်




# ဖလင်းနှင့် ရုရှားတို့ ဖုန်းဆက်သည့်ကိစ္စများကို ယခင်သီတင်းပတ်များကတည်းက ထရမ့်သိရှိခဲ့

**ဝါရှင်တန်၊ ဖေဖော်ဝါရီ ၁၅**

မိုက်ကယ်ဖလင်းနှင့် ရုရှားတို့ ဖုန်းပြောသည့်ကိစ္စများတွင် ပြဿနာရှိသည်ကို ယခင်သီတင်းပတ်များကတည်းက သမ္မတထရမ့်က သိရှိခဲ့သည်ဟု အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူက ပြောကြားကြောင်း BBC သတင်းတွင် ဖော်ပြထားသည်။

မိုက်ကယ်ဖလင်းသည် အမေရိကန်တာဝန်ရှိသူများနှင့်လူထုကို လှည့်စားခဲ့ဖွယ်ရှိသည်ဟု သမ္မတကို တရားရေးဌာနက ဇန်နဝါရီလကုန်တွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ဖလင်းသည် ယုံကြည်မှုပျက်ပြားခြင်းကြောင့် သုံးပတ်အကြာတွင် နုတ်ထွက်ရန်တောင်းဆိုခံခဲ့ရခြင်းဖြစ်ပြီး ၎င်းအား စုံစမ်းစစ်ဆေးရန် ကွန်ဂရက်၏ တောင်းဆိုမှုများတွင် ရီပတ်ဘလစ်ကန်များလည်း ပါဝင်လာပြီဖြစ်သည်။

မိုက်ကယ်ဖလင်းအား FBI ကလည်း စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့သည်။

စွပ်စွဲမှုများကြောင့် နုတ်ထွက်ပေးလိုက်ရသူ အငြိမ်းစားဗိုလ်ချုပ်ကြီး မိုက်ကယ်ဖလင်းသည် ရုရှားသံအမတ်နှင့် ပိတ်ဆို့အရေးယူမှုဆိုင်ရာကိစ္စများ ဆွေးနွေးခဲ့ခြင်းကို အစပိုင်းတွင် ငြင်းဆိုခဲ့ပြီး ဒုသမ္မတ မိုက်ပင့်စ်ကလည်း ဖလင်းကိုယ်စား ငြင်းဆိုပေးခဲ့သည်။

ယာယီရှေ့နေချုပ် ဆယ်လီယိတ်စ်က မိုက်ကယ်ဖလင်း၏ ဆက်သွယ်မှုကိစ္စနှင့်ပတ်သက်၍ အိမ်ဖြူတော်ကို ဇန်နဝါရီလ ၂၆ ရက်က သတိပေးခဲ့သည်။ ထိုနေ့တွင်ပင် အကြောင်းကြားစာ လက်ခံရရှိသော သမ္မတထရမ့်က ဖလင်း၏လုပ်ရပ်သည် ဥပဒေကို ချိုးဖောက်ခြင်းမရှိဟု သုံးသပ်ခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူ ရှောန်စပိုက်ဆာက ပြောကြားခဲ့သည်။

မိုက်ကယ်ဖလင်း၏ကိစ္စကို အိမ်ဖြူတော်ကောင်စီကလည်း ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်မှုများပြုလုပ်ခဲ့ပြီး ထရမ့်နည်းတူ မှတ်ချက်ပေးခဲ့သော်လည်း ယုံကြည်မှုမှာမူ ပျက်ပြားသွားခဲ့ပြီဟု စပိုက်ဆာက ဆိုသည်။

ထရမ့်ကမူ “တကယ့်ပြဿနာက ဝါရှင်တန်မှာ ဘာကြောင့် တရားမဝင် သတင်းပေါက်ကြားမှုတွေ ဖြစ်နေရသလဲဆိုတဲ့ကိစ္စပါ” ဟု Twitter တွင် ပြောဆိုထားသည်။

ဆီးနိတ်လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့များကော်မတီဥက္ကဋ္ဌ ရီပတ်ဘလစ်ကန် ဂျွန်မက်ကိန်းက မိုက်ကယ်ဖလင်း၏ နုတ်ထွက်မှုသည် လက်ရှိ အမျိုးသားလုံခြုံရေးဌာန၏ချို့ယွင်းမှုကို ဝန်ခံပြသခြင်းဖြစ်ပြီး ထရမ့်၏ရုရှားဆိုင်ရာ မူဝါဒအပေါ် သံသယများ ထွက်ပေါ်လာစေသည်ဟု မှတ်ချက်ပေးသည်။

ဆီးနိတ်နှင့် ကွန်ဂရက်လွှတ်တော် ရီပတ်ဘလစ်ကန်အမတ်များကလည်း မိုက်ကယ်ဖလင်းနှင့် ရုရှားအကြား ဆက်သွယ်မှုများကို စုံစမ်းစစ်ဆေးရန် တောင်းဆိုနေကြသည်။

အောက်လွှတ်တော် ထောက်လှမ်းရေးကော်မတီဥက္ကဋ္ဌ ဒီဗင်နွန်းကမူ မိုက်ကယ်ဖလင်း နုတ်ထွက်မှုကိုဖြစ်ပေါ်စေသော သတင်းပေါက်ကြားမှုများကို စုံစမ်းစစ်ဆေးလိုသည်ဟု သတင်းထောက်များကို ပြောကြားသည်။

ကရင်မလင် ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီ ပီစကော့ဗ်က ယင်းပြဿနာသည် အမေရိကန်ပြည်ထောင်စုနှင့် ထရမ့်အစိုးရ၏ ပြည်တွင်းရေးကိစ္စသာဖြစ်ပြီး ရုရှားအနေနှင့်ပတ်သက်စရာမရှိပါဟု ပြောကြားထားသည်။

အကြီးတန်း ဒီမိုကရက်အမတ် အဒမ်ရှစ်ဖ်က မိုက်ကယ်ဖလင်း နုတ်ထွက်ရုံမျှဖြင့် ထရမ့်၏အဖွဲ့နှင့် ရုရှားအကြား ဆက်ဆံရေးအပေါ် သံသယများ အဆုံးသတ်သွားမည်မဟုတ်ဟု ပြောကြားခဲ့သည်။

ကွန်ဂရက်လွှတ်တော်မှ ဒီမိုကရက်အမတ်များကလည်း တရားရေးဌာနနှင့် FBI တို့၏ စုံစမ်းစစ်ဆေးမှုများကို အသေးစိတ်ရှင်းလင်းပြောကြားရန် တောင်းဆိုထားကြသည်။

မိုက်ကယ်ဖလင်း၏ နေရာတွင် မစ္စတာကဲလော့က အမျိုးသားလုံခြုံရေး ယာယီအကြံပေးအဖြစ် ဆောင်ရွက်နေသော်လည်း စီအိုင်အေညွှန်ကြားရေးမှူးဟောင်း ဒေးဗစ်ပီထရေ့စ်နှင့် ဗဟိုကွပ်ကဲမှုဌာနချုပ် ဒုတိယတပ်မှူးဟောင်း ရောဘတ်ဟာဝပ်ဒ်တို့ကိုလည်း ထည့်သွင်းစဉ်းစားနေသည်ဟု အိမ်ဖြူတော်တာဝန်ရှိသူများက ပြောကြားသည်။

■ F-04

# စာချုပ်ချိုးဖောက်၍ ဒုံးကျည်သစ် ရုရှားတပ်ဖြန့်ဟု အမေရိကန်ပြောကြား

**ဝါရှင်တန်၊ ဖေဖော်ဝါရီ ၁၅**

မြေပြင်အခြေစိုက်နှင့် တာလတ်ပစ်ဒုံးကျည်ထုတ်လုပ်မှုပိတ်ပင်ထားသည့်လက်နက်ထိန်းချုပ်ရေးစာချုပ်ကို ချိုးဖောက်ပြီး ရုရှားနိုင်ငံက ခရုဇ်ဒုံးကျည်သစ် တပ်ဖြန့်လိုက်သည်ဟု အမေရိကန်အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသွားကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

နှစ်ပေါင်းများစွာ စမ်းသပ်ထုတ်လုပ်ထားသည့် မြေပြင်အခြေစိုက် SSC-8 ခရုဇ်ဒုံးကျည်ကို မော်စကိုက လျှို့ဝှက်တပ်ဖြန့်လိုက်ပြီး ယင်းသို့လုပ်ဆောင်ခြင်းသည် ၁၉၈၇ တာလတ်ပစ်နျူကလီးယားတပ်ဖွဲ့(INF)ကို ချိုးဖောက်လိုက်ခြင်းဖြစ်သည်ဟု အမေရိကန်အရာရှိက ပြောကြားသွားသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ရုရှားကာကွယ်ရေးဝန်ကြီးဌာနက မေးမြန်းသော်လည်း မှတ်ချက်ပေး ဖြေကြားခြင်း မရှိသေးပေ။

ကီလိုမီတာ ၅၀၀ မှ ၅၅၀ ထိ ပစ်ခတ်နိုင်သည့် မြေပြင်အခြေစိုက် ခရုဇ်ဒုံးကျည်မစမ်းသပ်ရန်၊ မထုတ်လုပ်ရန်၊ ပိုင်ဆိုင်ခြင်းမပြုရန် သို့မဟုတ် ယင်းနှင့်အလားတူဒုံးကျည်များကိုပိုင်ဆိုင်ထုတ်လုပ်ခြင်း မပြုရန် INF သဘောတူစာချုပ် ချုပ်ဆိုထားသည်ကို ရုရှားက ချိုးဖောက်လျက်ရှိသည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၁၄ ခုနှစ်ကတည်းက သုံးသပ်ထားသည်။

ယင်းကဲ့သို့သော ဒုံးကျည်အမျိုးအစားများကို စမ်းသပ်ဆဲကာလတွင် တားဆီးရန် အိုဘားမား အုပ်ချုပ်ရေးအဖွဲ့လက်ထက်တွင်ကြိုးပမ်းခဲ့ကြောင်း လက်ရှိ ဒေါ်နယ်ထရမ့်အုပ်ချုပ်ရေးအဖွဲ့မှ အရာရှိတစ်ဦးက ပြောကြားသည်။

လက်ရှိတွင်ယင်းတာလတ်ပစ်ဒုံးကျည်အမျိုးအစားကို ရုရှား ဗဟိုစစ်တိုင်းတွင် တပ်ဖြန့်ထားပြီး ခရုဇ်ဒုံးကျည်တပ်ရင်း နှစ်ရင်းထိရှိသည်ဟု ရုရှားဘလော့များကို ကိုးကားပြီး New York Times သတင်းတွင် ဖော်ပြထားသည်။

ဒုံးကျည်တပ်ရင်းတစ်ရင်းသည် ရုရှားနိုင်ငံ အရှေ့တောင်ပိုင်းရှိ ကတ်ပူတင်ယာ စမ်းသပ်ရေးစခန်းတွင်ရှိပြီး ကျန်တပ်ရင်းသည် ရုရှားနိုင်ငံအတွင်းရှိ စစ်ဆင်ရေးစခန်းတစ်ခုခုတွင် ရှိနေနိုင်သည်ဟု အဆိုပါသတင်းတွင် ဆက်လက်ဖော်ပြထားသည်။




SSC-8 ခရုဇ်ဒုံးပျံနှင့် ဒုံးတင်ယဉ်သည် အတ်ကန်ဒါဒုံးပျံစနစ်နှင့် လွန်စွာတူညီမည်ဟု သတင်းများ ပေါ်ထွက်လျက်ရှိသည်

■ F-05

# ရခိုင်ပြည်နယ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပခွင့်ရရှိရေး ဆွေးနွေး

**စစ်တွေ၊ ဖေဖော်ဝါရီ ၁၅**

ရခိုင်ပြည်နယ်အတွင်း ကျင်းပခွင့်မရသည့် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကျင်းပခွင့်ရရှိရေး ရခိုင်အမျိုးသားပါတီနှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီတို့ တွေ့ဆုံဆွေးနွေးလျက်ရှိကြောင်း ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) မှ ဒေါ်စောမြရာဇာလင်းက ပြောကြားသည်။

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲရရှိရန်အတွက် ရခိုင်အမျိုးသားပါတီ ဒုဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်အစိုးရအပါအဝင် ဗဟိုအလုပ်အမှုဆောင်ကော်မတီများနှင့် ရခိုင်လူမှုအဖွဲ့အစည်းများပါဝင်ပြီး ဖေဖော်ဝါရီလ ၁၅ ရက်နေ့က ရခိုင်အမျိုးသမီးများအစည်းအရုံး ရုံးခန်းမတွင် ဆွေးနွေးလျက်ရှိကြောင်း ၎င်းက ပြောဆိုသည်။

"အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ရခိုင်ပြည်တွင် ကျင်းပခွင့်မပြုခြင်းဟာ ၂၁ ရာစုပင်လုံဒုတိယအကြိမ်ညီလာခံကျင်းပမယ့်ရက်နဲ့ နီးနေတာကြောင့်ခွင့်မပြုလို့ သိရတယ်။ ဒါကြောင့်ကျွန်မတို့က အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ မကျင်းပရသေးဘူးဆိုရင် ၂၁ ရာစုပင်လုံညီလာခံကို နောက်ဆုတ်ပေးဖို့တောင်းဆိုထားပါတယ်" ဟု ဒေါ်စောမြရာဇာလင်းက ဆိုသည်။

ရခိုင်ပြည်နယ်အတွင်း အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ရခိုင်ပြည်နယ်၏ လုံခြုံရေးအခြေအနေကြောင့် ခွင့်မပြုခြင်းဖြစ်ကြောင်း ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UNDJC) နိုင်ငံရေးပါတီများအစုအဖွဲ့၏ အတွင်းရေးမှူးအဖွဲ့ဝင်၊ ရန်ကုန်တိုင်း လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ပြောကြားသည်။

အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများကို ရခိုင်နှင့်ချင်းပြည်နယ်တို့မှအပ တစ်နိုင်ငံလုံးတွင် ကျင်းပခွင့်ပြုထားပြီး အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပရန် အဆင်သင့်မဖြစ်ဟုဆိုကာ ခွင့်မပြုခဲ့သော်လည်း ချင်းပြည်နယ်တွင် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ပြန်လည်ကျင်းပခွင့်ရရှိခဲ့ပြီး ယခုလ ၂၃ ရက်နေ့တွင် ချင်းပြည်နယ်၌ ကျင်းပရန်လျာထားကြောင်း CNF မှ ဒုဥက္ကဋ္ဌ ဆလိုင်းလျန်မှုန်းဆာခေါင်းက ပြောဆိုသည်။

ရခိုင်တိုင်းရင်းသားများ၏ သဘောထားအမြင်များမပါဝင်ဘဲ ၂၁ရာစု ပင်လုံကို ပြုလုပ်မည်ဆိုခြင်းမှာ မဖြစ်သင့်ကြောင်း ရခိုင်အမျိုးသားပါတီ မြောက်ဦးမြို့နယ်အတွင်းရေးမှူး ကိုထွန်းနေလင်းက ပြောကြားသည်။

၂၁ ရာစုပင်လုံညီလာခံ ဒုတိယအစည်းအဝေးကို မူလက ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ပြုလုပ်ရန်လျာထားသော်လည်း ငြိမ်းချမ်းရေးကော်မရှင်နှင့် မြောက်ပိုင်းအဖွဲ့များ တွေ့ဆုံရန်ရှိသည့်အတွက် ၂၁ ရာစုပင်လုံညီလာခံကို မတ်လအတွင်းကျင်းပရန် ရွှေ့ဆိုင်းထားကြောင်း ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်၏ နာယကဖြစ်သူ ဗိုလ်မှူးကြီး ခွန်ဥက္ကာက ပြောကြားသည်။ ■ R-04

# ဟင်္သာတကြက်ဥ ရောင်းအားကျ

**ဟင်္သာတ၊ ဖေဖော်ဝါရီ ၁၅**

ဟင်္သာတမြို့နယ်ရှိ ဥစားကြက်မွေးမြူထုတ်လုပ်ရေး လုပ်ငန်းများတွင် ဖေဖော်ဝါရီလ ဒုတိယပတ်မှ စတင်ကာ ကြက်ဥရောင်းအား ကျဆင်းနေကြောင်း ယင်းမွေးမြူရေး လုပ်ငန်းရှင်များထံမှ သိရသည်။

ဥစားကြက်မ မွေးမြူရေးခြံထွက် ကြက်ဥများကို ကြက်ဥအရောင်းဒိုင်များမှတစ်ဆင့် ဝယ်ယူကာ စားသုံးသူများထံ ပြန်လည်ရောင်းချလျက်ရှိရာ လတ်တလောတွင် ရန်ကုန်ဘက်မှ ကြက်ဥအဝင်များလာသဖြင့်ဒေသထွက်ကြက်ဥများကို အဝယ်ဒိုင်များက အဝယ်ရပ်ဆိုင်းသည်အထိ ဖြစ်ပေါ်နေကြောင်း ၎င်းတို့က ပြောကြားသည်။

"ကြက်ဥအရမ်းပေါ သွားတော့ ဒေသထွက် ကြက်ဥတွေကို ဒိုင်တွေက ဈေးနှိမ်တာ၊ စားသုံးသူတွေ ဝယ်ရတာတော့ ဈေးမကျဘူး" ဟု ဟင်္သာတမြို့မှ ဥစားကြက်မွေးမြူရေးလုပ်ငန်းရှင် ဦးဇော်သက်နိုင်က ရှင်းပြသည်။

အသားတိုးကြက်ထက် အရင်းနှစ်ဆပိုများသော ဥစားကြက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူမှာ ၁၀ ဦးခန့်သာရှိကြောင်း၊ ဥစားကြက်ကောင်ရေ တစ်ထောင်မွေးပါက ကျပ်သိန်းတစ်ရာခန့် ရင်းနှီးမြှုပ်နှံရသောကြောင့် ကြက်ဥဈေးကျဆင်းပြီး အဝယ်မရှိပါက လုပ်ငန်းရပ်ဆိုင်းရနိုင်ကြောင်း ၎င်းက ပြောဆိုသည်။

၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းမှ ဒီဇင်ဘာလ ဒုတိယပတ်အထိ မွေးမြူရေး ကြက်ဥအလုံးရေ ၁၀၀ လျှင် ၁၂,၅၀၀ ကျပ်ဖြင့် တစ်နှစ်ပတ်လုံးရောင်းချနေရပြီး ဒီဇင်ဘာလ တတိယပတ်၌ကြက်ဥ အလုံးရေ ၁၀၀ လျှင် ၉၀၀၀ ကျပ်အထိ တစ်နှစ်အတွင်း စံချိန်တင် ဈေးကျဆင်းခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလဒုတိယပတ်မှ စတင်ကာ ရောင်းအားကျဆင်းမှုကြုံနေရကြောင်း ၎င်းထံမှ သိရသည်။ ■



ဓာတ်ပုံ – ကျော်စိုးမိုး

ရွှေယင်မျှော်ဘုရားထီးတော် လှည့်လည်အပူဇော်ခံနေစဉ်

# သမိုင်းဝင် ရွှေယင်မျှော်ဘုရားထီးတော် လှည့်လည်ပူဇော်ခံ

**မိတ္ထီလာ၊ ဖေဖော်ဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် ရွာကြီးစံပြကျေးရွာရှိ ကျော်လေးဆူသမိုင်းဝင် ရွှေယင်မျှော်ဘုရားထီးတော်ကို အသစ်ပြန်လည်လှူဒါန်းပူဇော်မည်ဖြစ်ရာ မန္တလေးမြို့မှ ပင့်ဆောင်လာသော ထီးတော်အသစ်ကို ဖေဖော်ဝါရီလ ၁၄ရက်နေ့က မိတ္ထီလာမြို့နှင့် သာစည်မြို့နယ်အတွင်း လှည့်လည်အပူဇော်ခံခဲ့ကြောင်း ထီးတော်ပင့်ဆောင်ရေးအဖွဲ့နှင့် ဒေသခံများထံမှ စုံစမ်းသိရှိရသည်။

အဆိုပါ ကျော်လေးဆူ သမိုင်းဝင် ရွှေယင်မျှော်ဘုရား ထီးတင်ပွဲတော်ကို လာမည့်မတ်လ ၈ ရက်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ဘုရားဂေါပကအတွင်းရေးမှူး ဦးညွန့်နိုင်က ပြောဆိုသည်။ ■ R-01

# အိမ်သာ မီးငြှိမ်းစဉ် ခြောက်ရက်သမီး ကလေးငယ်ပျောက်ဆုံး၊ ချောင်းထဲမှ အလောင်းပြန်တွေ့

**မိတ္ထီလာ၊ ဖေဖော်ဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ထမုန်ကန်ကျေးရွာအုပ်စု စက်ပြစ်တောင်ကျေးရွာ နေအိမ်တစ်ခုတွင် ဖေဖော်ဝါရီလ ၁၄ ရက်နေ့ည ၂ နာရီဝန်းကျင်က အိမ်သာမီးလောင်သဖြင့် မီးငြှိမ်းသတ်ရာတွင် ခြောက်ရက်အရွယ် မိန်းကလေးငယ်တစ်ဦး ပျောက်ဆုံးခဲ့ပြီး ဖေဖော်ဝါရီ ၁၅ ရက်နေ့တွင် ကလေးငယ်အလောင်းကို ချောင်းအတွင်းမှ ပြန်လည်တွေ့ရှိခဲ့ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးရုံးနှင့် မိတ္ထီလာခရိုင် မီးသတ်ဦးစီးဌာနထံမှ စုံစမ်းသိရှိရသည်။

ယင်းနေ့ညက အိမ်ရှင်အမျိုးသမီးသည် ကလေးနို့တိုက်မည်ဆိုကာထသည့် အချိန်တွင် အိမ်ခေါင်မိုးသွပ်ကို အိမ်သာမီးလောင်သည့်အလင်းရောင် လာဟပ်သည်ကိုတွေ့ရှိကာ အော်ဟစ်အကူအညီတောင်းရာ ၎င်း၏ခင်ပွန်းဖြစ်သူနှင့် ဖခင်ဖြစ်သူတို့က မီးငြှိမ်းသတ်ခဲ့ကြောင်း၊ မီးငြှိမ်းပြီးနောက် ကလေးဖခင်ဖြစ်သူက အိပ်ရာထဲရှိကလေးငယ်ကိုကြည့်ရှုရာတွင် မတွေ့ရဘဲ ပျောက်ဆုံးခဲ့ခြင်းဖြစ်ကြောင်း မိတ္ထီလာခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းက ပြောကြားသည်။

"အဲဒီရွာထဲမှာရှိတဲ့ ပရဟိတ လူငယ် ၅၀ လောက်က ဝိုင်းပြီးရှာကြတာမတွေ့တော့ဘူး။ ဒီနေ့ မနက်ခြောက်နာရီလောက်မှ အိမ်သာမီးလောင်တဲ့နေရာနဲ့ ပေတစ်ရာလောက်ကွာတဲ့ ခင်လူးချောင်းထဲမှာ ကလေးအလောင်းကိုတွေ့တယ်။ မနက်ခင်းကျမှ ဒီဖြစ်စဉ်ကို ရွာကအကြောင်းကြားလို့ မြို့မရဲစခန်းမှူးနဲ့အတူလာပြီး စစ်ဆေးတာပါ" ဟု ၎င်းက ဆိုသည်။

အဆိုပါ ကလေးငယ်ကို ချောင်းထဲတွင်မှောက်လျက် ဦးခေါင်းအောက်စိုက်အနေအထားဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး ကလေးငယ်၏ လက်ယာဘက်မျက်ခုံးပေါ်တွင် ပေါက်ပြဲဒဏ်ရာတွေ့ရှိရကြောင်း ကလေးငယ်၏ ဖခင်ဖြစ်သူနှင့် ဦးလေးတော်စပ်သူ ဦးဆန်းဝင်းက ပြောဆိုသည်။

သေဆုံးသူ ကလေးငယ်၏ မိဘနှစ်ဦးမှာ စက်ပြစ်တောင်ကျေးရွာအနီးရှိ ထီလာဦးဂေါက်ကွင်းတွင် ဂေါက်သီးကောက်နှင့် ဂေါက်အိတ်ထမ်း အလုပ်လုပ်ကိုင်သူများဖြစ်ပြီး ဖခင်မှာ အသက် ၂၄ နှစ်နှင့် မိခင်မှာ ၂၀ နှစ်ဖြစ်ကြောင်း မိတ္ထီလာမြို့မရဲစခန်းမှူး ဒုရဲမှူးခင်မောင်စိုးက ရှင်းပြသည်။

မည်သည့်အကြောင်းရင်းကြောင့် ကလေးငယ်ပျောက်ဆုံးပြီး ချောင်းအတွင်း သေဆုံးခဲ့သည့်အပေါ် အတည်မပြုနိုင်သေးဘဲ လတ်တလောတွင် နယ်မြေခံမြို့မရဲစခန်းက သေမှုသေခင်းအမှတ် ၁/၂၀၁၇ ဖြင့် အမှုဖွင့်ထားပြီး ဆေးစစ်ချက်အဖြေများအရ ဆက်လက်စုံစမ်းစစ်ဆေးမှုပြုလုပ်မည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။ ■ R-01

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃

# ၆၆ (ဃ) ဖြင့်တရားစွဲခံရသူ အရာထမ်း နိုင်ငံတော်အတိုင်ပင်ခံထံ စာတင်မည်

**တောင်ကြီး၊ ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ်တောင်ပိုင်း စားသုံးသူရေးရာဦးစီးဌာနက လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းအောင်သည် ၎င်းအပေါ် ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆ (ဃ) ဖြင့် တရားစွဲဆိုခံထားရမှုအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်တို့ထံစာတင်ပြမည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

"အမှန်တရားအတွက် လုပ်ကိုင်ဆောင်ရွက်သူရဲ့ဘဝအာမခံချက်ရရှိရေးအတွက် မိသားစုဘဝအာမခံချက်အကာအကွယ်ပေးနိုင်ရေးအတွက်"ဟုဦးမင်းအောင်က ဆိုသည်။

Min Aung Facebook Account အမည်ဖြင့် ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန ရှမ်းပြည်နယ်အရှေ့ပိုင်း အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနက ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး၊ ကျိုင်းတုံခရိုင် အုပ်ချုပ်ရေးမှူး၊ တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူးနှင့် တပ်မတော်အပေါ် အထင်အမြင် လွဲမှားစေရန် ရေးသားထားသဖြင့် ဆိုကာယင်းအကောင့်ပိုင်ရှင် ဦးမင်းအောင်ကို ၆၆ (ဃ)ဖြင့်အရေးယူပေးရန် စားသုံးသူရေးရာဦးစီးဌာန ကျိုင်းတုံခရိုင်က တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း ယင်းတိုင်စာအရ သိရသည်။

"သူတို့ဘာကိုဆိုလိုတယ်။ ကျွန်တော်ကိုယ်တိုင်မသိဘူး။ လုပ်ငန်းလုပ်သင့်တဲ့အတိုင်းအတာ သိသင့်သိထိုက်တာလေးတွေအထက်ကိုသိအောင်တင်တာရှိတယ်။ အောက်ခြေမှာလုပ်ရတာတွေ အဆင်မပြေတာတွေရှိတယ်"ဟု ဦးမင်းအောင်က ဆိုသည်။

ယင်းဖြစ်စဉ်တွင် ဦးမင်းအောင်ကို ၆၆(ဃ) ဥပဒေပါ အချက်ကိုးချက်ဖြင့် အမှုဖွင့်ထားခြင်းဖြစ်ကြောင်း တရားလိုပြုလုပ်တိုင်ကြားထားသည့် ကျိုင်းတုံခရိုင် အုပ်ချုပ်ရေးမှူး ဦးနေဦးက ပြောကြားသည်။■ R-10

# ချောင်းသာကမ်းခြေ ယာယီဈေး မစီစဉ်ပေး၍ ဈေးသည်များ အခက်တွေ့

**ပုသိမ်၊ ဖေဖော်ဝါရီ ၁၅**

ချောင်းသာကမ်းခြေတွင် ဈေးရောင်းချခွင့် တားမြစ်ခံရသူများကို ဧရာဝတီတိုင်းအစိုးရက ယာယီဈေး စီစဉ်ပေးမည်ဟု ပြောဆိုခဲ့သည်မှာ တစ်လခွဲကျော်နေသော်လည်း ဈေးမစီစဉ်ပေးသဖြင့် ဈေးရောင်းသူများ စားဝတ်နေရေး အခက်ကြုံနေကြောင်း ယင်းဈေးရောင်းချသူများထံမှ သိရသည်။

ကမ်းခြေတွင် အပန်းဖြေသူများအနှောင့်အယှက် မဖြစ်နိုင်သည့် နေရာတွင် ဈေးရောင်းချနိုင်ရန် ယာယီဈေးကို သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးများ ကွင်းဆင်းကာ ကြပ်မတ်ပြီး သင့်တော်သည့် နေရာတွင် စီစဉ်ဆောင်ရွက်ပေးရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း တိုင်းဒေသကြီး လျှပ်စစ် စွမ်းအင် စက်မှုလက်မှုနှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးက ပြောကြားသည်။

"ကမ်းခြေမှာ ဈေးမရောင်းရတာ ၃လ ရှိနေပြီ၊ ဈေးရောင်းလို့ရတဲ့ ခရီးသွားရာသီကလည်း နှစ်လပဲ ကျန်တော့တယ်၊ ကျွန်မတို့တွေ အခက်အခဲတွေနဲ့ ရင်ဆိုင်နေရတယ်၊ လူကြီးတွေက စီစဉ်ပေးဖို့ညွှန်ကြားတယ်။ အောက်လူတွေက မလုပ်ပေးဘူး၊ အမြန်ဆုံး ဈေးရောင်းခွင့်ပေးပါလို့ တောင်းပန်နေတာ မရရင် ဖမ်းဖမ်း၊ သတ်သတ် ကိုယ့်အစီအစဉ်နဲ့ကိုယ် ဈေးရောင်းရပါလိမ့်မယ်"ဟု ကမ်းခြေဈေးသည်ဒေါ်စကားဝါက ပြောဆိုသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သက်ဆိုင်ရာ ဝန်ကြီးများနှင့် တာဝန်ရှိများက ကမ်းခြေ ယာယီဈေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး ချောင်းသာကမ်းခြေ ဒေသအုပ်ချုပ်ရေးအဖွဲ့မှ လုပ်ဆောင်ပေးရမည်ဖြစ်သော်လည်း ယာယီဈေးနေရာမှာ စီစဉ်ပေးခြင်း မရှိသေးကြောင်း၊ ကမ်းခြေမြေသို့ ကျူးကျော်သည့် ဟိုတယ်များ နောက်သို့ ပြန်ဆုတ်ခြင်း၊ ကမ်းခြေတွင် ဆိုင်တည်ခင်းရောင်းချခြင်း မပြုရန် တို့ကို ဟိုတယ်နှင့်ကမ်းခြေဈေးသည်များ လိုက်နာခဲ့ကြောင်း ၊ တရားမဝင် ကမ်းခြေမြေသို့ ကျူးကျော်ဆောက်လုပ်နေသည့် တည်းခိုခန်းများကို အရေးယူ တားမြစ်ခြင်း မပြုလုပ်ခဲ့ကြောင်း ကမ်းခြေဈေးသည်များက ပြောဆိုသည်။

ချောင်းသာကမ်းခြေတွင် ဈေးတည်ခင်းရောင်းချသူ ၈၀ ကျော်ရှိပြီး ကမ်းခြေသောင်ပြင်တွင် ဆိုင်များ တည်ခင်းဈေးရောင်းချခြင်းကြောင့် ကမ်းခြေသန့်ရှင်းမှုယိုယွင်းလာခြင်း၊ ဆိုင်တွင်ညအိပ်ညဉ့်နေများရှိခြင်းတို့ကြောင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်နိုင်သဖြင့် ကမ်းခြေတွင်ဈေးရောင်းချမှုများကိုတားမြစ်ရခြင်းဖြစ်ကြောင်း၊ ဟိုတယ်များ ကမ်းခြေဘက်တိုးချဲ့ကျူးကျော်ခြင်းကြောင့်ကမ်းခြေအပန်းဖြေသောင်ပြင်များ ကျဉ်းမြောင်းလာကြောင်း၊ယင်းကြောင့် ကျူးကျော် ဟိုတယ်များ နောက်ဆုတ်ပေးရန်တို့ကို နိုဝင်ဘာလ ၁ ရက်မှ စတင်ကာ ဆောင်ရွက်ခဲ့ကြောင်း တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးထံမှ သိရသည်။ ■ R- 12

# ရွှေဘို နွေရာသီ အားကစားအခြေခံ သင်တန်းများ ဖွင့်မည်

**ရွှေဘို၊ ဖေဖော်ဝါရီ ၁၅**

ရွှေဘိုတွင် နွေရာသီ ကျောင်းပိတ်ရက်၌ အားကစားအခြေခံသင်တန်းများကို မတ်လ ၁ ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ရွှေဘိုမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မို့မို့မြင့်က ပြောကြားသည်။

ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ စစ်တုရင်၊ စားပွဲတင်တင်းနစ်နှင့် အေရိုးဗစ်စသည့်သင်တန်းများကို နေ့စဉ်နံနက် ၇ နာရီမှ ၉ နာရီအထိ တစ်လကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။ ■ R-09

# တဘူးလှုဆည်အတွင်း တရားမဝင်သစ်တင်ယာဉ် တိမ်းမှောက်၊ တစ်ဦးသေ

**တိုက်ကြီး ၊ ဖေဖော်ဝါရီ ၁၅**

တိုက်ကြီးမြို့နယ်ဥက္ကံတဘူးလှုဆည် တမံ(၃) ဥက္ကံသစ်တောကြိုးဝိုင်းအကွက်အမှတ်(၈၆) ဘွက်မြောင်တွင် ဖေဖော်ဝါရီလ ၁၄ရက်နံနက်၁၀နာရီခန့်တွင် တရားမဝင်သစ်များ တင်ဆောင်လာသော မော်တော်ယာဉ်မှာ နောက်ပြန်ပြုတ်ကျရာမှ သစ်အလုပ်သမားတစ်ဦး သေဆုံးခဲ့ကြောင်း ဥက္ကံနယ်မြေရဲစခန်းမှ အမှုစစ်ဒုရဲအုပ်စိုးမြင့်က ပြောကြားသည်။

အဆိုပါ ယာဉ်ပေါ်တွင် တရားမဝင်သစ်မာအမျိုးအစား ထောက်ကြံ့သစ် ၄ တန်ကျော်ကို တင်ဆောင်ကာ လုပ်သား ၁၁ ဦး လိုက်ပါလာကြောင်း၊ ကုန်တင်ယာဉ်မှာ တောင်တက်တောင်ဆင်းလမ်းအတိုင်း မောင်းလာစဉ် နောက်ပြန် ပြုတ်ကျရာမှာ အလုပ်သမားများ ယာဉ်ပေါ်မှ လွင့်စဉ်ကာ အသက် ၄၀ အရွယ် ဦးမြင့်ထွေးက ဒဏ်ရာများရရှိပြီး နေရာတွင်သေဆုံးခဲ့ကြောင်းနှင့် အလုပ်သမား ၂ဦး ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းက ရှင်းပြသည်။

ယာဉ်မတော်တဆမှုကြောင့် အသက် ၃၈ နှစ်အရွယ် သစ်တင်ယာဉ်မောင်း ဦးအေးလွင်(ခ)ဖိုးထောင်ကိုရာဇသတ်ကြီး ပုဒ်မ ၃၀၄က၊ ၃၃၈၊ ၃၃၇၊ ၂၀၂ဖြင့် အမှုဖွင့်ထားကြောင်း ဥက္ကံနယ်မြေရဲစခန်းထံမှ သိရသည်။ ■

The VOICE Daily

CARTOON



# ကျိုင်းတုံတွင် ချင်းအမျိုးသားနေ့ အခမ်းအနား ကျင်းပမည်

**ကျိုင်းတုံ၊ ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင်ဖေဖော်ဝါရီလ ၂၀ရက်တွင် ကျရောက်မည့် ၆၉ နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ကျင်းပမည်ဖြစ်ကြောင်း ကျိုင်းတုံမြို့ချင်းတိုင်းရင်းသားလူမှုကူညီရေးအသင်းထံမှ သိရသည်။

ကျိုင်းတုံမြို့တွင် ဌာနဆိုင်ရာ ဝန်ထမ်းများ အပါအဝင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများဖြစ်သည့် ချင်းတိုင်းရင်းသားများ နေထိုင်ပြီး ယင်းအခမ်းအနားကို ၂၀၁၀ ပြည့်နှစ် နောက်ပိုင်းက စတင်ကာ စုပေါင်းကျင်းပခဲ့ကြောင်း၊ အခမ်းအနားကို ဘုရားကျောင်းတွင် ကျင်းပမည်ဖြစ်ပြီး ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို ဆုချီးမြှင့်ကာ မိတ်ဆုံစားပွဲကျင်းပမည်ဟုယင်းအသင်း ဒုဥက္ကဋ္ဌ ဦးဗျက်မန်းက ပြောကြားသည်။




၂၀၁၆ ခုနှစ်က ချင်းအမျိုးသားနေ့ကျင်းပနေစဉ်

ချင်းတိုင်းရင်းသားများသည် တပ်မတော်တပ်ရင်းတပ်ဖွဲ့များ၌ အများဆုံး တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူပြီးနောက် မွေးရပ်မြေများသို့မပြန်နိုင်ဘဲ ကျိုင်းတုံမြို့တွင် အခြေချနေထိုင်လျက်ရှိသည်။ ၎င်းတို့၏ သားသမီးများမှာ ချင်းစာပေနှင့် ဘာသာစကားများ တတ်ကျွမ်းမှု မရှိသော်လည်း ရိုးရာ အမွေအနှစ်များကို ထိန်းသိမ်းတတ်စေရန် သင်ကြားပြသပေးနေသည်။ ကျိုင်းတုံမြို့နယ်တွင် ချင်းတိုင်းရင်းသား မိသားစု၅၂စုရှိပြီး လူဦးရေ၁၅၀ကျော် နေထိုင်လျက်ရှိသည်။ ■

R-16



ဓာတ်ပုံ – ရန်ကောင်း

ငြိမ်းချမ်းရေးရည်ရွယ်၍ မြစ်ကြီးနားမှ ခရီးရှည်စတင်ထွက်ခွာသည့်အဖွဲ့

# ငြိမ်းချမ်းရေးအတွက် မသန်စွမ်း Wheel Chair အဖွဲ့ ခရီးရှည်ထွက်ခွာ

**မြစ်ကြီးနား၊ ဖေဖော်ဝါရီ ၁၅**

မြစ်ကြီးနားရှိ ကိုယ်ခန္ဓာမသန်စွမ်းသူများအဖွဲ့က ငြိမ်းချမ်းရေးရရှိစေရန် ရည်ရွယ်၍ Wheel Chair (ဘီးတပ်ကုလားထိုင်) ဖြင့် မြစ်ကြီးနားမြို့မှ နေပြည်တော်သို့ ဖေဖော်ဝါရီလ ၁၅ ရက်နေ့က စတင်ထွက်ခွာခဲ့ကြောင်း ယင်းအဖွဲ့ထံမှ သိရသည်။

အဆိုပါ အဖွဲ့တွင် ဝှီးချဲစီးသူ ၁၀ ဦး၊ တေးဂီတသီဆိုဖျော်ဖြေသူ ၁၀ ဦး၊ ငြိမ်းချမ်းရေးဆိုင်ရာတင်ပြမည့် ဆွေးနွေးအနားမကြားနှင့် ကိုယ်ခန္ဓာချို့ယွင်းသူ ၇ ဦး၊ ငြိမ်းချမ်းရေးချစ်မြတ်နိုးပြီး အထက်ပါ အဖွဲ့များကို ဦးဆောင်လိုက်ပို့သူ ၁၀ ဦး၊ ငြိမ်းချမ်းရေးချစ်မြတ်နိုးသည့်အတွက်လိုက်ပါမည့်သူများ အပါအဝင်စုစုပေါင်း ၃၀ ဦးထွက်ခွာခဲ့ပြီး ခရီးစဉ်တစ်လျှောက် မြို့ရွာများတွင် ဟောပြောပွဲများပြုလုပ်မည်ဖြစ်ကာ ယင်းခရီးစဉ်မှာ ၁၃ ရက်ကြာမြင့်မည်ဖြစ်ကြောင်း ယင်းအဖွဲ့ထံမှ သိရသည်။

"ကချင်ပြည်နယ်အတွင်း တိုက်ပွဲတွေဖြစ်နေတဲ့အတွက် မငြိမ်းချမ်းတဲ့နယ်မြေတွေမှာ ဉာဏ်ရည်မသန်စွမ်းတဲ့သူတွေ ပညာသင်ကြားရေးအတွက် ခက်ခဲပြီးတော့ နယ်မြေငြိမ်းချမ်းတဲ့ နေရာမှာ ပညာသင်ကြားခွင့် တွေရရှိနေတယ်။ တန်းတူပညာ သင်ကြားခွင့်ရရှိဖို့အတွက် ငြိမ်းချမ်းရေးက အဓိကပဲ"ဟု ရန်ကုန်မျက်မမြင်ကျောင်း (ခဲဝဲခြံ)မှ ဒုတိယကျောင်းအုပ် ဒေါ်မြသီတာလွင်က ဆိုသည်။

ထို့ပြင်ငြိမ်းချမ်းရေးအတွက် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောကွင်းတွင် ဖေဖော်ဝါရီလ ၁၄ ရက်နေ့ ည ၇ နာရီခန့်က ငြိမ်းချမ်းရေး ထောက်ခံသူများ၏ လူထုလက်မှတ်ကောက်ခံမှု ပြုလုပ်ခဲ့ပြီး ငြိမ်းချမ်းရေးအတွက် တွဲလက်များဂီတ ဖျော်ဖြေပွဲကိုလည်း ကျင်းပခဲ့သည်။

■ R-06

# ထောင်ကျတောင်သူကိုးဦးဖေဖော်ဝါရီ၂၂လွတ်မည်

**တောင်ကြီး၊ ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ် တောင်ပိုင်း ကွန်လုံကျေးရွာအုပ်စု ရေပူကျေးရွာမှ တပ်ပိုင်မြေကျူးကျော်မှုဖြင့် တရားစွဲဆိုထောင်ကျခံနေသည့် တောင်သူ ကိုးဦးသည် ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ပြစ်ဒဏ်စေ့၍ ထပ်မံလွတ်မည်ဖြစ်ကြောင်း တရားလွှတ်တော် ရှေ့နေ ဒေါ်ခင်မိုးမိုးက ပြောကြားသည်။

ဒီဇင်ဘာလ ၂၂ ရက်နေ့က ပုဒ်မ ၄၄၇/၄၂၇ ဖြင့် တောင်ကြီးခရိုင် တရားရုံးက တောင်သူ ၇၅ ဦးကို ထောင်ဒဏ်အသီးသီးချမှတ်ခဲ့ရာ ဇန်နဝါရီလ ၂၀ ရက်နေ့က ထောင်ဒဏ်တစ်လကျခံသည့် တောင်သူ ၅၅ ဦးနှင့် ဇန်နဝါရီလ ၂၄ ရက်နေ့က တောင်သူ ၃ ဦး ပြစ်ဒဏ်စေ့လွတ်မြောက်ခဲ့ပြီး ယခုလာမည့်ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ထောင်ဒဏ်နှစ်လကျခံရသူ တောင်သူကိုးဦးထပ်မံလွတ်မြောက်မည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

"လက်ရှိကျန်တဲ့သူတွေအတွက် အယူခံတင်ဖို့လုပ်ပေးနေတယ်။ ရှမ်းပြည်နယ်လွှတ်တော်က ပလပ်လိုက်တော့ သူတို့ (တောင်သူ) တော်တော် စိတ်ပျက်သွားတယ်"ဟု ၎င်းကဆိုသည်။

တပ်ပိုင်မြေ ကျူးကျော်မှုဖြင့် ထောင်ကျခံနေရသည့် တောင်သူများအနက် ကျန်ရှိနေသူများမှာ ထောင်ဒဏ်သုံးလကျခံသူနှင့် ခြောက်လကျခံသူ ၁၂ ဦးရှိပြီး ၎င်းတို့အတွက် ပြည်ထောင်စုလွှတ်တော်သို့ စာတင်မည်ဖြစ်ကြောင်း ဒေါ်ခင်မိုးမိုးက ပြောဆိုသည်။

အဆိုပါ လယ်ယာမြေအငြင်းပွားမှုသည် ၂၀၁၅ ခုနှစ်အတွင်းက စတင်ဖြစ်ပွားခဲ့ပြီး တောင်သူ ဦးမြင့်အောင်မှာလည်း ကိုယ့်ကိုယ်ကိုယ်မီးရှို့ဆန္ဒဖော်ထုတ်တောင်းဆိုခဲ့ကြောင်း ရေပူကျေးရွာ ဒေသခံများထံမှ သိရသည်။

■ R-10

# News In Brief

## မိုင်းလားတွင် မူးယစ်ဆေးဝါးများ ဖမ်းမိ

ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ မိုင်းလားမြို့နယ် တာပုံကျေးရွာအုပ်စု ၂၄မိုင်ကျေးရွာနှင့် ၂၅မိုင် ကျေးရွာတွင် ဖေဖော်ဝါရီလ ၁၄ရက် နံနက် ၉နာရီက အမျိုးသား နှစ်ဦးထံမှ ကျပ်သိန်း၆၀ကျော်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းမိခဲ့ကြောင်း ကျိုင်းတုံမြို့ အမှတ် (၂၈) မူးယစ်တပ်ဖွဲ့စုထံမှ သိရသည်။

၂၄မိုင်ရွာရှိ ၃၆နှစ်အရွယ် ကိုစတီဗင်၏အိမ်ကို ရှာဖွေရာမှ စိတ်ကြွဆေးပြား ၃၃ပြားကိုလည်းကောင်း၊ ကွင်းဆက်ဖြစ်သော ၂၅မိုင်ရွာရှိ ၃၅နှစ် ကိုဘေးလေ၏ အိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀ ပြားနှင့် ကျပ်ခုနစ်သောင်းကိုလည်းကောင်း တွေ့ရှိခဲ့ ကြောင်း၊ ဖမ်းမိထားသူများမှ မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲသူများဖြစ်ပြီး မူးယစ်ဆေးဝါးမှု ပုဒ်မများဖြင့် အမှုဖွင့်ထားကြောင်း ကျိုင်းတုံမြို့မရဲစခန်းမှူး ဒုရဲမှူးသန်းထွန်းက ပြောကြားသည်။ ■ R-16

## တောင်ငူတွင် မူးယစ်ဆေးဝါးများဖမ်းမိ

ပဲခူးတိုင်းဒေသကြီး မင်းကြီးညိုရပ်ကွက် ပေါက်လှကြီးလမ်းရှိ တည်းခိုခန်းတစ်ခုတွင် တည်းခိုနေသူလင်မယားထံမှ ဖေဖော်ဝါရီလ ၁၃ ရက်နေ့နံနက် ၄ နာရီခွဲက စိတ်ကြွဆေးပြား ၉၀၀ ကျော်ကို ဖမ်းမိကြောင်း တောင်ငူမြို့မရဲစခန်းမှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

တည်းခိုခန်းတွင် တည်းခိုသော လင်မယားနှစ်ဦးအနက် အသက် ၂၆ နှစ်အရွယ် ဒေါ်မီမီထွန်းထံမှ စိတ်ကြွဆေးပြားများ၊ မူးယစ်ဆေးသုံးရာတွင် အသုံးပြုသော ပစ္စည်းများ၊ ဆိုင်ကယ်တစ်စီး၊ မော်တော်ယာဉ်တစ်စီးနှင့် ဆေးပြားရောင်းရငွေ ကျပ်ငါးသောင်းကျော်ကို ဖမ်းမိပြီး ပြစ်ချက်ဟောင်းရှိသော အမျိုးသားမှာ လွတ်မြောက်သွားကြောင်း၊ ဖမ်းမိသူနှင့် ထွက်ပြေးသူ အမျိုးသားကို မူးယစ်ဆေးဝါးပုဒ်မများဖြင့် အမှုဖွင့်စစ်ဆေးနေကြောင်း ၎င်းကရှင်းပြသည်။ ■ R-15

## မိုင်းဆတ်တွင် အိမ်တစ်လုံးမီးလောင်

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ဝိန်းကောင်းကျေးရွာတွင် ဖေဖော်ဝါရီ၁၅ရက် နံနက်၁နာရီခွဲက နေအိမ်တစ်လုံးတွင် ဘုရားမီးပူဇော်ရာမှ မီးလောင်ခဲ့ကြောင်း မိုင်းဆတ်မြို့နယ်မီးသတ်ဦးစီးဌာနထံမှသိရသည်။

အသက် ၄၈နှစ် အရွယ် ဦးသောင်းဟန် ပိုင်ဆိုင်သော အလျား ၂၄၊ အနံ ၁၅ပေရှိ သွပ်မိုး ထရံကာ၊ ဝါးခင်း တစ်ထပ်နေအိမ်တွင် ဘုရားမီးပူဇော်ရာမှ အောက်ခံသစ်သားပြားကို မီးကူးလောင်ကျွမ်းခဲ့ရာမှ အိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးလောင်မှုကြောင့် အိမ်ရှင်ဦးသောင်းဟန်ကို ရာဇသတ်ကြီး ပုဒ်မ ၂၈၅ဖြင့် အမှုဖွင့်ထားကြောင်း ကျိုင်းတုံမြို့ပြည်နယ်မီးသတ်ဦးစီးဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။ ■ R-16

# မိုးမောက်မြို့နယ်တွင် ကျေးရွာချင်းဆက်လမ်းဖွင့်

**ဗန်းမော်၊ ဖေဖော်ဝါရီ ၁၅**

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်ရှိမံပုံကျေးရွာနှင့်ကျရီဒဂေါ်ကျေးရွာ ကျေးရွာချင်းဆက် ကွန်ကရစ်တံတားကိုဖေဖော်ဝါရီလ ၁၃ ရက်က ဖွင့်လှစ်ခဲ့သည်။

ယင်းရွာနှစ်ရွာမှာ ကျရီဒဂေါ်ချောင်းခြားနေပြီး တစ်ရွာနှင့် တစ်ရွာသွားလာရန် ခက်ခဲကြောင်း၊ ချောင်းရေမှာအရှိန်ပြင်းစီးဆင်းနေသဖြင့် တောင်ယာရိတ်သိမ်းချိန်၊ လယ်ယာလုပ်ငန်းချိန်များတွင် အခက်အခဲများရှိခြင်း၊ လူနှင့် ကျွဲနွားများ မျောပါဖူးကြောင်း၊ မိုးရာသီတွင် ချောင်းအတွင်း ရေစီးသန်သဖြင့် စက်လှေဖြင့်ပင်ကူးမရကြောင်း မံပုံအုပ်ချုပ်ရေးမှူး ဦးလောစီကပြောကြားသည်။

ယင်းတံတားမှာ အလျားပေ ၄၅၀၊ အကျယ် ၁၆ ပေရှိပြီး ၂၀၁၆ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှ စတင်ကာ တည်ဆောက်ခဲ့ရာ ယခုနှစ် ဇန်နဝါရီလ ၂၅ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း၊ တံတားကိုတော်ဝင်ရဲထွဋ်မိုးကောင်း အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်က ကျပ်သိန်း ၈၀၀ ဖြင့် တည်ဆောက်ခဲ့ကြောင်း ယင်းကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးရဲထွဋ်လင်းက ပြောကြားသည်။

■ R-14

ဖြန့်ချိရေး ကိစ္စဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃

## MDCF ခေါင်းဆောင် ကိုထင်ကျော်ကို ပုဒ်မ ၅၀၅ (က) ဖြင့် စွဲချက်တင်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၅**

MDCF ခေါင်းဆောင်ကိုထင်ကျော်(ခ)ကျော်ထင်ကို မြောက်ဥက္ကလာပမြို့နယ် တရားရုံးက ပုဒ်မ ၅၀၅(က)ဖြင့် စွဲချက်တင် အမိန့်ချမှတ်ခဲ့သည်။

ဖေဖော်ဝါရီလ ၁၅ ရက် မွန်းလွဲပိုင်းက စွဲချက်တင်အမိန့်ချမှတ်ခံရသူ ကိုထင်ကျော်သည် မြောက်ဥက္ကလာပမြို့နယ် တရားရုံးရှေ့တွင် မြန်မာနိုင်ငံတရားစီရင်ရေးအပေါ် စစ်ပိုလ်ချုပ်များ လွှမ်းမိုးထားကြောင်း၊ တရားစီရင် အပြစ်ပေးရာတွင် ပြည်သူသာ ခံစားနေရပြီး စစ်ပိုလ်ချုပ်များမှာ လွတ်မြောက်နေကြောင်း ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့က ဟောပြောခဲ့သည့်အတွက် တပ်မတော်ဂုဏ်သိက္ခာ ထိခိုက်စေသည်ဟုဆိုကာ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယ ဗိုလ်မှူးကြီးဇော်ဇော်က ရာဇသတ်ကြီး ပုဒ်မ ၅၀၅(က) ဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

"တရားဥပဒေစိုးမိုးရေးမှာ စစ်ဗိုလ်ချုပ်တွေလွှမ်းမိုးနေတယ်၊ တရားဥပဒေစိုးမိုးမှုမရှိသေးဘူး၊ ဖြောင့်မတ်မှန်ကန်မှုမရှိသေးဘူးဆိုတာ ဒီနေ့သက်သေပြနေတာပဲ၊ ဆဲဆိုမှုနဲ့ မချဘဲ၊ အသရေဖျက်မှုပုဒ်မနဲ့ အမိန့်ချတာ မတရားဘူး" ဟု ကိုထင်ကျော်မှ တရားရုံးအထွက်တွင် ပြောကြားခဲ့သည်။

MDCF ခေါင်းဆောင်ကိုထင်ကျော် အပါအဝင်လေးဦးကို မြောက်ဥက္ကလာပမြို့နယ်တရားရုံးက ရာဇသတ်ကြီးပုဒ်မ ၄၄၇/ ၄၂၇ ဖြင့် တရားစွဲဆိုစစ်ဆေးခဲ့ပြီး စွဲချက်အမိန့်ချမှတ်ရာတွင် တရားရုံးသုံးစွဲချက်ပုံစံ ၇၉ အစား စီရင်ချက် အမိန့်ပုံစံ ၉၇ ဖြင့် မှားယွင်းချမှတ်ခဲ့သည်ဟုဆိုကာ ပြင်ဆင်ပေးရန် ခရိုင်တရားရုံးနှင့် တိုင်းတရားလွှတ်တော်သို့ တင်ပြသော်လည်း အဆင်မပြေမှုများဖြင့် ကြုံတွေ့ခဲ့ရသည့်အတွက် အများပြည်သူသိရှိနိုင်ရန် မဟာဗန္ဓုလပန်း ခြံရှေ့တွင် ဆန္ဒထုတ်ဖော်ရာမှ တရားစွဲဆိုခံရပြီး ထောင်ဒဏ်နှစ်လ အမိန့်ချမှတ်ခံရသူဖြစ်ကြောင်း ကျောက်တံတားမြို့နယ် တရားရုံးထံမှ သိရှိရသည်။ **J- 16**

## ဝန်ကြီးချုပ် လက်မှတ်အတုပြုလုပ်မှု တရားလိုကို စစ်

**ပုသိမ်၊ ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မန်းဂျော်နီ၏ လက်မှတ်အတုနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခန့်အပ်စာ အတုတို့ဖြင့် လိမ်လည်ခဲ့သူများကို ရုံးတင်စစ်ဆေးလျက်ရှိရာ ဖေဖော်ဝါရီလ ၁၅ရက်က တရားလို သုံးခွနယ်မြေစခန်းမှူး ရဲအုပ်အောင်အောင်ကို စစ်ဆေးခဲ့ကြောင်း ငပုတောမြို့နယ် တရားသူကြီး ဦးစိုးဝင်းက ပြောပြသည်။

ကတ်အတုများ၊ စာအတုများဖြင့် ဆောင်ရွက်ရခြင်းမှာ ၎င်းနေထိုင်သည့် ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ကိုယ်ကျိုးစီးပွားအတွက်ဆောင်ရွက်ခဲ့ခြင်း မရှိကြောင်း၊ ယခုကဲ့သို့လုပ်ဆောင်ရာတွင် တစ်ဦးတည်းသာ ဆောင်ရွက်ခဲ့ပြီး ကျန်သူများမှာ မသိကြောင်း တရားစွဲဆိုခံရသူ ဦးဟန်လင်းက တရားရုံးတွင် ပြောဆိုခဲ့ကြောင်း ၎င်း၏ မိသားစုဝင်များထံမှ သိရသည်။

ငပုတောမြို့နယ်၊ ကြာကန်ကျေးရွာတွင် ဝန်ကြီးချုပ်၏ တာဝန်ပေးအပ်ချက်အရ ဟုဆိုကာ ဦးဟန်လင်း (အသက် ၃၀ နှစ်) အပါအဝင် လေးဦးက ဝန်ကြီးချုပ်၏ လက်မှတ်အတုပါရှိသော ကတ်ပြားတစ်ခု၊ တာဝန်ပေးခန့်အပ်စာ အတုတို့ဖြင့် ငပုတောမြို့နယ် သစ်ပုတ်ထိပ်ရွာ နှင့် ကျောက်တန်းကြီးရွာတို့ကို ဆက်သွယ်မည့် သက္ကယ်သောင်မြစ်ကူးတံတား စီမံကိန်းအတွက် လာရောက်ကြောင်း ငပုတောမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

၎င်းတို့က ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ လက်မှတ်များကို လိမ်လည်ရယူခဲ့သဖြင့် ဇန်နဝါရီလ ပထမပတ်တွင် ယင်းလေးဦးနှင့် နိုင်ငံတော် တံဆိပ်ပါသည့် ရော်ဘာ တံဆိပ်တုံး အတုပြုလုပ်ပေးသူ ဦးနေထွန်းအောင်၊ ကတ်အတုနှင့် စာအတု ပြုလုပ်ပေးခဲ့သည့် မိတ္တူဆိုင်မှ ကိုအောင်ကိုလတ်တို့ကို ဖမ်းဆီးခဲ့ကြောင်း ယင်းရုံးထံမှ သိရသည်။

၎င်းတို့ထံမှ သိမ်းဆည်းရမိသော တံဆိပ် စာရွက်စာတမ်းများနှင့်ပတ်သက်ပြီး ယင်းအဖွဲ့ကို တိုင်းဒေသကြီး အစိုးရအဖွဲ့က ခန့်အပ်ထားခြင်း မရှိသဖြင့် ယင်းအမျိုးသား ခြောက်ဦးကို သုံးခွနယ်မြေရဲစခန်းမှ ရာဇသတ်ကြီး ဥပဒေပုဒ်မ-၄၂၀/၄၆၈ တို့ဖြင့် အရေးယူထားကြောင်း၊ အဆိုပါ အမှုကို ငပုတောမြို့နယ်တရားရုံးမှ ရာကြီးမှုအမှတ်-၁၁၂/၂၀၁၇ ဖြင့် လက်ခံကာ စစ်ဆေးလျက်ရှိကြောင်း ယင်းရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

■ **R-11**

The VOICE Daily

CARTOON



## မှုခင်းသတင်းတိုများ

■ ဒေါပုံမြို့နယ်၊ ယမုံနာလမ်းတွင် ဖေဖော်ဝါရီလ ၁၅ ရက် နံနက် ၂ နာရီခွဲက ကွန်တိန်နာယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဖြစ်ပြီး လမ်းဘေးရှိ ဓာတ်တိုင်နှင့် အငှားယာဉ်နှစ်စီးကို ဝင်တိုက်မိရာမှ တစ်ဆင့် နေအိမ်တစ်လုံးထဲ ဝင်ရောက်ခဲ့သောကြောင့် အမျိုးသားသုံးဦး ထိခိုက်ဒဏ်ရာများ ရခဲ့သည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရှမ်းတဲကြီးရပ်ကွက်တွင် ဖေဖော်ဝါရီလ ၁၄ ရက် နံနက် ၁၁ နာရီခွဲက ငါးကန်ထဲရှိ ငါးအသေများကို ဆင်းဆယ်ယူနေသော အသက် ၃၆ နှစ်အရွယ် အမျိုးသားတစ်ဦး ရေနစ်သေဆုံးခဲ့သည်။

■ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ဗားကရာချောက်အနီးတွင် ဖေဖော်ဝါရီလ ၁၄ ရက် မွန်းလွဲ ၃ နာရီခွဲက လောင်းကစားသတင်းရရှိထားသော အသက် ၄၆ နှစ်အရွယ် အမျိုးသားတစ်ဦးကို စစ်ဆေးရာ ၎င်းထံမှ နှစ်လုံးထီဂဏန်းများရေးထားသည့် ဘောက်ချာဖြတ်ပိုင်းများနှင့်အတူ ငွေကျပ် လေးသောင်းကျော်ကို သိမ်းဆည်းရမိခဲ့သည်။

ဒလမြို့နယ်၊ သပြေကုန်းကျေးရွာအနီးကားလမ်းတွင် ဖေဖော်ဝါရီလ ၁၄ ရက် ညနေ ၆ နာရီခွဲက ဆိုင်ကယ် နှစ်စီး မျက်နှာချင်းဆိုင်ဝင်တိုက်မိရာမှ အမျိုးသားသုံးဦး ပေါက်ပြဲဒဏ်ရာများ ပြင်းထန်စွာရခဲ့သည်။

တောင်ဥက္ကလာပမြို့နယ်၊(၅)ရပ်ကွက်၊ တကောင်းလမ်းတွင် ဖေဖော်ဝါရီလ ၁၄ ရက် နံနက် ၁၀ နာရီခွဲက လောင်းကစား သတင်းရရှိထားသော နေအိမ်ကို ဝင်ရောက်စစ်ဆေးခဲ့ရာ အသက် ၄၉ နှစ်အရွယ်အမျိုးသမီး တစ်ဦးထံမှ နှစ်လုံးထီဂဏန်းများ ရေးထားသည့် ဘောက်ချာဖြတ်ပိုင်းများနှင့်အတူ ငွေကျပ်လေးသောင်းကျော်ကို သိမ်းဆည်းရမိခဲ့သည်။

သာကေတမြို့နယ်၊ ယမုံနာလမ်းတွင် ဖေဖော်ဝါရီလ ၁၄ ရက် ည ၉ နာရီခွဲက အငှားယာဉ်တစ်စီး လမ်းပြောင်းပြန် မောင်းရာမှ ပရိဘောက်ယာဉ်တစ်စီးကို ဝင်တိုက်မိခဲ့သောကြောင့် ယာဉ်နှစ်စီး ပျက်စီးခဲ့ပြီး အသက် ၄၀ အရွယ် အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

**S-03**


ကြော်ငြာကိစ္စ

ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒက လူ့ဘဝတွင် အကျိုးရှိရှိမည်သို့နေထိုင်ရမည်ကို သိရှိနိုင်စေရန်အတွက် ဟောကြားလျက်ရှိသော 'ဘဝဖြောင့်ကြောင်း တစေ့တစောင်း' တရားတော်ကို The Voice Weekly တွင် အပိုင်း ၃၃ အထိ ရေးသားဖော်ပြခဲ့ပြီးဖြစ်ပါသည်။ The Voice Weekly တွင် အကြောင်းအမျိုးမျိုးကြောင့် ဆက်လက် ဖော်ပြနိုင်ခြင်းမရှိသဖြင့် ရပ်နားထားခဲ့သော အဆိုပါ 'ဘဝဖြောင့်ကြောင်း တစေ့တစောင်း' တရားတော်ကို The Voice Daily နေ့စဉ်သတင်းစာတွင် အပိုင်း ၃၄ မှစတင်ကာ အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့တို့၌ ပုံမှန်ပြန်လည်ဖော်ပြသွားမည်ဖြစ်ပါကြောင်း စာဖတ်သူများကို လေးစားစွာအသိပေးအပ်ပါသည်။ အယ်ဒီတာ

ယမန်နေ့က အဆက်

# ဘဝဖြောင့်ကြောင်း တစေ့တစောင်း အပိုင်း (၁၄၃)

ဓမ္မဒူတအရှင်ဆေကိန္ဒ

ဘုန်းဘုန်းတို့ လူငယ်သဘာဝ အိပ်ရာနောက်ကျမှ ထချင်တာပေါ့။ မရဘူး။ စောစောထတဲ့အကျင့်က အနည်းဆုံးဘာအလုပ်မှမရှိဘူးဆိုရင်တောင် တံမြက်စည်းလှည်းသကွယ်။ သောက်ရေအိုးရေဖြည့်သကွယ်။ တံမြက်စည်းလှည်းဖို့ရာတောင်မှ ရေဖျန်းပြီးမှ တံမြက်စည်းလှည်းသကွယ်။ အိမ်ကိုလှည်းတာမဟုတ်ဘူး အိမ်ကိုလှည်းရုံတင်မကဘူး အိမ့်အပြင်ဘက် ရွာလမ်းကို လှည်းတာမျိုး။ ဘုန်းဘုန်းတို့နှစ်ပိုင်းရှိပါတယ်။ စီးပွားဖြစ်အောင်၊ တိုးတက်အောင် ကြိုးစားလို့ ရှာတဲ့သူရှိသလို စီးပွားမပျက်အောင်လည်း လုပ်ရတယ်။ အဖေ အမေက စီးပွားဖြစ်အောင် တိုးတက်အောင် လုပ်နေတယ်ဆိုရင် သားတွေသမီးတွေက စီးပွားမပျက်အောင် လုပ်သင့်တယ်။ ဒါကတော့ ဘုန်းဘုန်းကတော့ အစ်ကိုကြီး အစ်မကြီးနေရာ ရောက်နေတော့၊ အဖေ့နေရာ အမေ့နေရာ ရောက်နေတော့ နှစ်ခုလုံးနဲ့ ဆိုင်နေတာပေါ့။ စီးပွားတိုးတက်အောင်လည်း လုပ်တဲ့အထဲ ပါတာပဲ။ စီးပွားမပျက်အောင် လုပ်တဲ့ထဲပါတယ်။ စီးပွားပျက်တာနဲ့ပတ်သက်ပြီးပြောရင် ဘုန်းဘုန်းတို့ အိပ်ရာစောစောထတယ်။ စောစောအိပ်တာ မအိပ်တာကတော့ တောရွာမို့လို့ စောစောအိပ်တာများပါတယ်။ အဲ့ဒီတော့ ဘုန်းဘုန်းတို့အိပ်ချိန် အဲ့ဒီအရွယ်က ရှစ်နာရီဆို ကောင်းကောင်းလောက်တယ်။ ညဆယ်နာရီအိပ်ရင်မနက်ခြောက်နာရီဆို ထပြီ ကောင်းကောင်းလောက်တယ်။ ငါးနာရီနဲ့ဆိုရင် ညဆယ်နာရီအိပ်တယ် မနက်ဆို သုံးနာရီထလို့ရပြီ။ ခြောက်နာရီဆို မနက်လေးနာရီ ထလို့ရပြီ။ ကိုယ့်အိပ်ချိန် ကိုယ်ချိန်တာပေါ့။ အိပ်ချိန် ခုနစ်နာရီနဲ့ ဝတယ်ဆို မနက်ငါးနာရီ ထနေပြီ။

အဲ့ဒီတော့ ကိုယ်စောအိပ်ရင် စောသမျှ စောစောထလို့ရတယ်။ ဒါက တောရွာသဘာဝမို့လို့ ဒီလိုလားလို့ပြောရင် မြို့မှာလည်းပဲ အချိန်မဖြုန်းဘဲနဲ့။ လူတစ်ယောက်မှာ နားသင့်တဲ့အချိန်တော့ နားရမှာပေါ့။ အချိန်မဖြုန်းစေချင်ဘူး။ များသောအားဖြင့် အချိန်ဖြုန်းနေကြတာများတယ်။ ဆိုပါစို့ ဘုန်းဘုန်းတို့ လူငယ်တစ်ယောက် ဆယ့်ငါးနှစ်ကနေပြီးတော့ ဆယ့်ရှစ်နှစ်ကြားမှာ ဆယ်သန်းလောက်ရှိနေပြီ။ ဆယ့်ငါးနှစ်ကနေပြီးတော့ အသက်နှစ်ဆယ် အစိတ်ဆိုရင် သန်းနှစ်ဆယ်လောက်ရှိတယ် ဘုန်းဘုန်းတို့နိုင်ငံမှာ။ အဲ့ဒီလို သန်းနှစ်ဆယ်လောက်ရှိတော့ သန်းခြောက်ဆယ်မှာ သန်းနှစ်ဆယ်လောက်က အလုပ်လုပ်နိုင်တဲ့ လူငယ်တွေဆိုပါစို့။ အလုပ်လုပ်တဲ့အရွယ်တွေ။ မနက်ကို စောစောမထဘဲနဲ့ တစ်နာရီလောက် အချိန်ကိုဖြုန်း။ ပျင်းကြောဆွဲပြီး အိပ်နေ။ မနက်ကို။ ရှစ်နာရီမထဘဲနဲ့ ကိုးနာရီမှ၊ ကိုးနာရီမထဘဲနဲ့ ဆယ်နာရီမှ။ တစ်နာရီ အချိန်ကုန်သွားတယ် သူ့အတွက်။ ဟုတ်ပြီနော်။ ဒါမှမဟုတ်ရင် ညကျတော့ အိပ်သင့်တဲ့အချိန် မအိပ်ဘဲနဲ့ တစ်နာရီလောက် အချိန်ဖြုန်းကြည့်။ မြို့ကဆို ပိုပြီး အိပ်သင့်တဲ့အချိန်ဆိုတာကို သူတို့က မရှိပါဘူး။ အိပ်ချင်တဲ့အချိန် အိပ်တာမျိုး ဖြစ်နေတာ။ အဲ့ဒီတော့ အိပ်သင့်တဲ့အချိန်ထက်လွန်ပြီးတော့ မနက်တစ်နာရီ ညတစ်နာရီ အချိန်ဖြုန်းကြည့်။ နှစ်နာရီပဲထား။ ခုန လူငယ်က သန်းနှစ်ဆယ်။ လူငယ်သန်းနှစ်ဆယ်နဲ့ တစ်ရက်ကို လူငယ်တစ်ယောက်ရဲ့အချိန်ဖြုန်းမှုက နှစ်နာရီနဲ့တွက်။ သန်းလေးဆယ် ရှိတယ်။ နာရီ သန်းလေးဆယ် ရှုံးနေတယ်။



ဓာတ်ပုံ-The Voice

ဘုန်းဘုန်းတို့ ဩစတြေးလျမှာ ကျောင်းရှိပါတယ်။ ကိုရီးယားမှာလည်း ရှိပါတယ်။ ဟို နိုင်ငံတကာအနေနဲ့ပြောရင် ဒီဩစတြေးလျမှာဆိုရင် လူငယ်တွေ ဒီအရွယ် အလုပ်လုပ်ခွင့်ရတဲ့အရွယ် အလုပ်ပေးလုပ်တယ်။ တစ်နာရီအလုပ်လုပ်ရင် သာမန်ကျောင်းသူကျောင်းသားတွေအတွက် တစ်နာရီ အလုပ်လုပ်ခွင့်ပေးရင် ဆယ်ဒေါ်လာရတယ်။ လုပ်ငန်းကျွမ်းကျင်လို့ ဆယ့်ငါးဒေါ်လာ၊ ဒေါ်လာနှစ်ဆယ်၊ ဒေါ်လာသုံးဆယ်ဒါ မပြောဘူးနော်။ အောက်ထစ်ဈေး ဆယ်ဒေါ်လာရတယ်။ အဲ့ဒီဆယ်ဒေါ်လာ လူငယ်တစ်ယောက် တစ်နာရီ အလုပ်လုပ်ရင် ဆယ်ဒေါ်လာရမယ့်အစား ကိုယ့်ဟာကိုယ် ပျင်းနေတယ် အလုပ်ကိုတန်ဖိုးမထားဘူး ဒီသဘောလေးတွေမသိလို့ လူငယ်တစ်ယောက်ကို နှစ်နာရီဖြုန်း။ လူငယ်သန်းနှစ်ဆယ်ဆိုရင် သန်းလေးဆယ် အလုပ်နာရီတွေ ဖြုန်းတယ်။ အဲ့ဒီသန်းလေးဆယ်ကို ဆယ်ဒေါ်လာနဲ့ မြှောက်ကြည့်စမ်း။ တစ်နေ့တစ်နေ့ကို သန်းလေးရာ။ ထွက်ငွေမဟုတ်ဘူးနော် မဝင်ငွေလို့ခေါ်တာ။ ဝင်မယ့်ငွေတွေ မဝင်ဘူး။ အဲ့ဒါ စီးပွားကို ကိုယ့်ဟာကိုယ်ဖျက်တယ်လို့ ခေါ်တယ်။ ပျက်အောင်ဖျက်တယ်လို့ ခေါ်တယ်။ တစ်ယောက်ကို တစ်နာရီပဲလုပ်ကြည့် တစ်ယောက်ကို နှစ်နာရီပဲလုပ်ကြည့်။ ပင်ပင်ပန်းပန်းမဟုတ်ဘူး။ အဲ့ဒီနှစ်နာရီ လုပ်ကြည့်တာနဲ့ လူငယ်သန်းနှစ်ဆယ်မှာ နာရီသန်းလေးဆယ်ရတယ်။ နိုင်ငံတကာစံနှုန်းနဲ့ ပြောလို့ရှိရင်တော့ တစ်နာရီကို ဆယ်ဒေါ်လာနဲ့ပြောရင် သန်းလေးရာ။

ဘုန်းဘုန်းတို့နိုင်ငံမှာ လူငယ်တွေ။ အပြစ်ပြောတာမဟုတ်ဘူးလေ။ သူများကို အပြစ်မပြောလိုဘူး။ ဘုန်းဘုန်းကိုယ်ပဲ ဘုန်းဘုန်းအပြစ်ပြောတယ်။ ဘုန်းဘုန်းတို့ အဲ့ဒီလို ပြောမပေးတဲ့အတွက်ကြောင့် ဒီလူငယ်တွေ မသိကြရှာဘူး။ လူငယ်တွေ မသိကြရှာတော့ ကိုယ့်အတွက်လည်းကိုယ် ငွေတွေဖြုန်းပစ်ကြတာ။ စီးပွားပျက်အောင် ဖျက်တယ်လို့တောင် ပြောလို့ရတယ်။ ကိုယ့်တစ်ယောက်အတွက်စီးပွားပျက်အောင်ဖျက်တာဟာ နှစ်နာရီ တစ်ရက်ကို ဒေါ်လာလေးနှစ်ဆယ်လို့ ဒီလိုလေးမြင်မယ့်အစား တိုင်းပြည်နဲ့ချိလိုက်ရင် တစ်ရက်တစ်ရက်ကို ဒေါ်လာသန်းလေးရာ။ မဝင်ငွေလို့ ခေါ်တယ်။ ဝင်မယ့်ငွေ မဝင်ဘူး။ ဘယ်လောက်ရှုံးလဲ ဘယ်လောက်ရှုံးနေလဲ။ ဒါက အခုဟာက အများနဲ့ယှဉ်ပြီး ပြောပြလို့ပါ။ ငယ်တုန်းကဆို ညီလေး သူ့အလုပ်သူလုပ်၊ ညီမလေး သူ့အလုပ်သူလုပ်။ အကုန်လုံး သူ့ဟာနဲ့သူ ညီအလတ် ညီမအလတ် ညီအကြီး ညီမအကြီး သူ့အလုပ်နဲ့သူလုပ်ပြီး ခိုင်းတာကိုက ခိုင်းတယ်ဆိုတာ အတင်းအဓမ္မခိုင်းတာ မဟုတ်ပါဘူး။ သူတို့လေးတွေ သဘောပေါက်နားလည်ပြီး အလုပ်လုပ်လာဖို့ပါပဲ။ အဲ့ဒီလိုများ အလုပ်လုပ်လာရင် မဝင်တဲ့ငွေဆိုတာ မရှိဘူး။ ဝင်သင့်တဲ့ငွေတွေ ဝင်လို့။ အခု တိုင်းပြည်မှာလည်းပဲ အလုပ်ကို မခိုင်းပါဘူး။ အခုကျတော့ ပြောကြတယ်ကွယ် အလုပ်မှမရှိဘဲ အလုပ်မှမရှိဘဲလို့ ပြောကြတယ်။ ဘုန်းဘုန်းတို့တုန်းကတောရွာမှာ အလုပ်မှမရှိဘဲလို့ ပြောဖို့ ပါးစပ်က မထွက်နိုင်ဘူး။ မြင်မြင်သမျှဟာ အလုပ်ချည်းပဲ ဘုန်းဘုန်းအတွက်က။ အိမ်အလုပ်ကလည်း အလုပ်ပဲ။ စီးပွားလုပ်တဲ့ အလုပ်ကလည်း အလုပ်ပဲ။ အလုပ်ဆိုတာကို မြင်တတ်ပြီးတော့ အလုပ်လုပ်တဲ့ အကျင့်လေးသာ ရှိလာရင် အဲ့ဒီသူ့အတွက်က အလုပ်ဘယ်သွားရှာရမလဲလို့ ပြောစရာမလိုဘူး။

အလုပ်လုပ်ကြစေချင်တယ် အလုပ်လုပ်ကြပါကွယ် တို့အလုပ်ဖန်တီးမယ်လို့ ကိုယ်အလုပ်ဖန်တီးတာကို စောင့်မယ့်လူမျိုးကို မခေါ်ချင်ဘူး။ ဘုန်းဘုန်းလည်း အဖြစ်မခံချင်ဘူး။ ကိုယ်ကိုယ်တိုင် အလုပ်ကိုမြင်ပြီး ကိုယ်ကိုယ်တိုင် အလုပ်ကိုရှာဖွေလုပ်တဲ့သူမျိုးတွေ ရှိလာစေချင်တယ်။ ဒါက ကိုယ့်ဆန္ဒပြောတာပါ။ တစ်ယောက်နဲ့တစ်ယောက် မတူဘူးလေ။ ကြိုက်တဲ့သူရှိတယ်၊ မကြိုက်သူရှိတယ်။ စောစောက ပြောပြီးပြီပဲ ပျင်းတဲ့သူကတော့ အလုပ်လုပ်အောင်ပြောရင် ဘယ်ကြိုက်မှာတုံး။ အလုပ်ကြိုးစားချင်တဲ့သူကလည်း ဟုတ်သားပဲ ကိုယ်တစ်နာရီပိုအိပ်နေတာ မနက်တစ်နာရီ ညတစ်နာရီ နှစ်နာရီအချိန်ဖြုန်းနေတာ တိုင်းပြည်ကြီးအတွက် တစ်ရက်ကို ဒေါ်လာသန်းလေးရာ။ ဆယ်ရက်ဆိုတော့ ဒေါ်လာသန်းလေးထောင်။ အရက်နှစ်ဆယ်ဆိုတော့ ဒေါ်လာသန်းရှစ်ထောင်။ တစ်လ တစ်လဆိုရင် ဒေါ်လာသန်း တစ်သောင်းနှစ်ထောင် လူငယ်တွေ မဝင်ငွေအနေနဲ့ တိုင်းပြည်ကို စီးပွားမဖြစ်စေဘူး။ အဲ့ဒီအသိလေး အဲ့ဒီအသိလေး။ ဒါကတော့ ပြောပေးတဲ့သူက ပြောပေးရင် သိတာပါပဲ။ ခုခေတ်လူငယ်တွေ ဘုန်းဘုန်းတို့ထက် အများကြီးသာတာပေါ့ လုစ်နေတာပဲ သူတို့သိတာပေါ့။ အဲ့ဒီတော့ ဘုန်းဘုန်းတို့သော်မှ ဆောင်းတွင်းချမ်းတဲ့အခါမှာ အညာမီးလှုံ ပြောင်းဖူးပြုတ်ရင်း စားရင်း၊ မြေပဲပြုတ်စားရင်း၊ ကန်စွန်းဥပြုတ်စားရင်း၊ ပဲမြစ်ပြုတ်စားရင်းနဲ့ ကိုယ့်ဟာကိုယ် စားရင်းနဲ့ ဒီကအကြောင်းပြုပြီးတော့ ကိုယ်စားချင်သလို စားချင်သူတွေရှိမှာပဲ ဒါအလုပ်တစ်ခုဖြစ်အောင်ဆိုဈေးရောင်းသေးတာပဲကွယ်။ ဈေးရောင်းသေးတာပဲ။ အဲ့ဒီတော့ အလုပ်လုပ်တာကို ဝါသနာပါလာရင် မနက်အချိန်ဖြုန်းတာကို ကိုယ့်ဟာကိုယ် ကျေနပ်မှုမရှိတော့ဘူး။ ညအချိန်ဖြုန်းတာကို ကိုယ့်ဟာကိုယ် ကျေနပ်မှုမရှိတော့ဘူး။ အလုပ်လုပ်ချင်စိတ်လေး ပေါ်ဖို့ပါပဲ။

အလုပ်လုပ်ချင်စိတ်ပေါ်ဖို့ဆိုတာက အလုပ်လုပ်ရင် ဘယ်လောက်အထိ အကျိုးစီးပွားဖြစ်တယ်ဟေ့ဆိုတာ ပြောပြတဲ့သူရှိမှ အလုပ်လုပ်ချင်တဲ့သူပေါ်သလို အလုပ်မလုပ်ဘဲနဲ့ ကိုယ် တစ်နာရီ နှစ်နာရီ ပျင်းနေရင်၊ အချိန်တွေဖြုန်းနေရင် ကိုယ့်အတွက် ဘယ်လောက်ဝင်ငွေတွေရှုံး၊ တိုင်းပြည်အတွက် ဘယ်လောက်ဝင်ငွေတွေရှုံးသလဲလို့ အဲ့ဒီလိုပြောပေးတဲ့သူရှိမှသာ တချို့ကလည်း ဒီအသိဝင်ပြီး အလုပ်လုပ်ကြမှာလေ။ အဲ့ဒီတော့ အလုပ်မလုပ်သေးတဲ့သူတွေကို အပြစ်မမြင်ပါဘူး။ ဘုန်းဘုန်းတို့ ကိုယ့်ကိုယ်ကိုယ် အခုမှ ပြောပေးမိတာ နောက်ကျတယ်ဆိုရင် ကိုယ့်အပြစ်ပါပဲ။ အဲ့ဒီတော့ စီးပွားဖြစ်ဖို့ဆိုတာက စီးပွားပျက်အောင်လုပ်တဲ့အလုပ်မျိုး မလုပ်ရင်လည်း စီးပွားဖြစ်ပါတယ်။ စီးပွားတိုးတက်အောင် အလုပ်မျိုး လုပ်ရင်လည်း စီးပွားဖြစ်ပါတယ်။ စီးပွားတိုးတက်အောင်လုပ်တဲ့ အလုပ်မျိုးမလုပ်ဖြစ်နဲ့ဦးတော့ စီးပွားပျက်အောင်လုပ်မယ့်အလုပ်မျိုး မလုပ်ဖြစ်ကြဖို့ အရေးကြီးပါတယ်။

မနက်တစ်နာရီ ညတစ်နာရီ ကိုယ့်အတွက်ဘာမှမဟုတ်ဘူးဆိုပေမယ့် တကယ် အချိန်နာရီကို ငွေနဲ့တွက်ကြည့်လိုက်ရင် တိုင်းပြည်အတွက် ဘယ်လောက်နစ်နာနေလဲ။ တိုင်းပြည်အတွက် ဘယ်လောက်နစ်နာနေလဲ။ ဘုန်းဘုန်းကတော့ ငယ်ကတည်းက အဲ့ဒီအသိလေးတွေ ဝင်လာလို့ စီးပွားပျက်တဲ့အလုပ်မျိုးလည်း မလုပ်ပါဘူး။ စီးပွားတိုးတက်အောင်လုပ်တဲ့ အလုပ်မျိုးပဲလုပ်ပါတယ်။ ယိုပေါက်ကိုလည်းပိတ်ပါတယ်၊ ရပေါက်လမ်းကိုလည်း ရှာပါတယ်။ အဲ့ဒီအတိုင်း ဘုန်းဘုန်းတော့ ကြိုးစားခဲ့တယ်။ ဒါကတော့ ဘဝကိုဒီလို ကိုယ်ဖြောင့်လာတာဟာ ဒီစိတ်ဓာတ်နဲ့ ဒီလုပ်ရပ်ကြောင့်လို့ ကိုယ်ပြောနိုင်လို့ ပြန်ပြောပေးပါတယ်။ အဲ့ဒါ ဘဝဖြောင့်ကြောင်း တစေ့တစောင်းပါပဲ။ ဒီအသိလေးတွေရ နားလည်သဘောပေါက်သဖြင့်ဘဝဖြောင့်သည်ထက်ဖြောင့်လျှောက်လှမ်းနိုင်ပြီး ဒီတစေ့တစောင်း အကြောင်းပြုပြီးတော့ ဒီလောက်တောင် လျှောက်လှမ်းနိုင်ရင် အိုကိုယ်သိသမျှ ကြိုးစားရင် လိုရာခရီးပန်းတိုင်ရောက်မိမိတို့ ရည်မှန်းထားတဲ့ အောင်မြင်မှုတွေကို လှမ်းကိုင်နိုင်တဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေကုန်သတည်း။ ■

ဓမ္မဒူတအရှင်ဆေကိန္ဒ

# စီးရီးအေထိပ်သီးတွေဖြစ်ကြတဲ့ ရိုးမားနဲ့ ဗီအိုရင်တီးနားတို့ အဝေးကွင်းတွေမှာ ရလဒ်ကောင်းနိုင်ပါ့မလား

## ယူရိုပါလိဂ် ၃၂ သင်း ရှုံးထွက်အဆင့်(ပထမအကျော့)ပွဲစဉ်များ ပွဲကြိုသုံးသပ်ချက်

ချန်ပီယံလိဂ် ၁၆ သင်း ရှုံးထွက်အဆင့်ပွဲစဉ်တွေအပြီးမှာ ယူရိုပါလိဂ် ၃၂ သင်း ရှုံးထွက်အဆင့်ပွဲစဉ်တွေက ပရိသတ်တွေရဲ့ အာရုံကိုဖမ်းစားဖို့ အသင့်စောင့်ကြိုလို့နေပါတယ်။ မိုချင်ဂလက်ဘတ်နဲ့ ဗီအိုရင်တီးနား၊ ဗီလာရီးရဲလ်နဲ့ ရိုးမား၊ မန်ယူနဲ့ စိန့်အက်တီယန်တို့ အားပြိုင်ကြမယ့်ပွဲစဉ်တွေဟာ ဘောလုံးရသအပြည့်အဝပေးမယ့် ပွဲကောင်းတွေဖြစ်လာဦးမှာ အမှန်ပါပဲ။ ပထမအကျော့ကို အိမ်ကွင်းမှာ လက်ခံကစားခွင့်ရထားတဲ့ အသင်းတွေဟာ ဒုတိယအကျော့အတွက် သေချာမှုတစ်ခုရယူထားနိုင်အောင် ခြေကုန်ထုတ်ကစားသွားကြပါလိမ့်မယ်။

### ခရတ်စ်နိုဒါ - ဖီနာဘာချီ

ရုရှားမြေရဲ့အအေးဓာတ်ပြင်းထန်မှုက ဒီပွဲအပေါ် သက်ရောက်လာနိုင်တဲ့အကြောင်းတရားတစ်ခု ဖြစ်လို့နေပါတယ်။ ဖီနာဘာချီခံစစ်မှာ ပွဲပယ်ပြစ်ဒဏ်ကြောင့် စကာတယ်လ်ပါဝင်နိုင်ဖို့ မရှိပါဘူး။ ဖီနာဘာချီရဲ့ မျှော်မှန်းချက်ဟာ သရေရလဒ်ရယူနိုင်ရေးသာဖြစ်ပါလိမ့်မယ်။ ခရတ်စ်နိုဒါနဲ့ စွန့်စားလိုက်ရအောင်။

### အယ်လ်ခမာ - လိုင်ယွန်

အယ်လ်ခမာဟာ ဥရောပအဆင့်ပြိုင်ပွဲတွေမှာ ပြင်သစ်ကလပ်အသင်းတွေနဲ့ သုံးကြိမ်ဆုံခဲ့ဖူးပြီး အဲ့ဒီပွဲစဉ်သုံးပွဲလုံးကို အယ်လ်ခမာက ရှုံးပွဲမရှိမှတ်တမ်းကောင်းနဲ့ ဖြတ်သန်းနိုင်ခဲ့ပါတယ်။ အဝေးကွင်းစွမ်းဆောင်ရည်ညံ့ဖျင်းတဲ့ လိုင်ယွန်ဟာ အယ်လ်ခမာကို သူတင်ကိုယ်တင် ယှဉ်နိုင်ဖို့ မလွယ်လောက်ပါဘူး။ အယ်လ်ခမာကို ရွေးပါ။

### မိုချင်ဂလက်ဘတ် - ဗီအိုရင်တီးနား

မိုချင်ဂလက်ဘတ်ဟာ ချန်ပီယံလိဂ်ကနေ အုပ်စုတတိယအဖြစ်နဲ့ ထွက်ခဲ့ရပြီး ယူရိုပါလိဂ်ဆီကို ရောက်လာခဲ့တာပါ။ နောက်ဆုံးယှဉ်ပြိုင်ကစားထားတဲ့ ပြိုင်ပွဲအရပ်ရပ် ပွဲစဉ်ငါးပွဲကို မိုချင်ဂလက်ဘတ်က ရှုံးပွဲမရှိ ဖြတ်သန်းပြီး တည်ငြိမ်မှုအပြည့်ရရှိလို့နေပါတယ်။ မိုချင်ဂလက်ဘတ် ကပ်နိုင်သွားမယ့်ပွဲစဉ်ပါပဲ။

### ရော့စတော့ဗ် - စပါတာပရပ်

ရော့စတော့ဗ်ဟာ နောက်ဆုံးယှဉ်ပြိုင်ကစားထားတဲ့ ဥရောပအဆင့် အိမ်ကွင်းပွဲစဉ်ခြောက်ပွဲမှာ ရှုံးပွဲဆိုလို့ တစ်ပွဲတည်းပဲ ကြုံခဲ့ပါတယ်။ ချန်ပီယံလိဂ်မှာ ဘိုင်ယန်မြူးနစ်၊ အက်သလက်တီကိုတို့နဲ့ တစ်အုပ်စုတည်းကျခဲ့လို့ အုပ်စုတတိယနဲ့ ကျေနပ်လိုက်ရပြီး ယူရိုပါလိဂ်ဆီကို ရော့စတော့ဗ် ရောက်လာခဲ့တာပါ။ ရော့စတော့ဗ်နဲ့ စွန့်စားမယ်။

### ဂျန့်တ် - စပါး

စပါးဟာ ချန်ပီယံလိဂ်ကနေ ထွက်ခဲ့ရပြီး ယူရိုပါလိဂ်ဆီကို ရောက်လာခဲ့တာပါ။ ဇာတွန်ဂန် ဒဏ်ရာရသွားချိန်ကစလို့ ဟန်ချက်ပျက်သွားခဲ့တဲ့ စပါးခံစစ်ဟာ ဂိုးသွင်းအားကောင်းမွန်တဲ့ ဂျန့်တ်တိုက်စစ်ကို ထိန်းချုပ်နိုင်ဖို့ ခက်ပါလိမ့်မယ်။ သရေကစားနိုင်ရုံနဲ့တင် အဆင်ပြေဖို့ရှိနေတဲ့ ဂျန့်တ်ကို ရွေးလိုက်ကြရအောင်လား။

### အိုလံပီယာကော့စ် - အော့စ်မန်လစ္စပေါ

လက်ရှိခြေစွမ်းအရ အိုလံပီယာကော့စ်က အတက်ဘက်ကိုရောက်နေပြီး အော့စ်မန်လစ္စပေါကတော့ ရလဒ်ဆိုးတွေနဲ့ ရုန်းကန်နေရပါတယ်။ နောက်ဆုံးယှဉ်ပြိုင်ကစားထားတဲ့ ပြိုင်ပွဲအရပ်ရပ် ပွဲစဉ်ငါးပွဲမှာ အော့စ်မန်လစ္စပေါက နိုင်ပွဲဆိုလို့ တစ်ပွဲတည်းသာ ရှာဖွေရရှိခဲ့ပြီး ရှုံးပွဲက သုံးပွဲရှိထားပါတယ်။ အိုလံပီယာကော့စ်ကို အားပေးတာကပဲ စိတ်ချရမှာပါ။

### ဆဲလ်တာဗီဂို - ရှက်တာဒိုးနက်

ရှက်တာဒိုးနက်ဟာ အုပ်စုအဆင့်တုန်းက အိမ်ကွင်း အဝေးကွင်းပွဲစဉ်ခြောက်ပွဲလုံးကို အနိုင်ရရှိခဲ့ပါတယ်။ လက်ရှိခြေစွမ်းအရဆိုရင်လည်း ရှက်တာဒိုးနက်က ဆဲလ်တာဗီဂိုထက် သာလွန်သလိုရှိနေတာ အမှန်ပါပဲ။ ဆဲလ်တာဗီဂိုဟာ နောက်ဆုံးယှဉ်ပြိုင်ကစားထားတဲ့ ပြိုင်ပွဲအရပ်ရပ် ပွဲစဉ်ခြောက်ပွဲမှာ နိုင်ပွဲဆိုလို့ တစ်ပွဲတည်းပဲ ရှာဖွေတွေ့ရှိခဲ့တာပါ။ ရှက်တာဒိုးနက်နဲ့ပဲ စွန့်စားလိုက်ချင်တယ်။

### လူဒိုဂိုရက်စ် - ကိုပင်ဟေဂင်

ချန်ပီယံလိဂ်ကနေ အုပ်စုတတိယနဲ့ထွက်ခဲ့ရတဲ့အသင်းနှစ်သင်း ထိပ်တိုက်တွေ့တဲ့ပွဲစဉ်ပါပဲ။ ကိုပင်ဟေဂင်ဟာ ဇန်နဝါရီလ ၁၁ ရက်နေ့နောက်ပိုင်းကစလို့ တောက်လျှောက် အနားရထားပါတယ်။ အဲ့ဒီနားရက်



တွေထဲမှာ ခြေစမ်းပွဲတွေလောက်ပဲ ကိုပင်ဟေဂင်က ကစားနေခဲ့တာပါ။ သရေခံကစားသွားနိုင်ခြေရှိတဲ့ ကိုပင်ဟေဂင်ကို သဘောကျမိတယ်။

### အက်စ်ထရာ - ဂျန့်ခ်

အက်စ်ထရာဟာ ဇန်နဝါရီလတစ်လလုံးကို နားရက်ယူပြီးဖြတ်သန်းခဲ့တာပါ။ ဒီပွဲမတိုင်ခင်မှာ ဖေဖော်ဝါရီလ ၃ ရက်နေ့က အမှတ်ပေးပွဲတစ်ပွဲကစားခဲ့တာလောက်ပဲ အက်စ်ထရာဆီမှာ ပွဲပန်းမှုရှိပါတယ်။ အက်စ်ထရာဟာ အိမ်ရှင်အခွင့်အရေးကို လက်ကိုင်ပြုပြီး သရေလောက်တော့ ခံကစားသွားနိုင်လိမ့်မယ်လို့ ယူဆမိပါတယ်။ အက်စ်ထရာကို အကြိုက်တွေ့မိတယ်။

### ပီအေအိုကေ - ရှော်ကေး

ရှော်ကေးဟာ အဝေးကွင်းပွဲစဉ်တွေကို ခံစစ်အားပြုပြီး တန်ပြန်တိုက်စစ်ကတစ်ဆင့် ဂိုးပေါက်ရှာဖွေတဲ့ နည်းဗျူဟာမျိုးနဲ့ ကစားလေ့ရှိပါတယ်။ ပီအေအိုကေဟာ ဒီပွဲမှာသာ အနိုင်ရလဒ်ကို အရမယူနိုင်ခဲ့ရင် ရှော်ကေးရဲ့အိမ်ကွင်းဆီကိုသွားကစားရမယ့် ဒုတိယအကျော့အတွက် မျှော်လင့်ချက်ကင်းမဲ့သွားတော့မှာပါ။ ပီအေအိုကေကို အားပေးမယ်။

### ဟာပိုးလ်ဘီယာရှီဗာ - ဘက်ဆစ်တပ်

ဘက်ဆစ်တပ်ဟာ ချန်ပီယံလိဂ်ကနေ အုပ်စုတတိယနဲ့ထွက်ခဲ့ရပြီး ယူရိုပါလိဂ်ဆီကို ရောက်လာခဲ့တာပါ။ ချန်ပီယံလိဂ်အုပ်စုအဆင့် အဝေးကွင်းပွဲစဉ်သုံးပွဲ ယှဉ်ပြိုင်ခဲ့တုန်းက ဒိုင်နမိုကိဗ်ကို ခြောက်ဂိုး ဂိုးမရှိနဲ့ ရှုံးခဲ့တဲ့ တစ်ပွဲကလွဲပြီး နာပိုလီကို အနိုင်၊ ဘင်ဖီကာကို သရေကစားခဲ့တဲ့ ဘက်ဆစ်တပ်ခြေစွမ်းဟာ မဆိုးလှပါဘူး။ သရေဟာ နှစ်သင်းလုံးအတွက် မျှတတဲ့အဖြေပါ။ ဘက်ဆစ်တပ်ကို ရွေးသင့်တယ်။

### ဗီလာရီးရဲလ် - ရိုးမား

အသင်းကြီးနှစ်သင်း ထိပ်တိုက်တွေ့တဲ့ပွဲစဉ်ဖြစ်လို့ အကြိတ်အနယ်အားပြိုင်မှုကို မြင်တွေ့ကြရပါလိမ့်မယ်။ လက်ရှိ ခြေစွမ်းချင်း ချိန်ထိုးကြည့်လိုက်ရင်တော့ နောက်ဆုံးကစားထားတဲ့ ပြိုင်ပွဲအရပ်ရပ် ပွဲစဉ်ကိုးပွဲမှာ နိုင်ပွဲဆိုလို့ တစ်ပွဲတည်းသာရှာဖွေရရှိခဲ့တဲ့ ဗီလာရီးရဲလ်က အားနည်းချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါပေမဲ့ စီးရီးအေကလပ်တွေဟာ ဥရောပပြိုင်ပွဲတွေရဲ့ ရှုံးထွက်စနစ်နဲ့ကစားရတဲ့အဆင့်တွေမှာ အဝေးကွင်းဆိုရင် သရေရလဒ် ဦးတည်တတ်လေ့ရှိတာကို မမေ့သင့်ပါဘူး။ ဗီလာရီးရဲလ် ကပ်နိုင်သွားနိုင်တယ်။

### မန်ယူ - စိန့်အက်တီယန်

မန်ယူဟာ အသင်းသမိုင်းကြောင်းတစ်လျှောက် ပြင်သစ်ကလပ်အသင်းတွေကို အိမ်ကွင်းပွဲစဉ် ၁၂ ပွဲ လက်ခံယှဉ်ပြိုင်ခဲ့ဖူးပြီး အဲ့ဒီပွဲစဉ် ၁၂ ပွဲမှာ မန်ယူက ကိုးပွဲနိုင်၊ သုံးပွဲသရေ ရယူနိုင်ခဲ့ပါတယ်။ အဝေးကွင်းပွဲစဉ်တွေဆိုရင် အသင်းဟန်ချက်ပျက်နေတတ်တဲ့ စိန့်အက်တီယန်ဟာ မန်ယူကို ခံစစ်သက်သက်နဲ့ပဲ တုံ့ပြန်သွားရမှာပါ။ မန်ယူပဲ အောင်ပွဲခံသွားပါလိမ့်မယ်။

### အန်ဒါလက်ချ် - ဇင်းနစ်

ဇင်းနစ်ဟာ အုပ်စုအဆင့်တုန်းက အရေးမပါတဲ့ အုပ်စုနောက်ဆုံးပွဲစဉ်တစ်ပွဲတည်းမှာသာ အရှုံးရလဒ်ကြုံခဲ့ရပြီး ကျန်တဲ့ပွဲစဉ်ငါးပွဲလုံးကို အနိုင်ကစားနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ လက်ရှိအချိန်မှာ ပြိုင်ပွဲအရပ်ရပ် နောက်ဆုံးကိုးပွဲဆက်တိုက် ရှုံးပွဲမရှိဖြတ်သန်းထားတဲ့ အန်ဒါလက်ချ်ရဲ့ တည်ငြိမ်မှုက ဇင်းနစ်ထက်သာလွန်နေတာအမှန်ပါပဲ။ အန်ဒါလက်ချ်ကို ရွေးချယ်လိုက်ကြရအောင်။

### လီဂီယာဝါဆော - အေဂျက်

အေဂျက်ဟာ အုပ်စုအဆင့်ကို လေးပွဲနိုင်၊ နှစ်ပွဲသရေရလဒ် ရယူပြီး ရှုံးပွဲမရှိမှတ်တမ်းနဲ့ ကျော်ဖြတ်လာခဲ့တာပါ။ လီဂီယာဝါဆောကတော့ ဒေါ့မွန်နဲ့ ရီးရဲလ်မက်ဒရစ်တို့ကို ဂိုးအလှူပေးပြီး ချန်ပီယံလိဂ်ကနေ ယူရိုပါလိဂ်ဆီ လွင့်စင်ထွက်လာခဲ့တဲ့အသင်းဖြစ်ပါတယ်။ အေဂျက်ရဲ့တိုက်စစ်ကို အမှားများတဲ့ လီဂီယာဝါဆောခံစစ်က ဟန့်တားထိန်းချုပ်နိုင်ဖို့ သိပ်မလွယ်ပါဘူး။ အေဂျက်နဲ့ စွန့်စားလိုက်ရအောင်။

### ဘီလ်ဘာအို - အေပိုးလ်

ဆိုက်ပရပ်စ်ကလပ် အေပိုးလ်ဟာ အဝေးကွင်းကစားပုံ အားရစရာမကောင်းလှပါဘူး။ နောက်ဆုံးယှဉ်ပြိုင်ကစားထားတဲ့ ယူရိုပါလိဂ်အဝေးကွင်းပွဲစဉ် ၁၁ ပွဲမှာ အေပိုးလ်အနိုင်ရခဲ့တာဆိုလို့ တစ်ပွဲတည်းပဲ ရှိခဲ့ပါတယ်။ ဘီလ်ဘာအိုဟာ အိမ်ရှင်အခွင့်အရေးကိုလက်ကိုင်ပြုပြီး ဂိုးပြတ်အနိုင်ယူဖို့ ကြိုးပမ်းသွားမှာပါ။ ဘီလ်ဘာအိုကို အကြိုက်တွေ့မိတယ်။ ■E-11

### ယနေ့ယှဉ်ပြိုင်ကစားမည့် ဘောလုံးပွဲစဉ်များ

**၁၆-၂-၂၀၁၇(ကြာသပတေးနေ့)**

**ယူရိုပါလိဂ် ၃၂ သင်းရှုံးထွက်အဆင့်ပွဲစဉ်များ(ပထမအကျော့)**

| | |
|---|---|
| နံနက် ၁၀း၃၀ နာရီ | ခရတ်စ်နိုဒါ(ရုရှား) - ဖီနာဘာချီ(တူရကီ) |

**၁၇-၂-၂၀၁၇(သောကြာနေ့)**

**ယူရိုပါလိဂ် ၃၂ သင်းရှုံးထွက်အဆင့်ပွဲစဉ်များ(ပထမအကျော့)**

| | |
|---|---|
| နံနက် ၀၀း၃၀ နာရီ | အိုလံပီယာကော့စ်(ဂရိ) - အော့စ်မန်လစ္စပေါ(တူရကီ) |
| နံနက် ၀၀း၃၀ နာရီ | ဆဲလ်တာဗီဂို(စပိန်) - ရှက်တာဒိုးနက်(ယူကရိန်း) |
| နံနက် ၀၀း၃၀ နာရီ | အက်စ်ထရာ(ရိုမေးနီးယား) - ဂျန့်ခ်(ဘယ်လ်ဂျီယံ) |
| နံနက် ၀၀း၃၀ နာရီ | ဂျန့်တ်(ဘယ်လ်ဂျီယံ) - စပါး(အင်္ဂလန်) |
| နံနက် ၀၀း၃၀ နာရီ | အယ်လ်ခမာ(နယ်သာလန်) - လိုင်ယွန်(ပြင်သစ်) |
| နံနက် ၀၀း၃၀ နာရီ | မိုချင်ဂလက်ဘတ်(ဂျာမနီ) - ဗီအိုရင်တီးနား(အီတလီ) |
| နံနက် ၀၀း၃၀ နာရီ | ရော့စတော့ဗ်(ရုရှား) - စပါတာပရပ်(ချက်) |
| နံနက် ၀၀း၃၀ နာရီ | လူဒိုဂိုရက်စ်(ဘူဂေးရီးယား) - ကိုပင်ဟေဂင်(ဒိန်းမတ်) |
| နံနက် ၂း၃၅ နာရီ | ဘီလ်ဘာအို(စပိန်) - အေပိုးလ်(ဆိုက်ပရပ်စ်) |
| နံနက် ၂း၃၅ နာရီ | လီဂီယာဝါဆော(ပိုလန်) - အေဂျက်(နယ်သာလန်) |
| နံနက် ၂း၃၅ နာရီ | အန်ဒါလက်ချ်(ဘယ်လ်ဂျီယံ) - ဇင်းနစ်(ရုရှား) |
| နံနက် ၂း၃၅ နာရီ | မန်ယူ(အင်္ဂလန်) - စိန့်အက်တီယန်(ပြင်သစ်) |
| နံနက် ၂း၃၅ နာရီ | ဗီလာရီးရဲလ်(စပိန်) - ရိုးမား(အီတလီ) |
| နံနက် ၂း၃၅ နာရီ | ဟာပိုးလ်ဘီယာရှီဗာ(အစ္စရေး) - ဘက်ဆစ်တပ်(တူရကီ) |
| နံနက် ၂း၃၅ နာရီ | ပီအေအိုကေ(ဂရိ) - ရှော်ကေး(ဂျာမနီ) |



# ချန်ပီယံလိဂ်ရှုံးထွက်အဆင့်တွင် လေးဂိုးပြတ်နှင့်အထက် ရှုံးနိမ့်သည့်ရလဒ်ကို ပြန်ချေဖျက်နိုင်သည့်အသင်း မပေါ်ထွက်သေး

**ဘာစီလိုနာ၊ ဖေဖော်ဝါရီ ၂၅**

ဘာစီလိုနာအသင်းသည် ဒုတိယအကျော့တွင် ပီအက်စ်ဂျီကို ငါးဂိုးပြတ်ဖြင့် အနိုင်ယူ၍ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့မည်ဆိုပါက ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းကြောင်းတစ်လျှောက် ပထမအကျော့ လေးဂိုးပြတ်အရှုံးကို ချေဖျက်နိုင်သည့် ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်သွားလိမ့်မည်ဖြစ်ကြောင်း Sportmail က ဖော်ပြထားသည်။

ချန်ပီယံလိဂ်တွင် နှစ်ကျော့စနစ်ဖြင့် ကစားရသော ရှုံးထွက်အဆင့်များ၌ ပထမအကျော့ကို လေးဂိုးပြတ်နှင့်အထက် ရှုံးနိမ့်ခဲ့သည့်အသင်းများမှာ ဒုတိယအကျော့တွင် ယင်းအရှုံးရလဒ်ကို ပြန်လည်ချေဖျက်နိုင်ခြင်းမရှိဘဲ ပြိုင်ပွဲက အမြဲတစေ ထွက်ကြရလေ့ရှိပြီး ဘာစီလိုနာမှာ ယင်းမှတ်တမ်းဆိုးကိုရှောင်လွှဲနိုင်ရန် လာမည့်မတ်လ ၈ ရက်နေ့တွင် ပြန်လည်ယှဉ်ပြိုင်ရမည့် ဒုတိယအကျော့၌ အားကုန်ကြိုးပမ်းသွားရတော့မည်ဖြစ်သည်။

ဘာစီလိုနာတိုက်စစ်မှူး မက်ဆီသည် ပီအက်စ်ဂျီက ဘာစီလိုနာကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ယူသွားခဲ့သည့် ချန်ပီယံလိဂ် ၁၆ သင်း ရှုံးထွက်အဆင့် ပထမအကျော့ပွဲစဉ်တွင် လက်ရှိဘောလုံးရာသီ၌ စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ အဆိုးရွားဆုံးဖြစ်ခဲ့ပြီး ပြိုင်ဘက်ဂိုးဧရိယာအတွင်းတွင် ဘောလုံးတစ်ကြိမ်မျှ မထိခဲ့သည့်အချက်မှာ မက်ဆီအတွက် လွန်စွာ ခံပြင်းဖွယ်ဖြစ်ခဲ့ရသည်။

ဘာစီလိုနာသည် ယခုမတိုင်မီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ပြိုင်ဘက်အသင်းကို ပထမပိုင်း ၄၅ မိနစ်အတွင်း နှစ်ဂိုးပေးရသည့်အဖြစ်အပျက်ကို ၂၀၀၈ ခုနှစ်၌ ကြုံဆုံခဲ့ရပြီး အဆိုပါ ၂၀၀၈ ခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဘာစီလိုနာကို ပထမပိုင်း ၄၅ မိနစ်အတွင်း နှစ်ဂိုးသွင်းခဲ့သည့် အသင်းမှာ စကော့တလန်ကလပ် ဆဲလ်တစ် ဖြစ်သည်။

ဘာစီလိုနာသည် ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းကြောင်းတစ်လျှောက်တွင် ပြိုင်ဘက်အသင်းက ၎င်းကို နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်သည်ကို နောက်ကလိုက်၍ ချေဖျက်နိုင်သည့်ပွဲစဉ် တစ်ပွဲတည်းသာ ရှိခဲ့ဖူးပြီး အဆိုပါပွဲစဉ်မှာ ၁၉၉၈ ခုနှစ်၌ မန်ယူနှင့် သုံးဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်ဖြစ်သည်။ ■ E-11



# မန်ယူပရိသတ်ဖြစ်ပြီး ပရီးမီးယားလိဂ်သို့ ပြောင်းရွှေ့ခွင့်ရလိုကြောင်း မူနီယာ အသိပေး

**ပဲရစ်၊ ဖေဖော်ဝါရီ ၁၅**

ပီအက်စ်ဂျီအသင်းညာနောက်ခံကစားသမား မူနီယာသည် ၎င်းမှာ မန်ယူအသင်းပရိသတ်တစ်ဦးဖြစ်ပြီး တစ်နေ့နေ့တွင် ပရီးမီးယားလိဂ်သို့ ပြောင်းရွှေ့ကစားခွင့်ရလိုကြောင်း ဖွင့်ဟအသိပေးသွားခဲ့သည်ဟု The Mirror က ဖော်ပြထားသည်။

အသက် ၂၅ နှစ်အရွယ်ရှိ မူနီယာသည် လွန်ခဲ့သည့် ၂၀၁၆ ခုနှစ် နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် ဘယ်လ်ဂျီယံကလပ် ဘရုဂေးမှနေ၍ ပီအက်စ်ဂျီထံသို့ ပြောင်းရွှေ့ကြေးပမာဏ ပေါင်ခြောက်သန်းဖြင့် ပြောင်းရွှေ့ရောက်ရှိလာခဲ့ပြီး တစ်နေ့နေ့တွင် မန်ယူအသင်းအတွက် ကစားပေးခွင့်ရနိုင်ရေးမှာ ၎င်း၏ စိတ်ကူးအိပ်မက်တစ်ခုဖြစ်ကြောင်းလည်း မူနီယာက ဝန်ခံထားပြီဖြစ်သည်။

မူနီယာသည် ၎င်းအနေနှင့် လက်ရှိတွင် ပီအက်စ်ဂျီထံ၌ ကစားသမားဘဝဖြတ်သန်းနေရသည်ကို ကျေနပ်ပျော်ရွှင်လျက်ရှိသော်လည်း ပရီးမီးယားလိဂ်၌ ခြေစွမ်းပြခွင့်ရနိုင်ရေး စိတ်ကူးအိပ်မက်ကိုမူ အမြဲတစေ ဆုပ်ကိုင်ထားမည်သာဖြစ်ကြောင်း အသိပေးထားပြီး ၎င်း၏စိတ်ကူးအိပ်မက်ကို အကောင်အထည်ဖော်နိုင်မည့် အခွင့်အရေး ထွက်ပေါ်လာခဲ့မည်ဆိုပါက လက်မလွှတ်တမ်း ဖမ်းဆုပ်သွားမည်သာဖြစ်ကြောင်းလည်း မူနီယာက ပြောကြားထားသေးသည်။

မူနီယာသည် ပီအက်စ်ဂျီက ဘာစီလိုနာကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ချန်ပီယံလိဂ် ၁၆ သင်း ရှုံးထွက်အဆင့် ပထမအကျော့ပွဲစဉ်တွင် အသင်းအတွက် မိနစ် ၉၀ ပြည့် ပါဝင်ကစားပေးခွင့်ရခဲ့ပြီး ဘာစီလိုနာတိုက်စစ်မှူး နေမာမှာ မူနီယာ၏ လူကပ်ထိန်းချုပ်မှုများကြောင့် ခြေစွမ်းမပြနိုင် ဖြစ်ခဲ့ရသည်။

ပီအက်စ်ဂျီနှင့် ဘာစီလိုနာတို့ယှဉ်ပြိုင်ခဲ့သည့် အဆိုပါချန်ပီယံလိဂ် ၁၆ သင်းရှုံးထွက်အဆင့် ပထမအကျော့ပွဲစဉ်တွင် စွမ်းဆောင်ရည်အကောင်းဆုံး ကစားသမားအဖြစ် သတ်မှတ်ခံခဲ့ရသည်မှာ ဘာစီလိုနာတိုက်စစ်မှူး မက်ဆီ၏ထိုးဖောက်တိုက်စစ်ဆင်မှုများကို အမှားအယွင်းမရှိ ဖျက်ထုတ်ဟန့်တားသွားခဲ့သည့် ပီအက်စ်ဂျီကွင်းလယ်ခံစစ်ကစားသမား ရာဘီအော့တ်ဖြစ်ပြီး ယခုပွဲစဉ်တွင် မက်ဆီမှာ ၎င်း၏အသင်းဖော်များထံသို့ အောင်မြင်သည့် ဘောလုံးပေးပို့မှုဟူ၍ ၂၈ ကြိမ်တည်းသာ လုပ်ဆောင်ပေးနိုင်ခဲ့သည်။ ■ E-11



# တရားတော်နှင့်မကိုက်ညီသည့် ဆံပင်ပုံစံညှပ်သည် ဟူသည့်စွဲချက်ဖြင့် အဆာမိုဂျန် အရေးယူခံရမည်

**ဒူဘိုင်း၊ ဖေဖော်ဝါရီ ၁၅**

ယူအေအီး ဘောလုံးအဖွဲ့ချုပ်စည်းကမ်းထိန်းသိမ်းရေး ကော်မတီသည် ယူအေအီးကလပ် အယ်လ်အာဘီထံသို့ အငှားလာရောက်ကစားနေသည့် ဆန်းဒါးလန်းတိုက်စစ်မှူးဟောင်း အဆာမိုဂျန်ကို အစ္စလာမ်တရားတော်က သင်ကြားထားသည်နှင့် မကိုက်ညီသော ဆံပင်ပုံစံကိုညှပ်သည်ဟူသောစွဲချက်ဖြင့် အရေးယူတော့မည်ဖြစ်ကြောင်း Sky Sports က ဖော်ပြထားသည်။

အသက် ၃၁ နှစ်အရွယ်ရှိ တိုက်စစ်မှူး အဆာမိုဂျန်သည် တရုတ်ဆူပါလိဂ်ကလပ် ရှန်ဟိုင်း SIPG မှနေ၍ အယ်လ်အာဘီထံသို့ အငှားလာရောက်ကစားနေခြင်းဖြစ်ပြီး ဂါနာအသင်းအတွက် အာဖရိကနိုင်ငံများဖလားပွဲ ပါဝင်ကစားပေးခဲ့ပြီးနောက် အယ်လ်အာဘီအသင်းထံသို့ ပြန်လည်ရောက်ရှိလာအပြီးတွင် အဆာမိုဂျန်မှာ ယင်းစွဲချက်တင်မှုဖြင့် ရင်ဆိုင်လိုက်ရခြင်းဖြစ်သည်။

အရှေ့အလယ်ပိုင်းဒေသ နိုင်ငံများရှိ လိဂ်ပြိုင်ပွဲများသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့ကြသည့် နိုင်ငံခြားသားကစားသမားများသည် ယင်းနိုင်ငံများရှိ ဘာသာရေးထုံးတမ်းစဉ်လာ အခြေခံဥပဒေများကြောင့် အခက်တွေ့နေကြရပြီး ယူအေအီးဘောလုံးအဖွဲ့ချုပ်စည်းကမ်းထိန်းသိမ်းရေးကော်မတီမှာ အဆာမိုဂျန်အပြင် အခြားကစားသမား ၃၉ ဦးကိုလည်း အစ္စလာမ်တရားတော်နှင့် မကိုက်ညီသည့် ဆံပင်ပုံစံများထားရှိသည့်အတွက် အပြစ်ရှိကြောင်း စွဲချက်တင်ထားသေးသည်။

အဆာမိုဂျန်သည် ၎င်း၏ဆံပင်ကို မိုဟီကန်ဒီဇိုင်း ပုံဖော်လိုက်ခြင်းဖြစ်ပြီး ယင်းသို့ဦးခေါင်းဘေးနှစ်ဖက်ကို စက်ကတ်ကြေးဖြင့် အတိုညှပ်ကာ အလယ်ရှိ ဆံပင်များကို မညှပ်ဘဲထားရှိသည်ကို အရှေ့အလယ်ပိုင်း၌ တရားမဝင်သည့် Qaza (ကာဇာ) ဆံပင်ပုံစံဟုခေါ်ကြောင်း နိုင်ငံတကာသတင်းမီဒီယာများက ဖော်ပြသည်။

အဆာမိုဂျန်သည် လက်ရှိဘောလုံးရာသီတွင် အယ်လ်အာဘီကိုကိုယ်စားပြု၍ ယူအေအီးအမှတ်ပေးပွဲစဉ် ရှစ်ပွဲကစားပေးထားပြီးဖြစ်ကာ အဆိုပါပွဲစဉ်ရှစ်ပွဲတွင် ၎င်းက အသင်းအတွက် သွင်းဂိုးနှစ်ဂိုး ရယူပေးနိုင်ခဲ့သည်။ ■ E-11



# အာရှယူ - ၂၃ ချန်ပီယံရှစ်ခြေစစ်ပွဲ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိရန် နီးစပ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

အာရှဘောလုံးအဖွဲ့ချုပ်က ဦးဆောင်ကျင်းပမည့် အသက် ၂၃ နှစ်အောက် အာရှချန်ပီယံရှစ် ခြေစစ်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် နီးစပ်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ထံမှ သိရှိရသည်။

အဆိုပါခြေစစ်ပွဲကို ဇူလိုင်လ ၁၅ ရက်မှ ၂၃ ရက်နေ့အထိကျင်းပရန် သတ်မှတ်ထားရာ ခြေစစ်ပွဲစဉ်များအနက် မြန်မာအသင်းယှဉ်ပြိုင်မည့် အုပ်စုပွဲစဉ်များကို အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

"အိမ်ရှင်အဖြစ် လက်ခံကျင်းပဖို့ လျှောက်ထားတာမှာ အခွင့်အရေးများနေပါပြီ။ သူတို့ဘက်က လာမယ့်တစ်ပတ်ထဲမှာ အကြောင်းကြားပေးမယ်လို့သိရတယ်။ သူတို့ဘက်က အကြောင်းပြန်တာနဲ့ ချက်ချင်းထုတ်ပြန်ပေးမယ်"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်က ပြောကြားသည်။

အဆိုပါခြေစစ်ပွဲစဉ်များကို အိမ်ရှင်အဖြစ် ဒုတိယအကြိမ်မြောက်လက်ခံကျင်းပခွင့်ရရှိပါက ရန်ကုန်မြို့တော်ရှိ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပနိုင်ရန် စီစဉ်ထားသည်ဟု အဖွဲ့ချုပ်အသိုင်းအဝိုင်းထံမှ သိရသည်။

အဆိုပါ ခြေစစ်ပွဲကို အာရှအရှေ့ပိုင်းဇုန်မှ ၂၂ သင်းနှင့် အာရှအနောက်ပိုင်းဇုန်မှ ၂၄ သင်းတို့အပါအဝင် အာရှချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲကို လက်ခံကျင်းပမည့် တရုတ်အသင်းလည်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ တရုတ်အသင်း၏ ရလဒ်ကိုမူ ထည့်သွင်းတွက်ချက်မည်မဟုတ်ဟု အာရှဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ထားသည်။

ပထမဆုံးအကြိမ်ကျင်းပသည့် အာရှယူ - ၂၂ ပြိုင်ပွဲ၏ ခြေစစ်ပွဲစဉ်များကိုလည်း ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရရှိခဲ့သည်။

ယင်းအချိန်က ခြေစစ်ပွဲအောင်မြင်ခဲ့သော်လည်း နောက်ဆုံးအဆင့် အုပ်စုတွင်းပြိုင်ပွဲတွင်မူ တောင်ကိုရီးယား၊ အိုမန်နှင့် ဂျော်ဒန်အသင်းတို့ကိုရှုံးခဲ့၍ အုပ်စုအဆင့်ကပင် ထွက်ခွာခဲ့ရပြီး ၂၀၁၆ ခုနှစ်က ကျင်းပသည့်အာရှ ယူ-၂၃ ပြိုင်ပွဲတွင်မူ ခြေစစ်ပွဲပင် မအောင်မြင်ခဲ့ပေ။

■ J-04

# မာရာဒိုနာနှင့် ၎င်း၏ချစ်သူတို့တည်းခိုသည့် ဟိုတယ်ခန်းကို ရဲတပ်ဖွဲ့လာရောက်စစ်ဆေး

**မက်ဒရစ်၊ ဖေဖော်ဝါရီ ၁၅**

မက်ဒရစ်ရဲတပ်ဖွဲ့သည် ယမန်နေ့ (ဗုဒ္ဓဟူးနေ့)နံနက်၌ မက်ဒရစ်မြို့ရှိ Eurostars Suites Mirasierra ဟိုတယ်သို့လာရောက်၍ အာဂျင်တီးနားဂန္ထဝင် တိုက်စစ်မှူးဟောင်း မာရာဒိုနာနှင့် ၎င်း၏ချစ်သူ ရီစီယို အိုလီဗီယာတို့တည်းခိုနေသည့်အခန်းကို စစ်ဆေးသွားခဲ့ကြောင်း ABC က ဖော်ပြထားသည်။

ရဲတပ်ဖွဲ့ဝင်များသည် အိုလီဗီယာ၏ တိုင်ကြားမှုတစ်ခုကြောင့် ယင်းဟိုတယ်ခန်းသို့ ရောက်လာခဲ့ခြင်းဖြစ်ပြီး ယင်းဟိုတယ်ခန်းအတွင်း မည်သည့်အဖြစ်အပျက်များ ဖြစ်ပျက်ခဲ့သည်ဆိုခြင်းကိုမူ ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ခြင်း မရှိသေးကြောင်း ABC က ဆက်လက်ရေးသားထားသည်။

အိုလီဗီယာသည် နံနက် ရှစ်နာရီခွဲအချိန်ခန့်တွင် ဟိုတယ်ဧည့်ကြိုဌာနသို့ ဖုန်းဆက်၍ သူမအနေနှင့် ပြင်းထန်သောတိုက်ခိုက်ရန်ပြုမှုဖြင့် ရင်ဆိုင်နေရကြောင်း အကြောင်းကြားခဲ့ပြီး ရဲတပ်ဖွဲ့၏အတည်ပြုချက်များထွက်ပေါ်လာခြင်း မရှိသေးသော်လည်း ယင်းသို့အိုလီဗီယာကိုကိုယ်ထိလက်ရောက်ကျူးလွန်သူမှာ မာရာဒိုနာကလွဲ၍ အခြား မဖြစ်နိုင်ကြောင်း သတင်းမီဒီယာများက သုံးသပ်ထားကြသည်။

အသက် ၅၆ နှစ်အရွယ်ရှိ မာရာဒိုနာနှင့် အသက် ၂၆ နှစ်အရွယ်ရှိ အိုလီဗီယာတို့သည် ရီးရဲလ်မက်ဒရစ်နှင့် နာပိုလီတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ် ၁၆ သင်း ရှုံးထွက်အဆင့်ပွဲစဉ် ပထမအကျော့ကို တက်ရောက်ကြည့်ရှုရန် ဖိတ်ကြားခံခဲ့ရသည့်အတွက် မက်ဒရစ်မြို့သို့ရောက်ရှိလာခဲ့ပြီး အင်္ဂါနေ့ညဘက်တွင်မူ ၎င်းတို့နှစ်ဦးမှာ ဟိုတယ်ရှိ အနှိပ်ခန်း၌ ချစ်ကြည်နူးစွာဖြင့် ရှိနေခဲ့ကြောင်း မျက်မြင်သက်သေများက ထွက်ဆိုထားကြသည်။

Eurostars Suites Mirasierra ဟိုတယ်သည် မက်ဒရစ်မြို့မြောက်ဘက်တွင် တည်ရှိခြင်းဖြစ်ကာ ၎င်းတို့အနေနှင့် ဖြစ်စဉ်ကို အသေးစိတ်သိရှိနိုင်စေရန် ဟိုတယ်တွင် နှစ်နာရီကြာ အချိန်ယူ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်ဟု မက်ဒရစ်ရဲတပ်ဖွဲ့က ထုတ်ပြန်ကြေညာထားသည်။

မာရာဒိုနာသည် လွန်ခဲ့သည့် ၂၀၁၆ ခုနှစ်အတွင်း၌ COPE သတင်းမီဒီယာ၏ သတင်းထောက်တစ်ဦးဖြစ်သော အိန်ဂျယ်လ်ဂါစီယာကို တိုက်ခိုက်ရန်ပြုခဲ့ဖူးပြီး အိန်ဂျယ်လ်ဂါစီယာမှာ မာရာဒိုနာကို မေးခွန်းမေးမြန်းရန် ကြိုးပမ်းရာ၌ ယင်းသို့သော တုံ့ပြန်မှုကို ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ ■ E-11




# အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု ပြိုင်ပွဲအတွက် ကစားသမားရွေးချယ်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၅**

ထိုင်းနိုင်ငံ ခိုရတ်မြို့၌ ဧပြီလ ၂၂ ရက်မှ ၂၃ ရက်အထိကျင်းပမည့် အရှေ့တောင်အာရှတံခွန်စိုက်ကာယဗလနှင့်ကာယကြံ့ခိုင်မှုပြိုင်ပွဲအတွက် ကစားသမား ရွေးချယ်ပွဲပြုလုပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအဖွဲ့ချုပ်ထံမှ သိရသည်။ ယင်းပြိုင်ပွဲအတွက် ကစားသမားရွေးချယ်ပွဲကို ရန်ကုန်မြို့ရှိ စည်ပင်ကာယဗလနှင့် ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးစခန်း၌ ဖေဖော်ဝါရီ ၂၇ ရက်နေ့တွင် ပြုလုပ်မည်ဖြစ်ကြောင်း ယင်းအဖွဲ့ချုပ် တွဲဘက်အတွင်းရေးမှူး ဦးကျော်စိန်သန်းက ပြောကြားသည်။

"ဒီကစားသမားရွေးချယ်ပွဲက တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လုပ်တာမဟုတ်ဘူး။ နောက်ဆုံးပြိုင်ခဲ့တဲ့ပွဲကနေ ရွေးထားတဲ့ကစားသမားတွေထဲက ပြန်ရွေးတာ။ လူသစ်တန်းကို အဓိကထား လုပ်မယ်။ အဲဒီနေ့မှ အရှေ့တောင်အာရှပြိုင်ပွဲကို ဘယ်နှဦးနဲ့ သွားပြိုင်မလဲဆိုတာ ဆုံးဖြတ်မယ်"ဟု ၎င်းကပြောဆိုသည်။

၁၄ ကြိမ်မြောက်ကျင်းပမည့် ယင်းပြိုင်ပွဲ၏ ကာယဗလပြိုင်ပွဲကို ကီလို ၆၀၊ ၆၅ နှင့် ၇၀ ကီလို၊ကာယကြံ့ခိုင်မှုပြိုင်ပွဲအတွက် ၁၆၀ စင်တီမီတာအောက်နှင့် ၁၆၀ စင်တီမီတာအထက်တို့ကို ယှဉ်ပြိုင်မည်ဖြစ်ရာ ပဏာမရွေးချယ်ထားသော ကစားသမား ကိုးဦးအနက်မှ စံချိန်ကောင်းသူများဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့သည် ၂၀၁၆ ခုနှစ်က ကျင်းပခဲ့သည့် အဆိုပါပြိုင်ပွဲကို ယှဉ်ပြိုင်စေထားခဲ့ရာတွင် ရွှေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်သုံးခု ရယူနိုင်ခဲ့သည်။ ■ J-04





# အက်သလက်တီကိုကို စွန့်ခွာရန်အကြောင်းမရှိသေးကြောင်း ဂရစ်ဇ်မန်းဖွင့်ဟ၊ အင်္ဂလန်၏ရာသီဥတုကို သဘောမကျကြောင်း အသိပေး

**မက်ဒရစ်၊ ဖေဖော်ဝါရီ ၁၅**

အက်သလက်တီကိုတိုက်စစ်မှူး ဂရစ်ဇ်မန်းသည် ၎င်းအနေနှင့် အက်သလက်တီကိုကိုစွန့်ခွာ၍ ပရီးမီးယားလိဂ်သို့ ပြောင်းရွှေ့ရန် ကောင်းမွန်သည့်အကြောင်းပြချက်ရှာမတွေ့သေးကြောင်း ဖွင့်ဟပြောကြားလိုက်ပြီး အင်္ဂလန်၏ ဆိုးရွားသည့်ရာသီဥတုကို ၎င်းအနေနှင့် သဘောမကျဟုလည်း ဂရစ်ဇ်မန်းက အသိပေးထားကြောင်း Marca က ဖော်ပြထားသည်။

မန်ယူနည်းပြ မော်ရင်ညိုသည် လာမည့်နွေရာသီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက် ဖွင့်လှစ်ချိန်တွင် အသင်းတိုက်စစ်ကို အင်အားဖြည့်တင်းရန်အတွက် ဂရစ်ဇ်မန်းကိုခေါ်ယူလိုလျက်ရှိပြီး လွန်ခဲ့သည့်သီတင်းပတ် အနည်းငယ်ခန့်က ဂရစ်ဇ်မန်းနှင့် မန်ယူအသင်းအကြားတွင် ပုဂ္ဂိုလ်ရေးအချက်အလက်များသာမက ဝတ်ဆင်မည့် ကျောနံပါတ်ကိုပါ သဘောတူညီမှုရထားပြီဟု သတင်းများထွက်ပေါ်ခဲ့သေးသည်။

ဂရစ်ဇ်မန်းသည် လက်ရှိတွင် ၎င်းအနေနှင့် အက်သလက်တီကိုအတွက် ကစားပေးရသည်ကို ပျော်ရွှင်နေဆဲဖြစ်သည်ဟု အသိပေးထားပြီး ဘောလုံးရာသီပြီးဆုံးချိန်တွင် အသင်းရပ်တည်မှု ဆိုးရွားလွန်းခဲ့မှသာ အနာဂတ်အတွက် အရေးပါသည့်ဆုံးဖြတ်ချက်ကိုချမှတ်ရန် စဉ်းစားသွားမည်ဖြစ်ကြောင်း ဂရစ်ဇ်မန်းက ရှင်းပြထားသည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် ဂရစ်ဇ်မန်းက "ဆိုစီဒက်ဆီမှာ ကစားခဲ့တုန်းက ဒီနေရာကို ငါစွန့်ခွာဖို့ လိုအပ်နေပြီဆိုတဲ့ခံစားချက်ကို ကျွန်တော် သေသေချာချာ ခံစားခဲ့ရပါတယ်။ အဲ့ဒါ ကြောင့်ပဲ အက်သလက်တီကိုဆီကို ကျွန်တော် ပြောင်းရွှေ့ရောက်ရှိလာခဲ့တာပါ။ လက်ရှိအချိန်မှာတော့ အက်သလက်တီကိုကို စွန့်ခွာဖို့ လိုနေပြီဆိုတဲ့ခံစားချက်မျိုး ကျွန်တော့်ဆီမှာ ဖြစ်ပေါ်လာခြင်း မရှိသေးသလို ဒီနေရာကို စွန့်ခွာဖို့လည်း ကျွန်တော် ဆန္ဒမရှိသေးပါဘူး။ ဘောလုံးရာသီပြီးဆုံးချိန်မှာ ဘာတွေဖြစ်လာမလဲဆိုတာတော့ ကျွန်တော်လည်း မပြောတတ်ဘူးပေါ့လေ။ ရာသီကုန်ဆုံးချိန်မှာ အသင်းရပ်တည်မှုက ဆိုးရွားလွန်းခဲ့ရင်တော့ အနာဂတ်အတွက် ကျွန်တော် စဉ်းစားတာမျိုးတွေ ဖြစ်လာနိုင်ပါတယ်"ဟု ပြောကြားသွားခဲ့သည်။

ဂရစ်ဇ်မန်းသည် အက်သလက်တီကိုကို စွန့်ခွာဖြစ်ခဲ့သည့်တိုင် ရီးရဲလ်မက်ဒရစ်နှင့် ဘာစီလိုနာတို့ထံသို့ ပြောင်းရွှေ့မည်မဟုတ်ဟု အသိပေးထားပြီး ဂျာမနီနှင့် ပြင်သစ်လီဂူးတို့မှာလည်း ၎င်းကစားလိုသည့် လိဂ်အဆင့်အတန်းမျိုးတွင် ရှိမနေကြောင်း ဂရစ်ဇ်မန်းက ရှင်းပြထားသည်။

RMC Sport သတင်းဌာနနှင့် တွေ့ဆုံခဲ့ရာတွင် ဂရစ်ဇ်မန်းက "အက်သလက်တီကိုကနေ ထွက်ခွာဖြစ်ခဲ့ရင် ရီးရဲလ်မက်ဒရစ်နဲ့ ဘာစီလိုနာတို့ဆီ ပြောင်းရွှေ့ကစားဖို့က ကျွန်တော့်အတွက် အဆင်မပြေပါဘူး။ ဘာစီလိုနာဆီမှာက ပုံမှန်ပွဲထွက်ခွင့်ကို အပိုင်စားရရှိထားပြီးသားဖြစ်တဲ့ မက်ဆီ၊ နေမာနဲ့ ဆွာရက်ဇ်တို့ ရှိနေကြပါတယ်။ ရီးရဲလ်မက်ဒရစ်ကလည်း အက်သလက်တီကိုနဲ့ ဒါဘီပြိုင်ဘက်ဖြစ်နေလို့ အသင်းတာဝန်ရှိသူတွေက ခွင့်ပြုဖို့မလွယ်ပါဘူး။ ဂျာမန်ဘွန်ဒက်စ်လီဂါနဲ့ ပြင်သစ်လီဂူးတို့ကတော့ ကျွန်တော့်ကို ဆွဲဆောင်နိုင်စွမ်း နည်းလွန်းလှပါတယ်။ အင်္ဂလန်ကိုမရွေးချယ်ချင်တာက ကျွန်တော့်ရဲ့လူနေမှုပုံစံကြောင့်ပါပဲ။ အဲ့ဒီမှာက မိုးအရမ်းရွာပြီး ရာသီဥတုက ဆိုးရွားလွန်းလှပါတယ်။ ကျွန်တော်က အားလပ်ချိန်တွေမှာ အပြင်ထွက်ပြီး လည်ပတ်ရတာကို သဘောကျတာကြောင့် အင်္ဂလန်ရဲ့ရာသီဥတုက ကျွန်တော့်အတွက်တော့ အဆင်မပြေလှပါဘူး"ဟု ပြောကြားသွားခဲ့သည်။

အင်္ဂလိပ်သတင်းမီဒီယာများကမူ ဂရစ်ဇ်မန်းမှာ အပြောင်းအရွှေ့နှင့်သက်ဆိုင်သည့်သတင်းများ ပျံ့နှံ့သွားမည်ကို စိုးရိမ်သည့်အတွက် ဆင်ခြေ့ရန်ရှောင်ဖြေနေခြင်းဖြစ်ဖွယ်ရှိသည်ဟု သုံးသပ်ထားပြီး အင်္ဂလန်သို့မပြောင်းလိုသည်မှာ ရာသီဥတုကြောင့်ဟူသည့် ဂရစ်ဇ်မန်း၏အကြောင်းပြချက်မှာ ကျိုးကြောင်းဆီလျော်မှု ကင်းမဲ့လွန်းလှသည်ဟု အင်္ဂလိပ်သတင်းမီဒီယာများက ထောက်ပြထားသေးသည်။ ■ E-11

# ၂၀၁၇ Laureus ဆုများကို အူစိန်ဘော့တ်၊ ဆိုင်မွန်ဘိုင်းလ်စ်နှင့် လက်စတာအသင်းတို့ ဆွတ်ခူး

**မိုနာကို၊ ဖေဖော်ဝါရီ ၁၅**

ဂျမေကာ တာတိုအပြေးသမား အူစိန်ဘော့တ်၊ အမေရိကန်ကျွမ်းဘားမယ် ဆိုင်မွန်ဘိုင်းလ်စ်၊ ဖော်မြူလာဝမ်း ကားမောင်းပြိုင်ပွဲချန်ပီယံ နီကိုရော့စ်ဘတ်ဂ်နှင့် လက်စတာအသင်းတို့သည် အားကစားလောက၏အော်စကာဆုဟု တင်စားခြင်းခံထားရသည့် Laureus ဆုများကို အသီးသီး ဆွတ်ခူးရရှိသွားခဲ့ကြောင်း BBC က ဖော်ပြထားသည်။

၂၀၁၇ ခုနှစ် Laureus ဆုများကို ၂၀၁၆ ခုနှစ်စွမ်းဆောင်ရည်များအပေါ်တွင် အခြေခံ၍ ရွေးချယ်ခဲ့ခြင်းဖြစ်ကာ ဆုပေးပွဲအခမ်းအနားကို ပြင်သစ်နိုင်ငံ မိုနာကိုမြို့တွင် ကျင်းပခဲ့ခြင်းဖြစ်ပါကြောင်း ဆုရွေးချယ်ရေးကော်မတီက ထုတ်ပြန်ကြေညာထားသည်။

အူစိန်ဘော့တ်သည် ၂၀၁၆ ခုနှစ် ရီယိုဒီဂျနေးရိုးအိုလံပစ်ပြိုင်ပွဲတွင် မီတာ ၁၀၀ ၊ မီတာ ၂၀၀ အပြေးပြိုင်ပွဲများနှင့် မီတာ ၄၀၀ လေးယောက်တွဲလက်ဆင့်ကမ်း ပြိုင်ပွဲတို့တွင် ရွှေတံဆိပ်ဆုများ ဆွတ်ခူးရယူနိုင်ခဲ့ခြင်းအတွက် တစ်နှစ်တာအကောင်းဆုံး အမျိုးသားအားကစားသမား Laureus ဆုဖြင့် ဂုဏ်ပြုခံလိုက်ရခြင်းဖြစ်ပြီး ဆိုင်မွန်ဘိုင်းလ်စ်မှာလည်း ရီယိုဒီဂျနေးရိုးအိုလံပစ်ပြိုင်ပွဲ၏ကျွမ်းဘားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆု လေးခုရယူနိုင်ခဲ့ခြင်းကြောင့်ပင် တစ်နှစ်တာအကောင်းဆုံး အမျိုးသမီးအားကစားသမား Laureus ဆုပိုင်ရှင် ဖြစ်ခွင့်ရသွားခဲ့ခြင်းဖြစ်သည်။




၂၀၁၅-၁၆ ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ချန်ပီယံဆုကို ဆွတ်ခူးရယူနိုင်ခဲ့သည့် လက်စတာအသင်းသည် တစ်နှစ်တာ အကောင်းဆုံးအသင်း စုစည်းမှု Laureus ဆုကို ရရှိသွားခဲ့ပြီး ရီယိုဒီဂျနေးရိုးအိုလံပစ်ပြိုင်ပွဲတွင် ၎င်း၏က စားသမား ဘဝ ဖြတ်သန်းမှု ၂၃ ခုမြောက် ရွှေတံဆိပ်ဆုကို ဆွတ်ခူးရယူနိုင်ခဲ့သော အမေရိကန်ရေကူးအားကစားသမား မိုက်ကယ်ဖဲလ်စ်ကမူ တစ်ကျော့ပြန်အကောင်းဆုံးကစားသမား Laureus ဆုကိုဆွတ်ခူးသွားခဲ့သည်။

မာစီးဒီးစ်အသင်းကို ကိုယ်စားပြု၍ ဖော်မြူလာဝမ်း ကားမောင်းပြိုင်ပွဲ ကမ္ဘာ့ချန်ပီယံဆုကို ဆွတ်ခူးရယူနိုင်ခဲ့သော ဂျာမနီပြိုင်ကားမောင်းသမား ရော့စ်ဘတ်ဂ်သည် တစ်နှစ်တာဂုဏ်ထူးဆောင်ကစားသမား Laureus ဆုကို ရရှိသွားခဲ့ပြီး တစ်နှစ်တာအကောင်းဆုံးအသင်းLaureus ဆုကိုမူ မေဂျာလိဂ်ဘေ့စ်ဘော ကမ္ဘာ့တံခွန်စိုက် စီးရီးချန်ပီယံပြိုင်ပွဲ၌ အသင်းတည်ထောင်မှု ၁၀၈ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ချန်ပီယံဖြစ်ခွင့်ရသွားခဲ့သော Chicago Cubs အသင်းက ဆွတ်ခူးသွားခဲ့သည်။ ■ E-11

# FOREIGN AFFAIRS




ကင်ဂျုံနမ်သည် မကာအိုသို့သွားရန် စီစဉ်ခဲ့ခြင်းဖြစ်သည်

## မြောက်ကိုရီးယားခေါင်းဆောင်၏အစ်ကို ကင်ဂျုံနမ် ကွာလာလမ်ပူလေဆိပ်တွင် လုပ်ကြံခံရ

**ကွာလာလမ်ပူ၊ ဖေဖော်ဝါရီ ၁၄**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း၏အဖေတူမအေကွဲ အစ်ကိုဖြစ်သူကင်ဂျုံနမ်မှာ မလေးရှားနိုင်ငံမြို့တော် ကွာလာလမ်ပူလေဆိပ်တွင် လုပ်ကြံခံခဲ့ရကြောင်း BBC သတင်းကဖော်ပြသည်။

ဖေဖော်ဝါရီလ ၁၃ ရက်နေ့က ကင်ဂျုံနမ်သည် မကာအိုသို့သွားမည့် လေယာဉ်စောင့်နေစဉ် အမျိုးသမီးတစ်ဦးက သူ့မျက်နှာကို လောင်ကျွမ်းစေသော အရည်များပါသည့်အဝတ်ဖြင့် အုပ်လိုက်ခြင်းဖြစ်ပြီး မျက်လုံးများ လောင်ကျွမ်းသွားခဲ့သည်ဟု မလေးရှားရဲတပ်ဖွဲ့က ထုတ်ပြန်သည်။

အခင်းဖြစ်ချိန်တွင် ကင်ဂျုံနမ်သည် အခြားအမည်နှင့်ပတ်စ်ပို့ကို ကိုင်ဆောင်ထားခြင်းဖြစ်သည်။

ကွယ်လွန်သူ ကင်ဂျုံအီလ်၏ အကြီးဆုံးသားကင်ဂျုံနမ်သည် ဖအေတူမအေကွဲညီဖြစ်သူ ကင်ဂျုံအန်း အာဏာရလာပြီးနောက်တွင် မြောက်ကိုရီးယားမှ ထွက်ပြေးလာသူဟု ယူဆရသည်။

ဖေဖော်ဝါရီလ ၁၃ ရက်နေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီ ဝန်းကျင်တွင် မကာအိုသို့သွားမည့် ၁၀ နာရီလေယာဉ်နှင့် လိုက်ပါရန် ကွာလာလမ်ပူအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် စောင့်ဆိုင်းနေသော ကင်ဂျုံနမ်ကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း Malaysia Star သတင်းစာက ဖော်ပြခဲ့သည်။

တိုက်ခိုက်မှုမည်သို့ မည်ပုံဖြစ်ပွားခဲ့သည်ကိုမူ ရှင်းရှင်းလင်းလင်း မသိရသေးပေ။

ကင်က သူ့ကိုနောက်မှ တစ်ယောက်ယောက်ကလှမ်းဖက်ပြီး မျက်နှာပေါ်သို့ အရည်များလောင်းချခဲ့ကြောင်း လေဆိပ်ဧည့်ကြိုဝန်ထမ်းကို အသိပေးခဲ့သည်ဟု မလေးရှားရဲအရာရှိ ဖက်ဒ်ဇီအာမက်က ပြောကြားခဲ့ကြောင်း Star သတင်းစာက ဖော်ပြသည်။

မလေးရှား သတင်းအေဂျင်စီ Bernama က အဆိုပါရဲအရာရှိ၏ ပြောကြားချက်ကိုပင် ကိုးကားဖော်ပြရာတွင်မူ အမျိုးသမီးတစ်ဦး သူ့နောက်မှ ရောက်လာပြီး သူ့မျက်နှာကိုအရည်များဆွတ်ထားသည့် အဝတ်ဖြင့် အုပ်လိုက်ခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။

အစောပိုင်းသတင်းများတွင်မူ ဖျန်းဆေးဖြင့်ပက်သည် သို့မဟုတ် အပ်ဖြင့်ထိုးသည်ဟု အမျိုးမျိုးဖော်ပြခဲ့ကြသည်။

"အဲဒီအရည်တွေကြောင့် လောင်ကုန်တာပါ" ဟု ဖက်ဒ်ဇီလ်အာမက်က Bernama သတင်းဌာနသို့ပြောကြားသည်။

ကင်ဂျုံနမ်ကို အနီးရှိ ပူထရာဂျာယာမှ ဆေးရုံသို့ခေါ်ဆောင်စဉ် လမ်းတွင် ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အခုချိန်ထိတော့ သံသယရှိသူကို မတွေ့သေးပါဘူး။ ကျွန်တော်တို့ စပြီးတော့ စုံစမ်းနေပါပြီ၊ သဲလွန်စရဖို့ကြိုးစားနေပါတယ်" ဟု ဖက်ဒ်ဇီလ်အာမက်က Reuters သတင်းဌာနသို့ပြောကြားသည်။

ကင်ဂျုံနမ်သေသည့် သတင်းမှာ ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှသာ ထွက်ပေါ်လာခြင်းဖြစ်သည်။ အလောင်းခွဲစိတ်စစ်ဆေးမှုကို ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင်မှပြုလုပ်မည်ဟု မျှော်လင့်ရသည်။

တောင်ကိုရီးယား သတင်းဌာနများက ဖေဖော်ဝါရီလ ၁၄ ရက်နေ့အစောပိုင်းကတည်းက ကင်ဂျုံနမ် အသတ်ခံရသည်ဟု သတင်းဖော်ပြခဲ့သော်လည်း မလေးရှားအာဏာပိုင်များကမူ အစောပိုင်းတွင် မြောက်ကိုရီးယားနိုင်ငံသားတစ်ဦး လေဆိပ်တွင် လဲကျသေဆုံးကြောင်းသာ ထုတ်ပြန်ခဲ့သည်။

သေဆုံးသူ၏ ခရီးသွားမှတ်တမ်းများတွင် ၁၉၇၀ ပြည့်နှစ် ဇွန်လ ၁၀ ရက်နေ့တွင် မွေးဖွားသူ ကင်ချိုလ်ဟု သာဖော်ပြထားသည်။ ကင်ဂျုံနမ်မှာ ၁၉၇၁ ခုနှစ် မေလ ၁၀ ရက်နေ့တွင် မွေးဖွားသူဖြစ်သည်။

စစ်ဆေးမှုများပြုလုပ်ပြီးမှသာ ကင်ချိုလ်နှင့် ကင်ဂျုံနမ်မှာ တစ်ဦးတည်းဖြစ်သည်ဟု မလေးရဲတပ်ဖွဲ့က အတည်ပြုခဲ့သည်။

ယင်းသို့အမည်ဝှက်ဖြင့် ခရီးသွားလာခြင်းမှာ ကင်ဂျုံနမ်အတွက် ပထမဆုံးအကြိမ်မဟုတ်ပေ။ ၂၀၁၁ ခုနှစ်ကလည်း ဂျပန်သို့ ပတ်စ်ပို့အတုဖြင့် ဝင်ရန် ကြိုးပမ်းခဲ့သောကြောင့် အဖမ်းခံခဲ့ရသေးသည်။ တိုကျိုဒစ္စနေလန်းသို့သွားရောက်လည်ပတ်ချင်သောကြောင့်သာဖြစ်သည်ဟု ထိုစဉ်က ကင်ဂျုံနမ်က ထွက်ဆိုခဲ့သည်။

အကြီးဆုံးသားဖြစ်သော်လည်း ဆက်ခံခွင့်မရခဲ့သည့် ကင်ဂျုံနမ်သည် ခြေရာဖျောက်နေထိုင်နေပြီး မကာအို၊ တရုတ်ပြည်မကြီးနှင့် စင်ကာပူတွင် အနေများသည်ဟု ဆိုသည်။ တရုတ်လောင်းကစားမြို့တော် မကာအိုတွင် အကြွေစေ့ဂိမ်းကစားရသည်ကို သဘောကျသည်ဟုဆိုသည်။

တိုကျိုဒစ္စနေလန်းကိစ္စနှင့် လွတ်လွတ်လပ်လပ် သုံးဖြုန်းလည်ပတ်တတ်သည့် ပုံစံကြောင့် ဖခင်နေရာဆက်ခံခွင့် ဆုံးရှုံးခဲ့သည်ဟု လေ့လာသူတို့ကသုံးသပ်ကြသည်။

၂၀၁၂ ခုနှစ်တွင် စာအုပ်တစ်အုပ်ထုတ်ဝေခဲ့ပြီး သူ့မိသားစု၏ မြောက်ကိုရီးယားကို သားစဉ်မြေးဆက်အုပ်ချုပ်မှုကို ဝေဖန်ခဲ့သည်။ သူ့ညီသည် ခေါင်းဆောင်နိုင်စွမ်းမရှိဟုလည်း ထိုစာအုပ်တွင်ရေးသားခဲ့သည်။

ကင်ဂျုံနမ်ကို ယခင်ကလည်း လုပ်ကြံရန် ကြိုးစားမှုများရှိခဲ့ဖူးသည်။ တောင်ကိုရီးယားက ၂၀၁၂ ခုနှစ်တွင် ဖမ်းမိသော မြောက်ကိုရီးယားသူလျှိုတစ်ဦး၏အဆိုအရ ကင်ဂျုံနမ်ကိုသတ်ရန် မြောက်ကိုရီးယားအစိုးရက စီစဉ်ခဲ့ဖူးသည်ဟုဆိုသည်။ မြောက်ကိုရီးယားသည် ယခင်ကလည်း ဇဟိုမှ ညွှန်ကြားမှုဖြင့် လုပ်ကြံမှုများ၊ တိုက်ခိုက်မှုများ၊ ပြန်ပေးဆွဲမှုများ ပြုလုပ်ခဲ့ဖူးသည့်သမိုင်းကြောင်းရှိသည်။

■ F-03

## ALSO IN NEWS

### အိန္ဒိယမှာ အနှစ် ၅၀ ကျော် ပိတ်မိနေတဲ့ တရုတ်စစ်သားကြီးရဲ့အိမ်အပြန်ခရီး

တရုတ်အမျိုးသားကြီးတစ်ဦးဟာ လွန်ခဲ့တဲ့ နှစ် ၅၀ ကတည်းက အိန္ဒိယမှာ ပိတ်မိနေခဲ့ပြီး ခုမှ သူ့ရဲ့တရုတ်မိသားစုနဲ့ပြန်လည်ဆုံစည်းခွင့် ရသွားတာဖြစ်ပါသတဲ့။

ဝမ်ကျိုဆိုသူအမျိုးသားဟာ စစ်တပ်က နယ်မြေတိုင်းတာသူတစ်ဦးဖြစ်ပြီး ၁၉၆၃ ခုနှစ်မှာ အိန္ဒိယနယ်မြေထဲကို မတော်တဆ ရောက်ရှိသွားခဲ့ပါတယ်။ အိန္ဒိယကနေ ပြန်လည်ထွက်ခွာဖို့အတွက် လိုအပ်တဲ့အချက်အလက် စာရွက်စာတမ်းတွေ မရှိတာမို့ အိန္ဒိယမှာပဲ အကြာကြီး သောင်တင်နေခဲ့ရပါတယ်။ သူ့အကြောင်းကို တရုတ်သံတမန်တွေကသိသွားခဲ့ပြီး သူ့ကိုအိမ်ပြန်ခေါ်ဖို့အတွက် ပြင်ဆင်ပေးခဲ့တာဖြစ်ပါတယ်။

ခုတော့ သူ့လေယာဉ်လည်း ဘေဂျင်းကိုဆိုက်သွားခဲ့ပြီဖြစ်လို့ တရုတ်က သူ့မိသားစုတွေနဲ့ ပြန်လည်တွေ့ဆုံရပါပြီတဲ့။ သူ့ရဲ့ဇာတိမြို့ ရှင်းယန်ကို ပြန်ခဲ့ပြီး လူအုပ်ကြီးက လာရောက်ကြိုဆိုခဲ့ကြပါတယ်။

"နေရပ်မှကြိုဆိုပါတယ် အမောင်စစ်သား။ တော်တော်ကြမ်းတမ်းခဲ့တဲ့ ခရီးပဲ" လို့ ပြည်သူတွေက စာတန်းတွေရေးသားကြိုဆိုခဲ့ကြပါတယ်။

မစ္စတာဝမ်ဟာ အိန္ဒိယမှာ အိမ်ထောင်ကျခဲ့ပြီး အရွယ်ရောက်နေတဲ့ သားသမီးတွေနဲ့အတူ တရုတ်ကို ပြန်လာခဲ့တာပါ။ သူ့ရဲ့အိမ်ထောင်ဖက် အိန္ဒိယသူကတော့ နေမကောင်းတာမို့ သူနဲ့အတူ ပါမလာနိုင်ခဲ့ပါဘူး။ ■ F-02



### ကမ္ဘာကျော်အပြာဝက်ဘ်ဆိုက်ရဲ့ လိင်ပညာပေး ဝန်ဆောင်မှု

ဒါဟာ ဟာသမဟုတ်ပါဘူး။ တကယ်ပါ။ ကမ္ဘာကျော် လိင်အပြာဖျော်ဖြေရေးစာမျက်နှာ Pornhub က လိင်ပိုင်းဆိုင်ရာ ပညာပေးဝန်ဆောင်မှုတစ်ရပ်ကို အတည်အခန့် ပြုလုပ်ပေးထားပါတယ်။ အဲဒီအပြာဝက်ဘ်ဆိုက်ကို ကမ္ဘာအနှံ့ တစ်ရက်တစ်ရက် ဝင်ရောက်ကြည့်ရှုသူ သန်း ၇၀ ခန့် ရှိပါတယ်။ အခု အဲဒီဝက်ဘ်ဆိုက်ကနေတစ်ဆင့် လိင်ပညာပေးအမှန်အကန်ဝက်ဘ်ဆိုက်ခွဲတစ်ခုကို ဝင်ကြည့်နိုင်ပြီဖြစ်ပါတယ်။

အမေရိကန်မှာ ကလေးသူငယ် လိင်အပြာကားတွေ အများကြီးထွက်ပေါ်လာပြီးနောက်မှာ လိင်ပညာပေးမှု အကြီးအကျယ်လိုအပ်နေပြီဖြစ်တယ်ဆိုတာကို သတိထားမိလာပါတယ်။ ဒါကြောင့် Pornhub အပြာဆိုက်ကလည်း ကျန်းမာရေးနဲ့လျော်ညီတဲ့ ပျော်ရွှင်ဖွယ် လိင်ပိုင်းဆိုင်ရာကို ပညာပေးတာဖြစ်ပါတယ်။ လိင်ပညာပေးရာမှာ ဖြစ်ကတတ်ဆန်း အကြံဉာဏ်တွေပေးတာမဟုတ်ဘဲ တကယ့်ပညာရှင် ပါမောက္ခကို ခန့်အပ်ထားတာဖြစ်ပါတယ်။ နာမည်ကျော် လိင်မှုရေးရာကုထုံးပညာရှင် ဒေါက်တာ လော်ရီဘီတီတိုကိုယ်တိုင် ညွှန်ကြားပညာပေးတာဖြစ်ပါတယ်။ ဆရာဝန်တွေ၊ ကုသပေးသူတွေ၊ ကျွမ်းကျင်သူတွေလည်း ပါဝင်အလုပ်လုပ်နေပါသတဲ့။ ■ F-02